သစ္စာအလင်း

မြတ်ဗုဒ္ဓ အလိုတော်ကျ
မိုးကုတ်ဆရာတော်ကြီး၏ တရားအနှစ်သာရ

# သတိပဋ္ဌာန်

## တစ် ပါး ပါး ကြိုး စား ရစ် ကြ

အ သေ မ ဦး ခင် ပန်း ချီ ဝင်း ဇင် (မြိတ်) စု စည်း ပူ ဇော် သည်

မြတ်ဗုဒ္ဓအလိုတော်ကျ
မိုးကုတ်ဆရာတော်ကြီး၏တရားအနှစ်သာရ

# သတိပဋ္ဌာန်

## တစ် ပါး ပါး ကြိုး စား ရစ် ကြ

အ သေ မ ဦး ခင် ပန်း ရှိ ဝင်း ဖင်(မြိတ်) စု စည်း ပူ ဇော် သည်

## ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးဒီဇိုင်းကို WZ ကပြုလုပ်ပြီး
ထုတ်ဝေသူ ဦးဝင်းရှိန် (၀၀၈၉၄)
သစ္စာအလင်းမွေ့ရသစာပေ အမှတ်(အက်စ် - ၄)၊ ပထမထပ်၊ ဘီ - အဆောင်
ညောင်ပင်လေးဈေးပလာဇာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဝင်းတိုးအောင်ပုံနှိပ်တိုက် (၀၀၄၂၀)
အမှတ်(၁၈၁)၊ လမ်း(၅၀)၊ ရန်ကုန်တို့က ပထမအကြိမ်
အုပ်ရေ (၅၀၀)ရိုက်နှိပ်ကာ
၂၀၁၇ - ခုနှစ်၊ ဖေဖော်ဝါရီလတွင် တန်ဖိုး (၂၀၀၀)ကျပ်ဖြင့်
သစ္စာအလင်းမွေ့ရသစာပေမှ ထုတ်ဝေဖြန့်ချိသည်။

**ရောင်းဈေး - ၂၀၀၀ ကျပ်**

သစ္စာအလင်းစာစဉ်(၉၈)

**သစ္စာအလင်း မွေ့ရသစာပေဖြန့်ချိရေး**
အဆောင်(ဘီ)၊ ပထမထပ်၊ ညောင်ပင်လေးဈေးပလာဇာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်
ဖုန်း - ၀၉ ၅၁၃၀၈၂၆၊ ၀၉ ၄၂၀၀၅၄၆၂၃၊ ၀၉ ၃၀၃၁၀၆၁၁

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း

အသေမဦးခင်ပန်းချိုဝင်းဖင်(မြိတ်) ၂၉၄.၃
သတိပဋ္ဌာန် တစ်ပါးပါးကြိုးစားရစ်ကြ / အသေမဦးခင်ပန်းချိုဝင်းဖင်(မြိတ်)၊ ရန်ကုန်။
သစ္စာအလင်းမွေ့ရသစာပေ၊ ၂၀၁၇
၁၄၄ - စာ၊ ၂၀.၅ × ၁၃.၃ စင်တီ
(၁) သတိပဋ္ဌာန် တစ်ပါးပါးကြိုးစားရစ်ကြ

# မာတိကာ


- ■ သတိပဋ္ဌာန်တစ်ပါးပါး ကြိုးစားရစ်ကြ - ၁
- ■ ကာယာနုပဿနာ သတိပဋ္ဌာန် - ၂၈
- ■ ဝေဒနာနုပဿနာ သတိပဋ္ဌာန် - ၅၆
- ■ ဓမ္မာနုပဿနာ သတိပဋ္ဌာန် - ၈၅
- ■ စိတ္တာနုပဿနာ သတိပဋ္ဌာန် (၁) - ၁၁၁
- ■ စိတ္တာနုပဿနာ သတိပဋ္ဌာန် (၂) - ၁၃၄

# အရဟံ (၃)ချက် ပွားနည်း

အရဟံ

ပူဇော်အထူးကို ခံယူတော်မူထိုက်သော

မြတ်စွာဘုရား

အ + ရဟံ

ဆိတ်ကွယ်ရာအရပ်၌သော်မှ မကောင်းမှုကို ပြုတော်မမူသော

မြတ်စွာဘုရား

အရ + ဟံ

ကိလေသာရန်သူတို့ကို အောင်နိုင်တော်မူသော

မြတ်စွာဘုရား

**အလုံးစုံ ဒါန ဟူသမျှတွင်**

**တရား အလှူသည် အောင်လံထူ၏**

# သတိပဋ္ဌာန်တစ်ပါးပါးကြိုးစားရစ်ကြ

■ ဒကာ ဒကာမတို့ကို ဆရာသမားက နေ့တိုင်းလိုလိုပဲ ဉာဏ်တွေ တိုးတက်ပြီး သွားအောင်ပြောနေတယ်၊ နေ့တိုင်းပဲ ဉာဏ်တက်အောင် ချည်းပြောနေတယ်ဆိုတဲ့ဟာ မဂ်ဉာဏ်နားကပ်အောင် ပြောနေတယ်လို့ မှတ်ပါ။ အဲဒီတော့ ဒကာ ဒကာမတွေ သိစရာ လေး ဒီနေ့ပြောချင်တာက သာသနာပမှာ ပုထုဇဉ်ဖြစ်ရတယ်၊ သာသနာတွင်းမှာ ပုထုဇဉ်ဖြစ်ရတယ်၊ ပုထုဇဉ်တွေဖြစ်ခဲ့ကြတယ် ဆိုတာတော့ဖြင့် ဘဝကွာနေကြပြီ။ အဲဒီတော့ မူလပဏ္ဏာသပါဠိတော် သမ္မာဒိဋ္ဌိသုတ်မှာ သာသနာတွင်းကိုယ်တိုင်ဖြစ်၊ မဖြစ်ကို ယနေ့ချိန်ကြည့်ဖို့ ဘုန်းကြီးက ချိန်ခွင်ကလေးတစ်ခု ပေးလိုက်ပါမယ်။ အဲဒါတကယ်လို့ သာသနာတွင်း ပုထုဇဉ်မဖြစ်သေးလို့ရှိရင် ဩော် တို့ဟာဒိဋ္ဌိမပြုတ်သေးပါလား လို့အောက်မေ့ရမယ်။

■ အဲဒီတော့ သေသေချာချာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မှတ်ပြီးတော့ ဩော် သာသနာတွင်းဖြစ်အောင်တော့တို့ လုပ်မှပဲ၊ ဒါမှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတော့မှာပေါ့၊ ဒီမျိုးစေ့တွေက ပေါက်ဖွားလာရင် ငရဲကောင်ကြီးတွေ ပေါက်ဖွားလာဦးမယ်ဆိုတာ လည်း ဒကာ ဒကာမတွေ မှတ်ထားပါ။

## ☸ ပုထုဇဉ်နှစ်မျိုး

■ အဲဒါကြောင့် ဒကာ ဒကာမတို့ ပုထုဇဉ်နှစ်မျိုးက စပြီးပြောပါ့မယ်၊ သာသနာပ ပုထုဇဉ်တစ်မျိုး၊ သာသနာတွင်းပုထုဇဉ် တစ်မျိုး၊ ဒကာ ဒကာမတွေ ဩော် တို့ဆရာဘုန်းကြီးဟာ တို့ကိုဖြင့် အရေးတကြီး ကယ်တင်နေတယ်ဆိုတာကိုလည်း စိတ်ထဲကထားပြီး တရားနာပါ။ တို့ကို အရေးတကြီး ကယ်တင်နေတယ်ဆိုတော့ ဘယ့်နယ်ကြောင့် ဘုန်းကြီးက ဒါလောက် အရေးကြီး ကယ်တင်နေရတာတုန်း။ အို မနေ့ကပြောခဲ့ပြီ၊ သေမှာကနေ့လား ညလား မသိကြဘူး၊ ဘယ်သူမှမသိကြဘူး၊ အဲဒီတော့ အရေးတကြီး ကယ်တင်ရတယ်ဆိုတဲ့ စကားသုံးထိုက်ပါတယ်နော်။ အရေးတကြီး ကယ်တင်နေတော့ ဒကာ ဒကာမတွေက ဩော် တို့ကို ဘာဖြစ်စေချင် သတုန်းဆိုတော့ သာသနာတွင်းပုထုဇဉ် ဖြစ်စေချင်တယ် ဆိုတာ မှတ်ထားရမယ်။

## ☸ သာသနာပပုထုဇဉ်

■ ကောင်းပြီ ဒကာ ဒကာမတွေ ဒီနှစ်မျိုးကိုမှတ်ထားတော့ သာသနာပပုထုဇဉ်က လှူမယ်တန်းမယ်၊ ပေးမယ်၊ ကမ်းမယ်၊ ကောင်းတာလုပ်ကောင်းကျိုးပေးတာပဲ ငါလုပ်ငါရတာပဲ၊ ငါကုသိုလ် လုပ်ရင် ငါရတာပဲ၊ ငါအကုသိုလ်လုပ်ရင် ငါခံရမှာပဲလို့၊ ဒါလောက် သာသိတဲ့ပုထုဇဉ်ဟာ ဒကာ ဒကာမတို့ သာသနာပပုထုဇဉ်၊ ကုသိုလ် လည်း ငါလုပ်ရင်ငါရတာပဲ၊ အကုသိုလ်လည်း ငါလုပ်လို့ရှိရင် ငါခံရမှာပဲ၊ ဤမျှလောက်သိတဲ့ ကမ္ဘသကတဉာဏ်ကလေးမျှလောက်သိတဲ့ ပုထုဇဉ်ကို သာသနာပပုထုဇဉ်လို့ခေါ်ကြမယ်။

## ☸ ကံ၊ ကံ၏အကျိုးကို ယုံကြည်တယ်

■ သေသေချာချာ မှတ်ပါ၊ ဒကာ ဒကာမတို့နော်၊ ပြော်် ကံ၊ ကံ၏အကျိုးယုံကြည်ပြီး လှူကြပေးကြ ကမ်းကြ၊ အပါယ်သွားကြောင်း ဖြစ်တဲ့ တရားတွေကို မကောင်းတာလုပ် မကောင်းဘူးလား၊ မကောင်း တာလုပ်လို့ရှိရင် အပါယ်လေးပါးသွားရတတ်တယ်လို့ ဒီလောက်မျှ သိနေတဲ့ ပုထုဇဉ်ဟာ သာသနာပပုထုဇဉ်ပါပဲ။ ပြော်် ဒါဖြင့် ဒကာ ဒကာမတွေ ခင်ဗျားတို့ကလည်း သာသနာတွင်းလူဖြစ်ပြီးလာကြတော့ သာသနာတွင်းသားဖြစ်နေတယ်၊ သာသနာတွင်းဉာဏ်ရပလားလို့ မေးခွန်း ထုတ်ပြန်တော့လည်း ဆရာကောင်းသမားကောင်းနဲ့ အမျိုးမျိုး အဖုံဖုံ တိုက်တွန်းနှိုးဆော်ပြီး ကိုယ့်ဟာကိုယ် ကိုယ့်ကျိုးကိုယ်သိပြီး လုပ်မှသာလျှင်လည်း သာသနာတွင်းပုထုဇဉ်က ဖြစ်ကြမှာကိုး၊ မွေးတာ က အတူတူဖြစ်နေကြတယ်နော်၊ အမိဝမ်းခေါင်းထဲက မွေးကြတာက အတူတူပါပဲ၊ ပုထုဇဉ်ချည်းမွေးလာကြတယ်လို့မှတ်လိုက်ပါ။

## ☸ သာသနာတွင်းပုထုဇဉ်

■ ကဲ ဒါဖြင့် သာသနာတွင်း ပုထုဇဉ်ကတော့ ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေး တယ်ဆိုတဲ့ ကမ္မဿကတဉာဏ်လည်း သူ့မှာရှိတယ်။ သစ္စာအနုလောမိကဉာဏ် လည်းသူ့မှာရှိတယ်တဲ့၊ သူက ဉာဏ်နှစ်မျိုးရှိတယ်။ သာသနာတွင်း ပုထုဇဉ်က ကမ္မဿကတဉာဏ်ရော၊ သစ္စာအနုလောမိက ဉာဏ်ရော သူ့မှာရှိတယ်။ သူက နှစ်ဉာဏ်ပေါ့ဗျာ။ သေသေချာချာ မှတ်ကြပါ၊ ဒကာ ဒကာမတို့ ချိန်ခွင်ပေးတယ်နော်၊ ချိန်ခွင်ပေးပြီ၊ ပြော်် တို့သည် ဒီနစ်စား ဘယ်အစားထဲကတုံးဆိုတော့ ကိုယ့်ဟာကိုယ်ချိန်နိုင်အောင်လို့ ချိန်ခွင် ပေးနေပါတယ်လို့ မှတ်စမ်းပါ။ သာသနာတွင်းပုထုဇဉ်ကတော့ ဒကာ ဒကာမတို့ ပေးလည်းပေး ကမ်းလည်းကမ်း၊ ကမ္မဿကတဉာဏ်လည်း

ရှိတာပဲ၊ ခန္ဓာကိုယ်ကြီး၏ ဖြစ်ပျက်ရှုတဲ့ဉာဏ်လည်းရှိတယ်။ အဲဒါ သာသနာတွင်း ပုထုဇဉ်၊ သေသေချာချာ မှတ်ပါ၊ ဒကာ ဒကာမတို့ သေသေချာချာမှတ်ပါ၊ ဒါဖြင့် လှူမှုတန်းမှု ပေးမှု ကမ်းမှုလည်းရှိတယ်။ ဝိပဿနာ အလုပ်လည်းလုပ်တယ်။ အဲဒါ သာသာနာတွင်း ပုထုဇဉ်ပါပဲ၊ သာသနာတွင်းပုထုဇဉ်က နှစ်ဉာဏ်ပါတယ်နော်။ ဒီကတော့ တစ်ဉာဏ် တည်းပါတယ်။ ကမ္မဿကတဉာဏ် ကံကံ၏အကျိုးကို ယုံကြည်တဲ့ဉာဏ် တစ်လုံးပဲပါတယ်။ သာသနာပ ပုထုဇဉ်ကနော်။

## ❁ နှစ်ဉာဏ်ရှိမှသာ သာသနာတွင်းပုထုဇဉ်

■ သာသနာတွင်းပုထုဇဉ်ကတော့ ကံကံ၏အကျိုးယုံကြည်တဲ့ ဉာဏ်လည်းသူ့မှာရှိတယ်။ သစ္စာနဲ့လျော်အောင် ဖြစ်ပျက်မြင်တဲ့ ဉာဏ်လည်းရှိတယ်။ ဒီဉာဏ်ရှိတဲ့ပုဂ္ဂိုလ်မှ သာသနာတွင်းလို့ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ချက်ချပါ၊ ရှင်းပြီလား။ ဒါဖြင့် ဒကာ ဒကာမတို့ တစ်ဉာဏ်ရှိတာနဲ့ နှစ်ဉာဏ်ရှိတာကွာတယ်လို့ သေချာမှတ်ပါ။ အဲဒီတော့ ဘုန်းကြီးက မူလပဏ္ဏာသပါဠိတော် သမ္မာဒိဋ္ဌိသုတ်မှာ ဟောချက်အတိုင်း အဋ္ဌကထာကလည်း ဒီအတိုင်းဖွင့်လို့ ရှင်းလင်းနေအောင်ပြောတော့၊ ဩော် တို့ဟာ အလုပ် မလုပ်ရသေးလို့ရှိရင် ဖြစ်ပျက် အနိစ္စအလုပ်ကို မလုပ်ရသေး၊ ဒုက္ခအလုပ်ကို မလုပ်ရသေး၊ အနတ္တအလုပ်ကို မလုပ် ရသေးလို့ရှိရင် သာသနာနှစ်ထောင့်ငါးရာလျော့လျော့ကျန်ပြီး နေခြား သော်လည်း သာသနာပပုထုဇဉ်ဖြစ်နေပါလားလို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ် ချက်ချပါ၊ သဘောကျပလား။

■ ဘယ်လိုဆုံးဖြတ်ချက်ချမလဲဆိုရင် သာသနာပပုထုဇဉ်လို့ ဆုံးဖြတ်ချက်ချရပါမယ်၊ သာသနာပပုထုဇဉ် ဖြစ်နေတယ်လို့ ဆုံးဖြတ်ချက်ချပါ၊ ကိုင်း သာသနာကိုယ့်သန္တာန်မှာ ရှိမရှိကို ကိုယ့်

အကြောင်းကိုယ်သိကြရောပေါ့၊ မသိကြသေးဘူးလား၊ သာသနာပ ပုထုဇဉ်ကတော့ တစ်ဉာဏ်ပါ၊ ဘာဉာဏ်ပါလိမ့်၊ ကမ္မဿကတဉာဏ်ပါပဲ၊ ကောင်းတာလုပ်ကောင်းကျိုးပေးတယ်ကွ၊ ငါမကောင်းတာ လုပ်တာ မရှိဘူးကွ၊ ငါ့မှာမကောင်းကျိုးပေးစရာမရှိဘူး။ ငါ့မှာ ဘာလုပ်စရာမှ မလိုဘူးဆိုတာ ဒါသာသနာပ ပုထုဇဉ်ပါပဲ။ သူ့မှာလုပ် စရာရှိနေတာ သူ မသိဘူး။ သာသနာတွင်းပုထုဇဉ်ကတော့ ဒကာ ဒကာမတို့ အခုအထဲမှာ ပဲ၊ ကိုယ့်ဟာကိုယ်ဝေဖန်နော်၊ လှူမှုတန်းမှု ပေးမှုကမ်းမှုဆိုတဲ့ ကောင်း တာလုပ် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုး ပေးတယ်ဆိုတဲ့ ဉာဏ်လည်းသူ့မှာရှိ တယ်။ ဖြစ်ပျက်ရှုတဲ့ ဒုက္ခသစ္စာကို ပျော်အောင်မြင်နိုင်တဲ့ ဖြစ်ပျက်မြင်တဲ့ ဉာဏ်လည်းရှိတယ်။

■ သစ္စာအနုလောမိကဉာဏ်လည်းရှိတယ်။ ဒါက သာသနာတွင်း ပုထုဇဉ်လို့မှတ်ပါ။ နို့ ဘာထူးသတုံး ဘုရားဆိုတော့ တစ်ဉာဏ်ရှိတာနဲ့ နှစ်ဉာဏ်ရှိတာ ထူးတယ်လို့မှတ်လိုက်၊ ကိုင်း ဒါဖြင့် အလုပ်မလုပ်သေးလို့ ဖြည်းဖြည်းမှပဲဆိုပြီးနေတဲ့ ပုဂ္ဂိုလ်ကို ဘယ်ထဲသွင်းကြသလဲဆိုရင် သာသနာပပုထုဇဉ်ထဲ သွင်းလိုက်ပါ၊ ရှင်းပလား။ ဒါဖြင့် သာသနာပ ပုထုဇဉ်ဆိုလို့ရှိရင်ဖြင့် ဘယ်လို ဆုံးဖြတ်ချက်ချပေးရမလဲလို့ မေးဖို့လိုတယ်။ လိုလာတော့ နားကြီးကြီးနဲ့ ထောင်လိုက်ပါ။ သတိပေး လိုက်တာနော်။ ဒီစကားမသေးဘူး နော်၊ ဒီစကား အင်မတန်ကြီးတဲ့ စကားတွေလို့မှတ်ပါ။ ဉာဏ်တက်စေချင်လို့ ကယ်တင်ပါတယ်လို့ ဆိုတာကိုလည်း မူလကပြောခဲ့ပါပြီ၊ ကိုင်း ဒါဖြင့် သာသနာပပုထုဇဉ်မှာတဲ့ ငါလုပ်ရင်ငါရတာပဲ၊ ငါမလုပ်လို့ရှိရင် ငါမရတာဘဲဆိုတာက သူ့မှာ ကမ္မဿကတဉာဏ် ရှိမနေဘူးလား၊ ဒိဋ္ဌိပူးနေတယ်၊ ဒိဋ္ဌိကပ်နေပါတယ်။

■ ငါစေတနာကောင်းရင် ငါရတာပဲကွ၊ ငါစေတနာမကောင်းရင် ငါမရတာပဲကွဆိုတဲ့ ဒီငါက ပြုတ်ပါသေးရဲ့လား။ မပြုတ်တော့ သူလှူဒါန်းပေးကမ်း သူလုပ်နေတဲ့အလုပ်တွေ ဟူသရွေ့မှာ ဒိဋ္ဌိမပြုတ်ဘူး၊

ဒိဋ္ဌိမပြုတ်တဲ့အတွက် သူ့မှာ အပါယ်လေးပါး ငရဲမျိုးစေ့ သူ့ဝမ်းထဲမှာ ရှိတယ်။ ပေါ်ကြပလား။ ကိုင်း ဒကာ ဒကာမတို့ ဒါလောက်ဆိုရင်ပဲ ဆရာဘုန်းကြီးရှင်းပေးတာနဲ့တော့ ဪ တို့ဟာ တို့နဂိုက စိတ်ထား မှန်မြတ်လှပြီလို့ အောက်မေ့နေတဲ့ဟာ ဒိဋ္ဌိတန်းလန်းကြီးနဲ့ပါလားဆိုတာ ပေါ်လာတယ်။ ဒိဋ္ဌိတန်းလန်းနဲ့ ဆိုလို့ ရှိရင်ဖြင့် ကောင်းတာလုပ် ကောင်းကျိုးပေးတာပဲ၊ မကောင်းတာလုပ် မကောင်းကျိုးပေးတာပဲ လို့သိတဲ့ ကမ္မဿကတဉာဏ်က ဒိဋ္ဌိ မခွါနိုင်တဲ့အတွက် ဒကာ ဒကာမတို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရနိုင်ဘူး။ သဘောပါကြပလား။ သေသေချာချာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မအေမိဘဆွေမျိုးဉာတကာမတော်ဖူးသူ မည်သည်မရှိလို့ ဒါကြောင့်ပဲ ကယ်တင်နေတယ်ဆိုတာတော့ဖြင့် စူးစူးစိုက်စိုက် ယုံကြည်တော့ဆိုတဲ့ဟာ သေသေချာချာ သတိပေး ပါတယ်။ ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ ဒီအကြောင်းကို ပြောရသဖြင့် ဒါ ရင်းရင်းနှီးနှီးဉာဏ်တက်အောင် ပြောနေတယ်ဆိုတာကိုလည်း မှတ်ရ လိမ့်မယ်။

## ❁ သစ္စာအနုလောမိကဉာဏ်

■ သာသနာတွင်း ပုထုဇဉ်ဖြစ်ရတယ်ဆိုတာ ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေး တယ်ဆိုတာ သူ့မှာ ဒီကမ္မဿကတဉာဏ်လည်းရှိတယ်။ နောက်ကျတော့ သူသစ္စာနဲ့ လျော်တဲ့ဉာဏ်ကလေး သူတို့ လိုက်ပြန်တယ်။ ဆရာကောင်း သမားကောင်းဆီကချည်းယူပြီး၊ ဪ ဒီခန္ဓာကြီးဟာ ခဏခဏ ပျက်နေတဲ့ အနိစ္စတရားကြီးပါလားလို့ ဒီဉာဏ်ကလေး တိုးတယ်။ ဒီဉာဏ်ကလေးက တိုးတာက သူက ခုနကဉာဏ်ဒိဋ္ဌိမပြုတ်တဲ့ဉာဏ်ကို သစ္စာအနုလောမိကဉာဏ်က ဖြုတ်ချလိုက်တယ်။ သဘောကျပလား။ ဒိဋ္ဌိမပြုတ်တဲ့ဉာဏ်ကို သစ္စာအနုလောမိကဉာဏ်က ဖြုတ်ချလိုက်တော့

သူက ဘုန်းကြီးရှင်းပြမယ် အပါယ် သွားစေတတ်တဲ့ ငရဲမျိုးစေ့ ဝမ်းထဲ မရှိဘူး။ သူက ဒီကသစ္စာအနုလောမိကဉာဏ်နဲ့ သစ္စာကိုသိလို့ရှိရင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာကျအောင်သွားမယ်။ အကယ်၍ ဒီဘဝမှာ ဒီဖြစ်ပျက်မြင်ရုံနဲ့ပဲ သူသေသွားတယ်လို့ ဆိုလို့ရှိရင်လည်း သုဂတိခုနစ် ဘဝမှာ လမ်းဆုံးပါတယ်။ အင်မတန် အားရှိစရာကောင်းတယ်။ သဘောပါကြပလား။ အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ပြောရတယ်၊ မပြောရင်ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ လမ်းပြအင်မတန်လိုပါတယ်ဆိုတာ သေချာပါပြီ။

## ☸ လမ်းပြဆရာကောင်း အရေးကြီးတယ်

■ လမ်းပြဆိုတာ လမ်းမှာအမျိုးမျိုး အဖုံဖုံလက်ညှိုးထိုး လမ်းပြတွေလည်းရှိတယ်။ ဆိုင်းဘုတ်တွေကပ်ပြီး၊ တချို့နေရာလေး လမ်းပြရှိတယ်၊ သုံးလမ်းပြရှိတယ်ဆိုတဲ့ မြို့ကြီးတွေကျတော့ ပျဉ်ပြားတွေ တရေးပြီး ကပ်- ကပ်ထားတာတွေမရှိဘူးလား။ အဲဒီအပြ မကောင်းရင် ယာဉ်တွေကို မောင်းမိမောင်းရာမောင်းနေတာ မောင်းမိမောင်းရာ မောင်းမယ်ဆိုလို့ရှိရင် ကိုယ်လိုတဲ့ဆီတော့မရောက်ပေဘူး။ ဒါဖြင့် ဒီလမ်းပြဟာ အင်မတန်အရေးကြီးတယ်ဆိုတာ ပေါ်လာပါပြီ။ အဲဒါ ကြောင့် အခုလမ်းပြဆရာကောင်းက ဒကာ ဒကာမတို့မှာ ကမ္မဿကတ ဉာဏ်လည်းရှိတယ်၊ သစ္စာအနုလောမိကဉာဏ်ဆိုတဲ့ ဖြစ်ပျက်သိတဲ့ အလုပ်တရား၊ ခန္ဓာထဲမှာဖြစ်ပျက် ဆိုတာ ခဲယဉ်းစွာရှာဖွေနေဖို့ မဟုတ်ဘူး။ ကိုယ့်လက်ညှိုးကလေးနဲ့ ကိုယ့်ခန္ဓာကိုခြစ်ကြည့်၊ ခြော် နာတဲ့စိတ်ကလေးပေါ်လာတယ်။ ပေါ်လာတဲ့စိတ်ကလေး ပျောက်သွား တယ်ဆိုတာ လူတိုင်းသိတယ်။ ဒါဝေဒနာက္ခန္ဓာရဲ့ဖြစ်ပျက်ကိုသိနေတာ ပါပဲ။ သဘောကျပလား။ နာတဲ့စိတ်ကလေး ပေါ်လာတယ်၊ နာတဲ့ စိတ်ကလေးပျောက်သွားတယ် သဘောကျပလား။ နာတဲ့စိတ်ကလေး

ပေါ်လာပြီး ပျောက်သွားပါတယ်။ နာနေတာကလေးက ဒုက္ခဝေဒနာ ဖြစ်ပျက်၊ ပျောက်လာတာက သုခဝေဒနာပေါ်လာတာ၊ ဒီလိုကလေးကနေ စပြီး သူဟာ ဒီဘဝရင်လည်း မဂ်ရသွားမယ်၊ မရလို့ရှိရင်လည်း သုဂတိ သွားပြီး ခုနစ်ဘဝနဲ့ ကိစ္စပြီးနိုင်တယ်။

■ အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ကမ္မဿကတ ဉာဏ်လည်း ရှိပြီးသား၊ ကောင်းတာလုပ် ကောင်းကျိုးပေးတယ်ကွ၊ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်ကွဆိုတာ နဂိုက မိဘရိုးရာက ရှိလာခဲ့ကြတယ်။ ဝမ်းသာပြီးသားဘုန်းကြီးက၊ ဩော် ဒီဉာဏ်ရှိနေပြီ၊ ငါ့ဘာကယ်တင်ရမှာတုံးဆိုတော့ သစ္စာလျော်တဲ့ ဉာဏ်ကလေးတစ်ခု ဘုန်းကြီးကတိုးပေးရမယ်၊ တိုးပေးလိုက်တဲ့အခါကျတော့ ဒကာ ဒကာမတွေလည်း ခန္ဓာကိုယ်ကြည့်၊ ကြည့်လိုက်တဲ့အခါကျတော့ ဥပမာ လေကလေးထုတ်တဲ့စိတ်ဟာထုတ် ပြီးရင်ရှိသေးရဲ့လား။ မရှိလို့ ရှိုက်တဲ့ စိတ်ပေါ်လာတာပေါ့။ ဩော် ဒါဖြင့် လေထုတ်တဲ့စိတ်ပျက်ပေါ့၊ တစ်ခါ လေပြန်ထုတ်ပြန်တော့ ရှိုက်တဲ့စိတ်ကရှိသေးရဲ့လား၊ မရှိတာဟာ ဒါဖြစ်ပျက် ဒုက္ခသစ္စာပဲလို့မှတ်ပါ။

■ ဒီလိုဉာဏ်နဲ့ မှန်းပြီးကြည့်လိုက်တဲ့အခါကျတော့ ဒကာ ဒကာမတို့ ဉာဏ်မြင်ဆိုတာဟာ မျက်စိအမြင်ထက် အဖိုးတန်တယ်။ အရှင်ဘုရားကပြောတော့ အလွယ်ကလေး တပည့်တော်တို့က မမြင်ဘူး ဘုရား၊ ထွက်တဲ့စိတ်ကလေးဟာလည်း လေအပြင်ဘက် မရောက်ခင် ဖြစ်ပြီး ပျက်ပါတယ်။ လေရှိုက်တဲ့စိတ်ကလေးဟာလည်း လေတောင် အတွင်းမရောက်သေးဘူး၊ သူကဖြစ်ပြီးပျက်နှင့်ပါပြီဆိုတော့ အရှင်ဘုရား ပြောတော့ အလွယ်ကလေးရယ်၊ တပည့်တော်တို့ကြည့်တော့ မမြင်ဘူး ဆိုတော့ မျက်လုံးနဲ့ကြည့်လို့ ပြောတာပဲ၊ ဉာဏ်နဲ့ကြည့်တော့ ဟုတ်သားပဲ လိုက်မှာပဲ။ အဲဒီတော့ ဒကာ ဒကာမတို့ ဉာဏ်မြင်နဲ့ မျက်မြင်နဲ့ဟာ မျက်မြင်နိဗ္ဗာန်မသွား ဉာဏ်မြင်မှနိဗ္ဗာန်သွားပါတယ်။ ဒါကို သေသေ

ချာချာ မှတ်ပါ။ နိဗ္ဗာန်သွားတာက မဂ္ဂင်တရား။ မဂ္ဂင်ဆိုတာက သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဆို တာ စာလိုသုံးလို့ စင်စစ်တော့ ဉာဏ်ပဲ၊ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အားငယ်စရာရှိရဲ့လား။

■ အဲဒါ ဒီဖြစ်ပျက်မြင်တဲ့ဉာဏ်ဟာ နောက်နေ့အခါကျလာတော့ တို့မိုးကုတ်ဈေးတွေမှာဖြစ်စေ၊ အနောက်ပိုင်းဈေးတွေမှာ ဖြစ်စေ၊ ဖရဲသီးတွေ မတွေ့ကြဘူးလား။ ဒီအတိုင်းကြည့်လို့ရှိရင် ဖရဲသီးဟာ အစိမ်းပဲ၊ ဉာဏ်နဲ့ကြည့်လို့ရှိရင် အတွင်းမှာ ဒီဖရဲသီးဟာ တော်တော်နီမယ့် ဖရဲသီးပဲဆိုတာသိတယ်။ အဲဒါ မျက်မြင်ကတော့ အခွံစိမ်းကြီးပဲ၊ ဉာဏ်မြင်ကတော့ အတွင်းမှာ ခုတ်ဖျက်ကြည့် လိုက်တဲ့အခါကျတော့ အသားတွေကနီနေလိမ့်မယ်၊ ဖရဲသီးထုံးစံအတိုင်း အစေ့တွေလည်း မည်းနေလိမ့်မယ်ဆိုတာ ဉာဏ်မြင်က ထိုးထွင်းသိတယ်၊ မျက်မြင်က အပေါ်ကစိမ်းနေတယ်၊ သဘောကျပလား။ ဒါဖြင့် မျက်မြင်နဲ့ဉာဏ်မြင်ဟာ ဘယ်သူကထိုးထွင်းသိသ လဲဆိုရင် ဉာဏ်မြင်က ထိုးထွင်းသိပါတယ်။ အဲဒီလို အတွင်းမှာ အစေ့မည်းရှိတယ်လို့သိရင် ဘုန်းကြီးတို့က ဒါ သစ္စာအနုလောမိက ဉာဏ်ဖြစ်ပါပြီလို့ ဒကာ ဒကာမတွေကို သေသေချာချာ မှာပါတယ်။

■ ဒီလိုမှာလို့ ဒီအတိုင်းသာ ဖြော် ပျက်သွားတယ်၊ ဖြော် ပျက်သွားပြီလို့ သိသိနေလို့ရှိရင်ဖြင့် ဒါသစ္စာအနုလောမိကဉာဏ် ရတာကြောင့် ဒီဘဝ၌သော်လည်းကောင်း မဂ်ဆိုက်နိုင်ပါတယ်၊ အပါယ်လေးပါး တံခါးပိတ်ပါလိမ့်မယ်၊ ဒီဘဝမပိတ်လို့ ဒီဉာဏ်နဲ့ သေသွားလို့ရှိရင် မပူပါနဲ့ဆိုတာ ဘုန်းကြီးက ရဲဝံ့စွာပဲအားပေးပါတယ်။ ဒုတိယဘဝမှာ သောတာပန်တည်နိုင်တယ်၊ သဘောကျပ လား၊ ဒုတိယဘဝဆိုတာ ဒီဘဝသေပြီး နတ်ပြည်ရောက်တော့မှာကိုး၊ နတ်၏ရင်ခွင်ထဲရောက်ခါ ရှိသေးတယ် ဒီဉာဏ်သွားပေါ်တယ်။ ဒီဖြစ်ပျက်မြင်တဲ့ဉာဏ်က ပေါ်လာတယ်။ နတ်ပြည်ရောက်တာပင်မသိသေးဘူး သောတာပန်တည်နိုင်

တယ်လို့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ကိုယ်တော်တိုင်ဟောထားတယ်၊ သစ္စာအနုလောမိကဉာဏ် ဘယ်လောက်ကျေးဇူးများတယ်ဆိုတာ ပေါ်ရောပေါ့။

## ❁ ဖြစ်ပျက်မြင်ရင် မပူပါနဲ့တော့

■ တပည့်တော်တို့ဘုရား အရှင်ဘုရားဆီမှာ နည်းယူပြီးလုပ်နေတာ ဖြစ်ပျက်ပဲမြင်သေးတယ်၊ အို ဖြစ်ပျက်မြင်ရင် မပူနဲ့တော့၊ ဖြစ်တာနဲ့ပျက်တာကလေး မြင်ရင် မပူနဲ့တော့၊ ဟာ အဖြစ်မမြင်ဘူးဘုရား၊ အပျက်ချည်းမြင်တယ်၊ သာပြီးမပူနဲ့တော့ အားရှိတဲ့ ဝိပဿနာမြင်လာပြီ၊ ဘာမှမပူပါနဲ့ဆိုတာ ဘုန်းကြီးက တာဝန်ခံပါတယ်။ ဒါကလေးမှ မဖြည့်မစွက်ကြဘူးဆိုရင်ဖြင့် ဘုန်းကြီးက ဒကာ ဒကာမတွေ သာသနာပပုထုဇဉ်စကန်ဖြစ်ပါတယ်။ ဒါဖြင့် ပြင်ချိန် ဆင်ချိန်ကလေးလည်း ကျန်ပါသေးတယ်။ ကျန်သေးတယ်မဟုတ်လား။ ကိုယ့်အသက်တမ်းကလေး ကြည့်လိုက်တော့လေ နက်ဖြန် သန်ဘက်တော့ဖြင့် ဖြုန်းခနဲမသေသေးရင် ချက်ချင်းပြင်လိုက်ပါ။ မနက်ဖြန် သန်ဘက် မသေသေးရင် ချက်ချင်းပြင်ပါဆိုတာကလေးဟာ သာသနာတွင်း ချက်ချင်းဝင်လိုက်ပါပြောတာပါပဲ။

■ သာသနာတွင်းမဝင်လိုက်လို့ရှိရင်ဖြင့် ကမ္ဘသကတဉာဏ်လောက်နဲ့ဆိုတော့ သုဂတိတော့ရောက်မှာပဲ၊ ဒိဋ္ဌိကပါသွားလို့ ထိုးကျပါလိမ့်မယ်လို့ သတိပေးလိုက်တယ်။ ဥပမာကို ရှင်းအောင်ပြကြပါစို့ဆိုတော့ ဒကာ ဒကာမတွေ ခွေးသေနွားသေတွေ လိုက်စားနေတဲ့ လင်းတဆိုတာ မြင်ဖူးကြပါလိမ့်မယ်။ ငှက်ထဲမှာ တော်တော်အကောင်းကြီးတဲ့ အစားထဲက ဆိုတာရော သိကြပါပြီ။ အဲဒါအဆိပ်လူးတဲ့ မြားကလေးနဲ့ သွေးစို့ရုံကလေး မှန်အောင်ပစ်ပါ၊ သဘောကျပလား၊ သွေးစို့ရုံကလေး မှန်အောင်ပစ်ပါတဲ့။ သွေးစို့ရုံနဲ့ သူဟာ အကောင်ကကြီးတဲ့အတွက် ဒကာ

ဒကာမတို့ ကောင်းကင်တော့ပျံသွားမှာပဲ၊ သို့သော် အရင်လို ပျံနိုင်ပါ့မလား။ အဆိပ်မတက်ခင် ပဲလားလို့ဆိုတာ ဆုံးဖြတ်ချက်ချပါ။ အဆိပ်တော့ပါသွားသကိုးဗျ၊ ပျံတော့ ပျံတက်သွားတာပဲ၊ အဲဒီ အဆိပ်ပြန့်နှံ့လာတဲ့ တစ်နေ့ကျတော့ အောက်သို့ ဝုန်းခနဲကျမယ်၊ ဘာကြောင့်တုံးလို့ မေးခွန်းထုတ်လို့ရှိရင် အဆိပ်ပါသွားလို့ ရှင်းပလား။

## ☸ သစ္စာအနုလောမိကဉာဏ်မပါရင်

■ ဒီမှာလည်း သစ္စာအနုလောမိက သမ္မာဒိဋ္ဌိဆိုတဲ့ ဖြစ်ပျက်မြင်တဲ့ သမ္မာဒိဋ္ဌိပါမသွားဘဲနဲ့ သုဂတိရောက်ခဲ့သော်၊ ဒီ ၁- နံပါတ်ပုဂ္ဂိုလ်ဟာ ဒိဋ္ဌိအဆိပ်ပါသွားတယ်၊ ပြန်ကျမယ်၊ သဘောပါကြပလား။ တော်တော်အရေးကြီးပါလားဆိုတာ ပေါ်ပါပြီ။ သာမညပြောတာလား ဒကာဒကာမတို့ လေးလေးစားစားပြောနေတာလား သတိထားပါ။ ဘုရားကိုယ်တော်မြတ်ကြီးဟောထားတာ သံယုတ်ပါဠိတော်မှာရှိပါတယ်။

**သတ္တိယာဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။**

**သက္ကာယ ဒိဋ္ဌိပဟာနာယ၊ သတောဘိက္ခုပရိဗ္ဗဇေ . . .၊**

■ ဒိဋ္ဌိဆိုတာရှိတယ်။ အဲဒီသက္ကာယဒိဋ္ဌိကလေးကို ဖြစ်ပျက်မြင်တဲ့ သစ္စာအနုလောမိကဉာဏ်နဲ့ ဒီအဆိပ်ကလေးတော့ ဖျောက်ပစ်ပါ၊ တက်သွားရင် မကျအောင်လို့ ဘုရားကဟောတာလို့မှတ်ပါ။ ဘုရားက မဟာကရုဏာတော်ရှင်ဆိုတော့ ရင်ဝယ်သား ကဲ့သို့ သနားတယ်၊ ရာဟုလာနဲ့ ကျန်တဲ့ပုဂ္ဂိုလ်တွေနဲ့ တစ်ထပ်တည်းထားနိုင်တယ်။ အဲဒီလို ပုဂ္ဂိုလ်ကြီးက ဟောတာဖြစ်နေတော့ ကိုယ်တော်က လောကွတ်ချော်တယ်လို့ ဒကာ ဒကာမတွေ မဆိုပါနဲ့၊ သဘောကျပလား။ လောကွတ်ချော်တာမဟုတ်ဘူး၊ သနား လွန်းလို့ပြောတာပါ။ ပေါ် ကြပလား။ ဒါဖြင့် သာသနာတွင်းဖြစ်အောင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကမ္ဘာသကတ

ဉာဏ်လည်းရှိပါစေ၊ လှူကြတန်းကြ ပေးကြကမ်းကြ၊ အကုသိုလ် လုပ်ရင်လည်း အပြစ်ရှိတယ်ဆိုတာ သိပြီးရှောင်ကြ၊ သို့သော် ဒါကလေး ဖြည့်လိုက်ပါဦး၊ ဖြစ်ပျက်မြင်တဲ့ဉာဏ်ကလေးဖြင့် ဖြည့်လိုက်ပါဦး ဆိုတာကို၊ ယနေ့အေးအေးဆေးဆေးပဲ ဒကာ ဒကာမတွေ မှန်မှန်ကန် ကန်ကြီး မမှတ်မိ- မှတ်မိအောင်ဆိုပြီး ပြောဆိုနေတယ်၊ ကျေနပ်ပလား။

## ☸ ဝိပဿနာအလုပ်ကလေး လုပ်လိုက်ပါဦး

■ ဒါဖြင့် ခင်ဗျားတို့ နှစ်ဉာဏ်ရှိမှတော်မှာပါ၊ တစ်ဉာဏ်က ကမ္မဿကတဉာဏ်ပါ၊ သူကဒိဋ္ဌိကပါနေတယ်။ နောက်တစ်ဉာဏ် ဖြည့် လိုက်ဦးဆိုတော့ သစ္စာအနုလောမိကဉာဏ်ပါ၊ သစ္စာအနုလောမိကဉာဏ် ဆိုတာ ဝိပဿနာအလုပ်ကလေး လုပ်လိုက်ဦး၊ သဘောကျပလား။ အဲဒီတော့ ဟို ကမ္မဿကတဉာဏ်ထဲမှာပါတဲ့ဒိဋ္ဌိကလည်း ပြုတ်ထွက် သွားပြီဆိုတော့ သူလှူတာ ဝိဝဋ္ဋအစစ်ဖြစ် သွားပြီ၊ သူပေးတာကမ်းတာ တွေ ဝိဝဋ္ဋဖြစ်သွားပါပြီ၊ ဝဋ်ထဲကို သုံးဆယ့်တစ်ဘုံထဲ အကျိုးမပေးတော့ ဘူး၊ မဒိုမသေ အမြဲနေတဲ့ နိဗ္ဗာန်ကိုသာ အကျိုးပေးတော့မယ်ဆိုတာ ဒိဋ္ဌိပြုတ်ပြီး အကျိုးပေးတယ်လို့ဆိုတာ ဒကာ ဒကာမတွေ လေးလေး နက်နက် ဆုံးဖြတ်ချက်ချလိုက်ပါ။ ကဲ ဒါဖြင့် ပြန်သိမ်းပြန်ပြီး ဒကာ ဒကာမတို့၊ ဒီဘက်က ပုထုဇဉ်ဟာ သာသနာပပုထုဇဉ်ပါ၊ ဒီဘက်က ပုထုဇဉ်က သာသနာတွင်းပုထုဇဉ်ပါလို့မှတ်ပါ။ သာသနာပပုထုဇဉ်က ကမ္မဿကတဉာဏ်ရှိပါတယ်။ မပြုတ်ပါဘူး၊ ငါလုပ်ငါရတယ်၊ ငါအကု သိုလ်လုပ် ငါခံရမှာပေါ့၊ ဒါလောက်ပဲသိတယ်။

■ ဒါကြောင့် ဒိဋ္ဌိကမပြုတ်တော့ ငါဟူသော ဒိဋ္ဌိနဲ့ရှိတဲ့အတွက် တက်သွားပြားသော်လည်း တာဝတိံသာ၊ ယာမာကိုတက်သွား လိမ့်မယ် ကုသိုလ်လုပ်လိုက်လို့၊ ဒိဋ္ဌိအဆိပ်ပါသွားတယ်။ ဝုန်းဆိုပြန်ကျမယ်တဲ့ အရှိန်အစော်ကုန်လို့ရှိရင်ပေါ့။ သဘောကျပလား။ အရှိန်အစော်ကုန်ရင်

ပြန်ကျမှာပါ၊ ဒီဋ္ဌိအဆိပ်သင့်ပြီး ပြန်ကျမယ်၊ လူ့ပြည်ကျမယ်၊ အပါယ်လေးပါးကျမယ်။ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရင်ဝလုံစူး ဦးခေါင်းမီးလောင်တာကို ဖြည်းဖြည်းမှ မင်းတို့နှုတ်ချင်နှုတ် ငြိမ်းချင်ငြိမ်းကြပါကွ၊ ဒီဒိဋ္ဌိကိုဖြင့် ဖြုတ်မိအောင်ဖြုတ်ပါလို့ သံယုတ်ပါဠိတော်ကြီးများမှာ ဟောတော်မူတယ်။ ဘယ်လောက်အရေးကြီးတယ်ဆိုတာဖြင့်ခင်ဗျားတို့က မသိလို့မကြီးချင်ရှိရမယ်၊ ဘုရားမှာဖြင့် သိတော်မူလွန်းလို့ ကြီးလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့၊ ဒိဋ္ဌိခွာဖို့ အလုပ်ကို သဘောကျပလား၊ ပေါ်ကြပြီနော်၊

■ ဒီဘက်က ပုထုဇဉ်က သာသနာတွင်းပုထုဇဉ်ပါ၊ သူက နှစ်ညက်ပါ၊ တစ်ညက်က ကမ္မသကတညက်ပါ၊ ဒုတိယညက်က သစ္စာအနုလောမိကညက်ပါ၊ သစ္စာအနုလောမိကညက်ဆိုတာ ဖြစ်ပျက်သိတဲ့ညက်၊ ခန္ဓာကိုယ်ကြီးမှာ သဗ္ဗေသင်္ခါရာ အနိစ္စလို့ ဘုရားကဟောထားတာလည်း ခန္ဓာထဲရှိလို့ ဘုရားကဟောတာ၊ ခင်ဗျားတို့က ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဩော် တရားတွေ သယ်ယူလာတယ်လို့ မအောက်မေ့နဲ့၊ ဒီခန္ဓာကြီးကို ကြည့်ပြီးဟောတာနော်။ ရှင်းပလား။ ဘုရားတရားတွေသယ်လာပြီး ဟောတာ လား၊ ဒီခန္ဓာကြီးအကြောင်းကို ရှင်းရှင်းလင်းလင်းပြောတာလားသာ အကဲခတ်၊ အဲဒီ ရှင်းရှင်းလင်းလင်းပြောတတ်တဲ့ ကိုယ်တော် ကြီးက ညက်မြင်လုံးမြင်တော်မူတဲ့ ကိုယ်တော်ကြီးက ကျုပ်တို့က အကန်းတွေမို့ သူကအနိစ္စလို့ဆိုတဲ့ဟာ ကျုပ်တို့က သူပြောတဲ့ အတိုင်း လိုက်ကြည့်လို့ရှိရင် ကျုပ်တို့လည်း အမြင်ဖြစ်မှာပဲ၊ အမြင်ဖြစ်သွားလို့ရှိရင်ဖြင့် ဘာမှမပူပါနဲ့တော့ ဒိဋ္ဌိပြုတ်ပါပြီ၊ ရှင်းပလား၊ ကဲ သဘောပေါက်ကြပလား။

■ ဒါဖြင့် ဒကာ ဒကာမတို့ အေးအေးဆေးဆေးပေ့ါပေ့ါတန်တန်နဲ့ မနေလိုက်ပါနဲ့၊ သာသနာတွင်းသားဖြစ်အောင် လုပ်ပါလို့ဆို တာ လေးစားစွာနဲ့တိုက်တွန်းပါတယ်။ အင်မတန်ကံကောင်းလို့ ခင်ဗျားတို့

တွေ့ကြ ကြုံကြရတယ်ဆိုတာရော မှတ်လိုက်တာပေါ့။ နို့မဟုတ်လို့ရှိရင် ခင်ဗျားတို့ ကံ ကံ၏အကျိုးယုံကြည်ပါကုန်သည်ဖြစ်၍ဆိုပြီး ဒီပုထုဇဉ်ပဲ ပြန်ချတာပဲ၊ ကံ ကံ၏အကျိုးကိုယုံကြည် ကုန်လျက် ကမ္မဿကတဉာဏ် အမှူးထား၍ ဒါချည့်ပဲအများအားဖြင့် ကြားရတာပဲ၊ ဒါချည်းပဲ ကြားရတယ်ဆိုတော့ ဒီဘက်က သစ္စာ အနုလောမိကဉာဏ်ပါသေးရဲ့လား၊ သစ္စာအနုလောမိကဉာဏ်မပါရင် အဆိပ်ပါသွားတဲ့ လင်းတပျံသလို ဖြစ်မယ်၊ ပြန်ကျလာမယ်။ သနားစရာကောင်းပါတယ်၊ ရှင်းကြပလား။

■ ဒါဖြင့် ဒီဟာကလေးတော့မပါရင် မဖြစ်ဘူးဆိုတဲ့ ဘယ်ဟင်း ချက်ချက် ဆားမပါလို့ရှိရင်ဖြင့် ဘယ်လောက်ပင်ကောင်းတဲ့ သားငါးကို ချက်စေကာမူ ပျက်တာပဲ၊ ဆားကလေးတော့ထည့်ပေးပါ၊ ဖြစ်ပျက်သိတဲ့ ဆားကလေး တော့ထည့်ပေးကြပါဆိုတာ ဒကာ ဒကာမတွေ တိုက်တွန်းရ ပြန်တယ်။ သဘောကျပလား။ ကောင်းပြီ၊ ဒါဖြင့် ဒီ ဖြစ်ပျက်သိလို့ရှိရင် ဖြင့် ဒကာ ဒကာမတို့ ဘာမှမပူနဲ့တော့ ခုနစ်ဘဝအတွင်းကိစ္စပြီးနိုင်ပါတယ်။ ဒီဘဝ မဂ်စစ်ကိုမရရင်။

■ မဂ်ငါးပါးသာရတယ်ဆိုပါတော့ ဖြစ်ပျက်မြင်တာ မဂ်ရှစ်ပါး ပြည့်ရဲ့လား၊ အဲ မပူပါနဲ့တော့ သေသွားတဲ့အခါ နတ်ပြည်သုဂတိ ကိုသွားပြီး အလွန်ဆုံးခုနစ်ဘဝသာ ပောပြန်တော့ ဘာမှပူစရာမရှိပါဘူး။ ဒါဖြင့် ဒီအလုပ်ဟာ ငါဖြစ်ပျက်ကိုမြင်ပြီ မုန်းပြီကွဆိုလို့ရှိ ရင် ဘာပူစရာ ရှိတော့သတုံး။ သဘောကျပလား။ ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ ဆရာ ဘုန်းကြီးပောစက ချိန်ခွင်ပေးပါ့မယ်လို့ပြော ခဲ့တယ်။ ဒကာ ဒကာမတွေ ယနေ့ချိန်ခွင်ပေးပါ့မယ်လို့ မပြောဘူးလား၊ ကဲ ချိန်မိကြပလား။ ချိန်မိ တော့ ကိုယ့်ဟာကိုယ် ဝမ်းထဲမှာ ထားကြ ဩော် ငါ သာသနာတွင်းသား ဖြစ်ပေါ့ပေ့၊ ငါဖြင့်သာသနာပရှိသေးသပေ့ဆိုတာ ကိုယ့်ဟာကိုယ် ဝမ်းထဲထားပြီး ကိုယ့်ဟာ ကိုယ်ပြင်ကြ၊ သဘောကျပလား။ သိထားပြီ မဟုတ်လား၊ အခုနစ်ချက်ကိုသိထားတော့ ကိုယ့်အတွက်က ဘယ်လို

စဉ်းစားဖို့သင့်သလဲ ကိုယ့်ကိုယ်ကိုပြင်ရပါမယ်နော်၊ သာသနာတွင်း မပြည့်စုံသေးလို့ရှိရင် ဖြစ်ပျက်မြင်တဲ့အလုပ်ကိုလုပ်လိုက်ဦး၊ ဟုတ်လား။ လုပ်ရင်း မတ္တနဲ့ပဲ ဖြစ်ပျက်တွေဘာတွေ ဆုံးသွားမယ်ဆိုရင်လည်း ချက်ချင်းသောတာပန်တည်သွားမှာပဲ၊

■ ရှုးခဲ့သရွေ့ မိုက်ခဲ့သရွေ့ ဘာပဲလုပ်ခဲ့လုပ်ခဲ့ ပဋ္ဌာနန္တရိယကံ မရှိဘူးဆိုရင် ရနိုင်တယ်လို့ဆိုတာပဲ၊ ဒီဘဝတွင် မဂ်ရနိုင်တယ် ဆိုတာလည်း ဆုံးဖြတ်ချက်ချ ပူစရာရှိသေးရဲ့လား။ အဲဒါကြောင့် အလောင်းတော်လည်း ယစ်ထုပ်ကြီးဖြစ်ခဲ့သေးတာပဲ၊ အမိုက်သမားကြီးလည်း ဖြစ်ခဲ့သေးတာပဲ၊ နောက်ကျတော့ ဒီဉာဏ်နဲ့ဆက်ယူတော့လည်း သူဟာလွတ်ကုန်တာပဲ ကျွတ်ကုန်တာပဲဆိုတာ လည်း အထူးပြောဖို့မလိုပါဘူး။ ဘယ်သူမှ အစကဖြင့် မလိမ္မာခဲ့ပါဘူး၊ ကလျာဏမိတ္တဆိုတဲ့ သူတော်ကောင်းနဲ့ပေါင်းမှ လိမ္မာကြတာ ချည်းပဲဆိုတာကိုလည်း ဆုံးဖြတ်ချက်ချပါ။ ကိုစောမောင် ကျေနပ်ပလား၊ ဒါကြောင့် မဂ်ရခြင်း၏ အကြောင်းမှာ ဆရာသမားဆိုတဲ့ ကလျာဏမိတ္တ သိပ်အရေးကြီးပါတယ်ဆိုတာ ဘုရားကဟောတော်မူတယ်။ အသခေျ်နဲ့ပါရမီဖြည့်ပြီးသား ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့ဟာ ရှင်အဿဇိဆိုတဲ့ ရဟန္တာ မထေရ်မြတ်နဲ့မတွေ့ရင် ကျွတ်တမ်းမဝင်သေးပါဘူး၊ မျောသွားအုံးမယ်၊ ဒီဆရာနဲ့ ပထမမတွေ့ရင် သောတာပန်မတည်သေးပါဘူး၊ သဘောကျပလား၊ ကလျာဏမိတ္တဆရာကောင်း ဘယ်လောက်အရေးကြီးတယ် ဆိုတာပေါ်ပါပြီ။

■ တစ်သေချေ်နဲ့ ကမ္ဘာတစ်သိန်း ကုသိုလ်ဒါနတွေကို ကမ်းကုန်လုပ်ခဲ့တယ်။ ဝိပဿနာအလုပ်တွေ အစရှိသည်ကိုတော့ ဒါကနည်းပါမှ လုပ်တတ်တာကိုး၊ အဲဒီမှာ ဆရာကမပြလိုက်လို့ရှိရင် သူဟောတာ ကြည့်လိုက်ပါလား၊

ရှင်အဿဇိက -

**ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတောအာဟ**

**တေသဉ္စ ယောနိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော**

■ အကြောင်းဖြစ်ရင် အကျိုးဖြစ်တယ်။ အကြောင်းချုပ်ရင် အကျိုးချုပ်တယ်ဆိုပြီး ပဋိစ္စသမုပ္ပါဒ်အကျဉ်းနဲ့ ဝိပဿနာဟော ချလိုက်တာပဲ၊ အရှင်ဘုရားတော်ပါပြီလို့ ပြောတော့တာပဲ။ ရှင်သာရိပုတ္တရာကလည်း မီးခဲပြာဖုံးဖြစ်နေတော့ ယေဓမ္မာ ဟေတုပ္ပဘဝါ ရွတ်လိုက်တာနဲ့ အရှင်ဘုရား တော်ပါတော့ဘုရားလို့ တစ်ခါတည်းလျှောက်တယ်။ ဩော် အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ်၊ အကြောင်းချုပ်လို့ အကျိုးချုပ်မှာပဲ ဆိုတော့ ဟိုမှာသောတာပန်တည်နေပြီ၊ လမ်းမှာတည် တာ၊ ဟိုကလည်း ဆွမ်းခံရင်း၊ ဒီကလည်း တိတ္ထိပရိဗိုဇ်ရဟန်းအဖြစ်နဲ့ သူကလည်း ဆွမ်းခံထွက်တာ၊ သူက အဲဒီတုန်းက တိတ္ထိပဲရှိသေးတယ်။ အဲဒီမှာ ဆွမ်းခံရင်း လမ်းမှာ သွားတွေ့ကြတယ်။

ယေဓမ္မာ ဟေတုပ္ပဘဝါ ဂါထာဟောလိုက်တော့ သောတာပန်တည်သွားတယ်၊ ဒါလောက်ထက်တဲ့ ဉာဏ်၊ အကြောင်း ဖြစ်ရင် အကျိုးဖြစ်ပါတယ်၊ အကြောင်းချုပ်ရင် အကျိုးချုပ်ပါတယ်၊ ဩော် ခန္ဓာကိုယ်ထဲမှာ အကြောင်းအကျိုးရှိတာပဲ ဖြစ်ချုပ်ရှိတာပဲလို့သွားပြီးသိတယ်။ သိတော့ ဉာဏ်နဲ့သွင်းလိုက်တော့ ဖျပ်ဖျပ် ဖျပ်ဖျပ်နဲ့ ဒါတွေအကုန်မြင်တယ်။ လမ်းတင်သောတာ ပန်တည်တယ်။ ဂါထာမှာတစ်ပါဒလျှင်ရှစ်လုံးရှိတော့ လေးပါဒဆိုတော့သုံးဆယ့်နှစ်လုံးရှိတယ် ရှစ်လုံးတင် သောတာပန်တည်တယ်။

■ ဒကာ ဒကာမတို့ ဆရာဘယ်လောက်အရေးကြီးတယ်ဆိုတာ ပေါ်ပါပြီ။ နဂိုက သိဥ္စည်းဆရာကြီးတပည့်ဗျ၊ နှစ်ပေါင်းများစွာ နေလာတာ ဘာမှမဖြစ်ခဲ့ဘူး၊ ကလျာဏမိတ္တကမဟုတ်ဘူး။ ကလျာဏကကောင်းတယ်၊ မိတ္တက အဆွေခင်ပွန်း၊ အဲဒီ ဆရာကောင်း အဆွေခင်ပွန်းကောင်း

ရှင်အသဖိဟောလိုက်လို့သောတာပန်တည်တာ သဘောကျပလား၊ ကိုင်း ဒကာ ဒကာမတို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာပေါ်ပါပြီ။ ဆရာသမားသိပ်အရေးကြီးတယ်ဆိုတာဖြင့် ရှင်းရှင်းလင်းလင်းပဲ မှတ်ပါတော့ ဘုရားကပဲဖွင့်ဟော ပြီ။ ကဲ ဒါဖြင့် ဘုန်းကြီးများကလည်း ဒကာ ဒကာမတို့ကို ညဏ်တက်အောင် ညဏ်တက်အောင်ဆိုပြီး နေ့တိုင်း ပြောတယ်။ ညဏ်တက်အောင်ဆိုတာက ကမ္မသကတညဏ်က သစ္စာအနုလောမိကညဏ်တက်အောင် ဒါဟောတာ၊ ဒီကဆက်ပြီး မဂ်ညဏ်တက်အောင် ဒါကိုနေ့တိုင်း တိုက်တွန်းနေတာပဲ၊ သဘောပါ ကြပလား။

■ ကဲ ဒါဖြင့် ယနေ့ချိန်ခွင်ကလေးပေးလိုက်တာ ကိုယ့်ဟာကိုယ် ပြန်တော့ ချိန်ကြည့်တာပေါ့၊ ချိန်ကြည့်တော့ ဒိဋ္ဌိမဖြုတ်တဲ့ အသွား ဖြစ်နေသေးလို့ရှိရင်ဖြင့် ငါဟာ ဩော် သာသနာတွင်းမှာ လူဖြစ်ငြား သော်လည်း ညဏ်ကသာသနာတွင်းမဟုတ်သေးပါလား။ လူကတော့ သာသနာတွင်း ညဏ်ကသာသနာတွင်း မဟုတ်ဘဲဖြစ်နေတယ်။ ဘယ်လို ဆုံးဖြတ်ချက်ချမလဲဆိုရင် လူကသာသနာတွင်း ညဏ်က သာသနာတွင်း မဟုတ်သေးပါဘူး။ နိဗ္ဗာန်ကို ညဏ်နဲ့သွားကြပါမယ်။ အဲဒီညဏ်က သာသနာတွင်းမဖြစ်ဘူးတဲ့။ အဲဒီ ညဏ်က ကမ္မသကတညဏ်ကလေးနဲ့ သူအချိန်ကုန်နေတယ်။ သာသနာပညဏ် ဖြစ်နေတယ်ဆိုတော့ ကိုယ်ကျိုးနည်းပေါ့ဟ။ သို့သော်အချိန်ရှိတော့ ပြင်နိုင်သေးတယ်။ သဘောကျပလား။ ဒါကြောင့် အရအားလုံး ဒကာ-ဒကာမတွေကို ဘုန်းကြီးသည်အမှန် အကန်ပြောတဲ့အတွက် ပြောနေသေးတဲ့အတွက် ဆေးမီသေးတယ်လို့မှတ်ပါ။ ဆေးမီသေးတယ်ဆိုတာ ခင်ဗျားတို့ မသေနင့် သေးလို့ မီသေးတယ်ပြောတာ၊ ရှင်းပလား။

■ ဆေးမီတဲ့ပုဂ္ဂိုလ်ဟာ ဘာမှမပူပါနဲ့၊ ဆေးကိုမမီလိုက်လို့ လွန်သွားတာတွေတော့ ဘုရားလည်းမတတ်နိုင်လို့ အရှုံးကြီးရှုံးပါ

ကွလို့ဆိုတာ တမြန်နေ့ကပဲပြောခဲ့သေးတယ်။ အခုဆေးမိတဲ့ပုဂ္ဂိုလ်က မရှုံးစေနဲ့ကွဆိုတာကိုဖြင့် မတိုက်တွန်းသင့်ဘူးလား။ တိုက် တွန်းသင့်တော့ ဩော် ဆေးလည်းမိသေးတယ်ဆိုလို့ရှိရင်ဖြင့် ဒီအလုပ်ကလေးကိုဖြင့် နှလုံးသွင်းလိုက်ဦးမှ ဆိုလိုရှိရင်လည်း ပြီးသွားတာပဲ၊ သဘောပေါက်ပလား။ ကိုင်း ဒါဖြင့် ဒီဟာညက်ချိန်ခွင် ရှေ့ပိုင်းက ပေးတယ်ဆိုတာရော ရိပ်မိကြပလား၊ ကဲ ညက်ချိန်ခွင်ခန်းကို သိမ်းလိုက်ပါတော့တဲ့၊ အလုပ်ကိုပြောပါတော့မယ်၊ သစ္စာအနုလောမိကညက်အလုပ်ကို ပြောတော့မယ်။ ပြောတော့မယ်ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုပဲ မှတ်ကြပါဦးစို့။

■ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝေသာလီပြည်မှာ သီတင်းသုံးတယ်၊ ဝေသာလီပြည်မှာသီတင်းသုံးပြီးနေတော့ သူ့ဟာ သူတော့သိတယ်၊ နောက်သုံးလရှိလို့ရှိရင် ငါဘယ်နည်းနဲ့မှ မနေရဘူးလို့ သိတော်မူတယ်။ ခန္ဓာကြီးရထားတာက သူ့သတ္တိက သေတတ်တဲ့ခန္ဓာကြီးပါ၊ သေတတ်တဲ့ခန္ဓာပဲဆိုတာ ငြင်းဖို့လိုသေးသလား။ ဘာနဲ့အုပ်ထားထား၊ ဘာနဲ့ဖုံးထားထား၊ ဘာနဲ့ပြုပြင်ထားထား သူ့သဘောက သေတတ်တဲ့ခန္ဓာမို့သေမှာပဲ။ အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အပိုင်းအခြားနဲ့သိတယ်၊ သုံးလရှိရင် ငါပရိနိဗ္ဗာန်ပြုလိမ့်မယ်၊ သက်တော်ရှစ်ဆယ်ပြည့်ပေါ့ဗျာ။ ဒါနဲ့ဝေသာလီပြည်မှာ သီတင်းသုံးနေတော့ ဝေသာလီပြည်ထဲက ဝေဠုဝ ရွာသွားပြီး သံဃာတော်တွေနဲ့ကြွသွားတယ်။ သံဃာတွေနဲ့ကြွသွားပြီး စဥ်းစားလိုက်တယ်၊ ဝေဒနာကဖြင့် ပရိနိဗ္ဗာန်ပြုမယ့်ဝေဒနာ ဝမ်းလျှောတဲ့ဝေဒနာ၊ ဝမ်းလျှောဆိုတာက ခင်ဗျားတို့သိတဲ့အတိုင်းပဲ သုံးခါလောက်လျှောရင်ပဲ မျက်စိတွေအောက်ချိုင့်ပြီး သေတတ် တဲ့ဝေဒနာမျိုးပဲ။

■ ဒီဝေဒနာတော့ဖြင့်လာပြီ၊ ငါတစ်ပါးတည်းနေချင်တယ်ဆိုတဲ့စိတ်ကလေးပေါ်လာတယ်။ အာနန္ဒာရဟန်းတွေခေါ်လိုက်ကွာ မင်းတို့၏

မိတ်ဆွေသင်္ဂဟ ဒကာ-ဒကာမရှိတဲ့ဆီကိုသွားကြ၊ ဒီရွာကလေးဟာ ဆွမ်းကွမ်းလုံလောက်မယ် မဟုတ်ဘူး၊ ငါတော့ဖြင့် တစ်ပါးတည်း နေဦးမယ်၊ မင်းတို့ဆိုင်ရာဆိုင်ရာကိုသွားပြီး ဝါဆိုကြပဟု နှင်ထုတ်လိုက်တယ်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဝေဒနာ ကပြင်းထန်လာတဲ့ အခါကျတော့ ဒီဝေဒနာကို ဘာလုပ်ရမတုံးလို့ စဉ်းစားလိုက်တယ်။ အလွယ်ကလေးပဲတဲ့ ဒီဝေဒနာ နိဗ္ဗာန်ကိုအာရုံပြုပြီး နေလို့ရှိရင်ဖြင့် နိဗ္ဗာန်အာရုံပြုတဲ့ဉာဏ်က ဒီဝေဒနာတွေကို အကုန်ပယ်ထုတ်တယ်။ သဘောကျပလား။ ဒါကြောင့် ခင်ဗျားတို့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ရောက် အောင်လုပ်စမ်းပါဆိုတာ အသေတားနိုင်လို့ ဒါလောက်ဟောတာ။ ဒါနဲ့ပဲ ဝေဒနာတွေက ပြင်းထန်လာတယ်၊ ပြင်းထန်လာတော့ ကိုင်း ဒီဝေဒနာတွေကို ဖြစ်ပျက်ရှုပြီး ဖြစ်ပျက်အဆုံးဖြစ်တဲ့နိဗ္ဗာန်ကို အာရုံပြုပြီး နေမယ်ဆိုတော့ ဝေဒနာ တွေမရှိတော့ဘူး။ ကျန်းမာသလိုဖြစ်နေတယ်။ သဘောကျပလား။ ဒကာ ဒကာမတွေ အလုပ်တရားဟာ ဤမျှလောက် ကျေးဇူးများ တယ်ဆိုတာ ပေါ်ပါပြီ။

■ ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝေဠုဝန်ကျောင်း ကလေးမှာ နည်းနည်းသက်သာပြီဆိုပြီး ကျောင်းနောက်ဖေးသွားပြီး ထိုင်နေလိုက်တယ်။ ရှင်အာနန္ဒာကတော့ သောတာပန်သာတည်သေး တယ်။ ညီကလည်းတော်ပြန်ဆိုတော့ ဘုရားထံကပ်လာပြီး အရှင်ဘုရား မြင်ရတာဘုရား ဝမ်းသာတယ်ဘုရား၊ နဂိုကတော့ မကျန်းမာဘူး၊ အခု ကျန်းမာလာတဲ့အခါကျတော့ ဝမ်းသာလာတယ် ဘုရားလို့ ရှင်အာနန္ဒာက လျှောက်တယ်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူလျှောက်တာ အသာထားပြီး ငါဟာ ဒီဝေဒနာကိုအခု နိဗ္ဗာန်အာရုံပြုတဲ့ဉာဏ်နဲ့ ခန္ဓာကိုယ်ကြီးကို ချုပ်စပ်ထားတာ တခြားမဟုတ်ဘူး၊ နောက်ဆုံးပိတ် ပြောစရာရှိတယ်၊ သံဃာတွေရော လူတွေရော မပြောမဆိုဘဲနဲ့ ပရိနိဗ္ဗာန် စံလို့ရှိရင် မသင့်တော်ပေဘူးတဲ့၊ သဘောကျပလား။

■ အဲဒီတော့ မျက်စိသူငယ်အကုန်ဖြစ်ကုန်လိမ့်မယ်၊ လိုရင်းကို ငါမပြောရသေးလို့ရှိရင်ဖြင့် ပရိနိဗ္ဗာန်မစံသေးဘူးဆိုပြီး နိဗ္ဗာန်အာရုံပြုတဲ့ ဉာဏ်နဲ့ခန္ဓာကိုယ်ကြီးကို ဖရိုဖရဲဖြစ် သွားမှာကို အကုန်အပ်နဲ့ချုပ်သလို ဉာဏ်နဲ့ ချုပ်ထားတာပါ၊ သဘောပေါက်ကြပလား။ ဒါကြောင့် ခင်ဗျားတို့ ဒုက္ခဆုံးတဲ့ဆီများ မြင်အောင်လုပ်ထားကြစမ်းပါဆိုတဲ့ဟာ မဟောထိုက်ဘူးလား။ ဒါ ဘုရားကသေသေချာချာဖွင့်ဟောနေတာ ဒါသစ္စသံယုတ် ပါဠိတော် မှာလာပါတယ်။ ပါဠိတော်ဆိုတာ ကိုယ်တော်တိုင်ဟောတာ၊ အဋ္ဌကထာတောင် မဟုတ်ပါဘူး။ အဋ္ဌကထာဆိုတာက သာဝကရေးတာ၊ ပါဠိတော်ဆိုတာက ကိုယ်တော်တိုင်ဟောတာနော်။

■ ဒါနဲ့ပဲ ကျောင်းနောက်ဖေးမှာ မြတ်စွာဘုရားနေတဲ့အချိန်မှာ ရှင်အာနန္ဒာကလည်း တပည့်တော်ဖြင့်ဘုရား အရှင်ဘုရား ကျန်းမာလာတယ်၊ ချမ်းသာလာတယ် အရင်ရုပ်တွေပျောက်ပြီး ကျန်းမာချမ်းသာတဲ့ ရုပ်မြင်ရတော့ တပည့်တော် အင်မတန်ဝမ်းသာတယ်တဲ့။ မြတ်စွာဘုရားခန္ဓာကိုယ်ကတော့ ဉာဏ်တော်နဲ့ချုပ်စပ်ထားတာ တပည့်သာဝကတွေကို လိုရင်းဖြစ်တာတွေကို သတိ ပေးချင်လွန်းလို့ ခန္ဓာကိုယ်ကြီး ချုပ်စပ်ပြီးစောင့်နေတယ်။ သဘောပေါက်ကြပလား။ အဲဒီကတည်းက ဒကာ ဒကာမတွေက စဉ်းစားဖို့သိပ်ကောင်းတယ်၊ ဩော် တကယ့် မဟာကရုဏာတော်ရှင်ပါလား၊ သေမှာတောင်မှ ဖလသမာပတ်ဆိုတာနဲ့ ချုပ်စပ်ပြီး ဝီရိယစိုက်ပြီး ချုပ်စပ်ပြီးထားလိုက်တော့ အခု ပရိနိဗ္ဗာန် မပြုဘူး။ ဘယ့်နယ်ကြောင့်တုံး၊ ဒီ တပည့်သာဝကတွေကို ဆရာလက်ဆုပ် မကျန် အောင်ပေးပြီးသားပဲ၊ ချွင်းချက်မရှိတရားတော့ဟောပြီးသားပဲ၊ ဟောပင်ဟောငြားသော်လည်း နောက်ထပ် ဒါမမေ့နဲ့ဆိုတဲ့ဟာ ငါပေးချင်သေးတယ်။ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ဒကာ ဒကာမတို့ ပေါ်လာရောပေါ့။

■ အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီနေ့ည ပြောနေတာက

ဒကာ ဒကာမတို့ ခင်ဗျားတို့ ကရုဏာတော်ရှင်လည်း ထောက်ဖို့ ကောင်းပါတယ်။ ဘာဆိုင်လို့တုံး မလုပ်လိုက်ပါနဲ့။ ကဲ ဒါနဲ့ပဲ ဒကာ ဒကာမတို့ ညီတော်အာနန္ဒကလည်း ဘုရားကျန်းမာ လာတယ်လို့ ဝမ်းသာပြီးနေတာဟာ သူ့အထင်ကတော့ အရမ်းဝမ်းသာတာ၊ ကျန်းမာ တယ်ထင်လို့ ဝမ်းသာတာ၊ သူကလည်း သမုဒယ မကုန်သေးဘဲကိုးဗျ။ ဘုရားကိုအင်မတန်ခင်တယ်၊ အင်မတန်ကြည်ညိုတယ်၊ ဒါကြောင့် ခလုတ်မထိ ဆူးမငြိအောင် သူ့အရေးကြီးနေတာ။ အဲဒါနဲ့သူဟာ ဝမ်းသာ တဲ့အကြောင်းတွေ လျှောက်ပြောတော့ ငါဟာကွာတဲ့ အခြားကြောင့် မဟုတ်ပါဘူး၊ သတ္တဝါဝေနေယျတွေကို ငါဟာနောက်ဆုံးပိတ်အဖွေနနဲ့ ဟောဒါဖြင့်မမေ့ရစ်နဲ့၊ ဒါမေ့ရစ်ရင် မင်းတို့ကိုယ်ကျိုးနည်းလိမ့်မယ်ဆိုတာ ကလေးပြောချင်လို့ ငါဉာဏ်နဲ့ချုပ်စပ်ပြီး ခန္ဓာကိုယ်ကြီးတည်ထားတာတဲ့၊ သဘောကျပလား။

■ ငါ ဥပမာပြောမယ် အာနန္ဒာ၊ လှည်းအိုကြီးဒေါက်တွေကလည်း ကျိုးကုန်ပြီကွတဲ့၊ အဲဒါ ကြိုးနဲ့ချုပ်ပြီးမောင်းနေတာ၊ ဒေါက် တွေကတော့ ပျက်ကုန်ပြီ၊ သံပတ်ခွေတွေလည်း ပြုတ်လုပြုတ်ခင်ကွတဲ့၊ အဲဒါကလေး ကို သံချောင်းကလေး သာမညနဲ့ရိုက်ပြီး ခပ်ဖြည်းဖြည်းမောင်းနေတဲ့ လှည်းအိုကြီးဖြစ်နေတော့ မင်းကဝမ်းသာတာတော့ ဟုတ်ပါရဲ့တဲ့၊ ဖလသမာပတ်နဲ့ စပ်ထားတယ်ပြောတာ ရှင်းပလား။ လိုရင်းပြောချင်လို့ စပ်ထားတာပါလို့မှတ်ပါ။ လိုရင်းပြောချင်လို့ စပ်ထားတာဖြစ်လေတော့ ဘုန်းကြီးတို့ ဒကာ ဒကာမ တွေက သြော် ဘုရားကလိုရင်းပြောတော့မှာပဲ၊ ဒီလိုရင်းဖြင့် တော်တော်အရေးကြီးလို့ ဒီခန္ဓာကြီးဆိုင်းပြီး ပြောမယ့် စကားမဟုတ်ဘူးလား၊ အလွန်အရေးကြီးတဲ့ စကားဖြစ်တာကြောင့် အသေကိုတောင်မှ တားနိုင်တဲ့နည်းနဲ့တားပြီး၊ စောင့်ဆိုင်းပြီး၊ ဒီအတိုင်း ပရိ နိဗ္ဗာန်စံသွားရင် မတော်ဘူး၊ မျက်စိသူငယ်ဖြစ်ကုန်လိမ့်မယ်ဆိုပြီး စောင့်ဆိုင်းနေတယ် ဆိုတဲ့အဓိပ္ပါယ်ကို အခုကြားရ သိရတော့ ဒကာ

ဒကာမတို့ အရေးကြီးတဲ့အတွက်ကို ပြောလိမ့်မယ်ဆိုတာကိုလည်း အခုကတည်းက အမှတ်ထားဖို့ပဲ၊ သဘောကျပြီလား။

■ အရေးကြီးတဲ့အချက်ကို အရေးကြီးသလို သူပြောချင် ဆိုချင်လွန်းလို့ မဟာကရုဏာတော်နဲ့ စောင့်ဆိုင်းနေတာ၊ ခင်ဗျားတို့က ဗုဒ္ဓဂုဏော အနန္တောကိုရွတ်တော့ ရွတ်ကြပါရဲ့ နက်နက်နဲနဲထိအောင် မသိတော့ ကြည်ညိုမှုက နည်းနေတယ်။ သဘောကျပလား။ နက်နက်နဲနဲ သိထားရင် ကြည်ညိုလုံးဟာ သန်လာပါတယ်၊ အင်မတန် သန်စွမ်းလာမယ်ဆိုတာ ဒကာ ဒကာမတွေ ငြင်းဖို့လို သေးသလား၊ အဲဒါလောက်ဆို ကိုယ်တော်ကြီးပါတဲ့၊ ခင်ဗျားတို့ ကျုပ်တို့၏ ကျေးဇူးတော်ရှင်ဆိုတာ ပြောစရာမလိုတော့ပါဘူး။ အခု ကြည့်စမ်း ဝေဒနာတွေက ပရိနိဗ္ဗာန်စံလောက်တဲ့ ဝေဒနာဆိုတာလည်း ကိုယ်တော်တိုင်သိတယ်၊ တပည့်သာဝကတွေကို နောက်ဆုံးပိတ်အနေဖြင့် သတိမပေး မနှိုးဆော်ရသေးလို့ရှိရင် ပရိနိဗ္ဗာန်မပြုသေးဘူးဆိုပြီး ဝီရိယစိုက်ပြီး ဖြစ်ပျက်အဆုံးနိဗ္ဗာန်မြင်တဲ့ ဉာဏ်နဲ့ခန္ဓာကိုယ်ချုပ်စပ်ထားလိုက်တယ်။ ဖရိုဖရဲဖြစ်သွားသေးရဲ့လား။ ကျောင်းကလေးနောက်ဖေးမှာ ရှင်အာနန္ဒာသွားတော့ ရှင်အာနန္ဒာက ရမ်းပြီးဝမ်းသာနေလို့ ငါဖာထေးတာပါကွလို့ပြောတယ်။ ရှင်းပလား။

■ ဘယ့်နယ်ကြောင့် သူဖာထေးထားပါလိမ့်၊ ကိုယ်တော်မြတ်ကြီးက သူပရိနိဗ္ဗာန်မပြုချင်လို့ ဖာထေးတာလားဆိုတော့မဟုတ် ဘူး၊ တပည့်သာဝကတွေက မျက်စိသူငယ်ဖြစ်ပြီး လိုရင်းအချက်ကလေးတွေကို အရင်လည်းဟောပြီးသားပါပဲ၊ သို့သော် ထပ်ပြန် ပြီးသတိပေးချင်တဲ့ စိတ်ကလေးပေါ်လာပြန်တော့ ပြန်ပြီးချုပ်စပ်ထားတယ်ဆိုတာကော၊ သဘောကျပလား။ ရှင်းပြီနော်။ အဲဒီလိုနဲ့ပဲ ရှင်အာနန္ဒာကို အာနန္ဒာ၊ သံဃာတွေကိုစုရုံးကွာ၊ လူတွေလည်းစုပေ့၊ ဘုရားလည်း ပရိနိဗ္ဗာန်စံတော်မူတော့မယ်၊ အမေမိဘနဲ့တူစွာ မင်းတို့ နောက်ဆုံးပိတ် ကယ်တင်

ချင်တဲ့စိတ်ကလေးကိုလည်း သိရအောင် မင်းတို့လည်း ကျွမ်းထိုးမှောက်ခုံမဖြစ်ရအောင် စုပေါ့ ငါအရေးကြီးတာပြောမယ်ဆိုပြီး ညီတော်အာနန္ဒာကို အစုခိုင်းတာပဲ ဒကာ ဒကာမတို့ သံဃာတွေလည်းစု၊ လူတွေလည်းစုလာတဲ့အခါကျတော့မှ ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သတိပဋ္ဌာန်လေးပါးဟောတယ်။ သတိပဋ္ဌာန်လေးပါးရှိတယ် မဟုတ်လား ဒကာ ဒကာမတို့ ကိုယ်ကို ရှုရင် ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာရှုရင် ဝေဒနာနုပဿနာ သတိပဋ္ဌာန်ပါ၊ စိတ်ကိုရှုရင် စိတ္တာနုပဿနာ သတိပဋ္ဌာန်ပါ၊ ဘယ်ဟာလာလာ ဖြစ်ပျက်တစ်ခုတည်း ရှုလိုက်မယ်ဆိုရင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါ။ အဲဒီ သတိပဋ္ဌာန်လေးပါးကို တစ်ခါတည်း လူထုရော သံဃာထုကြီးရော လုပ်တတ်အောင်နည်းကို ပေးတော့တာပဲ၊ ရှင်းပလား။

■ အဲဒီနည်းကို မင်းတို့ သေသေချာချာလုပ်ကြကိုင်ကြ၊ သတိမမေ့ဘဲနဲ့ မင်းတို့လုပ်ကြမယ်ဆိုလို့ရှိရင် ငါဘုရားပရိနိဗ္ဗာန်စံတာလည်း နိဗ္ဗာန်သွားတာပဲ၊ မင်းတို့လည်း ဒီအလုပ်က နိဗ္ဗာန်ပို့မှာပဲ၊ မင်းတို့ရော ငါရောက်တဲ့နိဗ္ဗာန်ရောက်မှာပဲ၊ သဘောကျပြီလား။ နိဗ္ဗာန်ဟာတစ်မျိုးတည်းရှိတယ်။ နိဗ္ဗာန်ကျမှ တန်းခွဲနေတယ်လို့ ဒီလိုမရှိပါဘူး။ သဘောကျပြီလား။ နိဗ္ဗာန်ဆိုတာ အားလုံးဘယ်သူရောက် ရောက် ချမ်းသာတာပဲ၊ သူရောက်လည်းချမ်းသာတာပဲ၊ ငါရောက်လည်း ချမ်းသာတာပဲ၊ ရှင်းပြီလား။

## ❁ သတိပဋ္ဌာန်ကြိုးစားရစ်ကြ

■ အဲဒီချမ်းသာခြင်းအတူတူ ဖြစ်ချင်ကြလို့ရှိရင်ဖြင့် သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါးကြိုးစားရစ်ကြဆိုတာ သေသေချာချာ မှာတယ်။ အဲဒါ ခင်ဗျားတို့ မကြိုးစားဘဲ နေကြလို့ရှိရင်ဖြင့် ဘုရားကရုဏာကို ခင်ဗျားတို့ မငဲ့ဘဲနေရာရောက်မယ်။ ပြီးတော့ဘုရားက ငါရောက်တဲ့နိဗ္ဗာန်

မင်းတို့ရောက်ပါလိမ့်မယ်ပြောတဲ့အထဲက ခင်ဗျားတို့က ခပ်ပေပေ ခပ်တေတေ လုပ်နေလိုက်လို့ရှိရင်လည်း အပါယ်ကိုရောက်နေကြရ ဦးမယ်၊ သူကတော့ နိဗ္ဗာန်ရောက်နေပြီ။ ကျုပ်တို့က ပေပေတေတေ နေလိုက်လို့ရှိရင် ကဲ ဖြည်းဖြည်းမှ လုပ်တော့မယ်ပဲဖြစ်စေ၊ လုပ်ဖြစ်တော့ လုပ်တာပေါ့လို့ဖြစ်စေ ဒီလိုဆိုရင် ဒါဟာ အပါယ်မျက်စောင်းထိုးတဲ့ အသံဟာသေချာသွား တယ်။ အဲဒါကြောင့် ဒါလောက်အရေးကြီးတာ ဒကာ ဒကာမတို့ မဟာဝဂ္ဂသံယုတ်ပါဠိတော် သတိပဋ္ဌာနသံယုတ်မှာ သေသေချာချာ ကိုယ်တော်မြတ်ကြီးက အာနန္ဒာ ငါစောင့်တာဟာ ဖာထေးစောင့်တာ၊ ဒီအလုပ်ကို သင်ချင်လွန်းလို့ မင်းတို့ကို ဖာထေးစောင့် နေတာ လို့မဟောဘူးလား။ လှည်းအိုကြီးကျပ်စည်းထားသလို ဖာထေး စပ်ချုပ်ထားတာလို့ မဟောဘူးလား။ ရှင်းပြီလား။

■ အဲဒီတော့ ဘာကိုဟောတော်မူလိုက်သတုံးဆိုတော့ -

**အတ္တဒီပါဝိဟရထ အတ္တသရဏာ အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ၊**

မင်းတို့ ဘယ်သူ့မှအားမကိုးနဲ့၊ ဟောဒီအလုပ်ကိုသာ အားကိုး တော့တဲ့၊ မိမိကိုယ်အားကိုးနေ၊ သဘောကျပြီလား။ ဒီအလုပ် တရားမဂ္ဂင်ကို အားကိုးပါ၊ ဒါမှသာလျှင် ခင်ဗျားတို့ဟာ အပါယ်လေးရွာ ကိုယ့်ရွာကြီးဖြစ်နေတာ အိုးစားကွဲမယ်။ အဲဒါဖြင့် ဒကာ ဒကာမတို့ ကျုပ်တို့မှာ အခုတော့ သံသယရှိနေကြတယ်။ သြော် ငါများသေရင် ဘယ်များသွားရမှာတုံး၊ မပြောတတ်ဘူးလို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက် ချ မချရပေဘူးလား။ ဘုန်းကြီးအခုပြောနေတဲ့ ဘုရားဟောတော်မူတဲ့ အလုပ်ကို လုပ်လိုက်လို့ရှိရင်ဖြင့် ငါသေ ရင်ဘယ်မှမသွားဘူး ဒကာ ဒကာမတို့ နိဗ္ဗာန်နဲ့သုဂတိ ဒီနှစ်ခုပဲရှိတယ်။ အခုတော့ဖြင့် ဒကာ ဒကာမတွေက သံသယနဲ့ နေကြရတယ်။ သံသယနဲ့နေကြရတော့ အောက်လားဟ၊ အထက်လားဟ မပြောတတ်ဘူးလေ၊ ကံပစ်ချသလို

ခံရမှာပဲ။ ဒီမှာ ခင်များတို့က လမ်းဆုံး သွားတယ်။ ဘုန်းကြီးက ဒီလို မဟောပါဘူး၊ သတိပဋ္ဌာန်အားထုတ် ဉာဏ်စီမံရာလိုက်ပါဆိုတော့ ပြီးသွားပြီ၊ ဉာဏ်ကဘယ်တော့မှ အပါယ်လေးပါးကို သူမစီမံဘူး၊ နိဗ္ဗာန်နဲ့သုဂတိပဲ စီမံပေးတယ်။

■ အဲဒီတော့ ကံစီမံရာကြောက်ပြီး ဉာဏ်စီမံရာအရောက် သွားပါဆိုတဲ့ဥစ္စာ သတိပဋ္ဌာန်ပဲ၊ သဘောကျပြီလား။ ကံစီမံတာကို ခင်များတို့ မလိုက်နာပါနဲ့၊ ကံဆိုတာက မနေ့ကပြောခဲ့ပြီ၊ ခင်များတို့ကို ဘောလုံးလုပ်မယ်၊ အထက်ကန်လိုက် အထက်ရောက်သွား ပြန်ပြီ၊ တော်တော်ကြာ ခြေထောက်နဲ့ဖိထားလိုက် အောက်ရောက်သွားပါတယ်။ ဒီလိုလုပ်နေတာ သဘောကျပြီလား။ အဲဒီတော့ ဒါလောက်နဲ့တင်းတိမ်နေလို့ တော်ပါ့မလား၊ အကုသိုလ်ကံက အောက်ဖိချလိုက် အပါယ်လေးပါးရောက်သွားပြန်ပြီ၊ ကုသိုလ်ကံက မြှင့်တင်လိုက်ပြန် သုဂတိရောက်ပြန်ပြီ၊ အမြဲကို ရှိသေးရဲ့လား၊ အမြဲမရှိတာလောက် ကျုပ်တို့မှာပင်ပန်းဆင်းရဲတာဟာ ဘယ်မှာ လာတွေ့မလဲ။ တွေ့နိုင်စရာမြင်သေးရဲ့လား၊ အဲဒါ ဘာစီမံရာ လိုက်နေလို့ ခင်များတို့ ဒါလောက်တောင် လူဘောလုံးဖြစ်ရတယ်ဆိုတာလည်း ရိပ်မိလောက်ပါပြီ၊ ကံစီမံရာ လိုက်နေလို့ အခုသတိပဋ္ဌာန်ဆိုတာက ဉာဏ်စီမံတာ ကျေနပ်ပြီလား။ အပြောကောင်းလို့ ပြောနေတာမဟုတ်ပါဘူး၊ အမှန်ကို ပြောနေတယ်ဆိုတာကိုလည်း ဆုံးဖြတ်ချက်ချပြီး နားထောင်ပါ၊ သဘောပါကြပြီလား၊ ကဲ ဒါဖြင့် ဒကာ ဒကာမတို့ အလုပ်ပဲပြကြပါစို့ ဉာဏ်အလုပ်ကိုပြလိုက်ရင် ခင်များတို့ ပိုမိုရှင်းပါလိမ့်မယ်။

## ☸ သတိပဋ္ဌာန်တစ်ပါးပါး အားထုတ်ကြပါ

■ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဒကာ ဒကာမတို့ အစောင့်ကြီးစောင့်ပြီး အပြောကြီးပြောတဲ့စကားဟာ ဘာပါလိမ့် မတုံးဆိုတော့ သတိပဋ္ဌာန်လေးပါး တစ်ပါးပါးအားထုတ်ကွ၊ အဲဒါ မင်းတို့ရဲ့

အားကိုးရာအစစ်ပဲ၊ ရှင်းပြီလား။ အဲ ဒီကိုယ်ကြီးကိုလည်း အားမကိုးနဲ့၊ ဓမ္မဒီပါ ဓမ္မသရဏာ၊ ဘိက္ခဝေ-ရဟန်းတို့၊ ဓမ္မဒီပါ- မင်းတို့ အားထုတ်တဲ့ ဉာဏ်ကိုသာလျှင် ကျွန်းကြီးသဖွယ် အားကိုး ကြကုန်သည်၊ ဟောထ- ဖြစ်ရစ်ကြကုန်လော့။ ငါပရိနိဗ္ဗာန်စံသွားသော်လည်း ဒီဉာဏ် အားကိုး နေရစ်ကြလို့ရှိရင် ငါရောက်တဲ့နိဗ္ဗာန် မင်းတို့ရောက်မှာပဲလို့ဆိုလိုရင်း၊ ဒါမလုပ်လို့ရှိရင်ဖြင့် ဘုရားကပရိနိဗ္ဗာန်စံပြီး နိဗ္ဗာန်ရောက် ခင်ဗျားတို့က အပါယ်ရောက်၊ ဒီလိုဖြစ်မှာ စိုးလို့ ဒါကလေးပြောချင်လို့ ခန္ဓာကိုယ်ကြီး ချုပ်စပ်ဖာထေးပြီးထားတယ်ဆိုတာလည်း သဘောပါကြပြီလား။ ဒါဖြင့် ဒကာ ဒကာမတို့ သတိပဋ္ဌာန်လေးပါး တစ်ပါးပါးလုပ်သင့်ပါတယ် လို့မှတ်ပါ။ တစ်ပါးပါး လုပ်သင့်တယ်ဆိုတော့ ဥပမာ တစ်ခုသော တရားကလေးကို ဒကာ ဒကာမတွေက ကိုယ့်စိတ်ကလေး ကိုယ်ရှုနေ တယ်၊ စားချင်တဲ့စိတ်ကလေးပေါ်တော့ ဒကာ ဒကာမတွေကို ဘုန်းကြီး သင်ထားတာက ဒကာ ဒကာမတွေ ရှေ့စိတ်ကိုနောက်စိတ်က ရှုပါလို့ မပြောဘူးလား၊ စားချင်တဲ့စိတ်ကလေးရှိမရှိကို နောက်စိတ်ကသာတွေး လိုက်ပါ၊ ရှိပါ့မလား။ နောက်စိတ်ဝင်ရင် ရှေ့စိတ်ကမရှိရတော့ဘူး။

**အညဉ္ဉပ္ပဇ္ဇတေ စိတ္တံ၊ အညံစိတ္တံ နိရုဇ္ဈတိ၊**

**အဝိစိမနုသမ္ဗန္ဓော၊ နဒီသောတောဝ ဝတ္တတိ** - လို့ဆိုသော ကြောင့် ဒီစိတ်ချုပ်ပြီးမှ ဒီတွေးတဲ့စိတ်ကလေးပေါ်လာတာ၊ ဒီတွေး တဲ့စိတ်က အရင်စိတ်ရှိ မရှိတွေးတာ ရှိသေးရဲ့လား။ မရှိတော့ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂဖြစ်ပါတယ်နော်။

## ☸ နိဗ္ဗာန်ပို့တဲ့တရားအစစ်

■ ဒါသည် ဒကာ ဒကာမတို့ နိဗ္ဗာန်ပို့တဲ့တရားအစစ်၊ နိဗ္ဗာန်ပို့တဲ့ တရားအစစ်ဆိုတော့ နိဗ္ဗာန ဂစ္ဆတီတိမဂ္ဂေါ၊ နိဗ္ဗာန- နိဗ္ဗာန်သို့၊ ဂစ္ဆတိ- သွားတတ်၏၊ ဣတိတသ္မာ- ထို့ကြောင့်၊ မဂ္ဂေါ- မဂ်မည်၏ဆိုတော့

သူဟာ မဂ်ပဲ၊ သဘောကျပြီလား၊ ဒါကြောင့် မင်းတို့ ငါမရှိသည့်နောက် ဒီဓမ္မကို အားကိုးရစ်ကြတဲ့၊ ဒီဓမ္မအားကိုးရစ်ကြဆိုတာ အခုဆရာသမား ကပြတယ်၊ ကိုယ့်စိတ်ကိုယ်ရှုပါ၊ ဒကာ ဒကာမတို့ ဆေးလိပ်သောက်ချင် တဲ့စိတ်၊ ရေသောက်ချင်တဲ့စိတ် ဟုတ်လား။ ဆေးလိပ်သောက်ချင်တဲ့ စိတ်တော့ပေါ် ပြီ၊ အဲဒီစိတ် ရှိမရှိကိုတွေးလုံး မထုတ်တတ်တော့ဘူးလား၊ ထုတ်တတ်လို့ရှိရင် ဒီစိတ်မရှိပါဘူး၊ မရှိတာဟာ အနိစ္စပဲ၊ သိတာက မဂ္ဂပဲ၊ ဒီမဂ္ဂဟာ ဓမ္မပဲမဟုတ်လား၊ ဒါ့ကြောင့် ဓမ္မဒီပါ- ဒီဓမ္မကို မင်းတို့ ကျွန်းကြီးသဖွယ်ကိုးစားရစ်ပါ ငါမရှိသည့်နောက်ကိုဆိုတာ ဘုရားက မဟောဘူးလား၊ ဒီဓမ္မက နိဗ္ဗာန်မှတစ်ပါး ဘယ်မှမသွားဘူး။ အောက်ပစ် လိုက်၊ အထက်ပစ်လိုက်မဟုတ်ဘူး။ ကဲလို အောက်ပစ်၊ အထက်ပစ် ဟုတ်သေးရဲ့လား။ ဒါဖြင့် အားကိုးရာအစစ် ဆရာဘုန်းကြီး အခု အနည်းငယ်ပြပါတယ်၊ နာရီစေ့လို့နော်၊ ဒါကျေနပ်ပြီလား။

## ❁ ကိုယ့်စိတ်ကိုယ်ရှုပါ

■ ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်စိတ်ကိုယ်ရှုပါ၊ ဘယ်စိတ်တုံး ဘုရားဆိုတော့ အို ခင်ဗျားတို့သန္တာန်ပေါ်ချင်တဲ့စိတ်ပေါ်လိမ့် မယ်၊ အဲဒီစိတ်ရှိမရှိကို နောက်ကနေပြီးတော့သာ တွေးလုံးထုတ်ပါ။ တွေးလုံး ထုတ်လို့ရှိရင် သတ္တဝါသန္တာန်မှာ နှစ်စိတ်ပြိုင်ပြီးမပေါ် ကောင်းတော့ အရင်စိတ်မရှိဘူးဆိုတာကို တွေးလုံးကအမြဲတမ်းသိနေမှာပဲ၊ သိနေတော့ စိတ်ဟာဝိညာဏက္ခန္ဓာဆိုတော့ ကိုယ့်ခန္ဓာ ပျက်နေတာ ပေါ်ကြပြီလား။ ဘာပျက်နေတာတုံးဆိုရင် ကိုယ့်ခန္ဓာပျက်နေတာပါ၊ ဒါဖြင့် ကိုယ့်အသေ ကိုယ်သိတယ်။ ကိုယ့်အသေ ကအနိစ္စ၊ ကိုယ်သိတာက မဂ္ဂပါ၊ အဲဒါကို ကိုယ်လုပ်ရမှာ ဒီကိုယ်ကို အားကိုးကြ၊ ဒီခန္ဓာကိုယ်ကြီးကတော့ သုသာန်ပစ်ရမှာ မဂ္ဂင် တည်းဟူသော ကိုယ်ကိုအားကိုးကြလို့ဆိုတာ မဟောသင့်ဘူးလား၊ သဘောပါပြီလား။ ကဲ နက်ဖြန်မှ ဆက်ကြပါစို့။

အားကိုးရာအစစ်ပဲ၊ ရှင်းပြီလား။ အဲ ဒီကိုယ်ကြီးကိုလည်း အားမကိုးနဲ့၊ ဓမ္မဒီပါ ဓမ္မသရဏာ၊ ဘိက္ခဝေ-ရဟန်းတို့၊ ဓမ္မဒီပါ- မင်းတို့ အားထုတ်တဲ့ ဉာဏ်ကိုသာလျှင် ကျွန်းကြီးသဖွယ် အားကိုး ကြကုန်သည်၊ ဟောထ- ဖြစ်ရစ်ကြကုန်လော့။ ငါပရိနိဗ္ဗာန်စံသွားသော်လည်း ဒီဉာဏ် အားကိုး နေရစ်ကြလို့ရှိရင် ငါရောက်တဲ့နိဗ္ဗာန် မင်းတို့ရောက်မှာပဲလို့ဆိုလိုရင်း။ ဒါမလုပ်လို့ရှိရင်ဖြင့် ဘုရားကပရိနိဗ္ဗာန်စံပြီး နိဗ္ဗာန်ရောက် ခင်ဗျားတို့က အပါယ်ရောက်၊ ဒီလိုဖြစ်မှာ စိုးလို့ ဒါကလေးပြောချင်လို့ ခန္ဓာကိုယ်ကြီး ချုပ်စပ်ဖာထေးပြီးထားတယ်ဆိုတာလည်း သဘောပါကြပြီလား။ ဒါဖြင့် ဒကာ ဒကာမတို့ သတိပဋ္ဌာန်လေးပါး တစ်ပါးပါးလုပ်သင့်ပါတယ် လို့မှတ်ပါ။ တစ်ပါးပါး လုပ်သင့်တယ်ဆိုတော့ ဥပမာ တစ်ခုသော တရားကလေးကို ဒကာ ဒကာမတွေက ကိုယ့်စိတ်ကလေး ကိုယ်ရှုနေ တယ်၊ စားချင်တဲ့စိတ်ကလေးပေါ်တော့ ဒကာ ဒကာမတွေကို ဘုန်းကြီး သင်ထားတာက ဒကာ ဒကာမတွေ ရှေ့စိတ်ကိုနောက်စိတ်က ရှုပါလို့ မပြောဘူးလား၊ စားချင်တဲ့စိတ်ကလေးရှိမရှိကို နောက်စိတ်ကသာတွေး လိုက်ပါ၊ ရှိပါ့မလား။ နောက်စိတ်ဝင်ရင် ရှေ့စိတ်ကမရှိရတော့ဘူး။

**အည်ဥပ္ပဇ္ဇ တေစိတ္တံ၊ အည်စိတ္တံ နိရုဇ္ဈတိ၊**

**အဝိစိမနုသမ္ဗန္ဓော၊ နဒီသောတောဝဂစ္ဆတိ**- လို့ဆိုသော ကြောင့် ဒီစိတ်ချုပ်ပြီးမှ ဒီတွေးတဲ့စိတ်ကလေးပေါ်လာတာ၊ ဒီတွေး တဲ့စိတ်က အရင်စိတ်ရှိ မရှိတွေးတာ ရှိသေးရဲ့လား။ မရှိတော့ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂဖြစ်ပါတယ်နော်။

## ☸ နိဗ္ဗာန်ပို့တဲ့တရားအစစ်

■ ဒါသည် ဒကာ ဒကာမတို့ နိဗ္ဗာန်ပို့တဲ့တရားအစစ်၊ နိဗ္ဗာန်ပို့တဲ့ တရားအစစ်ဆိုတော့ နိဗ္ဗာန ဂစ္ဆတီတိမဂ္ဂေါ၊ နိဗ္ဗာန- နိဗ္ဗာန်သို့၊ ဂစ္ဆတိ- သွားတတ်၏၊ ဣတိတသ္မာ- ထို့ကြောင့်၊ မဂ္ဂေါ- မဂ်မည်၏ဆိုတော့

သူဟာ မဂ်ပဲ၊ သဘောကျပြီလား၊ ဒါကြောင့် မင်းတို့ ငါမရှိသည့်နောက် ဒီဓမ္မကို အားကိုးရစ်ကြတဲ့၊ ဒီဓမ္မအားကိုးရစ်ကြဆိုတာ အခုဆရာသမား ကပြတယ်၊ ကိုယ့်စိတ်ကိုယ်ရှုပါ၊ ဒကာ ဒကာမတို့ ဆေးလိပ်သောက်ချင် တဲ့စိတ်၊ ရေသောက်ချင်တဲ့စိတ် ဟုတ်လား။ ဆေးလိပ်သောက်ချင်တဲ့ စိတ်တော့ပေါ် ပြီ၊ အဲဒီစိတ် ရှိမရှိကိုတွေးလုံး မထုတ်တတ်တော့ဘူးလား၊ ထုတ်တတ်လို့ရှိရင် ဒီစိတ်မရှိပါဘူး၊ မရှိတာဟာ အနိစ္စပဲ၊ သိတာက မဂ္ဂပဲ၊ ဒီမဂ္ဂဟာ ဓမ္မပဲမဟုတ်လား၊ ဒါ့ကြောင့် ဓမ္မဒီပါ- ဒီဓမ္မကို မင်းတို့ ကျွန်းကြီးသဖွယ်ကိုးစားရစ်ပါ ငါမရှိသည့်နောက်ကိုဆိုတာ ဘုရားက မဟောဘူးလား၊ ဒီဓမ္မက နိဗ္ဗာန်မှတစ်ပါး ဘယ်မှမသွားဘူး။ အောက်ပစ် လိုက်၊ အထက်ပစ်လိုက်မဟုတ်ဘူး။ ကဲလို အောက်ပစ်၊ အထက်ပစ် ဟုတ်သေးရဲ့လား။ ဒါဖြင့် အားကိုးရာအစစ် ဆရာဘုန်းကြီး အခု အနည်းငယ်ပြပါတယ်၊ နာရီစေ့လို့နော်၊ ဒါကျေနပ်ပြီလား။

## ☸ ကိုယ့်စိတ်ကိုယ်ရှုပါ

■ ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်စိတ်ကိုယ်ရှုပါ၊ ဘယ်စိတ်တုံး ဘုရားဆိုတော့ အို ခင်ဗျားတို့သန္တာန်ပေါ်ချင်တဲ့စိတ်ပေါ်လိမ့် မယ်၊ အဲဒီစိတ်ရှိမရှိကို နောက်ကနေပြီးတော့သာ တွေးလုံးထုတ်ပါ။ တွေးလုံး ထုတ်လို့ရှိရင် သတ္တဝါသန္တာန်မှာ နှစ်စိတ်ပြိုင်ပြီးမပေါ် ကောင်းတော့ အရင်စိတ်မရှိဘူးဆိုတာကို တွေးလုံးကအမြဲတမ်းသိနေမှာပဲ၊ သိနေတော့ စိတ်ဟာဝိညာဏက္ခန္ဓာဆိုတော့ ကိုယ့်ခန္ဓာ ပျက်နေတာ ပေါ်ကြပြီလား။ ဘာပျက်နေတာတုံးဆိုရင် ကိုယ့်ခန္ဓာပျက်နေတာပါ၊ ဒါဖြင့် ကိုယ့်အသေ ကိုယ်သိတယ်။ ကိုယ့်အသေ ကအနိစ္စ၊ ကိုယ်သိတာက မဂ္ဂပါ၊ အဲဒါကို ကိုယ်လုပ်ရမှာ ဒီကိုယ်ကို အားကိုးကြ၊ ဒီခန္ဓာကိုယ်ကြီးကတော့ သုသာန်ပစ်ရမှာ မဂ္ဂင် တည်းဟူသော ကိုယ်ကိုအားကိုးကြလို့ဆိုတာ မဟောသင့်ဘူးလား၊ သဘောပါပြီလား။ ကဲ နက်ဖြန်မှ ဆက်ကြပါစို့။

# ကာယာနုပဿနာသတိပဋ္ဌာန်

■ ဒီနေ့အားရှိပုံကို ဟောလိမ့်မယ်၊ ဝဏ္ဏလိရဟန်း ဘယ်လို ရှိတယ်ဆိုတာ ဒကာ ဒကာမတို့ သိရလိမ့်မယ်။ ဝဏ္ဏလိကို ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင်လာပြီးဟောတယ်။ ဟောတော့ သူထင်မြင်ပုံတွေ၊ သူထင်မြင်ပုံကလဲအင်မတန်ကောင်း တယ်၊ အဲဒီမှာ နောက်ဆုံးပိတ်တစ်နေ့ကျတော့ လိုတာပေါ်လာတယ်၊ အဲဒါကိုရှင်းလင်းပြီးပြမယ်၊ ဒါဖြင့် အလုပ်စခန်းကို ရှေ့ထား ဒကာ ဒကာမတွေ အလုပ်စခန်းကို ရှေ့ထားပြီး ပြပေးမယ်၊ ပြီးမှဝတ္ထုကိုသွားမယ်။ ဒီခန္ဓာငါးပါးကတော့လာရမှာပဲ၊ ဒီခန္ဓာငါးပါးပဲရှိ တော့ ဒကာ ဒကာမတို့ ဒီခန္ဓာငါးပါးကတော့ လာရမှာပဲလို့ မှတ်ထားကြပါ။ တရားနာနေတဲ့ ဒီကိုယ်ကြီးက ခန္ဓာငါးပါးပါ၊ ရူပက္ခန္ဓာလို့ဆိုလိုက်ပါတော့။ အားလုံးကိုင်တွယ်လို့ရတာက ရူပက္ခန္ဓာတဲ့၊ ကောင်းပြီ ဒီရုပ်တရားကြီးကတော့ ဒကာ ဒကာမတို့ ခွဲခွာမရတဲ့ အတွက် အပေါင်းအစုကြီးဖြစ်ပြီးနေတယ်။ အဲဒီအပေါင်းအစုကြီးကိုလည်း ကြည့်လို့မဖြစ်ဘူး၊ အပေါင်းအစုကြီးထဲက တစ်ပါးပါးကို ယူကြည့်ရမယ်၊ တစ်ပါးပါးမှ ယူမကြည့်ရင်လဲ အပေါင်းအစုကြီးပျက်ဖို့ရာ အကြောင်းကို မြင်ဖို့ရန် အင်မတန်မှခဲယဉ်းပါတယ်။ အဲဒီတော့ ဘယ်လိုလုပ်ရမှာလဲလို့ မေးခွန်းထုတ်ပါ။

■ ဘယ်လိုလုပ်ရမှာလဲလို့ မေးခွန်းထုတ်လို့ရှိရင် ဒကာ ဒကာမတို့လှုပ်တယ် ငြိမ်တယ်ဆိုတာတော့ ခန္ဓာကိုယ်ရှိတဲ့လူမသိပေဘူးလား။ ကောင်းပြီ ဒကာ ဒကာမတို့ လှုပ်တယ်ငြိမ်တယ်ဆိုတာ သည်လေကြောင့်လို့ဆိုရင်ကော၊ ဒကာ ဒကာမတို့ ကျေနပ်ပလား၊ လေဓါတ်သက်သက်ပဲ၊ လှုပ်တယ်ဆိုတာ လှုပ်တဲ့လေဓါတ်ပဲ၊ ငြိမ်တယ်ဆိုတာ ငြိမ်တဲ့လေဓါတ်ပဲ၊ လှုပ်တယ်ငြိမ်တယ်ဆိုတဲ့စကားကို ဒကာ ဒကာမတို့ စဉ်းစားကြည့်ပါ၊ လှုပ်တယ်ငြိမ်တယ်ဆိုတဲ့စကားနှစ်ခုရှိတယ်။ စိတ်ကလှုပ်ဦးမယ်ဆိုရင် လှုပ်တာပဲ၊ စိတ်ကငြိမ်နေ မယ်ဆိုရင်ကော ငြိမ်တာပဲ။ လှုပ်တာငြိမ်တာဟာ ဘယ်သူနဲ့ဆက်သွယ်နေသလဲလို့ မေးခွန်းထုတ်ပါ၊ စိတ်နဲ့ဆက်သွယ်နေတယ်၊ သဘောကျပလား။ ဒါကြောင့် စိတ်ကြောင့်ဖြစ်တဲ့ရုပ်လို့ ဆိုနိုင်ပါတယ်။ အဲတော့ ရုပ်ကို ကြည့်တော့မယ်ဆိုရင် စိတ်ကိုမငဲ့နဲ့ အဘယ်ကြောင့်ဆိုသော် စိတ်က နာမ်တရားဖြစ်နေတယ်။ လှုပ်တာငြိမ်တာလေးပဲကြည့်နေ၊ လှုပ်တာ ငြိမ်တာလေးပဲကြည့်နေပြီဆိုမှဖြင့် လှုပ်တာဟာ ငြိမ်တာမဟုတ်ဘူး ဆိုတာတော့ ခင်ဗျားတို့ဉာဏ်ထဲမှာပဲဆုံးဖြတ်ချက်ချမှာပဲ၊ လှုပ်တာဟာ ငြိမ်တာမဟုတ်ပါ၊ ငြိမ်တာ ကောလှုပ်တာမဟုတ်ပါ၊ အင်း တခြားစီပဲ လို့မဆိုနိုင်ဘူးလား။ တခြားစီပဲလို့မသိဘူးဆိုလို့ရှိရင် စိတ်ကို ဝေဖန် လိုက်။

■ ဩော် လှုပ်လိုတဲ့ စိတ်က လှုပ်တာပဲ လုပ်တယ်၊ ငြိမ်လိုတဲ့စိတ်က ငြိမ်တာပဲလုပ်တယ်၊ အဲဒီလိုဝေဖန်လိုက်တဲ့အခါကျတော့မှ လှုပ်တာ ငြိမ်တာဟာ တခြားစီပဲ။ အဘယ်ကြောင့်တခြားစီပဲလို့ဆိုရသတုံးဆိုတော့ သူ့ဖြစ်စေတတ်တဲ့တရားက တခြားစီဖြစ်လို့၊ ဖြစ်စေတတ်တဲ့ အကြောင်း က တခြားစီဖြစ်လို့ အကျိုးတရားလည်း တခြားစီဖြစ်တယ် ဆိုတာ မှတ်ရမှာပဲ။ ဒီလိုပဲ စိတ်ကို ဝေဖန်လိုက်တော့ တည့်သွားပါတယ်၊ အားလုံး ဒကာ ဒကာမတွေ သဘောကျတယ်နော်။ လှုပ်တာနဲ့ငြိမ်တာ အတူတူပဲ

လား၊ တခြားစီလားဆိုရင် တခြားစီပါပဲနော်။ အဲဒါ ဒကာ ဒကာမတွေက အတော်နေရာ ကျနေပြီ။ လှုပ်တာနဲ့ငြိမ်တာတခြားစီပဲလို့ဆိုတော့ ခင်ဗျားတို့ဒီစကားပဲ ဒီအရေးပဲ ဒီအကြောင်းပဲ အဲဒီလိုဖြစ်နေမှာစိုးတဲ့ အတွက် ဘုန်းကြီးက ခွဲပြလိုက်တယ်။ ဘယ်လိုခွဲပြသတုံးဆိုတော့ လှုပ်တာသည် ဒကာ ဒကာမတို့ စိတ်ကြောင့် လှုပ်ပါလိမ့်နော်။ ဩော် လက်မောင်းတစ်ခု တည်းမှာပဲ ဒီအထဲမှာ လှုပ်စေတတ်တဲ့သဘော အထူးတွေက စိတ်ကလည်း လှုပ်တာပဲ မဆို နိုင်ဘူးလား။ ငြိမ်ပြန်တော့ ကောတဲ့ ငြိမ်စေတတ် တဲ့ရုပ်အထူးတွေကို စိတ်ကလုပ်တာပါနော်။ ကဲ ဒါဖြင့် လှုပ်တာနဲ့ငြိမ်တာ ဒီလက် မောင်းတစ်ခုတည်းပဲလို့ဆိုမလား၊ ဒီအထဲမှာ ဒကာ ဒကာမတို့ လှုပ်မှုငြိမ်မှုဟာ တခြားစီလို့ဆိုရမယ် သဘော ကျပလား။ ဒါ သဘော ပါအောင်လို့ပြောတယ် အားလုံး ဒကာ ဒကာမတွေ သဘောပါပလား။

■ ဘယ်လိုစဉ်းစားရမလဲလို့မေးတဲ့အခါ လက်မောင်းတစ်ခုတည်း ကိုပဲ စဉ်းစားပါ၊ လက်မောင်းတစ်ခုတည်းမှာ လှုပ်တာလည်း သူပဲ၊ ငြိမ်တာလည်း သူပဲလို့ ခင်ဗျားတို့ ထင်ချင်ထင်ကြလိမ့်မယ်နော်။ သို့သော် အကြောင်းရှာလိုက်တဲ့အခါကျတော့ လှုပ်တာလဲလှုပ်လိုတဲ့စိတ်ကြောင့် လှုပ်လို့ဖြစ်တာ၊ ငြိမ်တာကောငြိမ်လိုတဲ့စိတ်ကြောင့် ငြိမ်လို့ဖြစ်တာ၊ ဒါဖြင့် ဒီလက်မောင်းတစ်ခုတည်းလို့ဆိုမလားတဲ့အတွင်းမှာ ထူးခြားတယ်လို့ ဆိုမလားဆိုရင် အတွင်းမှာထူးခြားတယ်လို့ ဒကာ ဒကာမတွေကဆိုလိုက် ပါတော့၊ သဘောကျပလား။ ဒါဖြင့် ဒကာ ဒကာမတို့မျက်လုံးမှိတ်ပြီး လှုပ်တာနဲ့ငြိမ်တာဟာ တခြားစီပဲလို့သာ မှတ်ပြီးကြည့်ပေတော့။ မျက်လုံး မှိတ်ပြီးကြည့်တဲ့အခါကျတော့ လှုပ်တာနဲ့ငြိမ်တာတခြားစီပါပဲ။ လှုပ်တဲ့ စိတ်သည် အလှုပ်လုပ်တဲ့အခါသာဖြစ်စေတယ်၊ ငြိမ်တဲ့စိတ်သည် ငြိမ်တဲ့ အခါသာဖြစ်စေတယ်။ ကောင်းပြီ ဒါဖြင့်မျက်လုံးမှိတ်ပြီး ဉာဏ်နဲ့ဖြန့်ကြည့် လိုက်တဲ့အခါကျတော့ အတွင်းခါတ်သားက တခြားစီပါလားဆိုတာ

ပေါ်လာပါတယ်၊ သဘောကျပလား။ အင်း အကြောင်းကခွဲလိုက်လို့ အကြောင်းက ခွဲလိုက်ရင် မင်းတို့ဒီလိုဉာဏ်ချည်းဖြစ်နေမယ်။ ဒါ သေသေ ချာချာစဉ်းစားကြပါ ဒကာ ဒကာမတို့ ဒါဝိပဿနာအစစ်ကို ပြနေတယ်။ အဲဒီတော့ လှုပ်တာကော လှုပ်ပြီးတော့ပျက်စီး တာပဲ၊ ငြိမ်တာကော၊ ငြိမ်ပြီးတော့ပျက်စီးတာပဲ၊ ဒါဖြင့်ခင်ဗျားတို့ဟာ လှုပ်တယ် ပျက်စီးတယ် ငြိမ်တယ်ပျက်စီးတယ်။ ဒါဖြင့် အနိစ္စချည်းပေါ့။

## ☸ လမ်းလျှောက်ကြပါစို့

■ ဒါဖြင့် ဒကာ ဒကာမတို့ လမ်းသွားတဲ့အခါကျတော့ လှုပ်တာ ငြိမ်တာဒီနှစ်ခုတော့ပါရမှာပဲ၊ လှုပ်တာဟာ လှမ်းလိုက်တဲ့အချိန် မှာ လှုပ်တာပါ၊ ခြေထောက်မြေကျတဲ့အချိန်မှာ ငြိမ်တာပါလို့ သေချာစွာ မှတ်လိုက်ပါ။ အဲ ဒါဖြင့် လှမ်းတဲ့ဝါယောဟာ လှမ်းတဲ့လေသည် လှုပ်တဲ့ လေ၊ ခြေချတဲ့လေဟာ မလှုပ်တဲ့လေ၊ ငြိမ်တဲ့လေပေါ့ဗျာ၊ သဘော ကျပလား၊ ဒါဖြင့် လှုပ်တဲ့လေဟာ ငြိမ်တဲ့ဆီမရောက် ပါ၊ ငြိမ်တဲ့လေဟာ လည်း ပြန်လှုပ်တဲ့ဆီမရောက်ပါဘူးနော်။ ဒါဖြင့် မရောက်တာကို ကြည့်လိုက်တဲ့အခါကျတော့ ဒကာ ဒကာမတို့ ဘယ်အတွက်ကြောင့် မရောက်ပါလိမ့်လို့ မေးခွန်းထုတ်လို့ရှိရင်ဖြင့် မလိုက်နိုင်လို့မရောက်တာ ရှင်းကြပလား။ မလိုက်နိုင်လို့မရောက် တာကို ဒကာ ဒကာမတွေကရှင်းပြီ ထားလိုက်တော့ မလိုက်နိုင်တာဟာ ဘာဖြစ်လို့မလိုက်နိုင်သတုံးလို့ မေးလို့ရှိရင်ဖြင့် မရှိလို့မလိုက် နိုင်တာ ဒါသေသေချာချာ ဝေဖန်လိုက် တာပေါ့။ မရှိလို့မလိုက်နိုင်တာကျမှ အဓိပ္ပါယ်ရောက်တယ်၊ မရှိလို့ မလိုက်နိုင်တာဆိုတော့မှ ဒကာ ဒကာမတို့ အနိစ္စပေါ်လာတယ်။

■ လှုပ်တာသည် ငြိမ်တဲ့ဆီမလိုက်ပါ၊ ဘာဖြစ်လို့မရှိလို့ပါ၊ ဘယ်သူ မရှိတာလဲ၊ လှုပ်ရပ်မရှိတာ လှုပ်ရပ်မရှိတာ လှုပ်တတ်တဲ့ လေမရှိတာ လှုပ်တတ်တဲ့လေမရှိတာ သဘောကျကြပလား။ ကောင်းပြီ၊ ဒါဖြင့်

ဒီတရားလေးဟာက၊ အနိစ္စပဲလို့ ဒကာ ဒကာမတွေ ကဆုံးဖြတ်ချက်ချပါ။ လှုပ်တတ်တဲ့တရားလေး ငြိမ်တဲ့ဆီမလိုက်လာဘူး၊ မရှိလို့မလိုက်တာပဲနော်။ အဲတော့ မရှိတာက လုံးလုံးမရှိတာ လား၊ ရှိရာကမရှိတာလား ဝေဖန်လိုက်ဦး၊ ရှိရာကမရှိတာပါ၊ ရှိရာကမရှိတာဆိုတော့ သေချာသွားပြီ၊ ဟိုတုံးက လှုပ်လိုတာစိတ် ကြောင့် လှုပ်ရပ်မဖြစ်ဘူးလား၊ ဖြစ်ပါတယ်။ ၎င်းလှုပ်ရပ်ကလေးဟာ ငြိမ်တဲ့ဆီမလိုက်တာဟာ မရှိလို့မလိုက်တာပါ ရှင်းကြပလား။ မရှိတာက အနိစ္စ၊ ဟုတ်ပြီတဲ့ ဒကာ ဒကာမတွေက အနိစ္စဆိုတာမှတ်လိုက်တာပေါ့ ရှိရာကမရှိတာကို အနိစ္စ၊ ရှိရာက မရှိကြောင်း သိသိ သိသိပြီး သွားကြလို့ရှိရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အနိစ္စဉာဏ်သေချာတယ်။ ရှိရာကမရှိတာသိမှနော်၊ ရှိရာကမရှိတာကိုသိလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ အကြောင်းရင်းသိမ်းဆည်းပြီးသားကိုပြောလိုက်တယ်။

■ အကြောင်းသိမ်းဆည်းရေးနော် - ချုပ်မှသိမ်းဆည်းတယ်ဆိုတာ သာမညဉာဏ်မဟုတ်ဘူး၊ ဘာနဲ့သိမ်းဆည်းတယ်၊ စိတ်နဲ့သိမ်းဆည်းတယ်တဲ့။ စိတ်ကြောင့်ဖြစ်တဲ့ လေကဖြစ်တာငြိမ်တဲ့ဆီမလိုက်ပါဘူး။ ဘာလို့မလိုက်လဲ မရှိလို့မလိုက်ဘူး၊ မရှိလို့မလိုက် ဘူး၊ ကောင်းပြီ ဒါဖြင့် မရှိလို့မလိုက်တာကို ဒကာ ဒကာမတို့နဂိုကရှိပါတယ်။ လှုပ်တုံးကရှိသလား၊ ငြိမ်တော့မှမရှိတာပါ။ ငြိမ်တော့ မှမရှိတာ သဘောကျကြပလား။ ငြိမ်တော့မရှိပါဘူး၊ လှုပ်တုန်းကရှိတယ်၊ ငြိမ်တော့မရှိပါဘူး။ ဩော် ဒါဖြင့် ခန္ဓာကိုယ်ပေါ်မှာ ဒကာ ဒကာမတွေက စဉ်းစားရမယ်၊ ဩော် မရှိလို့မလိုက်နိုင်ပါလားဆိုတာ ပေါ်ပါပြီ၊ ဒီတရား ဘာတရား ခေါ်ကြမယ် အနိစ္စတရား၊ အနိစ္စတ ရား မျက်လုံးနဲ့မကြည့်နဲ့ မျက်လုံးနဲ့ကြည့်ရင် အထည်ခံလိမ့်မယ်။ ဉာဏ်နဲ့ကြည့်လိုက်တော့မှ မရှိလို့မလိုက်တာသိရင်တော်ပြီ၊ ရှင်းပလား။ မျက်လုံးနဲ့ကြည့်ရမှာလား၊ ဉာဏ်နဲ့ကြည့်ရမှာလား၊ ဉာဏ်နဲ့ကြည့်တော့ ဘယ်လိုဆုံးဖြတ်ချက်ချတုံး။ မရှိလို့

မလိုက်တာ သေချာပလား။ ကိုယ့်စိတ်ထဲမှာကိုပဲ သံသယရှိသေးရဲ့လား၊ ဒီလိုသံသယမရှိအောင်သိလို့ရှိရင် ဒါအနိစ္စမိပြီ၊ သဘောကျပလား။

■ ကောင်းပြီ၊ ဒါဖြင့် အနိစ္စကို အကြောင်းအကျိုးနှစ်ရပ် သိမ်းဆည်းပြီး အခုတရားနာတဲ့ ဒကာ ဒကာမတွေ သိလိုက်ရခြင်းဟာ အနိစ္စအစစ်ကို သိလိုက်ရခြင်းလို့မှတ်ပါ။ ဟုတ်တယ်တဲ့၊ ဒီဟာငြိမ်တဲ့ဆီလိုက်သေးရဲ့လား၊ ဘာလို့မလိုက်ပါလိမ့် မရှိလို့ပါ၊ မရှိလို့ မလိုက်တာနော်၊ နဂိုကရှိပြီးတော့မှမလိုက်တာပါ၊ အဲဒီလိုရှင်းပါမှရှိတဲ့တရားကိုက ပျက်စီးလို့မလိုက်ဘူး သဘောကျပလား။ ဒါဖြင့် ပျက်စီးလို့မလိုက်နိုင်ဘူးဆိုသဖြင့် ဒကာ ဒကာမတို့ရှိပြီးမရှိတဲ့တရားအနိစ္စဆိုသဖြင့် ဒကာ ဒကာမတို့ ဉာဏ်ထဲမှာ မထင်ပေဘူးလား၊ မမြင်ဘူးလို့မပြောနဲ့နော်၊ မမြင်ဘူးလို့ပြောရင် ဒကာ ဒကာမတို့ မျက်လုံးနဲ့ပြောတဲ့စကားဖြစ်နေမယ်၊ မြင်တော့မှယုံပါဘုရား၊ ဆိုရင် တော်ပြီရှင်းပလား၊ ဘယ်လိုဆုံးဖြတ်ကြမလဲ မြင်တော့မှယုံပါပြီတဲ့။ မြင်တော့မှယုံပါပြီဆိုရင် ဒါအနိစ္စမြင်တာ အထည်တော့ဖြင့်ပျောက်လိမ့်မယ်လို့အောက်မေ့မနေနဲ့၊ အနိစ္စရှုတုံးကို သဘောကျပလား။ ဉာဏ်ကတော့ဆုံးဖြတ်ချက်ချပြီနော်၊ အထည်ကတော့ မပျောက်ချင်နေပါ၊ ဘာဖြစ်လို့မပျောက်ချင်နေပါလို့ ဆရာဘုန်းကြီးက ဟောရသတုံးဆိုလို့ရှိရင် ကံကြောင့်ဖြစ်နေတာတွေက ပျောက်မှာမဟုတ်ဘူး၊ ကံကြောင့် ဖြစ်နေတာတွေက ပျောက်ပါ့မလား၊ ဥတုအာဟာရကြောင့်ဖြစ်နေတာတွေကကော ပျောက်မှာ မဟုတ်ပါဘူး။ မပျောက်သေးတော့ အကုန်ရှုပါဆိုလို့ရှိရင်လဲ ဖြစ်မှာမဟုတ်ဘူး။

■ ကိုင်း ဘယ်လိုရှုကြမယ်ဆိုရင် စိတ်ကိုရှုရမယ်လို့ မှတ်ပါ။ စိတ်ကြောင့်ဖြစ်တဲ့ရုပ်ကလေးတစ်ခုကို အမှတ်ထားရှုပါ၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်ကလေးတစ်ခုကို အမှတ်ထားရှုပါ၊ အဲဒီတော့ လှုပ်တဲ့ရုပ်လေရုပ်ဟာ ဒကာ ဒကာမတို့ စိတ်ကလုပ်ပါတယ်။ ငြိမ်တဲ့ ဆီမပါတော့ဘူး၊ ဘာပြုလို့မပါပါလိမ့်ဆိုရင် မရှိလို့မပါတာလို့မှတ်ပါ။ မရှိလို့မပါဘူးဆိုတာနဲ့

ချုပ်ပျောက်သွားလို့ဟုတ်လား။ မပါဘူးဆိုတာနဲ့ ဘယ်ဟာက သာကောင်း သလဲဆိုရင် ချုပ်ပျောက်သွားလို့မပါဘူးဆိုတာက သာကောင်းပါတယ်၊ အဲဒါကသာ ထင်ရှားတယ် သဘောကျပလား။ ဒါဖြင့် ဒကာ ဒကာမတို့ အဲ ချုပ်ပျောက်သွားလို့ သူမလိုက်နိုင်တော့ဘူး၊ ဒီ အဓိပ္ပါယ်ရောက်ပလား။ ချုပ်ပျောက် သွားလို့ဆိုသဖြင့် သြော် နဂိုကရှိတယ်ဆိုတဲ့အဓိပ္ပါယ်ကော ပါပြီးသားဖြစ်တယ်။ အဲတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဘယ်လို လုပ်ရမတုန်းဆိုလို့ရှိရင် လှုပ်တိုင်းငြိမ်တိုင်း သြော် အတွင်းမှာ လှုပ်တာ လေးပျက်အောင်လုပ် ငြိမ်လာလို့ရှိရင် ငြိမ်တာလေးသည် လှုပ်တဲ့ဆီ မလိုက်တာကြောင့် ငြိမ်ငြိမ်လေးပျက်နေတယ် ငြိမ်တဲ့သဘောလေး ပျက်နေလို့ပဲ။ ဒီမှာလဲ ခင်ဗျားတို့ ည က်ထဲမှာ ငြိမ့်၍ ငြိမ့်၍ သွားလို့ရှိရင် ဖြင့် အနိစ္စကောင်းကောင်းပိုင်ပါပြီ၊ သဘောကျပလား။

■ ပိုင်တာဆိုတာ ဘာနဲ့ဝေဖန်ရသတုံးလို့ ဒကာ ဒကာမတွေ မေးဖို့ လိုတယ်။ အခုပိုင်ပြီလို့ ဒကာ ဒကာမတွေက ဘုန်းကြီးကို လျှောက်ကြ တယ်၊ ချုပ်သွားလို့မလိုက်နိုင်ဘူးတဲ့။ ဟုတ်တယ် ချုပ်သွားလို့ မလိုက် နိုင်ဘူး၊ ပိုင်ပါတယ်ပြောတာ၊ သို့သော် ပိုင်ပုံက ကိုယ့်သံသယက ခံနေပြန် လို့ရှိရင်လဲ မပိုင်ဘူးမှတ်ပါ၊ သဘောကျပလား။ သံသယမရှိဘူး၊ သံသယ မရှိဘူးဆိုကတည်းကိုက ဒကာ ဒကာမတို့ ယုံမှားခြင်းလွန်မြောက်သွားပြီ။ ယုံမှားခြင်းလွန်မြောက်သွားတယ်၊ ကောင်းပြီ အနိစ္စဟာ ဒကာ ဒကာမတို့ သာမညအနိစ္စ မဟုတ်ဘူးနော်၊ သာမညအနိစ္စမဟုတ်ဘူးနော်၊ သူ့ဖြစ်စေ တတ်တဲ့အကြောင်းတွေလဲဖော်ပြထားတယ်။ ချုပ်သွားတဲ့သဘောလေး ကိုလဲ ဒကာ ဒကာမတို့ကောင်းကောင်းကြည့်လို့ရတယ်။ ဖြစ်စေတတ်တဲ့ အကြောင်းကော ဖော်ပြလို့ယုံမှာလား၊ ဖြစ်စေတတ်တဲ့အကြောင်းကော ဖော်ပြလို့ ယုံပါရဲ့လား၊ အင်း ဒီလိုဆိုလို့မရဘူး။ ဖြစ်စေတတ်တဲ့ အကြောင်းက စိတ်ပါ၊ ဒီလိုယူ ဒါမှ လက်သည်ပေါ် တော့မှာပေါ့။ သြော် စိတ်ကြောင့်လေဖြစ်တာ၊ ဒါလဲရှာရဦးမှာလား။

■ စိတ်ကိုမရှာနဲ့ဦး ရုပ်အကြောင်းပြောနေလို့ နောက်တော့ သူပြောမှာပေါ့။ အဲ ဒကာ ဒကာမတို့ ခင်ဗျားတို့ ငယ်ငယ်တုန်းက သဘော်ရိုးထဲမှာ ကြက်တောင်လေးတွေ ထည့်မှုတ်တဲ့အခါ မှုတ်လိုတဲ့ စိတ် ပေါ်လာတော့လေဖြစ်မဖြစ်၊ မှုတ်လိုတဲ့စိတ်ကြောင့်မပေါ်လာတဲ့အခါ လေရှိမရှိ၊ အဲဒါဖြင့် လေဟာ ဘယ်သူကြောင့် စိတ်ကြောင့်ပါပဲနော်။ သဘော်ရိုးသာ မှုတ်ကြည့် အိမ်ကျနားမလည်လို့ရှိရင် သဘောကျပလား။ သဘော်ရိုးမှုတ်ကြည့်လို့ရှိရင် ဒီလေဘယ်ကလာ ပါလိမ့်မတုံးဆိုတော့ ဒကာ ဒကာမတွေ ဘယ်နယ်ဖြေကြမလဲ မှုတ်လိုတဲ့စိတ်နော်၊ မှုတ်လိုတဲ့ စိတ်ကြောင့် တစ်ခါတည်းတဲ့၊ လေ ဖြစ်လာတယ်ဆိုတာ ဒကာ ဒကာမတွေ သံသယမရှိတော့ပါဘူး။ ကောင်းပြီ ဒါဖြင့် လှုပ်ရှားတဲ့လေကလေးက ဩော် စိတ်ကြောင့်ပါ ပဲနော်။

## ☸ ခြေထောက်လှမ်းလိုက်၊ အောက်ချလိုက်

■ ကောင်းပြီ၊ ခြေထောက်လှမ်းလိုက်တဲ့အခါ လှုပ်တယ်ဆိုတာ ထင်ရှားတော့ ခြေထောက်အောက်ချလိုက်ပြန်တော့ ဒကာသိက် ငြိမ်တယ်ဆိုတာ ထင်ရှားတယ်။ အလွန်ထင်ရှားတယ်ဆိုတာ ပေါ်လာ ကြပလား။ သို့သော်ဘာကြောင့် အလှုပ်ဟာဘာဖြစ်သွား လို့ပါလိမ့်မလဲ လို့ မေးခွန်းထုတ်စမ်း ချုပ်ပျောက်သွားလို့ဆိုနိုင်ကြပလား။ လှုပ်တာဟာ ချုပ်ပျောက်သွားတယ်၊ အင်း ဘယ်သူ့သန္တာန် ချုပ်ပျောက်သွားပါလိမ့် ဆိုရင် မိမိသန္တာန်ဆိုလိုက်ပါစို့။ မိမိသန္တာန်မှာ ချုပ်ပျောက်သွားပါတယ်။ တွေမနေနဲ့ မိမိသန္တာန်မှာလှုပ်ရှားတဲ့ ရုပ် ချုပ်ပျောက်သွားပြီ၊ သဘောကျ ပလား။ ကိုင်း သူတို့ဟာ ဒကာ ဒကာမတို့မလိုက်နိုင်လို့ချုပ်တာလား၊ မေးရင်ဘယ်နယ်ဖြေကြမလဲ၊ ချုပ်လို့မလိုက်နိုင်တာပါပဲ၊ ကောင်းပြီ ချုပ်လို့မလိုက်နိုင်တာဆိုတော့ ဒကာ ဒကာမတွေ နေရာကျသွားပြီ ဆိုသဖြင့် ဩော် ဒီဟာ ဖြစ်လဲဖြစ်တယ်၊ ချုပ်လဲချုပ်တယ်၊ ပေါ် ကြပလား။

ဖြစ်လဲဖြစ်တယ်ဆိုတော့ ရှေ့မှာထောက်လိုက်တော့ ဖြစ်လည်းဖြစ်တယ်၊ မလိုက်နိုင်တာ ထောက်လိုက်တော့ ချုပ်လဲချုပ်တယ်၊ ရှေ့မှာထောက်လိုက်တော့ ဖြစ်လဲဖြစ်တယ် မလိုက်နိုင်တာထောက်လိုက်တော့ ချုပ်လဲချုပ်တယ်။ အဲဒီခင်ဗျားတို့ လှုပ်တာငြိမ်တာကို လှည့်မကြည့်ချင်နေ လှုပ်တာတစ်ခုတည်းကိုသာ မိအောင်ဖမ်းနေပြီး သူမလိုက်ဘူး။ သူဘယ်လိုကြောင့်မလိုက်တယ်ဆိုတာလေး ခင်ဗျားတို့ သံသယမရှိအောင် ရှုနိုင်လို့ရှိရင် အနိစ္စကောင်းကောင်းမိပါတယ်။ အဲဒီတော့ ဒကာ ဒကာမတွေ မလှုပ်ပဲနေနိုင်တဲ့ ဒကာ ဒကာမတွေပါကြရဲ့လား။ မငြိမ်ဘဲနေနိုင်တဲ့ ဒကာ ဒကာမတွေပါကြရဲ့လား။

■ ကောင်းပြီ၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ လှုပ်တာငြိမ်တာဟာ ဒီခန္ဓာထဲမှာ တစ်နေ့အကြိမ်ပေါင်းဘယ်လောက် ဖြစ်၍ အကြိမ်ပေါင်း ဘယ်လောက်ပျက်မယ်ဆိုတာဖြင့် မရေတွက်နိုင်ဘူးပေါ့လေ ဟုတ်ဘူးလား။ ဒါဖြင့် အနိစ္စခန္ဓာကိုယ်လို့ လက်ညှိုးထိုးရင် ဘယ်အချိန်မှမကောင်းပါဘူး၊ ဒကာ ဒကာမတွေ သဘောကျပလား၊ ဘယ်အချိန်မှမကောင်းဘူး၊ လှုပ်တာလေး တစ်ခုကျေနပ်ပလား။ ကဲ သွားပါဦးတဲ့ ငြိမ်တာလေးတစ်ခုဆက်လိုက်ပါဦးတဲ့။ ဒီနှစ်ခု ရုပ်ဘက်က သေချာသွားအောင်လို့ ငြိမ်တာကို ဒကာ ဒကာမတို့ ငြိမ်ချင်တယ်ဆိုလို့ ငြိမ်တာသဘောကျပလား။ ဒါဖြင့် ငြိမ်ငြိမ်နေချင်တယ်ဆိုတဲ့စိတ်ကြောင့် ငြိမ်ခြင်းဖြစ်တယ်၊ သဘောကျပလား၊ ငြိမ်တာဘယ်သူကြောင့်ဖြစ်သလဲ၊ စိတ်ကြောင့်ဖြစ်တယ်၊ ဘယ်စိတ်ကြောင့်ပါလိမ့် ငြိမ်ချင်တဲ့စိတ်ကြောင့်ပါပဲ။ ငြိမ်ငြိမ်နေချင်တဲ့စိတ်ကြောင့် ငြိမ်တဲ့လေလေးဖြစ်ပါတယ်။ စာလိုတော့ထောက်ကန်ပေါ့ဗျာ။ အဲဒီတော့ ခင်ဗျားတို့နားလည်မှုကို အဓိကထားပြောရတော့ ငြိမ်စိတ်ပဲမှတ်ပါတော့၊ ပါဠိမှ နိဗ္ဗာန်ရောက်တယ်လို့ မအောက်မေ့ပါနဲ့ ကိုယ့်ဘာသာနဲ့ကိုယ် နိဗ္ဗာန်ရောက် တယ်လို့ အောက်မေ့ပါ။ ကိုယ့်ဘာသာနဲ့ကိုယ်နားလည်ရင် နိဗ္ဗာန်ရောက်တာပဲလို့မှတ်၊ ကောင်းပြီ ဒကာဒကာမတို့ ဘယ်သူ့ကြောင့် ဖြစ်ပါလိမ့်ဆိုရင် စိတ်ကြောင့်ဖြစ်တာပါပဲ။

## ❁ ခြေဖျားလေးအောက်ချလိုက်ရင် ဖြစ်တာပဲ

■ ဒီခြေဖျားလေးအောက်ချလိုက်ရင် ဖြိမ်တာပဲ၊ သို့သော် ဒီတစ်လှမ်းနဲ့ကိစ္စပြီးရင် ရှေ့ခြေတစ်လှမ်း မလှမ်းရပေဘူးလား၊ လှမ်းလို့ရှိရင် ငြိမ်တာလေးလာလို့ရှိရင်ဖြင့် ခင်ဗျားတို့ လှုပ်လို့ကိုမရဘူး သဘောကျပလား။ ဒါဖြင့် ဒကာ ဒကာမတို့ ငြိမ်တာဟာ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ စိတ်ကြောင့်ဖြစ်တာပါပဲ။ ဟုတ်ပြီ ဒါဖြင့် အလိုလို စိတ်ရောက်သွားတာလား၊ ဒကာ ဒကာမတို့မရှိရာက ချုပ်ပျောက်သွားတာလား၊ ရှိရာက ချုပ်ပျောက်သွားတာလား၊ ရှိရာကချုပ်ပျောက်သွားတာပါပဲ။ ရှိရာက ဆိုတာက အကြောင်းသိမ်း ဆည်းတဲ့စိတ်ကြောင့်ပြောလိုက်တာ ချုပ်ပျောက်သွားတယ်ဆိုတာက သူ့အလိုမလိုက် အကြိုက်မပါပဲနဲ့ ဒီနေရာတွင် သူသက်တမ်းစေ့လို့ သူကုန်တယ်လို့အောက်မေ့လိုက်ပါ။ ရှင်းပလား၊ အသက်တမ်းစေ့လို့ကုန်တာ ဒကာ ဒကာမတို့ မလိုက်နိုင်တာ အဲဒါအမြင်မှန်ဆုံးပဲမှတ်၊ ဇာတိ ဇရာမရဏလို့ဆိုတာ မှန်ပါတယ်။ ဒကာ ဒကာမတို့ ဉာဏ်နဲ့ကျတော့ အဲဒီဇာတိကို မမြင်ဘူး၊ ဇရာကော မမြင် ဘူး၊ အဲဒီ မရဏကောမမြင်ပါ၊ သို့သော်သက်တမ်းစေ့တယ်ဆိုတာတော့ ယုံကြည်ရတော့မယ်၊ ဘယ့်နယ်ကြောင့် ယုံကြည်ရပါလိမ့် ဆိုရင် ပျက်စီးသွားလို့ပါပဲ။

■ အသက်တမ်းစေ့သွားတယ်ဆိုတော့ ရှေ့ကိုမတိုးနိုင်ဘူး။ ဒါဖြင့် ဒကာ ဒကာမတို့ သူ့ရဲ့သက်တမ်းကလေး ဟာ လှုပ်တဲ့ဆီ မရောက်ဘူး ဆိုသဖြင့် သူပျက်လေလေ အနိစ္စမြန်လေလေ မနေဘူးလား၊ သဘောကျပလား။ ဒါဖြင့် ဒကာ ဒကာမ တို့သန္တာန်မှာ အသက်တမ်း ဘယ်လောက်ရှိသတုန်းလို့ဆိုတာပေါ်ရောပေါ့၊ မပေါ်သေးဘူးလား၊ လှုပ်တာနဲ့ ငြိမ်တာကြား ဒါသက်တမ်းပဲလို့မှတ်ပါ။ လှုပ်တာက ငြိမ်တာမရောက်ခင်ကို သက်တမ်းပါပဲ၊ အသက်တမ်းတိုတိုလာတယ်၊ ဒကာ ဒကာမတို့ လှုပ်တာနဲ့ငြိမ်တာ ကြားတွင်ပဲ အသက်ရှည်တယ်၊ သဘောကျပလားလို့ မှတ်ပါ။ ငြိမ်တာသည်လှုပ်တာမရောက်ခင်ပဲ အသက်ရှည်တယ်ဆိုတော့

ကွေးတဲ့လက်ဆန့်သလောက်ဆိုတာများ ယုံကြစမ်းပါ၊ ကွေးတဲ့လက်ဆန့် သလောက်ပဲလို့ မပြောကြဘူးလား၊ ကွေးတဲ့လက်ဆန့်သ လောက်ပဲ ပြောတာပဲ၊ ဒီအဓိပ္ပါယ်ကိုပြောတာပဲ ဘုန်းကြီးပြောတဲ့ အဓိပ္ပါယ် ရှင်းပြော တာပါပဲ။

## ❁ သွားရင်းလာရင်းရှုပါ

■ ဒါဖြင့် ဒကာ ဒကာမမို့ ခင်ဗျားတို့ သွားရင်းလာရင်းဖြင့် ဒီရုပ်ကမ္မဋ္ဌာန်းကို ရှုဖြစ်အောင်ရှုပါ။ လှုပ်တာဟာငြိမ်တဲ့ဆီမရောက် ငြိမ်တာသည်လှုပ်တဲ့ဆီမရောက် လှုပ်တာဟာငြိမ်တဲ့ဆီမရောက်၊ ငြိမ်တာဟာလှုပ်တဲ့ဆီမရောက်၊ ဩော် ဒါဖြင့် ဒို့ရုပက္ခန္ဓာကြီးဟာ ကလှုပ်တဲ့ဟာကလဲ ရုပက္ခန္ဓာကိုး- ဝါယောပါတယ် ရုပက္ခန္ဓာ။ ဒို့ဟာ ဘယ်လောက်အသက်ရှည်သလဲလို့ မသိဘူးလား၊ သိပါတယ်။ တယ်မြန် ပါလား၊ အနိစ္စရောက်တယ်ဆိုတာကော ညက်ထဲပေါ်မလာဘူးလား။ သံသယရှိသေးသလား။ ကောင်းပြီ ဒါသံသယမရှိနဲ့ ဘုန်းကြီးတို့ ကျေနပ် ပြီတဲ့၊ ဒါအနိစ္စကောင်းကောင်းပိုင်လို့ သံသယမရှိတာ။ နောက်တစ်ခုကို ဆိုလိုက်တယ် နောက်တစ်ခုဆိုတာ ဘာပါလိမ့်မလဲလို့ မေးလိုက်တဲ့အခါ ယုံမှားခြင်း ကွယ်ပျောက်သွားတယ်။ အနိစ္စအပေါ်၌ ယုံမှားခြင်း ကွယ်ပျောက်သွားတယ်၊ ဩော် သောတာပန်ဖြစ်ဖို့ စပြီ၊ သောတာပန် ဖြစ်စလို့ မှတ်ပါ။ သောတာပန်အစ ဒိဋ္ဌိဝိစိကိစ္ဆာ ဖြုတ်တာကိုး၊ ဒီသောတာပန်အစလေး ပေါ်ပါပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ရဲ့သက်တမ်းဟာ ဘယ်လောက်ရှည်ပါလိမ့်မလဲလို့မေးတော့ ခုနက လှုပ်တာဟာငြိမ်တဲ့ဆီ မရောက်ခင်ကလေးပဲ မဆိုနိုင်ဘူးလား။ လှုပ်တာသည် ငြိမ်တဲ့ဆီ မရောက်ခင်ကလေးပဲ။ အင်း ဒီလောက်ပဲ ငြိမ်တဲ့ဆီမရောက်ခင်ပဲ အချိန် ရှိတယ်၊ နောက်ပျောက်ပျက်သွားရတယ်ဆိုတော့ သဘောကျပလား။ ရုပ်တရားဟာ ငါ ငါ့ဥစ္စာလို့ဆိုလို့မရပါဘူး။ ဒါဖြင့် ငါဆိုတဲ့ အတ္တ ဒိဋ္ဌိကော ပြုတ်ပါတယ်တဲ့။

## ❁ သင်္ခါယဒိဋ္ဌိပြုတ်နည်း

■ ဒါဖြင့် သက္ကာယဒိဋ္ဌိကောပြုတ်တယ်၊ သံသယမရှိပဲနဲ့ အနိစ္စယုံကြည်တယ်၊ သဘောကျပလား။ သက္ကာယဒိဋ္ဌိက ဘယ်တုန်းက ပြုတ်တုန်း၊ ငါ၊ ငါ့ဥစ္စာမရှိလို့၊ ပျက်စီးသွားတဲ့အချိန်မှာ ငါမဟုတ်လို့ ပျက်စီးသွားတဲ့အချိန် ငါမဟုတ်လို့ပါပဲ။ ငါမဟုတ်လို့ပျက်တာ မို့လား၊ ဒကာ ဒကာမတို့ ဒီအချိန်မှာ ပျက်တာမြင်လိုက်လို့ရှိရင် သက္ကာယဒိဋ္ဌိ ပြုတ်တယ်၊ ပျက်သင့်လို့ပျက်တယ်လို့သိရင် ဝိစိကိစ္ဆာ ပြုတ်တယ်။

## ❁ ဝိစိကိစ္ဆာပြုတ်နည်း

■ ဒီနစ်ချက်မှတ်ထားစမ်း။ ပျက်တာမြင်လိုက်ရင် သက္ကာယဒိဋ္ဌိ ပြုတ်တယ်၊ ပျက်သင့်လို့ပျက်တယ်လို့ ဆုံးဖြတ်ချက်ချလိုက်ရင် ဝိစိကိစ္ဆာပြုတ်၊ ဒါသေသေချာချာမှတ်ထားပါ။ ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်နည်းက ခင်ဗျားတို့ စာနဲ့ရေးတာနဲ့မတူဘူး၊ စာရေးထားပြန်လို့ သဘောတို့ အညွှန်းတို့ရောက်သည့်တိုင် ခင်ဗျားတို့နားလည်မှာမဟုတ်ဘူး။ ပျက်တာ မြင်လိုက်ရင် ငါထင်တဲ့သက္ကာယဒိဋ္ဌိပြုတ်တယ်၊ ပျက်သင့်လို့ပျက်တယ် လို့ ယူလိုက်ရင် ဝိစိကိစ္ဆာပြုတ်တယ်၊ အဲဒီတော့ ဒိဋ္ဌိထက် ဝိစိကိစ္ဆာ ခက်တယ်နော်။ ပျက်သင့်လို့ပျက်ပါတယ်။ ပျက်သင့်လို့ပျက်တယ် ဆိုတော့ ဝိစိကိစ္ဆာပြုတ်ပါတယ်နော်။ ပျက်တာမြင်လိုက်တုန်းက ဒိဋ္ဌိပြုတ် ပါတယ်၊ ပျက်သင့်လို့ပျက်တယ်လို့ ယူရင် ဝိစိကိစ္ဆာပြုတ်ပါတယ်။ သြော် ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်တာဟာ ဒီနစ်ချက်စပြုတ်တယ်ဆိုတာ ကျေနပ် ပလား။ ဒါဖြင့် နောက် ဘက်က ဒကာ ဒကာမတွေ ဒီနေ့တစ်လုံးထဲ ဟောတယ်၊ ရှုတတ်ကြပလား၊ မရှုတတ်သေးလို့ရှိရင်ဖြင့် ခင်ဗျားတို့ လှုပ်တာငြိမ်တာ ကိုသာ တခြားစီ တခြားစီလို့သာမှတ်နေပါ၊ ရှင်းပလား။

■ တခြားစီတခြားစီလို့သာ မှတ်နေတာကြောင့် ဒါလဲအနိစ္စပဲ၊ ပျက်တာလဲ အနိစ္စပဲမဆိုနိုင်ဘူးလား။ နောက်လာမှာလဲတခြားစီပေါ့၊

သူလဲအနိစ္စဖြစ်တော့ အနိစ္စလာမှာပဲလို့ ဆိုနိုင်ကြပလား။ ကျေနပ်ပလား ဒကာ ဒကာမတို့၊ ကောင်းပြီ၊ ဒီမှာသံသယရှိသေးရဲ့လား၊ မရှိပါဘူး။ ရှုပက္ခန္ဓာမှာ သံသယမရှိဘူး၊ ဒါဖြင့် သူ့အနိစ္စဆိုတာ ခင်ဗျားတို့ ကောင်းကောင်းနားလည်လို့ ဆုံးဖြတ်ချက် ချနိုင်တာပေါ့။ လှုပ်တာကလေးဟာ ငြိမ်တဲ့ဆီရောက်ကဲ့လား မရောက်ပါဘူး၊ ဒါဟာ ပျက်သွားတာပဲမဟုတ်လား။ ပျက်သွားတာဟာ ရောက်သင့်တာလား၊ မရောက်သင့်တာလားဆိုရင် ရောက်သင့်တယ်၊ အနိစ္စရောက်သင့်လို့ ရောက်တာ။ ဒကာ ဒကာမတို့ သေသင့်လို့ သေတာသာရှိပါတယ်။ ခင်ဗျားတို့ပြောဆိုတဲ့အတိုင်း မသေသင့်ပဲနဲ့သေရတယ်ဆိုတာ လောကမှာတစ်ခုမှမရှိဘူး။ ကဲကျေနပ်ပလား။

■ ဒါဖြင့် တစ်ခန်းလုံးဆက်ပေးတဲ့တရားဟာ ဒကာ ဒကာမတို့ ဒုက္ခဆိုမလား၊ သုခဆိုမလား၊ ဒုက္ခပါပဲနော်။ ဒါကစာဆိုပဲရှိသေး တယ်။ အနိစ္စကို ဒုက္ခဆိုမလား၊ သုခဆိုမလား၊ ဒုက္ခပါဘုရား၊ ဒါလဲ စာဆိုပဲ ရှိသေးတယ်တဲ့ သဘောမပါသေးဘူး၊ စာက ဒီအတိုင်း ဆိုထားတာကိုး၊ အနိစ္စရောက်တဲ့တရားဟာ ဒုက္ခလား သုခလားမေးတော့ ဘယ်ပါဠိတော် သွားကြည့်ကြည့် ဒုက္ခဖြေတာပဲဟုတ်ပလား အဲတော့ ခင်ဗျားတို့ဉာဏ်ထဲ ဒုက္ခမဖြစ်ရင် အလကားပဲ၊ စာကိုလျှောက်ပြောနေရင် အလကားပဲ၊ ဒကာ ဒကာမတို့ ဉာဏ်ထဲမှာရှင်းပြီး ဩော် ဒုက္ခတော့ရောက်သင့်လို့ ရောက်တာကိုးလာရလိမ့်မယ်။ ဒီလိုမလာလို့ရှိရင် ဝိစိကိစ္ဆာကရောက်နေ ပါတယ်။ ဝိစိကိစ္ဆာဟာ ဒကာ ဒကာမတို့ ဘယ်ကလာတွေ့မလဲ ရုပ်ဆိုတဲ့ အကြောင်း မြင်သေးရဲ့လား။ ကောင်းပြီ ဒါဖြင့်စဉ်းစားပါ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘယ်ပုဂ္ဂိုလ်မဆို နိဗ္ဗာန်ရောက်တဲ့ တရားရယ်လို့ ဟောတာပဲ ဘယ်သူမရောက်မရှိဘူးသူကတော့ သိပြီးသားကျင့်တဲ့ ပုဂ္ဂိုလ် ကိုဟောတာဟုတ်ပလား။

■ ကောင်းပြီ၊ လှုပ်တယ်ဆိုတဲ့တရားလေးဟာ ငြိမ်တဲ့ဆီ

မရောက်တာကြောင့် အနိစ္စ၊ အဲဒီအနိစ္စရောက်သွားတဲ့တရားလေးဟာ လှုပ်တာကလေးဟာ အနိစ္စရောက်သွားတယ်၊ အဲဒီရောက်သွားတဲ့ အနိစ္စတရားလေးကို ဒကာ ဒကာမတို့က ဒုက္ခခေါ်မလား သုခ ခေါ်မလား ဆိုရင် ဒုက္ခပါပဲနော်။ ဘာကြောင့် ခင်ဗျားတို့က ဒုက္ခဆိုပါလိမ့်မလဲ၊ ပြောသံကြား ဒုက္ခဖြစ်နေတယ် ခင်ဗျားတို့ဉာဏ်ထဲမှ ဆုံးဖြတ်ချက်ချတဲ့ ဒုက္ခ အဟုတ်ကိုမရဘူး။ ပြောထိုက်ပါတယ်တဲ့၊ ဒါက တခြားမဟုတ်ပါဘူးခင်ဗျားတို့ဝမ်းထဲမှာ လှိုက်လှိုက်လှဲလှဲ ယုံကြည်တဲ့စကားတွေ သွင်းမလို့ ဒီလောက်ချီးနေတာနော်၊ သဘောကျပလား။ ခင်ဗျားတို့ ဝမ်းထဲမှာ လှိုက်လှိုက်လှဲလှဲနဲ့ ယုံကြည်တဲ့ ဉာဏ်ဝင်ပါစေလို့ စာတတ်ထားလို့ စာသံတွေပါနေမှာလဲစိုးတယ်၊ စာချလို့နိဗ္ဗာန်ရမယ်ဆိုရင်ဖြင့် ပေါဋ္ဌိကကြီးတို့ ပိဋကတ်သုံးပုံ အကုန်ဆောင်ထားတာပဲဟာ ရကြသလား။

■ အဲဒါထုံးစံမရှိပါဘူး။ ဒကာ ဒကာမတွေမြင်ကြရောပေါ့ဗျာ။ စာနဲ့ပြောကြသလား၊ ခန္ဓာနဲ့ ပြောကြသလား၊ ခန္ဓာနဲ့ပြောတာ အကုန်ကျွတ်တယ်၊ ခန္ဓာနဲ့ပြောတော့ ဟောတဲ့ပုဂ္ဂိုလ်ကော ကျွတ်ပါတယ်၊ ကျွတ်တာပဲ၊ နာတဲ့ပုဂ္ဂိုလ်လည်း ကျွတ်တာပဲ ဘာနဲ့နာလို့ကျွတ်တာလဲ၊ ခန္ဓာကြည့်နာလို့ သဘောကျပလား၊ ဟောတဲ့ပုဂ္ဂိုလ်က ခန္ဓာကြည့် ဟောပါတယ်။ နာတဲ့ပုဂ္ဂိုလ်က ခန္ဓာကြည့်နာပါတယ် ဒါဖြင့် အဲဒီမှာ စာတစ်လုံးမှမပါဘူး ပါသေးလား။ မနေ့ကဝတ္ထုက ခင်ဗျားတို့ကို ထောက်ခံချက်မပေးဘူးလား၊ ကောင်းပြီ၊ ဒီ ဒကာ ဒကာမတို့က ဒို့ စာမတတ်လို့ဆိုတာများတော့ ဝမ်းမနည်းလိုက်ပါနဲ့ ခန္ဓာမတတ်လို့ဆိုတာများတော့ ဝမ်းမနည်းလိုက်ပါနဲ့ ခန္ဓာရှုတတ် အောင် ဘုန်းကြီးပြောတာကိုသာ ဂရုစိုက်ပါ။ ကောင်းပြီ ဒါဖြင့် ခန္ဓာရှုတတ်အောင်တော့ ပြောရမှာပဲ၊ အခုနလှုပ်တဲ့တရားလေးဟာ ငြိမ်တဲ့ဆီမရောက်တာကြောင့် အနိစ္စ ဤအနိစ္စဖြစ်တဲ့ လှုပ်တရားလေးဟာ အနိစ္စရောက်သွားတဲ့

လှုပ်တရားလေးဟာ ဒုက္ခလား သုခလားလို့မေးလိုက်တယ်။ ဘယ့်နယ် ဆိုကြမလဲ ဒုက္ခပါပဲနော်။ ဆိုနေကျဆိုတာလို့ ဘုန်းကြီးက တစ်ခါတည်း ယူလိုက်တယ်။

■ ဝိပဿနာဉာဏ်နဲ့ ကိုယ့်ဉာဏ်နဲ့ ကိုယ်ဆိုတာမဟုတ်ပါဘူး၊ ကိုယ့်ဉာဏ်နဲ့ကိုယ်ဆိုလို့ရှိရင် ဒုက္ခဆိုတာ ဒကာ ဒကာမတို့ ပျက်စီးတဲ့ တရားမှာ ဖျက်ဆီးလို့ပျက်စီးရတယ်။ ဩော် ဖျက်ဆီးခံပြီးတော့ ဒကာ ဒကာမတွေ ပျက်စီးရရှာတယ် သဘောကျပလား။ ပျက်စီးတဲ့တရားမှာ ဖျက်ဆီးခြင်းခံရတယ်။ ဒါကြောင့်သူ ဒုက္ခသစ္စာပါပဲနော်။ ဗျာတွေလန် တော့မယ်၊ လေတွေတိုက်ကုန်ပြီ တံခါး တွေဟိုဟိုဒီဒီ ရိုက်ကုန်ပြီနော် ဖိထားဟေ့၊ ဖိထားဟေ့၊ ရုပ်လိုက်ဖိထားဟေ့ ရုပ်လိုက် ဒကာ ဒကာမတို့ အဝတ်တွေ လှန်းတဲ့အခါ ချိတ် ချိပ်ထားဟေ့ကော ပြောပါတယ်။ ဒါဖြင့် နစ်ခုဆက်စပ်ပြီး ဖိထားလိုက်ဆိုတာနဲ့ ထူးသေးရဲ့လား မထူးပါဘူး။ သဘောကျပလား ဒါဖြင့် သူ့မှာဘာဖြစ်လို့ ဒီလိုပျက်စီးရသတုံးလို့ မေးလို့ ရှိရင်ဖြင့် ပထဝီဓါတ်တွေက သူပျက်စီးသွားတာက ဟုတ်တယ် ငြိမ်သွား တယ် ဆိုတော့ ပထဝီဓါတ်တွေက ဆက်ဆက် ဆက်ဆက်ပြီး လွှမ်းမိုး မလာဘူးလား။ လွှမ်းမိုးတော့ ဝါယောဓါတ်တွေကဆိုလို့ရှိရင် ပထဝီဓါတ် ဒါက်ခံနိုင်သေးရဲ့လား၊ မခံနိုင်တဲ့အတွက် ဒကာ ဒကာမတို့ ဟိုက ပထဝီက ပထဝီအားကိုးတဲ့စိတ်က ပြင်းပြလာတဲ့အခါ ဝါယောအား ကိုးတဲ့စိတ်က အရှိန်နည်းတဲ့အချိန်လည်း ဖြစ်နေတာကြောင့် သူသက်တမ်းကုန်တာ လည်း တစ်ကြောင်း၊ ဝါယောတို့၏ ပထဝီတို့ရဲ့ကြောက် မှုလန့်မှု၊ ပထဝီကို ကြောက်မှုလန့်မှုရှိပြီး ဆန့်ကျင်ဘက်ဖြစ်တာကြောင့်လဲ သူရှေ့မတိုး နိုင်ဘူး၊ ဒီနေရာမှာဆုံးရှုံးရတယ်။ ရိပ်မိပလား။

■ ဘယ်သူကနိုင်ပါလိမ့်ဆိုရင် ပထဝီကပါ၊ ပထဝီဓါတ်ကရှိတော့ နိပ်စက်တော့မှာကိုးဗျ နိပ်စက်တော့မှာဆိုတော့ ဝါယော ရှေ့မတိုးနိုင်ပါ။ သဘောကျပလား။ ဒါဖြင့် ဒကာ ဒကာမတို့ သူ့မှာပါတဲ့ဇာတိမီး၊ ဇရာမီး၊

မရဏမီးဆိုတာ မမျှော်မှန်းတော့ဘူး၊ ဒီအကြံပျက်စီးတယ်ဆိုတာ ကတော့ ဟုတ်တာအမှန်ပါပဲ၊ သို့သော် ခါတ်သဘောရဲ့ပြောင်းလဲမှုတစ်ခု အစားထိုးလာလို့ရှိရင် တစ်ခုဟာဖြင့် ပျက်စီးရမြဲ ဓမ္မတာပဲ၊ သဘောကျ ပလား။ ပျက်စီးရမှာ ဓမ္မတာဆိုတာ ပေါ်လာပါပြီ၊ ပြောင်းလဲမှုအစားထိုး လို့ပါပဲ၊ ပထဝီတို့ အာပေါတို့က ထိုးလိုက်တော့ ဝါယောတွေဟာ မပျက်ပေ ဘူးလား။ ဒါဖြင့် သူ့သက်တမ်းကလဲ ဟိုကမလာခင်လေးတင်ခံနိုင်တယ်၊ ပထဝီကကော၊ ဝါယောခါတ်မလာခင်ကလေးတင်ခံနိုင်တာ၊ ဝါယောခါတ် က လာလို့ရှိရင် ခံနိုင်ရည်ရှိပါ့မလား။ ဒါဖြင့် သူ့သက်တမ်း ဒီနေရာတွင် ဆုံးရှုံးရခြင်းဟာ ဟိုကအစားထိုးမြန်လေလေ၊ သူမြန်မြန်ပျက်လေလေ ရိပ်မိပလား။ ကောင်းပြီ၊ သူကလဲ ဟိုအစားထိုးကို မခံနိုင်တာကော၊ ဤနှစ်ကြောင်းကြောင့် ဘာဖြစ်ရမှာလဲ ပျက်ရတယ်ဆိုတာ ဒကာ ဒကာမတွေ သဘောကျရဲ့လား။ ကောင်းပြီ ဒီတရားဟာ သူ့လည်း ဒုက္ခရောက်တဲ့တရားလာသေးတာပဲ၊ ဒါဖြင့် သူဟာ အနိစ္စလား၊ ဒုက္ခလား၊ ဒကာ ဒကာမတို့ ဒုက္ခပါပဲနော်။

■ ဒီအနိစ္စတရားဟာ ဒုက္ခပါပဲ၊ အင်းသူလဲနိုင်လိုမင်းထက် ဖျက်ဆီးတဲ့တရားတွေကကောရှိပါတယ်။ သူဟာ အကောင်းဘက်လား၊ အဆိုးဘက်လားဆိုရင် အဆိုးဘက်ပါပဲ၊ အဆိုးဘက်ဆိုရင် ဘယ်လို ဆိုကြမယ် ဒုက္ခပါပဲပေါ့၊ ရှင်းပလား။ ဒါဖြင့် လှုပ်နေတဲ့တ ရားလေးဟာ အနိစ္စလား၊ ပျက်စီးသွားတာလေးဟာ အနိစ္စလား၊ နိစ္စလား၊ အနိစ္စပါပဲ၊ အဲဒီလို အနိစ္စရောက်သွားတဲ့ သူ့သဘောကလေးဟာ ဒုက္ခလား၊ သုခလား ဆိုပြန်တော့ ဒုက္ခပါပဲနော်။ သူဟာသူသက်တမ်းနဲ့ ပျက်စီးသွားတဲ့အခါမှာ အနိစ္စပါပဲ၊ အဲဒီအနိစ္စရောက် သွားတော့ သူ့သဘောကလေးဟာ ဒုက္ခပါ။ သူ့ဟာသူသက်တမ်းနဲ့သူအိုလို့၊ သူနာလို့၊ သူသေလို့၊ သူဒုက္ခနဲ့သူသေ ရတာတစ်မျိုး၊ ခါတ်သဘောတွေ နှောင့်ယှက်မှုကြောင့်ကော သူသေရ ပါတယ်။ အဲဒါတစ်မျိုးဆိုတော့ ဒီတရားလေးဟာ အကောင်းသေလား၊

အဆိုး သေလားဆိုရင် အဆိုးသေပါပဲ။ ကောင်းပြီ ဒကာ ဒကာမတို့ ဒုက္ခ ရောက်တာကော သံသယရှိသေးလား၊ ဒါဖြင့် ခုနက အနိစ္စပေါ် သံသယ မရှိတော့ ယခုဒုက္ခပေါလာပြန်တော့ကော သံသယမရှိဘူးနော်။

## ☸ ဝိပရိဏာမဒုက္ခ

■ ကောင်းပြီ၊ ဒါဖြင့် သူ့မှာလည်း တစ်ခါစဉ်းစားကြည့်ပါဦး၊ နဂို တွေ့နေတာလေးဟာ နဂိုမူလ ရှာတွေ့သေးရဲ့လား။ မတွေ့ဘူး။ တွေ့ပြန် တော့လည်း အမည်သွားတွေ့တယ် သူ့အတွက် နောက်ထပ်ပြန်တွေ့သေး ရဲ့လား။ ဒါတွေဟာသူ့သဘောအကုန်စွန့်ပါတယ်။ ဒါဖြင့် ဝိပရိဏာမဒုက္ခပဲ သူ့မှာဟုတ်တယ်၊ ရှင်းပလား။ ဝိပရိဏာမဒုက္ခလဲဟုတ်တယ်ဆိုတာ ဒကာ ဒကာမတို့ ကျေနပ်ပလား။ ကိုင်း ဒါဖြင့် ဒုက္ခရောက်သင့်သလား၊ မရောက်သင့်ဘူးလား ရောက်သင့်ပါတယ်နော်။ ဒါဖြင့် အနိစ္စ၊ ဒုက္ခဆိုတာ နစ်ချက်ပေါ်ပါပြီ။ ဘာကြောင့် သူ့အနိစ္စဆိုရသတုံး၊ ရှိရာကမရှိတာ အနိစ္စကိုသဘောကျပလား။ ဘာကြောင့် သူ့ဒုက္ခဆိုရသတုံးလို့ မေးခွန်းထုတ်ဖို့ မလိုဘူးလားဗျာ၊ အဲဒီလိုလိုတဲ့အခါ သူ့မှာပင်ကိုသဘော စွန့်ရတဲ့အတွက် ဒုက္ခတဲ့၊ ရှင်းပလား။ ပင်ကိုသဘောကို အကုန်မစွန့်လိုက် ရဘူးလား၊ သူ့မှာရွှေရောငွေရော အကုန်ပြုတ်ပြီဆိုရင် ဒုက္ခ၊ သူ့ပင်ကိုယ် သဘောလုပ်ရ စွန့်ရပါတယ်။ အဲ သူ့ပင်ကိုယ်သဘောစွန့် မစွန့်ကြည့်ပါဦး၊ စွန့်လိုက်လို့ဘာဆိုမယ် ဒုက္ခပါပဲ။

■ အဲဒီလို အနိစ္စဒုက္ခတရားဟာ ပင်ကိုယ်သဘော ဘယ့်နယ် ကြောင့် စွန့်ရသတုံးဆိုတော့ သူ့ကိုယ်ကနဂိုက ဖောက်ပြန်တတ် တဲ့သတ္တိရှိတယ်။ သဘောကျပလား။ ဝါယောမှာ ဖောက်ပြန်တတ်တဲ့ သဘောသတ္တိရှိတယ်။ နဂိုက သူ့ဝိပရိဏာမသဘော သတ္တိရှိ တယ်၊ ရှင်းပလား၊ ဝိပရိဏာမသဘောရှိတာကြောင့် သူ့ကိုခင်ပျားတို့သည်ငါ၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ဆိုနိုင်ပါ့မလား၊ မဆိုနိုင်ဘူးနော်။ ဒါဖြင့်

ဒီတရားလေးအပေါ်၌ ဒကာ ဒကာမတို့ ဆန္ဒတို့ တဏှာတို့ ရာဂတို့ ပျက်သွားတဲ့တရားလေးအပေါ်မှာ အနိစ္စ ဒုက္ခအနတ္တ ဝိပရိဏာမ ဖြစ်တဲ့တရားလေးအပေါ်၌ တဏှာဆိုတဲ့ဆန္ဒ၊ ရာဂမလာပါဘူး၊ ဘာပြုလို့ မလာသတုံး၊ တဏှာဆိုတဲ့ ဒကာ ဒကာမတို့ ခန္ဓာကိုယ်မှာ ချောတယ် လှတယ် နိုင်မြဲတယ်ဆိုမှလာမှာ အခုချောတယ်လှတယ်လို့လဲ သူ့ရှိရဲ့ လား၊ မရှိပါဘူး၊ နိုင်တယ်မြဲတယ်လို့ ကော မရှိပါဘူး၊ ချမ်းသာတယ် လို့ကော မရှိပါဘူး၊ ဒါဖြင့် ဒီတရားအပေါ်၌ ဆန္ဒတို့ရာဂတို့ ပေမတို့ လာသေးရဲ့လား၊ အဲဒါ ဝဋ္ဋလိမှာ မသေခင်က ဒီအတိုင်းထင်နေတယ်၊ ဒီတရားတစ်လုံး တစ်လုံးဟာ ရှင်းပလား၊ ဝဋ္ဋလိမှာ ဒကာ ဒကာမတို့ ဝဋ္ဋလိ မကုန်သေးပါဘူး။ ဒီအနိစ္စထင်ပုံပေါ်နေတယ်နော်။ အနိစ္စတရား မြင်တဲ့ဆီ မရောက်သေးတော့ သူ့ဘာခေါ်မလဲ အနိစ္စ၊ အဲဒီအနိစ္စ မြင်တဲ့ တရားဟာ ဒုက္ခ၊ ဘာကြောင့်ဒုက္ခလို့ ရဲရဲတင်းတင်းဆိုသလဲ ပင်ကို သဘောစွန့်သွားလို့ပါပဲ။

■ ပင်ကိုသဘောစွန့်တာမှ အထည်တွေရှာမတွေ့ပါဘူး၊ အဲဒီ ပင်ကိုသဘောစွန့်သွားတဲ့ တရားလေးကို ခင်ဗျားတို့ဟာ ချစ်ခြင်း၊ ခင်ခြင်း၊ ကြင်နာခြင်း၊ အားကိုးခြင်းရှိသေးရဲ့လား။ ချုပ်ပျောက်သွားတဲ့ တရားလေး ကို ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ အားကိုးခြင်း မရှိပါဘူး။ အဲဒီတော့ တစ်ခုတည်းသာ မှတ်ရှုလို့ ဆရာဘုန်းကြီးက သတိပေးလိုက်တယ်။ အကုန်ဆိုလို့ရှိရင် မဖြစ်နိုင်ဘူး၊ ဘယ့်နယ်ကြောင့် မဖြစ်နိုင်သတုံးလို့ မေးခွန်းထုတ်ဖို့ မလိုဘူးလား။ ခင်ဗျားတို့ညဏ်နဲ့ ခန္ဓာငါးပါးစလုံးကို ဘယ်တော့မှမကြည့်နိုင်ဘူး ရှင်းပလား။ ခင်ဗျားတို့ညဏ်နဲ့ တစ်ခုသာ ကြည့်နိုင်တယ်၊ ရုပ်ဖြစ်တဲ့အခါကြည့်ပါ၊ ဒကာ ဒကာမတို့ ရုပ်ဖြစ်တဲ့အခါ ကြည့်ပါ၊ တစ်ပါးပါးကြည့်ရသလား အကုန်ကြည့်ရသလားဆိုရင် တစ်ပါးပါးကြည့်ရပါတယ်။ ဒါဖြင့် ဝိပဿနာရှုတဲ့အခါမှာဖြင့် အကုန်ရှု မလား၊ တစ်ခုရှု ရမှာလား၊ တစ်ခုရှုရမှာပါ၊ ဘာကြောင့်တုံးလို့ဆိုတော့

ကိုယ့်ညာဏ်ကလေးက တစ်ခုသာမှန်းလို့ရတယ်၊ ငါးခုဆိုရင်မှန်းလို့ ရပါမလား။ ဒါဖြင့် ဒကာ ဒကာမတို့ တစ်ခုရှုပေါ့ဗျာ၊ ကျေနပ်ပလား၊ ဒါဖြင့် ဒီတရားဟာ အနိစ္စရောက်ရတဲ့တရား၊ ဒုက္ခလား၊ သုခလား ဒုက္ခပါ၊ အဲဒီ အနိစ္စ ဒုက္ခတရားဟာ ဝိပရိဏာမသဘော သတ္တိရှိပါတယ်တဲ့။ အဲဒီ ဝိပရိဏာမဖောက်ပြန် ပျက်စီးသွားတဲ့ တရားလေးကို ဒကာ ဒကာမတွေ က ချစ်ခြင်းခင်ခြင်း တောင့်တခြင်းရှိသေးရဲ့လား၊ မရှိတော့ တဏှာ၊ မာန၊ ဒိဋ္ဌိသေပါတယ်။

■ ဒီလိုဝဋ္ဋလိမှာထင်နေတယ်၊ အဲဒီဘုန်းကြီးပြောတဲ့ဟာတွေ တစ်လုံးမကျန်ထင်နေတယ်၊ ထင်သာထင်တယ် ရဟန္တာမဖြစ်ဘူးတဲ့၊ ထင်ပုံသိပ်ကောင်းတယ်နော်။ ထင်ပုံသိပ်ကောင်းပေမဲ့ ရဟန္တာ မဖြစ်ဘူးတဲ့ သောတာပန်လဲ မဖြစ်ဘူးတဲ့ ဆိုးလိုက်တဲ့ဖြစ်ခြင်းက ဒါကြောင့် ဒီဟာမလာတာ ဒကာ ဒကာမတို့ ဝိပဿနာအသားရတဲ့ ပုဂ္ဂိုလ် သမထဝိပဿနာ၊ အသားရတဲ့ပုဂ္ဂိုလ်မှာ အခုပြောတဲ့ သုံးချက်ဟာ အကုန်ထင်နိုင်ပါတယ်။ ရှင်းပလား။ ဒိဋ္ဌိဝိစိကိစ္ဆာ အမြစ်မပြတ်ဘူး၊ မပြတ်နိုင်ဘူးတဲ့ ဘယ်လောက်ခက်သတုံး။ ဒကာ ဒကာမတွေ ဘယ်လောက်ခက်တယ်ဆိုတာ ပေါ်ပါပြီ၊ ထင်တော့ထင်သေးရဲ့လား။ ထင်ပါတယ်။ ဝဋ္ဋလိဒီအတိုင်းထင်တာကို ဘုရား လျှောက်တာနဲ့ တပည့်တော်ဒီလိုထင်ပါတယ်ဆိုပြီး ဘုရားလျှောက်တယ်၊ အားလဲ ထုတ်ရှာပါတယ်။ ထုတ်တဲ့အတိုင်းကော မထင်ဘူး လား၊ ထင်ပုံကို ခင်ဗျားတို့ဝေဖန်ကြည့်၊ အင်မတန်မှန်တဲ့အထင် သင့်နေတာပဲ။ သို့သော် ဘာမှမဖြစ်ဘူးတဲ့၊ သောတာပန်ကော မဟုတ်ဘူး။ သကဒါဂါမ်ကော၊ အနာဂါမ်ကော မဟုတ်ဘူး၊ ရဟန္တာလဲမဟုတ်ဘူးတဲ့၊ ထင်ပုံကောင်း ပါတယ်။ ထင်ပုံကဖြင့် ဘာမှပြော စရာမရှိဘူး၊ တဏှာမာန ဒိဋ္ဌိသေပြီး ရဟန္တာထင်ပုံနဲ့ ဘာမှမထူးပါဘူး၊ သို့သော် သူ့သန္တာန်ထဲမှာ ဘယ်လိုလဲ ဆိုတော့ ဘာမှမဖြစ် သေးဘူး၊ ရှင်းပြီနော် ဒကာ ဒကာမတို့။

■ ဒီနေ့ညဟောတဲ့တရားက ဘာအကြောင်းကြောင့် ဘုန်းကြီးက ပြောရပါလိမ့်မလဲလို့ မေးခွန်းတွေဟာ အထူးသဖြင့်ဘုန်းကြီး တို့ ဒကာ ဒကာမတွေ ဒီလောက်ဟာ ရောက်တဲ့လူတွေလည်း ရောက်နေကြပြီ ရောက်တဲ့လူတွေလည်း ရောက်ပြီးနေကြတယ်၊ ရောက်တဲ့လူတွေလည်း ရောက်ပြီးနေကြတော့ ဒီဝတ္ထုကိုထုတ်ရမယ်။ ဒါတို့အပါယ်စခန်းသတ်ပြီး ငြိမ်းပြီလို့ ကိုယ့်ဟာကိုယ်လည်း ထင်ချင်ထင်လိုက်မယ်။ ထင်ချင်ထင် လိုက်တဲ့အခါကျတော့ မရောက်သေးတာ မရောက်သေးမှန်းသိအောင် ရောက်တာကိုလဲ ရောက်မှန်းသိအောင် ဒီနေ့ဒါကိုဟောမှာပါ။ ဒါဖြင့် ဒီနေ့တရားဟာ ဒကာ ဒကာမတွေကို ဝေဖန်ရေးတရားလို့ ဆိုနိုင်ပါတယ်၊ သူ့ကိုယ်ကဝေဖန်တဲ့ ဝတ္ထုထုတ်လာပြီလို့ မှတ်ရမယ်၊ ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ ဝက္ကလိမြင်ပုံဟာ အလုပ်လုပ်တဲ့တရားကို အနိစ္စ၊ နိစ္စလားလို့ မေးလိုက် တယ် အနိစ္စပါ၊ အနိစ္စရောက်တဲ့တရား ဒုက္ခလား သုခလား၊ ဒုက္ခပါ သဘောကျပြီနော်။ ဘယ့်နယ်ကြောင့် ဒုက္ခဖြစ်ရသတုံးဆိုတော့ ဝိပရိဏာမသဘောသတ္တိရှိလို့ ဒုက္ခပဲ၊ သဘောကျပလား။

■ အဲဒါလောက် သူမြင်နေတဲ့အတွက်တဲ့ ဝက္ကလိက ဘုရားကို လာတဲ့လမ်းကို လျှောက်နိုင်းလိုက်တယ် တပည့်တော်အမြင် ကတော့ ရှင်းနေပြီဘုရား အနိစ္စလည်း ရှင်း၊ ဒုက္ခလည်း ရှင်း၊ အနတ္တလည်း ရှင်း၊ ဒီခန္ဓာအပေါ်၌ပင် တပည့်တော်ဖြင့် ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ နိုင်မြဲလိမ့် မယ်လို့ မယူတော့ပါဘူးဘုရားဆိုပြီး ရဟန်းတွေကို သူမှာလိုက်တယ်၊ ဘုရားကို သူမြင်တဲ့အတိုင်း ဒီအတိုင်းလျှောက်ပါ။ အဲတော့ အတော် ကောင်းနေတာပေါ့ဗျာ၊ ကျုပ်တို့ဝိပဿနာဉာဏ်နဲ့ စဉ်းစားကြည့် လိုက်တော့ တစ်လုံးမှမလွဲဘူး၊ မလွဲပါဘူးတဲ့။ မလွဲပင်မလွဲငြားသော် လည်း ဘုရားထံ ဒီလိုလျှောက်လိုက်တော့ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက သိတော့သိတယ် သူဘာမှ မဖြစ်သေးဘူး။ ဘာမှမဖြစ်သေး ဘူး သို့သော် သမာဓိနဲ့ ဝိပဿနာ၊ သမထနဲ့ဝိပဿနာ ခရီးပေါက်နေတာပဲ

ရှိသေးတယ်။ သူကယူ ထားတယ်။ ဘုရားကမင်္ဂမဆိုက်သေးဘူးတဲ့ သမာဓိနဲ့ဝိပဿနာရင့်သန်ပြီး သို့သော် ဝဋ္ဋလိမှာတော့ဟော့တဲ့၊ သူ့အထင်ကတော့ ကိစ္စပြီးပြီလို့ ထင်သွားပြီ ကဲ သဘောကျကြပလား။

■ ထင်ပုံကတော့မဟုတ်ဘူးလားဗျာ၊ မြင်ပုံလည်းရှင်းပါတယ်နော်၊ သို့သော် ဝဋ္ဋလိကိုဘုရားက မင်္ဂမဆိုက်သေးဘူးလို့ သူ့ ဝမ်းထဲမှာ ထားတယ်၊ သဘောကျပလား။ အဲဒီတော့ဘုရားဆီ လျှောက်လိုက်တာပါပဲ၊ လျှောက်လိုက်တော့ ရဟန်းတွေကလဲသွားရော ဝဋ္ဋလိထင်ပုံမြင်ပုံတွေကို သူကမှာလိုက်တဲ့အတွက် လူမမာမေးလာတဲ့ ရဟန်းတွေကို ပြန်ပြီးလျှောက်လိုက်တယ်။ လျှောက်လိုက်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဝမ်းထဲမှာတော့ ဒကာ ဒကာမတွေသိကြပလား။ မင်္ဂမဆိုက်သေးဘူးတဲ့၊ ဒီတရားဟာ အဓိမာနဖြစ်နေတယ်။ သမထ ဝိပဿနာတန်ခိုးကြီးလွန်းလို့ သူ့ကိလေသာမလာဘူးတဲ့၊ ရှင်းပလား။ သမထဝိပဿနာက တန်ခိုးကြီးနေ တဲ့အတွက် သူ့မှာဖြင့် ချစ်ခြင်း၊ ကြင်နာခြင်း၊ ခိုင်မြဲလိမ့်မယ်ဆိုတာ သူ့ခန္ဓာမှာ သူမယူပါဘူးလို့ သေသေချာချာဖွင့်လျှောက်တာနော်။ အဲဒီတော့ ဝိပဿနာနဲ့ သမထ ဒွန်တွဲနေတာလို့ ဘုရားကဆုံးဖြတ်ချက်ချလိုက်တယ်။ မင်္ဂတော့ မဆိုက်သေးဘူး၊ ပေါ်ကြပလား။ ထင်ပုံထင်နည်းကတော့ သိပ်အဖိုးတန်တာပဲဗျာ၊ လျှောက်ပုံလဲ အင်မတန်ကောင်းတယ်။ ဒကာ ဒကာမတို့ ထင်ပုံမြင်ပုံကော ခင်ဗျားတို့ အင်မတန်မှ အတုခိုးစရာကောင်းတယ်၊ သို့သော် ဘုရားဆုံးဖြတ်ချက်မှာတော့ ဘုရားဝမ်းထဲမှာထားတာကတော့ သူမင်္ဂ မဆိုက်သေးဘူးတဲ့။ ဒါနဲ့ သူ့ဟာသူ အဓိမာနဖြစ်ပြီး ရဟန်းတွေကို ဘုရားလျှောက်လိုက်ပါတော့ဘုရားဆိုပြီး လျှောက်ခိုင်းလိုက်တယ်။□

သို့သော် သူဘယ့်နယ်ဖြစ်လာသလဲဆိုတော့ ဝေဒနာခံစားရတာ ပြင်းပြလွန်းလာတယ်၊ သူဟာ အနာရနေတာကို ဒကာ ဒကာမတို့ အနာရနေတော့ သူဝေဒနာခံစားနေရတာပြင်းပြပြီး ဝဋ္ဋလိကနေတဲ့အတွက်

အနားမှာရှိတဲ့ သင်ဝုန်းခါးနဲ့ လည်ပင်းလှီး တယ်။ သင်ဝုန်းခါးနဲ့ လည်ပင်းလှီးလိုက်တယ်၊ လှီးလိုက်တော့သာမညလိုပဲမှတ်ရမယ်။ ပုထုဇဉ် နိမိတ်တွေတွေ့လာတယ်။ ပုထုဇဉ် နိမိတ်ဆိုတော့ ကုသိုလ်လုပ်ထားခဲ့တော့ နတ်သမီးဗိမာန် ပဒေသာပင်ထင်လာမှာပေါ့ဗျာ၊ ဝိပဿနာကုသိုလ်တိုး မထင်ပေဘူးလား၊ ထင်ပါတယ်။ အဲဒီပုထုဇဉ် နိမိတ်တွေ ထင်လာတော့ သူ့ဟာသူသိတယ်၊ ဒါအရိယာနိမိတ်မဟုတ်ဘူး၊ အရိယာနိမိတ်ဆိုရင် ရှင်းလင်း နေတဲ့နိဗ္ဗာန်ကိုထင်ရမယ်။ ဒါပုထုဇဉ်တို့ သွားရာလမ်းခရီးကြီး နတ်သမီးဗိမာန်ပဒေသာပင် နတ်ပြည်ဒါတွေထင်လာပါလားလို့ သူ့စိတ်က အောက်မေ့တယ် ဒါဝေဒနာမဆုံးသေးလို့ပဲ ဒီအယူရှိရင် အဲဒီရောက်ရတော့မယ်။

■ ဒါမဂ်မဟုတ်သေးပါဘူး၊ ဒါမဟုတ်သေးပါဘူး၊ ဒီဟာငါထင်တာတော့ အတတ်ကျူးပြီး ခါးတွေသိမ်းပြီး ဂတိနိမိတ်ထင်လာတော့လည်း မဟုတ်တဲ့နိမိတ်တွေ ထင်လာတယ်၊ မူလကမ္မဋ္ဌာန်းပြန်ကောက်မှ တော်တော့မယ်လို့ ပြန်စိတ်ကူးတယ် ရှင်းပလား။ နဂို အသားရထားတဲ့ ပုဂ္ဂိုလ်မို့ပြန်ပြီ၊ ခုနကအနိစ္စမြင်တယ်၊ ဒုက္ခထင်တယ်၊ အနတ္တကိုလည်း မြင်လာတယ်၊ ဝဋ္ဋလိ ကျုပ်တို့ပြောတဲ့ ဉာဏ်စဉ်တွေပြန်တက်လာတယ်။ ဒကာ ဒကာမတို့ ဉာဏ်စဉ်ပြန်တက်ရပါလိမ့်၊ နိမိတ်နှော်၊ နိမိတ်ကြည့် လိုက်တော့ မကောင်းတော့ဘူး၊ နတ်ပြည်နိမိတ်ကြီးထင်လာတယ် ပြောင်းဦးမှပဲမဖြစ်ဘူး၊ မဖြစ်ဘူး၊ မဖြစ်ဘူး။ ငါလိုချင်တာက ဒီဟာ မဟုတ်ဘူးဆိုပြီး ပြောင်းပါတယ်၊ ပြောင်းပြန်တော့ ဟိုနိမိတ်... သက်သေခံ လုံလောက်နေတဲ့အတွက် မူလကမ္မဋ္ဌာန်း အားထုတ်ပြီး... ပုဂ္ဂိုလ်မို့ ပြန်အားထုတ်ရတယ်၊ ရှင်းပလား။ ပြန်အားထုတ်တော့ ပထမမှာ ဖြစ်ပျက် မြင်ပါတယ်။ နောက်ကျတော့ နောက်ကျတော့ ဖြစ်ပျက်မှုန် မှုန်းပါတယ်၊ နောက်ကျတော့ ဖြစ်ပျက် ဆုံးတယ်။

## ☸ ရဟန္တာဖြစ်တယ်

■ ဆုံးပြီ၊ ဆုံးလည်းဆုံး ဝိညာဏ်လည်း ချုပ်၊ ဆုံးလည်း ဆုံး၊ ဝိညာဏ်လည်း ချုပ်တော့ ရဟန္တာဖြစ်တယ်လို့ အဲဒီနေရာမှာကို ခါးလိုးပြီးမှ လေးမဂ် တန်းလာတာ နဂိုကပုထုဇဉ် မမြန်ဘူးလား။ ဘယ်လိုကြောင့် မြန်ပါလိမ့်မလဲ၊ တွေးကြစမ်း ပထမကျင့်ပြီးသားရှိလို့ ပထမအကုန်ပြီးတယ်လို့ မဆိုနိုင်ဘူးလား၊ မဂ်ပေါ်ရုံကလေးကျန်တယ်။ မဂ်ပေါ်ရုံကလေးကျန်တော့ မဂ်လေးတန်ဟာ ခင်ဗျားတို့က အကြာကြီး၊ အောက်မေ့နေတယ် တစ်မဂ်နဲ့တစ်မဂ်အတော်တက်ရလိမ့်မယ်လို့ အောက်မေ့နေတယ်။ စင်စစ်မဟုတ်ပါဘူး ဝိဇ္ဇဝိပဿနာဉာဏ် အသားရတဲ့ပုဂ္ဂိုလ်မှာ ထက်ထက်၊ ထက်ထက်ဆိုရင် ပြီးသွားတာပဲတဲ့ ရိပ်မိကြပလား။ ဒါဖြင့် ဘယ့်နယ်လုပ်ကြမယ် ဝိပဿနာဉာဏ် သာကြိုးစားပါ၊ ဒကာ ဒကာမတို့ ခုနက ဘာမှအကူအညီမလိုပါဘူး။ အခုဒီမှာ ဝဋ္ဋလိမှာ နိမိတ်ထင်ပြီးမှ ပြောင်းလို့ရတယ်ဆိုတာ မသေချာဘူးလား။ ဒါဖြင့် ဒကာ ဒကာမတွေက အထူးမှတ်ပါ၊ ဩော် သေခါနီးနိမိတ်ဆိုတာသည် အစွဲလေးထင်တယ်လို့ပဲ ခင်ဗျားတို့ ဆုံးဖြတ်ချက်ချပါ။

■ အဲဒီတော့ ခင်ဗျားတို့ သေကြရမှာပဲ ဘုန်းကြီးများလည်း သေကြရမှာပဲ မသေခင်က နိမိတ်ကလာမှာပဲ လာရင်အခုအခါသမယ လေးပြင်နိုင်အောင် လုပ်ထားပါ၊ သို့သော် ဘယ်လိုကျမှပြင်နိုင်သလဲလို့ မေးတဲ့အခါ နဂိုကအရှိန်ကောင်းမှ အရှိန်ကောင်းရင် ပြင် နိုင်တယ်၊ အရှိန်မကောင်းရင် မပြင်နိုင်ပါဘူးနော်။ ဒါဖြင့် အခုအရေးမကြီးဘူးလား။ တော်တော်အရေးကြီးပါလိမ့်မယ်။ အခုအချိန် ကစပြီး ခုနဝဋ္ဋလိမြင်ရသလို မမြင်ရပေဘူးလား၊ မြင်ရတဲ့အခါကျလို့ရှိရင်ဖြင့် နောက်ကျတော့ သူကတော့ ဝဋ္ဋလိကတော့ အတော်ကို သူ့စိတ်ထဲမှာဖြင့် ဘုရား လျှောက်ပုံများရှင်းလိုက်တာ၊ ရဟန္တာဖြစ်ပြီလို့ လျှောက်တာ မလျှောက်ဘူးလား။ သောတာ ပန်၊ သကဒါဂါမ်၊ အနာဂါမ် ထင်ပြီးပြီ မြင်ပြီးပြီလို့

လျှောက်ပါတယ်။ အားလုံး ဒကာ ဒကာမတွေ ဝိပဿနာက နေပြီး လမ်းလွှဲနေလိုက်တာ တစ်ခါတည်း မဂ်လောက်ကို အထင် ရောက်သွားအောင် ပြုပါတယ်။ ကိလေသာက လာမှမလာဘဲကိုး။ လောဘ၊ ဒေါသ၊ ပေမဆို တာလာသေးရဲ့လား၊ ဒါဘယ်သူက တားမြစ်ထားသလဲ ဆိုရင် ဝိပဿနာကပါ၊ ဝိပဿနာအင်အားကြောင့် ကျန်တာတွေ အကုန်ဖယ်ရှားပြီး ဉာဏ်ကမြင်ရပါတယ်။ သဘောကျပလား။

■ ကောင်းပြီ၊ ဒါဖြင့် ဝိပဿနာအားကလည်း ခင်ဗျားတို့ မဂ်လောက်ပဲ အထင်ရောက်တတ်တယ်။ သဘောကျကြပလား၊ ဒါကြောင့် ဒီ ဒကာ ဒကာမတွေဟာ ဒါလောက်လုပ်ထားလို့ရှိရင် ကျုပ်တို့ သေခြင်းဆိုးမသေနိုင်တော့ဘူး၊ ဆိုကြပေတော့ ပြင်နိုင်တဲ့ ပုဂ္ဂိုလ် အခြေအနေလဲပါသွားမှာပဲ။ ဒါနဲ့မပြီးတဲ့ ပုဂ္ဂိုလ် အဲဒါပြင်ကြနော်၊ သဘောကျပလား။ ဒါဖြင့် ခင်ဗျားတို့ဟာ ရအောင်ရင်လဲ လုပ်ပါ၊ မရသေးလို့ရှိရင်သေခါနီး ပြင်နိုင်တဲ့အခြေအနေရအောင်လဲလုပ်ပါလို့ တိုက်တွန်းသင့်ပါတယ်နော်။ ဘာပြုလို့တုံးဆိုတော့ ဂတိနိမိတ်ဆိုတဲ့ တို့သေခါနီး နိမိတ်ဟာ အဝေးကြီးကထင်တယ်၊ ပြင်ရင်ရတယ်ဆိုတာ ပေါ်လာတယ်။ မနေ့က ပောခဲ့တဲ့ ရှင်ဆန္ဒမှာလည်း ပြင်ချိန်ရတယ်။ အခုဝတ္တုလိ ထုတ်လိုက်ပြန်တော့ကော ပြင်ချိန်ရပါတယ်။ ပြင်ချိန်ရတယ်ဆိုတော့ ဪ ဒို့မှာတော့ဖြင့် အားထုတ်နေတဲ့ပုဂ္ဂိုလ်ဖြစ်လို့ ဒို့မှာတော့ဖြင့် ရှင်တုန်းလည်းရတယ်၊ သေခါနီးမှာလဲရတယ်။ ဒါဖြင့် ဘာမှမလုပ်တဲ့ အားလည်း မထုတ်တဲ့ ပုဂ္ဂိုလ်မှာဖြင့် ရှင်တုန်းလည်း မရပါဘူး၊ သေခါနီးမှာ လည်း မရပါဘူး၊ ဒါဖြင့် ဒါလုံးလုံးရှင်းပေါ့။ သိပ်ကြောက်စရာ မကောင်းဘူးလား။ ဒါဖြင့် ခင်ဗျားတို့ ရှင်တုန်းကပင်ရအောင်လုပ်ကြပါ။ အဲဒီတုန်း အားထုတ်လို့မရလို့ရှိရင် သေခါနီးနိမိတ်ထင်လာတာနဲ့ ပြင်နိုင်အောင် လုပ်ပါ။

■ ဒါဖြင့် ယနေ့အထူးမှတ်စေချင်တာက ဂတိနိမိတ်ထင်ဟာသည်

သေရမည့်လမ်းခရီးအပေါ်မှာ အစောကြီးကထင်ဟယ်လို့ မှတ်လိုက်ပါ။ ဒါကြောင့် ပြင်ချိန်ရတယ်လို့လည်း ခင်ဗျားတို့ကြိုးစားချိန်ရတယ်လို့ စိတ်ထဲဝမ်းသာပါ။ ဒါကဘယ်လိုပုဂ္ဂိုလ်မှ ဆရာဘုန်းကြီး အားကိုးပြော သတုံး၊ မေးခွန်းထုတ်ဖို့မလိုဘူးလား၊ နဂိုကိုကဘုန်းကြီးများနဲ့တွေ့၊ ဒီမှာလည်း နည်းနာတွေတစ်ချိန်လုံး အားထုတ်ဟုတ်ဖူးလားဗျာ၊ အားတဲ့အချိန်လည်း အားထုတ် ဒီလိုပုဂ္ဂိုလ်ကျတော့ ဘုန်းကြီးတို့က ဒီနှစ်ခု၊ တစ်ခုခုမိရမယ် မဆိုနိုင်ဘူးလား။ လုံးဝဗလာ သမားတွေကျတော့ ဘယ့်နယ်မှ မလုပ်တတ်တော့ သူတို့မှာတစ်လမ်းသွားပဲ ဆိုနိုင်ပါတယ် ကောင်းပြီ ဒကာ ဒကာမတို့ ဝက္ကလိ ကြည့်လိုက်ပါဦး၊ အဲဒီရှေးပြီး အားထုတ်လိုက်တယ်၊ အားထုတ်လိုက်တော့ နောက်ဆုံးတော့ ရဟန္တာဖြစ်တယ်။ နတ်နှစ်ယောက်က သွားပြီးဘုရားဆီသွားလျှောက် တယ်၊ အရှင်ဘုရား ဝက္ကလိတော့ ရဟန်းကိစ္စပြီးသွားပြီဘုရား၊ ဝက္ကလိ တော့ ရဟန်းကိစ္စပြီးသွားပြီ ဘုရားတဲ့ နတ်တစ်ပါးကသွားလျှောက်တယ်။

■ ဒီနတ်တွေဟာဘယ်လို နတ်တွေတုံးဆိုတော့ အရိယာနတ်တွေ မို့ သွားလျှောက်နိုင်တယ်၊ သိတယ်သူတို့က အရိယာဖြစ်နေလို့ ဒါနဲ့ပဲ သွားလျှောက်တဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကြား တယ်၊ ကြားတော့ ကျောင်းကလုမ်း ကြည့်လိုက်တဲ့အခါကျတော့ ဒါအရိယာတို့၏ သေခြင်းပဲတော်သေးတယ်၊ တော်သေးတယ်၊ မဂ်မြင်တာ နေရာကျသွားသေးတယ်ပေါ့ဗျာ။ ဒါနဲ့ရဟန်းတွေခေါ်ပြီး နတ်တွေ လျှောက်တဲ့အတိုင်း နတ်နှစ်ပါးလာပြီးလျှောက်တဲ့အကြောင်း ပြီးတော့ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း မယုတ်မာတဲ့သေခြင်းဖြင့် သေတယ်ဆိုတာကိုမင်းတို့ ဝက္ကလိသွားပြော ဘုရားကလွှတ်လိုက်တယ်၊ ကိုရောက်တော့ ရဟန်းကလဲပြောပြီး လီးတော့တာပါပဲဗျာ၊ ပြောတုံးပဲ ခင်ဗျားတို့ ခုနက ထင်မြင်တာတွေ အကုန်လျှောက်တော့တာပါပဲ ရိပ်မိ ကြပလား။

## ☸ ရဟန္တာသေနည်း

■ ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ရဟန္တာသေတယ်ဆိုတော့ သူပက်လက်လှီးလိုက်တာကို လည်ပင်းပက်လက် လှီးလိုက်တယ်၊ ပက်လက်လှီးလိုက်တဲ့အခါကျတော့ ကိုယ်ကြီးကတော့ ပက်လက်ပဲ၊ ခေါင်းကတော့လက်ျာဘက်စောင်းတယ်။ အဲဒါရဟန္တာ သေမှတ်ပေတော့။ ကိုယ်ကတော့ဖြင့် မစောင်းနိုင်ဘူး၊ ခေါင်းက လက်ျာဘက်စောင်းပါတယ်၊ အဲ ဒကာ ဒကာမတို့ မပြတ်စဲသေးလို့ ပုဂ္ဂိုလ်ဖြင့် ကိုယ်ပါစောင်းရမယ်၊ ဒါ ရဟန္တာတို့ရဲ့ သေနည်းပဲစာမှာ ဒီအတိုင်းလာပါတယ်။ ဝက္ကလိသုတ်မှာလည်း ဒီအတိုင်းလာတာပဲ သဘောကျပလား။ ဒါနဲ့ သေကြောင်းလည်း ဘုရားသခင်ကိုယ်တော်မြတ်ကြီးကသိတယ်၊ ထိုကဲ့သို့သိတာနဲ့ ဘုရားသခင်ကိုယ်တော်မြတ် ကြီးက ကိုင်းကွာ ရဟန်းတို့ ဝက္ကလိဆီ သွားကြဦးစို့ဟေ့ - သေကြောင်းသိတာနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လာတာပေါ့ဗျာ၊ လာတော့ ကိုယ်ကြီးကတော့ဖြင့် ပက်လက်ပဲကြည့်ကြဝက္ကလိသေပုံကို၊ ခန္ဓာဟာ ဘာမှ အရင်ကလေးကအတိုင်းပဲကွ၊ မင်းတို့ရိပ်မိ ပလား၊ ရဟန်းတွေကို ထိုးပြတယ်။ သဘောကျပလား။

■ ရဟန်းကိစ္စပြီးပြီလို့ပြောလိုက်တယ်။ ဒါရဟန္တာသေနည်းနော်၊ အဲဒီတော့ ဒီအတိုင်းမနေနဲ့ ဝက္ကလိကြည့်ပြီး ကောင်းကင် လဲကြည့်ပါဦး ဆိုပြီး ကောင်းကင်ကြည့်ခိုင်းတယ်။ ကောင်းကင်ကြည့်လိုက်တော့ ဝက္ကလိကို မာရ်နတ်ကြီးက သေခြင်းဆိုးသေတာ ဆိုတော့ သူဘယ်ဘုံရောက်တယ်ဆိုတာ ငါလျှောက်ရှာမယ်၊ မာရ်နတ်ကရှာတာက သေခြင်းဆိုးသေတာကို။ သူ့အထင်ပေါ့ဗျာ သူ့အထင်က သေခြင်းဆိုးသေတယ်ဆိုတာ အယူကရှိပြီး တိမ်ဖွေထဲမှာ အမဲကြီးတွေနဲ့ ဟိုပြေးလိုက်၊ ဒီပြေးလိုက်၊ အရှေ့ပြေးလိုက် အနောက်ပြေးလိုက် အပေါ်ပြေးလိုက် အောက်ပြေးလိုက် တခြားမကြည့်နဲ့ ကောင်းကင်မှာ ရှုပ်နေတာ မင်းတို့

ဘာထင်ကြသတုံး ကောင်းကင်မှာ တပြေးထဲတလွှားထဲ သွားနေတာ မမြင်ကြဘူးလား၊ အဲဒါမာရ်နတ်ကွတဲ့ မာရ်နတ်၊ ဝဋ္ဋလိဘယ်မှာ ပဋိသန္ဓေနေသတုန်း ဆိုတာလျှောက်ရှာတာ။ သူ့စိတ်ထဲမှာ သေခြင်းဆိုး သေတယ်လို့ သူ့စိတ်ထဲမှာ အယူရှိတယ်ကွ၊ သဘောကျပလား။ ကောင်းကင် ကြည့်လိုက်တော့ မာရ်နတ်ကြီးကလျှောက်ရှာတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့ သံယာတွေမြင်ပါတယ်။

■ ဩော် လောင်စာကုန်၍ မီးငြိမ်းတာ ရှင်းပလား၊ လောင်စာကုန်၍ မီးငြိမ်းတာ၊ ဒီမီးဘယ်သွားသတုံးရှာပါလား၊ တွေ့လား မတွေ့ဘူးလား၊ လောင်စာကုန်၍မီးငြိမ်းသွားတာ ဒကာ ဒကာမတို့ ဒီမီးဘယ်မှမသွားဘူး ငြိမ်းတာပဲရှိတယ်၊ နိဗ္ဗာန်ဆိုတာ အဲဒါမှတ်ပါ လောင်စာသိမ်း၍မီးငြိမ်းတာ နိဗ္ဗာန်ဆိုတာ သဘောကျပလား။ ဒါဖြင့် မာရ်နတ်တွေ တစ်သိန်း လျှောက်ရှာ၊ တန်ခိုးကြီးတဲ့မာရ်နတ်တွေ တစ်သိန်းလျှောက်ရှာပါ တွေ့မလား။ မတွေ့ဘူးလား၊ အဲဒါ ဘုရားဟောတော်မူတာ ရိပ်မိကြပလား။ ဒါဖြင့် ခင်ဗျားတို့ဟာ သေသေချာချာအားထုတ်ရလိမ့်ဦးမယ်ဆိုတဲ့ အဓိပ္ပါယ်လဲ ဘုန်းကြီးတိုက်တွန်းတယ်နော်၊ သာမည သမာဓိပညာလေး လောက်နဲ့ ကိလေသာအားဖြင့် ခေါင်းပါးပါတယ်ဘုရား နည်းပါးပါ တယ်ဘုရား၊ တပည့်တော်တို့ဖြင့် တော်တော်အသင့်အတင့်တော့ ခရီးရောက်ပြီဆိုပြီး မနေပဲနဲ့ပေါ့ဗျာ။ နိဗ္ဗာန်ကြီးကို တစ်ခါတည်းရှင်းရှင်း၊ ကွင်းကွင်းကြီးမြင်လောက်အောင် ကြိုးစားပါဆိုတာ ဘုန်းကြီးများက တိုက်တွန်းတယ်။ ဝဋ္ဋလိလို ဖြစ်နေမှာစိုးတယ်၊ ဝဋ္ဋလိလို ဖြစ်နေတော့ အဲဒီမှာလျှောက်ပုံ၊ ထားပုံ၊ မြင်ပုံရှင်းတယ်၊ မရှင်းလား၊ ဒကာ ဒကာမတွေ ရှင်းပါတယ်နော်။ ရှင်းတော့ သူ့စိတ်ထဲမှာ ရှင်းကြောင်းကို ဘုရား မလျှောက်ဘူးလား၊ ဒါနဲ့ ဝိစိကိစ္ဆာပါသေးလား၊ တဏှာ၊ မာန၊ ဒိဋ္ဌိကော စွဲကပ်သေးရဲ့လား၊ သို့သော် မရဘူးတဲ့။

■ ဒီတော့ မရဘူးဆိုတော့ အတော်ခဲယဉ်းမနေဘူးလား၊ လည်ပင်းလှီးပြီးတော့မှ မဟုတ်ကြောင်း ကောင်းကောင်းပေါ်ပါတယ်။ ပေါ်လာတဲ့အခါ ဝိပဿနာပြန်မပြောင်းဘူးလား၊ ပြန်ပြောင်းတဲ့အခါ ကိစ္စပြီးပါတယ်။ အဲဒီ ပုဂ္ဂိုလ်ဟာ တော်သေးတယ်လို့ ဒကာ ဒကာမတွေက ဆုံးဖြတ်ချက်ချပါ။ ပြောင်းလို့ရလို့တဲ့ ၊ ဘာပြုလို့ပြောင်းလို့ရတာတုံး နဂိုက လုပ်အားရှိနေလို့ လုပ်အားမရှိတဲ့ပုဂ္ဂိုလ် ဆိုရင်ကော ပြောင်းလို့မရပါဘူးနော်။ ကောင်းပြီ ဒါဖြင့် လုပ်အားဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာဖြင့် ပေါ်ပါပြီ၊ အဲတော့ ရုပ်နဲ့နာမ်ကို ခင်ဗျားတို့ ကြိုက်ရာကိုရှု သဘောကျပလား။

ကိုင်း ယနေ့ ဒီတွင် တော်ကြစို့။

သာဓု - - - သာဓု - - - သာဓု။

● ● ● ● ●

# ဝေဒနာနဲ့ပသာနာသတိပဋ္ဌာန်

■ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဟော တော်မူတယ်၊ ဒကာ ဒကာမတွေကို မျက်လုံးထဲမှာ မြင်ရတာဟာ၊ သူ့နာမည်ပေးရတာ သနားစရာ အင်မတန် ကောင်းတယ်တဲ့။

■ သေမင်းဆိုတဲ့ မရဏစာတ်ကြီးကရှိတယ်၊ အဲ့ဒီ မရဏစာတ် သေမင်းကလည်း သတ္တဝါတွေ သေရာ သေကြောင်း ကြံစည်ထားတာ ရှိတယ်။ အဆင်းကလေးကိုပြပြီး ဒီအဆင်းလေးချစ်အောင် ခင်အောင် သူ လုပ်တယ်။ ဒီအဆင်းလေးချစ်အောင် ခင်အောင် သူလုပ်ပြီးမှဖြင့် ဒီအဆင်းနားက ဒီဒကာ ဒကာမတွေ မသွားနိုင်တဲ့အခါ မရဏစာတ်ဆိုတဲ့ သေမင်းက သတ္တဝါတွေဟူသ၍ကို သူ့လက်အောက်က အကုန်အသတ် အဖြတ်ခံဖို့ရာ အလိုရှိနေတဲ့ သေမင်းသည် သတ္တဝါတွေကို အထူးတလည် ရှာမနေရဘူး။

■ သားတည်းဟူသော ရုပါရုံအဆင်း၊ အသံ အဲ့ဒါလေးတွေ ခင်တွယ်နေတဲ့ အမေမိဘတည်းဟူသော ပုဂ္ဂိုလ်တွေဟာ သားသမီး တည်းဟူသော အသံ၊ အဆင်း၊ အပြောအဆို၊ ပုံသဏ္ဌာန်၊ ဟန်ပန် ဒါတွေနစ် သက်ပြီး သားတည်းဟူသော အစာကို မျိုသိပ်ကာ၊ စားကာနဲ့ပဲ ဒီနားကိုပဲ တဝဲလည်လည်တရစ်ပတ်ပတ်နဲ့ နေတော့တယ်။ မရဏစာတ်ကြီး ကလည်း သတ္တဝါတွေကို ရှာဖို့မလိုတော့ပါဘူး၊ ဒီနားတင် သူတို့ဆွဲပြီး သတ်ဖို့ဖြတ်ဖို့ပဲတဲ့။ အဲ့ဒါကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အင်း

မရကာမင်းကလည်း အကြံအဖန် ကောင်းပါပေ့ပေါ့၊ ဒီ ဒကာ ဒကာမတွေ ကလည်း မိုက်ပါပေ့ကွာ၊ ဒီအဆင်းတည်းဟူသော တရားနဲ့ထောင် ထားတဲ့ဟာကို သူတို့က မျိုကြတယ်၊ စားကြတယ်ဆိုတော့ ၊ ဘယ်မှာ သာလျှင် မရကာမင်းလိုတဲ့ အချိန်ဆွဲ သတ်ပြီး အပါယ်ဆိုတဲ့အရပ်သို့ ပို့ရုံပဲ။

■ သူတို့ကလည်း မိုက်ပါဘိနဲ့ ဆိုပြီး ဘုရားသခင် ကိုယ်တော် မြတ်ကြီးက မြင်တော်မူတယ်၊ အဲ့ဒါ ကြောင့် သံယုတ်ပါဠိတော်မှာ ဟောတော်မူတယ်၊

**သေယျထာပိ ဘိက္ခဝေ ဗာဠိသိကော အာမိသဂတံ ဗဠိသံ ဂမ္ဘီရေ ဥဒကဒရဟာဒေ ပက္ခိပေယျ။**

■ ငါးဥပမာပြမယ်ကွာတဲ့၊ ဘိက္ခဝေ = ရဟန်းတို့၊ သေယျထာပိ = ဥပမာ အဘယ်ကဲ့သို့နည်းမူကား၊ ဗာဠိသိကော = ငါးကိုမျှားလေ့ရှိသော ပုဂ္ဂိုလ်သည်၊ အာမိသဂတံ = အစာနှင့်တကွသော၊ ဗဠိသံ = ငါးမျှား ချိတ်ကို၊ ဂမ္ဘီရေ = နက် သော၊ ဥဒကဒရဟာဒေ = ရေအိုင်၌၊ ပက္ခိပေယျ = ချထားရာ၏၊ တမေနံ = ထိုငါးမျှား ချိတ်ကို၊ အညတရော = တစ်ကောင် သော၊ အာမိသစက္ခု = အစာကိုမြင် သော၊ မစ္ဆော = ငါးသည်၊ ဂိဠေယျ =မျိုရာ၏ ၊ ဘိက္ခဝေ = ရဟန်းတို့၊ ဂိလ ဗဠိကောသော ငါးမျှားချိတ်ကို မျိုမိသော၊ သောမစ္ဆော = ထိုငါးသည်၊ ဗျသနံ = သေမင်း၏ နိုင်ငံသို့၊ အာပန္နော = ရောက်တော့၏ ။

■ အဲတော့ စဉ်းစားပါတဲ့၊ ခင်ဗျားတို့မှာတဲ့ အဆင်းရှိတဲ့ဟာ ကိုယ့်သားလေး၊ ကိုယ့်သမီးလေး အဆင်း ပေါ့ဗျာ၊ ရုပ်အဆင်း။ အဲဒီကဲ့သို့ အဆင်းတည်းဟူသော တရားတွေဟာ ငါးမျှားချိတ်မှာ ငါးစာတပ်ထားတဲ့ ငါးမျှားချိတ်မှာပါတဲ့ ငါးစာနဲ့တူပါတယ်။ အဲဒီ ငါးစာကို ဒကာ ဒကာမတွေ တည်းဟူသော ငါးတွေသည် မြင်ပြီဆိုမှ ဖြင့်တဲ့ တစ်ခါတည်း မျိုမိကြတယ်၊ စားမိကြတယ်ဆိုတော့ ခင်မိကြတာပေါ့ဗျာ၊ ခင်မိကြတယ်၊ ကြင်မိကြ တယ် ဆိုပြီးတစ်ခါတည်း မိမိတို့သည် မခွဲနိုင် မခွာရက် ဖြစ်ကြတယ်။

■ မရဏမင်းဆိုတဲ့ ပုဂ္ဂိုလ်က ဒီရှုပါရဲ့ အဆင်းကို အဆင်းတည်းဟူသော ငါးစာတပ်ပြီး ဒီအထဲချထား တာပဲ။ ဒီအထဲချထားတာတဲ့ အခါကျတော့ ဒီငါးဟာ မျိုမိတဲ့ အခါ ဒီတိုင်နဲ့ ဒီငါးမျှားကြိုးအပြင် ပိုမိုပြီး သူဘေး မသွားနိုင်ပါဘူး၊ မျိုမိပေါ့ကိုးဗျ၊ မသွားနိုင်တော့ဘူး၊ မသွားနိုင်တဲ့အခါ တံငါသည်နဲ့တူတဲ့ မရဏမင်း သည် (ဝါ) သေမင်းသည်၊ ဘယ်အချိန်မဆို ဒီငါးကို အလိုရှိတဲ့အချိန်ရမယ်ဆိုတာ ဆုံးဖြတ်ချက်ချသွားတယ်။ ဒီငါး ကို အလိုရှိတဲ့အချိန်ကျလို့ရှိရင်၊ ဒီကြိုးအတိုင်း လိုက်ပြီးဆွဲလိုက်တယ်ဆိုရင်ဖြင့် ဘယ်အချိန်မဆို ဒီငါးဟာ တန်းလန်းကြီး ပါလာတယ်။ အဲတော့ကို ဈေးဆီ ဘာဆီရောက်လာမှ သူ့ဝယ်သူကို ရောင်းကောင်းအောင်ဆို ပြီး ဈေးကျမှ သတ်မှာ။

■ အဲဒီကဲ့သို့ မရဏမင်းဆိုတဲ့ တံငါသည်၏လက်တွင်းမှာ၊ ၄င်းငါးသည် အလို ရှိသောအချိန်၌၊ အသက် အပ်နင်းရတယ်လို့ ဆိုလို့ရှိရင်၊ အမှန်ပဲဆုံးဖြတ်ချက်ချရမှာပဲ။ ခင်ပွန်းမကို ခင်မိတယ်၊ ယောကျ်ားဘက်ကနေ တွေးပါတော့၊ ခင်ပွန်းမကို ခင်မိတယ်ဆိုလို့ရှိရင် ခင်ပွန်းမ ရှုပါရဲ့၊ အဆင်းရှုပါရဲ့ကြီး ငါးစာတပ်ထားတဲ့ ငါးမျှားချိတ်ပါပဲ၊ အဲတော့ ယောကျ်ားလုပ်တဲ့ပုဂ္ဂိုလ်သည် ဒီခင်ပွန်းမကို ခင်မိ၊ မင်မိ၊ ကြင်နာမိတဲ့အတွက် (ဝါ) မျိုမိ၊ စားမိတဲ့ အတွက် ဒီအနားမှတစ်ပါး ဘယ်ကိုပဲသွားသွား ဒီနား တော့ ရှာရင်တွေ့တဲ့အချိန်များတယ်၊ ဒီအနား မပြန်ပါပဲနဲ့ မနေပါဘူး။

■ အဲ့ဒါကြောင့် စဉ်းစားကြ၊ ဩော် ဒို့တစ်ယောက် တစ်ယောက် ခင်တယ်ဆိုတာ ငါးစာမျိုမိတဲ့ ငါးဥပမာ ပါလား။ ဒီနေရာကနေ ဘယ်နေရာမှ မပြေးနိုင်တော့ဘူး သေမင်းလာရာလို့ရှိရင်ဖြင့် ဒို့ပုန်းစရာ လျှိုစရာရယ်လို့ ငါတို့ နေရာမရှိဘူး၊ သူ ထောင်ထားတဲ့ငါးစာ ဒို့က မျိုမိရက်ကြဲပြီ သူက အဆင်းနဲ့ထောင်ထားတာ။ အဆင်းနဲ့ထောင်ထားတော့ ဒီအဆင်းလေး ခင်မိပြီ၊ မျိုမိပြီဆိုကြစို့။

■ အဲတော့ သေမင်းက လိုက်ရှာတဲ့အခါကျတော့ တော်တော်

အရှာမခက်ပဲ သူထောင်ထားတဲ့နေရာ သူသွားရုံပဲ၊ အေး သူထောင်ထားတဲ့နေရာ သူသွားပြီး ခုနက အဆင်းမျိုထားတဲ့၊ ဟုတ်လား အဆင်းမျိုထားတဲ့ ငါးယောက်ျားတွေသည် ဒီ ကြိုးအတိုင်းလိုက်ပြီး ဖမ်းလိုက်လို့ ရှိရင်ဖြင့်၊ ဒီငါးသည် ဘယ်မှာပြေးလွှားစရာ အချက်ရှိသေးသတုံး၊ သူပြေးနိုင်တာ ဒီတိုင်ကိုလှည့်ပတ်ပြီး ပြေးတော့မှာပေါ့။

■ ဘယ်မှ မပြေးနိုင်ဘူး၊ အဲတော့ မရဏမင်းသည် သိပ်အရှာခက်ပြီး သိပ်အဖမ်းရခက်ပြီး သတ်ဖို့ရာအလုပ်ကို အင်မတန်ခဲခဲယဉ်းယဉ်း ရှာရမယ့် အခြေအနေမရောက်ဘူး။ အလိုရှိတဲ့အချိန်ဖမ်းကာ သတ်ကာနဲ့ပဲ သူအလိုရှိသလိုစီမံဖို့ ရာသည် အချိန်မရွေးပြည့်စုံနိုင်တယ်။ ဒီမှာလည်း ခင်ဗျားတို့ သေမင်းဆိုတဲ့ မရဏ ဓာတ်က ထောင်ထားလိုက်တာကဖြင့် အဆင်းရူပါရုံနဲ့ ထောင်ထားတော့၊ ခင်ဗျားတို့ ကိုယ့်ခင်ပွန်းရှိတဲ့အိမ် ဒီငါးဘယ်မှသွားမရှာနဲ့၊ ဒီအနားမှာပဲ တဝဲလည်လည် တရစ်ပတ်ပတ်နဲ့ မနေဘူးလား။ သား၊ သမီးဟူသော အဆင်းရူပါရုံ ငါးစာလေးတွေ ရှိတဲ့နေရာ၊ အမေမိဘတွေ သွားရှာပြီး၊ မရဏမင်းက သတ်ချင်ပါတယ်ဆိုရင်ကော လွယ်ပါတယ်၊ သူက သားသမီးဟူသော အဆင်းနဲ့ ငါးမျှားချိတ် တပ်ပြီး ထောင်ထားတာကိုးဗျ၊ ထောင် ထားတဲ့ မရဏမင်းက လျှောက်ရှာတဲ့အခါကျလို့ရှိရင်ဖြင့် သိပ်ပြီး အနံ့အပြားမရှာရဘူး၊ ဒီကြိုးနဲ့ ဒီနေရာပဲရှာရ မှာပါပဲနော်။ အဲဒါကြောင့် ခင်ဗျားတို့ သားခင်၊ သမီးခင်၊ ပစ္စည်းခင် အဲ့ဒါတွေ ငါးစာတွေ မျိုနေကြတာတဲ့၊

"သေယျထာပိဘိက္ခဝေဗာဠိသိကော အာမိသဂတံ အာမိသစက္ခုမစ္ဆော ဂိဠေယျ ...သော အနယဗျသနံ အာပန္နော"

■ ဘိက္ခဝေ = ရဟန်းတို့၊ သေယျထာပိ = ဥပမာ အဘယ်ကဲ့သို့ နည်းမူကား၊ ဗာဠိသိကော = ငါးမျှား တတ်သော သူသည်၊ ဗဠိတံ = ငါးမျှားချိတ်ကို၊ ဂမ္ဘီရေ = နက်သော၊ ဥဒကဒရဟာဒေ • ရေအိုင်၌၊

ပက္ခိပေယျ ▪ချထားရာ၏၊ ရှုပါရုံလေး တပ်ပြီးချထားလိုက်တယ်၊ အဆင်းလေးတပ်ပြီး ချထားလိုက်တယ်၊ အဲဒီကဲ့သို့ ချ ထားတဲ့ တမေန် ▪ အဆင်းတည်းဟူသော ရှုပါရုံငါးစာကို၊ အာမိသစက္ခုမဋ္ဌော ▪ အားလုံးသည် အဆင်းကို နှစ်သက်တဲ့ ငါးနဲ့တူတဲ့ ဒကာ ဒကာမတွေ သည်တဲ့၊ ဂိဠေယျ ▪မျိုရာ၏၊ (ဝါ) ခင်ရာ၏ပေါ့ဗျာ၊ မာရဿ ▪ မရဏမင်း ၏၊ တံဝသံ ▪ထို နိုင်ငံသို့၊ အနယဗျသန် ▪ပျက်စီးခြင်းသို့၊ ပါပုဏေယျ ▪ရောက်ရာ၏၊ သေမင်းစီမံ ဖို့တစ်ခါတည်းဖြစ်လာတာပဲ၊ မျိုမိကြပြီ၊ ဖြစ်စဉ်ကို ပြောရတော့မယ်ဆိုလို့ရှိရင်ဖြင့် ဘယ်နေရာမှာ သေမင်း လိုက်ရှာဖို့ရာ ခဲယဉ်းသေးရဲ့လားလို့ မေးလို့ရှိရင် သူ့ ထောင်ထားတဲ့နေရာ သွားရှာမှာပေါ့ဗျာ။

■ သူထောင်ထားတဲ့နေရာ သွားရှာတော့ ခင်ဗျားတို့တန်းလန်းကြီး အာခေါင်ချိတ်ရက်ကြီးဆိုသလို မိ နေပါတယ်၊ လိုချင်တဲ့အချိန်မှာပဲ ကဲ ဒီငါးက သတ်ချိန် ရောက်ပြီ၊ ဒီပုဂ္ဂိုလ် သတ်ချိန်ရောက်ပြီဆိုတော့ တခြား လျှောက်ရှာမနေရတော့ဘူး၊ အလိုရှိတဲ့အချိန် ခင်ဗျားတို့ တိုက်၊ ခင်ဗျားတို့အိမ်၊ ခင်ဗျားတို့သားသမီး၊ ခြေရင်း သွားရှာလိုက်တော့ အဆင့်သင့်တွေ့တာပေါ့ ဒီငါးခြေရာ။ အဲဒီလို ခင်ဗျားတို့ ယခုအိမ်မှာ နေလာတာ သည် မျိုမိလို့ ဘယ်မှ မသွားနိုင်တော့ဘူး၊ သားတည်းဟူသော ခင်မှုကို မျိုမိလို့၊ အဆင်းတည်းဟူသော ငါးစာ ကို မျိုမိလို့ပဲ။ သမီးတည်း ဟူသော အဆင်းရှုပါရုံကို ခင်မိ၊ ကြင်မိ၊ မျိုမိလို့၊ ဒီအဆင်းတည်းဟူသော ဖောဋ္ဌဗ္ဗ အာရုံဆိုတဲ့ တရားတွေကို ခင်မိ၊ မင်မိ၊ မျိုမိလို့ ဘယ်နေရာ သွားရှာရှာ ခင်ဗျားတို့သည် ဒီနေရာမှတစ်ပါး ဘယ် မှ သွားရှာနေဖို့ မလိုတော့ဘူး။ ဒီနေရာပဲရှာပြီး ဒီနေရာကနေပြီး မရဏမင်းက လိုက်သတ်တာနော်။

■ အဆင်းတည်းဟူသော ငါးစာသည် ခင်ဗျားတို့၏ရန်သူ အကြီးဆုံး။ သို့သော် ငါးစာဟာ သူ့ဟာသူနေ တာ ခင်ဗျားတို့က မျိုတယ်။

မျိုတဲ့ပုဂ္ဂိုလ်ဟာ ဆိုးပါတယ်၊ အဲ့ဒါကြောင့် မျိုတာသည် လောဘ-တဏှာ ပဲပေါ့၊ ချမ်းသာချင်တာကို၊ ရချင်သကို၊ စားချင်သကို။ ကောင်းတာ ကြိုက်သကို၊ ကောင်းတာကြိုက်တာ တဏှာပါ၊ အဲ တဏှာနဲ့ မျိုလိုက် တယ်၊ သုခဝေဒနာနဲ့ တဏှာပေါ့ဗျာ။ သုခ တဏှာ သုခကြိုက်တဲ့ တဏှာနဲ့ မျိုလိုက်၊ အဲတော့ သုခက ချမ်းသာတာ ဟုတ်လား၊ တဏှာက နှစ်သက် တာ ဟုတ်လား။ နှစ်သက်တဲ့တဏှာ ချမ်းသာမယ်၊ ချမ်းသာ တယ် ထင်လို့ နှစ်လည်းနှစ် သက်၊ ချမ်းသာခြင်းနှစ်သက်တော့ မျိုလိုက်တာပေါ့ဗျာ။ သားခင်၊ သမီးခင်၊ ပစ္စည်းခင်၊ သားအသံ၊ သမီးအသံ၊ ပစ္စည်းကလေး၏ ပြောသံ ဆိုသံ အဲဒါ တွေမျိုမိပြီဆိုမှဖြင့် တဏှာက မျိုသမား။ တဏှာရှိနေ တဲ့ ဒကာ ဒကာမတွေဟာ ဘယ်အခါမဆို အာခေါင်ချိတ်တဲ့ ငါးစာ မျိုမိ ပါလိမ့်မယ်။ ငါးက သွားမျိုပါတယ်နော်၊ ငါးစာဟာ သူချည်းချထားတာ မရဏမင်းက သတ်ချင်လို့ ချတာ အမှန်ပါပဲ။

■ သို့ရာတွင် ငါးစာက ဘယ်နည်းနဲ့မှ ငါးရှိရာသို့ ပြေးမလိုက်ဘူး၊ သူက ငြိမ်ငြိမ်ဆိမ်ဆိမ်နေတာပဲ။ လေတိုက်ရင် အနည်းငယ်လှုပ်မယ် ပေါ့ဗျာ၊ သို့သော် လှုပ်ပေမယ့် ငါးက သွားမျိုရတာလား၊ သူက အာခေါင်ထဲ ဝင်ချိတ်ဖို့ အတော်ခဲယဉ်းတယ်၊ ငါးမျှားချိတ်နဲ့ ငါးစာသည် ငါး၏ အာခေါင်ထဲကို ပါးစပ်ပိတ်ထားတဲ့ ငါကိုဖြင့် ချိတ်ကို မချိတ်ဘူး၊ အဲဒါ ခင်ပျားတို့ကလည်းတဲ့ အကောင်းကြိုက် သုခဝေဒနာကလည်း ရှိနေ တော့ မျိုမိကြတယ်၊ မျိုမိလာတဲ့အခါကျတော့ အာခေါင်ချိတ်တဲ့ ဒုက္ခဝေဒနာရတယ်။ ဒါဖြင့် မျိုချင်တာ တဏှာပဲ၊ သူတို့အတွက်နဲ့ စိတ်ဆင်းရဲမှု ခင်မှု ကြင်မှု၊ ကြင်နာမှုတွေ စုပြီးနေသောကြောင့် အင်း ခက်ပါသေးတယ်၊ ကျွေးဖို့၊ မွေးဖို့၊ လိမ္မာ ယဉ်ကျေးဖို့ သူတို့အတွက် စိတ်အေးရတာတစ်ကွက်မှ မရှိဘူး။ မျိုမိလို့ငြီးတာ အဲဒါ အာခေါင် ချိတ်တာပါ။

■ မျိုမိတာက သုခဝေဒနာ၊ နာလွန်းလို့ ညည်းမိတာက

ဒုက္ခဝေဒနာပါ၊ အခုတော့ ဘယ်အခြေအနေ ဆိုက်နေကြသတုံးလို့ ဆိုတော့၊ ခုနက သေမင်းထောင် ထားတဲ့ ငါးစာကလေးတွေကို စားလည်း ပြီးကြပါပြီ၊ အာခေါင်လည်း ချိတ်နေလို့ ယခု အချိန်တော့ ညည်းလုံး ထုတ်တဲ့ အချိန်ရောက်ပါပြီ။ ရှေ့ကြာလေခက်လေ ခက် ဦးမှာပဲ၊ ခင်ဗျားတို့ တွေးလုံးတွေက အာခေါင်ချိတ်နေတော့ ဟုတ်လား။ ဘယ့်နယ်မှလည်း မတတ်နိုင်တော့ ဒီသား၊ ဒီသမီး၊ ဒီမြေး၊ ဒီမြစ်နဲ့ ဒီစူးရှုပုံနဲ့ဟာ ရှေ့အာတော် လေးတော့ ခဲယဉ်းပါသေးတယ်ဆိုပြီး ညည်းလုံးချည့် ထုတ်နေတာပဲ၊ အဲဒါ အာခေါင်ချိတ်နေလို့ ဒါက ဒုက္ခဝေဒနာကြောင့် ထွက်တဲ့ညည်းသံ ပေါ့။ သုခဝေဒနာကို သတိမထားလိုက်တဲ့အတွက် မျိုချင်တယ်၊ ခုနက ငါးစာကို မမျိုပါဘူးဆိုပြီး ငါးစာက ကိုယ့်ဆီလာတာ မဟုတ်ပဲ၊ ကိုယ်က သွားပြီး ဟပ်မိ၊ မျိုမိတာ၊ သုခကြိုက်မိ တဲ့အတွက် သုခနဲ့ မျိုမိတဲ့အတွက် ဒုက္ခသည် လုလုကြီးတွေ့ ပါပေါ့လား။ ငါးစာက လာတာမဟုတ်ဖူးနော်၊ မျိုတဲ့ငါးက မိုက်မှုပဲ၊ ခင်ဗျားတို့ အိမ်ထောင်ရယ်လို့ ကျကြတယ်ဆိုတာ သည် ရိပ်မိကြပလား။ ငါးစာက လာတာလား၊ ငါးက သွားမျိုတာလား။

■ ခုတော့ အာခေါင်ချိတ်နေတဲ့အတွက် မပြေးနိုင်ပါဘူး၊ ဒီနေရာမှာ သေရလိမ့်မယ်လို့ ဆိုတာကော ရိပ်မိပလား၊ ဒီနေရာမှာ ငါသေရလိမ့်မယ် ဆိုတာ တခြားမဟုတ်ဘူး၊ မရဏမင်းက ဒီနေရာမှာ ဘယ် အချိန်မဆို ငါထောင်ထားတဲ့ငါးမိလည်း မိနေတယ်။ ဘယ်အချိန်မဆို ငါ ဒီနေရာမှာ သွားရှာရင် ဒီအကောင် အသေ သတ်နိုင်တယ်ဆိုတော့ နေရာများ မျက်စိ လည်နေစရာ မရဏမင်းမှာ မရှိပါဘူး၊ အင်မတန်ခက်နေပြီ၊ ခင်ဗျားတို့ သုခဝေဒနာက မျိုသမား။ ဒုက္ခဝေဒနာက တစ်ခါ တည်း ရိုက်နက်သမား၊ အာခေါင်ချိတ်သမား။ မရဏမင်းက သတ်သမား၊ ယနေ့ဖြစ်စဉ်ကဖြင့် အင်မတန်ဆိုးနေပြီ၊ ဝေဒနာသုံးမျိုး ယနေ့ ရှင်းလင်းပြီး အပြစ် တွေပြပြီးမှ ဝိပဿနာရှုနည်းကို ပြောပါ့မယ်၊ ငါးစာကို ရှေးဦးစွာ ဖြင်တာက သား၊ ဒါလေးက ခင်ပွန်းပြုလို့ တော်မှာပဲ၊ ဒါလေး သားလေးလုပ် မွေးစားရတာ

တော်မှာပဲ။

■ သားလေးတစ်ယောက် ဖြစ်ထွန်းကားလာမယ်ဆို သိပ်တော်မှာပဲ အစရှိသည်နဲ့ လူတစ်ယောက်နဲ့ တစ်ယောက် အိမ်ထောင်မကျမှီ မခင်မှီ မြင်မှု ဥပေက္ခာက ရှေ့သွားကိုး။ ဟာ ဥပေက္ခာက လမ်းပြတယ်၊ ဥပေက္ခာက ဟိုမှာဟော့ ငါးစာတဲ့၊ မြင်တာက ဥပေက္ခာ၊ မြင်တာ မြင်မြင်ချင်း ဥပေက္ခာပဲ၊ ငါးစာ၊ မရဏမင်း ချထားတဲ့ ငါးစာကိုပြပေးတာက ဥပေက္ခာပါပဲနော်။ ဥပေက္ခာပဲ ရှေးဦးစွာ လက်ညှိုးညွှန်လိုက်တာ၊ ဟိုမှာကွတဲ့ မင်းသဘောကျတဲ့ဟာ ဟိုမှာရှိတယ်၊ မင်း ခင်မင်နှစ်သက်ဖို့ရာ မင့်သား၊ မင့်သမီး ဟိုမှာရှိတယ်၊ မင်းနဲ့ အိမ် ထောင်ပြုဖို့ ဟိုဘက်မှာ ရှိတယ်၊ ဥပေက္ခာက ပြောပါတယ်၊ ဥပေက္ခာကလည်း တကယ့်လူပါလား၊ ငါးကလည်း ငါးဆိုတာဟာ တိရစ္ဆာန်ကိုး မသိလို့ တိရစ္ဆာန် ဥပမာပေးပြီး ဟောတာနော်။

■ တိရစ္ဆာန်လောက်ကို မသိဘူးဟော့ မင်းတို့လူတွေ ဒါကြောင့် တိရစ္ဆာန် ဥပမာထားပြီး ငါဘုရား ဟော တယ်၊ ခု ဒီအတိုင်း မျိုပြီးသား၊ ချိတ်ပြီးသားချည့်ပဲ ဆိုရင်ဖြင့် ခင်ဗျားတို့ ဆောက်တည်ထားတဲ့ သီလဟာ မုသား မဖြစ်ပါဘူး၊ ရှစ်ပါးထဲ က တစ်ပါးပျက်ဦးမလားဗျာ၊ မှန်နေတယ်၊ သုခဝေဒနာ၊ ဥပေက္ခာဝေဒနာ မျိုမိပြီ ဆိုမှဖြင့် ဒုက္ခဝေဒနာက ချိတ်မိပြီ၊ ချိတ်မိရင်နာပြီ။ သုခဝေဒနာက မျိုသမား၊ ဒုက္ခ ဝေဒနာက ချိတ်သမား၊ ဘယ်မှမပြေးနဲ့တော့ဆိုတဲ့ ဒုက္ခဝေဒနာက ဖမ်းချိတ်ထား ပြီ၊ ဖမ်းချိတ်ထားလိုက်တဲ့အခါကျတော့ မရဏဓာတ်ဆိုတဲ့ သေမင်းကြီးလာတဲ့ အခါကျတော့ ခင်ဗျား အဝေးကြီးမသွားနဲ့ ကျုပ်ဒီမှာ ဖမ်းထားတယ်၊ ဒုက္ခဝေဒနာက ဘယ်မှ ရှာမနေနဲ့ ဒီနေရာ ဒီကြိုးအတိုင်းသာ လိုက်ဆွဲတယ်၊ ကြိုးအတိုင်း လိုက်သွားတဲ့အခါကျ တော့ ဒီငါးကြီးဟာ ငါးနဲ့တူတဲ့ ခန္ဓာကိုယ်ကြီးဟာ တခြား မရှာရဘူး ဒီနေရာမှာ သူအလိုရှိသလို ရိုက်ချင်တိုင်း ရိုက်၊ နက်ချင်တိုင်းနက်ပြီး ဟုတ်လား။ ဘယ်သူ့ပုဂ္ဂိုလ်

ကြိုက်သတုံး ဒီငါး ဘယ်လောက်ဈေးဆိုပြီး ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးကို သုံးဆယ့်တစ်ဘုံအတိုင်းပဲ ခံရ တယ်။ ယနေ့ပြောတဲ့ ဝေဒနာသုံးမျိုး ဟာ အင်မတန်မှ ဆိုးဝါး နေပါပြီ။

■ ဥပေက္ခာဝေဒနာက ဟိုမှာ ငါးစာတဲ့ဗျာ၊ ဥပေက္ခာဝေဒနာက ပြပေးတယ်။ သူက မြင်ရုံမြင်တတ်တာ၊ မမျိုတတ်ပါဘူး၊ သုခဝေဒနာက မျိုလိုက်တယ်၊ သူက လဲ မျိုရုံမျိုတတ်တယ် အထဲ ငါးမျှားချိတ်ပါတယ်လို့ သူမသိဘူး။ ဒုက္ခဝေဒနာက လည်း ချိတ်ရုံ ချိတ်တာပဲ နာအောင် ကျင်အောင်တော့ ချိတ် တတ်တယ်၊ ဒါဖြင့် ဥပေက္ခာဝေဒနာကလည်း အင်း မင်းက အစရန်သူ သုခဝေဒနာက အလယ်ရန်သူ ဟုတ်လား၊ ဒုက္ခဝေဒနာက မရဏမင်း ထိုးအပ်တဲ့ အဆုံးရန်သူ။ ဘယ်ရန်သူမှ မကြိုက်ပါနဲ့၊ ကိုင်း ယနေ့ မြတ်စွာဘုရားသခင် ကိုယ် တော်မြတ်ကြီး သည် ဗဠိသုတ်ဆို ဟောတော်မူတယ်၊ ခင်ဗျားတို့ကလည်း ဒီဝေဒနာများ ဘယ် အခါမှ အပြစ်မမြင်ဘူး၊ ခု သုံးခုစလုံးဟာ ခင်ဗျားတို့မှာဖြင့် ကောင်းကျိုးပေးတဲ့ ဝေဒနာရယ်လို့ မပါပါဘူးဗျာ၊ ဥပေက္ခာဝေဒနာက လည်း ဟိုမှာကွတဲ့ ငါးစာတဲ့ ဥပေက္ခာ ဝေဒနာက ဟိုမှာ ငါးစာတဲ့ ငါးမျှားချိတ်နဲ့ တွဲထားတငါးစာလို့မပြောဘူး။

■ ဟိုမှာ ငါးစာလို့သာ ပြောတာ၊ သုခဝေဒနာကလည်း ဒါဖြင့် ကျုပ်လည်း စားချင်တာ ကြာလှပြီ စားဦးမှပဲ ဆိုပြီး သွားစားတယ်၊ ဟိုက စားလိုက်တဲ့အခါကျတော့ ငါးစာထဲမှာပါတဲ့ ငါးမျှားချိတ်က ဒုက္ခဝေဒနာက အာခေါင်ချိတ်ထားလိုက်တာပေါ့၊ ဥပေက္ခာဝေဒနာက လမ်းပြသမား၊ အနယဗျသနံပါပုဏေယျ ပါဠိတော် မှာ ဒီလို ဟောလိုက်တယ်။

■ ဘိက္ခဝေ ငါ၏ ချစ်သားတပည့်များတို့ မင်းတို့ ဖြစ်စဉ်ကို ငါအမှန်မြင်လို့ ပြောရမှာဖြင့်တဲ့ ဗဠိသိကော - တံငါသည်သည် (ဝါ) ငါးထောင်တတ်သော ပုဂ္ဂိုလ် သည်ပေါ့ဗျာ။ ဗဠိသံ =ငါးမျှားချိတ်ကို၊ဂမ္ဘီရေ = နက်လှ စွာသော၊ ဥဒကေ =ရေ ထဲ၌၊ ပက္ခိပေယျ =ချလိုက်ပြီဟော့တဲ့၊

(မှန်ပ့ါ) တမေန် = ထိုငါးစာနဲ့ ချထားသော ငါးမျှားချိတ်ကို။ အညတရော = ဘာမှ အသုံးမကျသော ပေါ့ဗျာ။ အာမိသစသက္ခု မစ္ဆော = စားလိုတဲ့ သုခ ဝေဒနာရှိသော ပုဂ္ဂိုလ်သည်။ ငါးနဲ့ တူသော ပုဂ္ဂိုလ်သည်၊ ဂိစ္ဆေယျ = သောမနဿနဲ့ မျိုရာ၏။ အနယဗျသန် = ပျက်စီးခြင်းသို့၊ ပါပုဏေယျ = ဒုက္ခနဲ့ ရောက်ရာ၏ ။ အားကြီးဆိုးနေပြီ ဝေဒနာသုံးမျိုး အကြောင်း ယနေ့ ခင်ဗျားတို့ လည်လည်ကြီး မှတ်ဖို့ ရှုဖို့ရာအရေးကြီးလို့ ပြောပြီ။ ဥပေက္ခာဝေဒနာက ဟိုမှာ ငါးစာတဲ့ဗျာ၊ ပြပေး ပြီ၊ ပြပေးပြီ ခင်ဗျားတို့က တော့ မျိုချင်တယ်၊ စားချင် တယ်။ ကောင်းတယ်ဆိုရင်ဖြင့်၊ ကျုပ်တော့ မကြိုက် တာက တယ်မရှိပါဘူး၊ သုခ ဝေဒနာကပြောပါတယ်။

■ သုခဝေဒနာက မျိုမိပြီ၊သူကလည်း မျိုရုံမျိုတတ်တာ၊ ဒီထဲ အာခေါင်ချိတ်မိတယ်လို့ သိနိုင်တဲ့ စွမ်းရည် သတ္တိ မရှိပါဘူး၊ အဲဒီလို သိနိုင်တဲ့စွမ်းရည်သတ္တိ မရှိတော့ မျိုမိတာပေ့ါ၊ မျိုမိတော့ ဒုက္ခဝေဒနာ ငါးမျှားချိတ် တာ မလွတ်အောင်ချိတ်တော့တာပေ့ါ၊ အဲတော့ ဒုက္ခဝေဒနာ ချိတ်မိတယ်ဆို၊ မရဏမင်းသည် လိုက်ရှာ တယ်၊ ငါထောင်ထားတဲ့ငါးစာပဲ ငါးဟာ ဆွဲများနေသေးသလားလို့ သွားကြည့်လိုက်တဲ့ အခါကျတော့ ငါးစာနဲ့ ငါးနဲ့တွဲရက်ကြီး။ ဒုက္ခဝေဒနာနဲ့ ခန္ဓာကိုယ်နဲ့ တွဲရက်ကြီး၊ အဲဒီ ပုဂ္ဂိုလ်ဟာ ဘယ်နည်းနဲ့မှ ချမ်းသာပေးလို့ မရ ဘူးဆိုပြီး၊ ခုနက ဒုက္ခအပေါ် မှာ ဒုက္ခဆင့်ပြီး (၉၆)ပါး ရောဂါဝေဒနာ တည်းဟူသော လက်နက်တွေနဲ့ မရဏမင်းက ရိုက်သတ်ပြန်တယ်၊ အရင်တော့ ဒုက္ခဝေဒနာ ဒဏ်ချက် တစ်ချက်တည်း နောက်(၉၆)ပါး ရောဂါဝေဒနာတွေနဲ့ မရဏမင်း လက်နက်တွေနဲ့ အကုန် ရိုက်သတ်လိုက်တဲ့အခါ ငါးနဲ့တူတဲ့ သံသရာ ခရီးမှာ ရှင်ဖို့ ရာ အကြောင်းမရှိပါဘူးတဲ့။

■ အဲ ခုတစ်ခါသေပြီး ဇရာ မရဏကို ထပ်တောင်းဦးမှာပဲ တောင်းပြီး မျိုဦးမှာပဲ၊ မျိုရင်တော့ သေဦးမှာပဲ၊ အဲဒီလို တောင်းလိုက် မြင်လိုက် မျိုလိုက်ဟုတ်လား မိ လိုက်၊ သေလိုက်၊ မြင်လိုက် မျိုလိုက်၊

မိလိုက် သေလိုက်၊ သံသရာမှာ ဒီလိုသာရှိ ပါတယ်၊ မရဏမင်းဟာ သူလိုက်ပြီးသတ်နိုင်တာ မိတဲ့ပုဂ္ဂိုလ်သာ သတ်နိုင်တာ မမိတဲ့ပုဂ္ဂိုလ် ကျတော့ မသတ်နိုင်ပါဘူး။ အဲတော့ ခင်ဗျားတို့က မိအောင်ခံနေတယ်။ မျိုမိပါတယ်၊ အာခေါင် ကော ချိတ်မိပြီတဲ့။ အိမ်တစ်ဆုံးပဲ ပြေးနိုင်တယ်၊ ဟုတ်လား ဒို့ပြင်နေရာ မပြေးနိုင်ပါဘူး၊ ကြိုးရှည်ရှည်နဲ့ သွားလိုက် မန္တလေး ရန်ကုန် ပြန်လှည့်လာလိုက် ကြိုးတစ်ဆုံးကိုး။

■ ဘာကြောင့် ဒီဟာ ရှည်ရှည်ကြီး ကြိုးတစ်ဆုံးကို သွားတာ တောင်မှလည်း၊ ကြိုးတန်းလန်းနဲ့ သွားတော့ ကြိုးတင်းတဲ့အချိန် မြန်မြန်ပြန်မှ ထင်ပါရဲ့ ဘယ်လို များ နေကြမယ်မသိဘူးဆိုပြီး ပြန်ပြေး လာတာပဲ။ မြန်မြန်ပြန်လာတာ ဘယ်နေရာ မှ အချိန်မဆွဲချင်ပါဘူး၊ အချိန်ဆွဲတဲ့ ပုဂ္ဂိုလ်လည်း ဘုရားနဲ့သာ တွေ့မယ်ဆို ခင်ဗျားတို့ ပြန်ချင်တဲ့ စိတ်နဲ့ ဘုရားတရား နာချင်တဲ့စိတ်ကို ဘယ်ဟာက များပါ့မတုံးဆိုရင် ပြန်ချင်တဲ့စိတ်က များပါတယ်။

■ အို ဘုရားနဲ့ နဂိုက ချိတ်ထားတာမဟုတ်ဘူး၊ ဒီက ငါးမျှားနဲ့တော့ ချိတ်ထားပါတယ်။ အဲ ချိတ်ပြီးသား ဖြစ်တော့ ငါးမျှားကြိုး တင်းလေလေ အာခေါင်နာလေလေ၊ နာလေလေ ဒီမျှားတံနား ပြန်ကပ်ချင်လေလေ။ ဩော် ဘုရားအဆူဆူနဲ့ မတွေ့လို့ မကျွတ်ခံတာလား၊ ကြိုးတန်းလန်းနဲ့ သွားရင်းတွေ့လို့ပဲ တရားကို နာခွင့် မရခဲ့လို့မကျွတ်တာလားလို့ မေးလို့ရှိရင်ဖြင့် နာခွင့်ကိုမရခဲ့ဘူး၊ ဒီကြိုးက နောက်က ဆွဲနေတယ်၊ တန်း လန်းဖြစ်နေတယ်၊ ဒီနေ့ ဖြစ်စဉ် ဒီနေ့တရားမှာဖြင့် သစ္စာမသိ သဉ္ဇဖြင့် လုံးဝနေရာ မကျသေးပါဘူး။

■ ဥပေက္ခာဝေဒနာဟာလည်း မင်းလည်း ရန်သူပဲကွ မင်းကြောင့် ဒုက္ခ ဖြစ်တာပဲ၊ မင်း ဒုက္ခသစ္စာလည်း သူ့ဆီလည်းရောက်ရမယ်၊ သုခ ဝေဒနာမျိုလို့ရှိရင် မင်းမမျိုနဲ့ မျိုရင် အာခေါင်ချိတ်လိမ့်မယ်၊ မင်းလည်း ဒုက္ခ ပေးတဲ့တရားပဲ။ ဒါကြောင့် ဒုက္ခသစ္စာပဲ မင်းလည်း ပီဠနဋ္ဌောပဲ။

ညာတာမဖက် အမြဲနှိပ်စက်တာပဲ၊ ဥပေက္ခာ ဝေဒနာကလည်း ညာတာ မဖက် အမြဲနှိပ်စက်တာပဲ၊ ဥပေက္ခာ ဝေဒနာကလည်း နှိပ်စက် မရဏမင်း လက်တွင်း ထိုးအပ်တဲ့အထဲမှာ ဥပေက္ခာဝေဒနာလည်း ခေါင်းဆောင်ဗျ၊ မညှာဘူး၊ မညှာဘူး၊ မရဏမင်းကို ထိုးအပ်တဲ့ နေရာ ဥပေက္ခာဝေဒနာလည်း ရှေ့သွားပါ။ သုခဝေဒနာကလည်း သူသည် မျိုးချင်သမားဆိုတော့ သူက အလတ်စားပဲ။ ဒုက္ခဝေဒနာကလည်း တစ်ခါတည်း မထွက်ရအောင် မရဏမင်း လာရင် အဆင် သင့်ထိုးအပ်ဖို့ တစ်ခါတည်းသူကလည်း ချိတ်ထားသမား။

■ ကိုင်း ဒါကြောင့် သေမင်းမမြင်ရာ ရောက်ဖို့ရာ အရင်ကတည်းက ဟောခဲ့တယ်၊ သို့သော်လည်း ခင်ဗျားတို့ကလည်း သေမင်းမမြင်ရာကို မရောက်နိုင်ဘူး၊ မျိုးပြီးသား၊ သိပ်ပြီးသား၊ ခင်ပြီးသား၊ အဲတော့ သေမင်းထောင်ထားတဲ့ ဒီငါးစာနဲ့ ဒီ ငါးမျှားချိတ်ဆီမှာ သွားပြီး သေမင်းက ရှာလိုက်တဲ့အခါကျတော့ အဆင့်သင့် တွေ့ရတယ်၊ သူထောင်ထားတဲ့ နေရာ သူရှာတာကိုး၊ ကျုပ်တို့ကလည်း မျိုးမိ သိပ်မိပြီးနေတော့ ပြေးစရာ လွှား စရာ ကြိုးတစ်ဆုံးသာ သိပ်ပြီး အရှာမခက်ပါဘူး။ အေး ဒါကြောင့် ဝေဒနာသုံးခု ဝိုင်းပြီးနက်နေကြသော ကြောင့် အသေဆိုး အနေဆိုး ဖြစ်ကြတာပါ၊ ဒီဝေဒနာကို အပြစ်အကြီးအကျယ်ပြပြီး နေပြီ၊ ပြတဲ့ အတိုင်းလည်း မှန်လည်း မှန်လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့။ ဘုရား ကလည်း ငါး မျှားဥပမာနဲ့ပြထား ဟုတ်ပလား၊ ဒါဟာ ဥပေက္ခာပါ၊ ဥပေက္ခာ က လက်ညှိုးညွှန်ပြီး ဟိုဘက်မှာရှိ တယ်၊ ဟိုဘက်မှာရှိတယ်၊ မင်း အားကိုးလုံး ဟိုဘက်မှာ၊ သူဟာ မသေမချင်း လုပ်ကျွေးမယ့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်နဲ့ တူတယ် အစရှိတာနဲ့။ ဥပေက္ခာ ဝေဒနာဆိုတဲ့ မျက်လုံး မြင်မှုက လက်ညှိုးပြပေးလိုက်တယ်၊ ပြပေးလိုက်တဲ့အခါ ခင်မှ မင်မှပဲ ဒါမှပဲ နေရာကျမှာပဲ၊ မြင်တာကတခြား၊ နေရာကျမှပဲကတခြား၊ မြင်တာက ဥပေက္ခာ၊ နေရာကျမှာပဲက ဒုက္ခဝေဒနာ။

■ အဲတော့ သုခဝေဒနာက တစ်ခါတည်း သွားပြီး ခင်လိုက်၊ မင်လိုက်၊ ကြင်နာလိုက်တာပေါ့ဗျာ။ မျိုးမိပြီ၊ မျိုးမိတဲ့အခါကျတော့ သံယောဇဉ်ဆိုတာသည် မျိုးမိပြီ ဆိုမှဖြင့် ကောင်းလည်းမပစ်နိုင် ဆိုးလည်းမပစ်နိုင် လာပြီ၊ ခင်ပွန်းလည်း မပစ်နိုင်ဘူး၊ သားတွေ သမီးတွေလည်း မပစ်နိုင်တော့ ညည်းလုံးထုတ်တယ်။ ကြင်ဖော်ကလည်း ခတ်ဆိုးဆိုး၊ သားတွေ၊သမီးတွေကလည်း ခတ်ပေပေ၊ ခပ်တေတေ၊ မတတ်နိုင်တော့ဘူးဖြစ်မိပေါ့ကိုး ဆိုပြီး ဒီတိုင်အနားက ဘယ်မှမရွေ့ပါဘူး ညည်းလုံးတော့ ထုတ်ပါရဲ့ နာလွန်းလို့ နောက်ဝေဒနာများသော် လည်း နာနာနဲ့ပဲ ဒီဘဝဇာတ်သိမ်းရပုံရတယ်၊ ဟုတ်လား နာနာနဲ့ပဲ ဘေးသွား နိုင်သေးရဲ့လား၊ မသွားနိုင်ဘူး၊ မရဏမင်းက ဒီနေရာက ထောက်တန် ကြီးနဲ့ ထောက်ပြီး ငါးမျှားကြိုး နဲ့ တန်းလန်းဟုတ်လား၊ ငါးစာကြီးနဲ့ အာခေါင်ချိတ်၊ ငါးမျှားချိတ်နဲ့ အာခေါင်ချိတ်နေတော့ ညည်းတာ ညည်းနေရတယ် နာလှချည်ရဲ့ ဒီဘဝအဖြစ် ဆိုးလှချည်ရဲ့။

■ ဘယ်တော့များမှ ချမ်းသာပါ့မတုံး၊ ဘယ်တော့မှ မချမ်းသာဘူး၊ ဒါ အာခေါင်မှာရှိတယ် ညည်းမနေနဲ့၊ ခင်ဗျားတို့ သားရေးသမီးရေး တည်းဟူသော အာရုံတရားတွေက ခင်ဗျားတို့သန္တာန်၌ အမြဲရှိပြီး နေတယ်၊ ခင်ဗျားတို့ ဘယ်မှ မပြေးနိုင်ပါဘူး။ သေမင်းဆိုတာက တခြားလိုက်ရှာရသလား၊ ဒီသားသမီးတည်းဟူသော ငါးစာမျိုထားတဲ့ ပုဂ္ဂိုလ်ဟာ ဒီငါးစာနားတင် ရှိမှာပဲ၊ ပြေးလည်း ဒီကြိုးတဆုံးပါပဲဆိုပြီး ကြိုးအစဉ်အတိုင်းများ လျှောက်လိုက်ရင် အလိုက်သင့် အသာမိပါတယ်။ ဒုက္ခဝေဒနာနဲ့ သည်းတာတင်ခံရသေးတယ်၊ ညည်းပြီး ဒီသား ဒီသမီး ဒီမြေးနဲ့ ကိုယ့် အသက်ကြီးမှာနဲ့ ဟုတ်လား။

■ သူတို့ သုံးမှာ ဖြုန်းမှာနဲ့ အတော်ကိုပဲ ဆိုးဝါးဦးမယ်။ ရှေ့ဒုက္ခကြီး ကဖြင့် အကြီးအကျယ် ရဦးမှာပဲဆို တာလည်း ငါးစာမျိုမိရက် အာခေါင် ချိတ်မိရက် ဖြစ်နေတော့ ပြေးစရာ လွှားစရာ အပေါက် မြင်သေးရဲ့လား။

ဘယ်မြင်လိမ့်မလဲဗျ၊ ဝေးလိုက်တဲ့ဖြစ်ခြင်း၊ ပြေးလည်း ဒီကြိုးတစ်ဆုံးပါလို့ ဆိုနေပေါ့၊ မရဏမင်း ထောင်ထားတဲ့ ကြိုးတစ်ဆုံး ပါပြေးလည်း ဒီနားလှည့်ပြေးမှာပါပဲ။ ဒို့ပြင် ပြေးစရာ မရှိပါဘူး၊ ပြေးမယ် ကြံရင် ကြိုးက နေပြီး ဟုတ်လား တင်းထားလိုက်ရင်း၊ ကိုယ်က နာရက်နဲ့ ဖြစ်ပြီး အာခေါင်ချိတ်နေတော့ ကိုယ့်ကိုယ်ငဲ့တာ တစ်မျိုး။

■ ပြန်ပြန်ပြီး ကြိုးနားပဲ ပြန်ပြီးတိုင်ခြေရင်းပဲ ရောက်ရပါတယ်၊ အဲဒါကြောင့် ဘုရားက ဗဠိသိကောဆိုပြီး သံယုတ်ပါဠိတော်မှာ ဟော ရှာတယ်၊ ဥပေက္ခာ ဝေဒနာက ပို့ပြီဟော့ မင်းတို့ စားချင်တဲ့ငါးစာ ဟိုမှာဟော့ ဆိုတာက သုခကမြင်တယ်တဲ့၊ သဘောသတ္တိမရှိဘူး၊ သုခက မျှချင်တာ သာရှိတယ်။ ဥပေက္ခာဝေဒနာကတော့ မြင်တတ်တယ်၊ ဥပေက္ခာ သဟဂုတ်စက္ခုဝိညာဏ်ကိုး၊ ဥပေက္ခာက မြင်တတ်တယ်တဲ့၊ ဒီဝေဒနာ သုံးမျိုး ချုပ်သွားလို့ရှိရင်ဖြင့် ဒီငါးစာဟာ သူ့ဟာသူ နေရစ် တော့မှာနော်။ ဒို့ပြင် မိစရာ ဖမ်းစရာ သေမင်းကလည်း လိုက်ပြီး ရိက်စရာ နက်စရာ မရှိပါဘူး၊ အဲဒါကြောင့် ဝေဒနာတို့သာ ကုန်အောင် ဝေဒနာတို့၏ ကုန်ရာကို ရှုနိုင် လို့ရှိရင် ဝေဒနာဟာ ဖြစ်ပျက် ဒုက္ခသစ္စာ၊ အမှန်အကန် ရှုနိုင်လို့ရှိရင်ဖြင့် နိဗ္ဗူတော ပရိနိဗ္ဗူတောဆိုတဲ့ အတိုင်း ငြိမ်းအေးတဲ့ နိဗ္ဗာန်ကိုရမယ်။

■ ဝေဒနာငြိမ်းရင် အကုန်သေငြိမ်းမယ်၊ အင်မတန် ခက်နေပြီ ဝေဒနာငြိမ်းဖို့ ရာ အကြောင်းကို ဟော တော့ကို အပြစ်သာမြင်သေးတယ်၊ ဥပေက္ခာဝေဒနာက လည်း ခင်ဗျားတို့ ဟိုမှာ မျှစမ်းပါလားလို့ မဆိုသော် လည်း ဆိုဘိသကဲ့သို့ ဟိုမှာ ခင်ဗျားအစာလို့ပြတာက ဥပေက္ခာဝေဒနာ။ ဒါဖြင့် ကျုပ်စားပါရစေဆိုတာက သုခ ဝေဒနာပါ၊ အဲ ကျုပ်စားပါရစေ ဆိုတာက သုခဝေဒနာ၊ စားသာစားလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း အာခေါင်ချိတ်တာက ဒုက္ခဝေဒနာကပါ။ ဒုက္ခဝေဒနာက ချိတ်တာ၊ ဒုက္ခဝေဒနာက ချိတ်ထားတဲ့အခါ သေမင်း လာရှာတဲ့အခါ တော်တော်ခရီး

ပမ်းပမ်း မရှာရပါဘူး။ တစ်ခါတည်း ထိုးအပ်လိုက်ရတယ်၊ ဒုက္ခဝေဒနာက ချည်ပြီးသား တုပ်ပြီးသားကို၊ ခင်ဗျားလာရင် အဆင်သင့်ဖြစ်ဖို့ ကျုပ် ချိတ်ထားပါပြီ၊ ဟောဒီ သတ္တဝါမိုက် တွေဟာ ခင်ဗျားကြိုက်သလို စီမံပါ တော့ဆိုပြီး ဒုက္ခဝေဒနာက လည်း ထိုးအပ်လိုက်တာပဲ။

■ ဝေဒနာသုံးမျိုး ငါတို့၏ကိုးစားရာ အစစ်၊ အားထားရာ အစစ် ဖြစ်ပါ့မလဲလို့ ဆိုလို့ရှိရင်ဖြင့် ဘယ်သူမှ ကိုးစားရာ အားထားရာမဟုတ် ဘူး၊ သွယ်ဝိုက်သောနည်း နဲ့ ဥပေက္ခာဝေဒနာက ပြမယ်၊ သုခဝေဒနာက အရမ်းမျို၊ ဒုက္ခဝေဒနာက အမြဲ အာခေါင်ချိတ်၊ မရဏမင်းလာတဲ့အခါ ကျတော့ ချိတ်ပြီးသား ထိုးအပ် ဘယ်မှာ ကလန်ကဆန် မပြေးနိုင်ပါဘူး၊ အေး ဒါကြောင့် ဒီမြို့ ဒီရွာ၊ ဒီဌာန ကျုပ်တို့ဖြင့် ဒီ အနေအတိုင်း သေရမှာ ပဲဆို တာ မမှားဘူး။ မမှားဘူး ဒီအနေအတိုင်း သေရမှာပဲ၊ ဘာကြောင့် မမှားတုံးဆိုတော့ ဒီနေ ရာ အာခေါင်ချိတ် မိပါပြီ။ ဒီနေရာ အာခေါင် ချိတ်နေတော့ ကျုပ်တို့ဟာ သေမင်း လိုက်ရာကို ဘယ်လိုပင် ပြေးသော် လည်း၊ ခင်ဗျားတို့ အာခေါင်ချိတ်ကို မဖြုတ်နိုင်သေးသ၍ ကာလပတ်လုံး၊ ဒီကြိုးကို မဖြတ်သ၍ ကာလပတ်လုံး၊ ဒီဝေဒနာနဲ့ နေသည့် ကာလ ပတ်လုံး၊ ဘယ်နည်းနဲ့မှ ခင်ဗျားတို့ဟာ မရဏမင်း မမြင်ရာဆိုတဲ့ နေရာဌာန မရောက်နိုင်ပါဘူး။

■ ဝေဒနာန် ခယံ ဒိသွာ ဝေဒနာကို မရှိမှ ဖြစ်မှာပဲ၊ ဝေဒနာန် ခယံ ဒိသွာ ဝေဒနာ ကုန်ရာ ရှိမှသာလျှင် ခင်ဗျားတို့ဟာ နိစ္စတော ပရိနိဗ္ဗုတော ဆိုတဲ့အတိုင်း ငြိမ်း အေးတဲ့ နိဗ္ဗာန်ရောက်မယ်၊ ဝေဒနာကုန်အောင် မရှု နိုင်ရင် မရောက်နိုင်ပါဘူး၊ ကိုင်း ဒါဖြင့် မရဏမင်းဆိုတာ သေမင်းဆိုတာ ဟာ တခြားအကောင်အထည်ဒြပ်ရှိ သည် မဟုတ်ပါဘူး၊ သေစာ စားမိလို့ သေရတာဟာ မရဏမင်းပါပဲ။ ခင်ဗျားတို့ စဉ်းစား ကြည့်ပါ ဆေးနဲ့ မတည့်လို့ သေတယ်ဆိုရင်ဆေးဟာ သေမင်းမှတ်ပေတော့။ ကြောက်လန့်ပြီး သေတယ်ဆိုရင် ကြောက်တဲ့တရား သည် သေမင်းမှတ်ပေတော့၊

ဒီမှာလည်း ဥပေက္ခာဝေဒနာကလည်း ခင်ဗျားတို့ သေရာတွန်းသမား၊ သေမင်း ပဲ ရှင်းပလား။ သုခဝေဒနာကလည်း မျိုမိအောင် မျိုတော့ သေမင်းပဲ၊ ဒုက္ခဝေဒနာကလည်း မပြေးနိုင်အောင် လုပ်တဲ့ချိတ်ထားပြီး နာအောင်ချိတ်ထားတဲ့အတွက် မပြေးနိုင်အောင် လုပ်တဲ့အတွက် သူလည်း သေမင်းပဲ၊ အဲတော့ ဝေဒနာသုံးမျိုးကို သေမင်းလို့သာ အသေအချာ မှတ်ကြပေတော့။

■ ဒါကြောင့် ဝေဒနာမာရော ဝေဒနာဟာ မင်းတို့ သူသတ် ယောက်ျားကွ၊ ဝေဒနာမာရောလို့ဆိုတယ်၊ ဝေဒနာမာရောတဲ့၊ ဝေဒနာ = ဝေဒနာသုံးမျိုးဟာ ၊ မာရော = သူသတ်ယောက်ျားသည် (ဝါ) သဘော တူသတ်မယ့်ပုဂ္ဂိုလ်သုံး ယောက်သည်လို့ မဟောဘူးလား။ ကိုင်း ဝေဒနာဟာ သူသတ်ယောက်ျားတဲ့၊ မြို့ထဲရွာထဲမှာဖြင့် ခက်နေကြပြီ မျက်လုံးမြင်တာကလည်း ဥပေက္ခာဝေဒနာ၊ မျက် လုံးမြင်လို့လည်း မျိုချင်၊ စား ချင်၊ ရချင်တာက သုခဝေဒနာ၊ သုခဝေဒနာ ဒဏ်ချက် မိပြီဆိုမှဖြင့် ဒုက္ခဝေဒနာဆိုတဲ့ဟာ စိုးရိမ်ရတော့မယ်၊ ပူဆွေးရတော့မယ်ဆိုတဲ့ အာခေါင်ချိတ်မှု လာပါတယ်၊ ဒါဖြင့် မြင်လို့လိုချင်၊ လိုချင်လို့ ဆင်းရဲရပေါ့၊ ဟုတ်လား မြင်တော့ လိုချင်တယ်၊ လိုချင်တဲ့အခါကျတော့ရ၊ ရတဲ့အခါ ဆင်းရဲပါတယ်။

## ❁ ဝေဒနာသုံးမျိုး ရန်သူသုံးမျိုး

■ ကိုင်း မြင်တာက ဥပေက္ခာဝေဒနာ၊ လိုချင်တာက သုခဝေဒနာ၊ ဆင်းရဲတာက ဒုက္ခဝေဒနာ၊ ဒီဝေဒနာ သုံးမျိုးဟာ အကြီးဆုံးသော ရန်သူသုံးမျိုးပဲ၊ ဒါကြောင့် ဝေဒနာ အပြစ်ကို ကြပ်ကြပ်ပြောနေခြင်းသည် ဝေဒနာ နုပဿနာနဲ့ နိဗ္ဗာန်ကူးပါ စေတော့ရယ်လို့ဆိုပြီး ဟောရတယ်၊ ဥပေက္ခာဝေဒနာက ငါးစာရှိရာ ပြသမား၊ သုခ ဝေဒနာက မျိုသမားပါ၊ ဒုက္ခဝေဒနာက ချိတ်သမားပါပဲ။ ဥပေက္ခာဝေဒနာက ငါးစာရှိရာ ပြသမား

ငါးစာရှိရာ၊ သုခဝေဒနာက မျိုသမားပါ၊ ဒုက္ခဝေဒနာက ချိတ် သမားပါ။ ကိုင်း ပြပြီ၊ မျိုပြီ၊ ချိတ်ပြီဆိုမှဖြင့် သံသရာစရီး သည်ဆိုတဲ့ ငါးတွေဟာ (၃၁)ဘုံ ချည်တိုင်မှတစ်ပါး ဘယ်များပြေးနိုင်သေးသတုံး။ နိဗ္ဗာန်က လည်း (၃၁) ဘုံ အပြင်ဘက်မှာရှိတယ်၊ ခင်ဗျားတို့ကလည်း ဒီချည်တိုင်နဲ့ ဒီကြိုးအဆုံးသာ လှည့်ပတ်ပြီးနေရတယ်။

■ ကျွတ်လမ်းလွတ်လမ်းဆိုတဲ့ဝဋ်မှ ကျွတ်ခန်းဆိုတာ မပါတော့ ဘူး၊ ဝဋ်ထဲက မကျွတ်တာ သေသေ ချာချာတွေးတော့မှ ဝေဒနာ ဒဏ်ချက် နဲ့ အသက်ထွက်နေရလို့ပဲ၊ (၃၁)ဘုံထဲမှာ ဝေဒနာဒဏ်ချက်မိပြီး အဖန် ဖန်သေနေရလို့၊ ဝေဒနာသတ်သဖြင့် အဖန်ဖန်သေနေရလို့။ ကိုင်း ဒီဝေဒနာသည် ဝေဒနာနံ့ခယံဒိသွာ လုပ်မှာပဲ၊ ဝေဒနာကုန်ရာကို မြန်မြန် ကြည့်မှပဲ ဒါမှသာလျှင် ခင်ဗျားတို့ နိဗ္ဗုတဆိုတဲ့ ငြိမ်းအေး ခြင်းရမယ်။ ကိုင်း ဝေဒနာသုံးမျိုးကို ဘယ်ဟာမှ မကြိုက်ကြပါနဲ့၊ ဥပေက္ခာ ဝေဒနာ ကလည်း ရုပ်ဆိုးအကျည်းတန်ပဲ၊ သုခဝေဒနာကော ရုပ်ဆိုး အကျည်းတန် ပါပဲ၊ အဲတော့ အသံမကောင်းတော့ ဒုက္ခဝေဒနာကြောက်တယ်၊ ကျုပ်တို့ ဖြင့် ဒုက္ခများ ကြောက်ပါရဲ့ ဩော် တော်တယ် တော်တယ် ဒုက္ခတော့ ကြောက်တယ်။

■ ဒုက္ခဘယ်ကလာတာတုံး မျိုမိတဲ့ သုခကလာတာ၊ ကိုင်း ဘယ်သူ က အရင်းကျတုံး သုခက အရင်းကျပါတယ်၊ ကျုပ်ဖြင့် သုခများကြောက် ပါရဲ့လို့ ဘယ်တော့မှ အသံမထွက်ဘူး၊ သုခကြောက်လိုက်တာ ကျုပ် ချမ်းသာမှာများ သိပ်ကြောက်တာပဲ၊ ပြောပြန်ရင်လည်း မရှိတဲ့သူက ပြောတာ၊ ကျုပ်က ဘာပြုလို့တုံး ဟိုချမ်း သာမယ်ဆိုရင် ကိုယ့်အိမ်တောင် ကိုယ်မနေရဲလို့၊ ချမ်းသာများတော့ ကြောက်ပါရဲ့ ဒါတောင် ပြောပြီ မရှိမရှား ကြိုက်တယ်တဲ့၊ သုခတွေတော့ ကြောက်တယ်မဟုတ်ပါဘူး၊ မရှိမရှားကျတော့ ကြိုက်ပါတယ်။ ကောင်း သေးရဲ့လား မကောင်းပါဘူး၊ သုခ ကြိုက်ရက်ပါပဲ မကောင်းပါဘူး။ ဥပေက္ခာဝေဒနာများ ကြောက်

လှချည်ရဲ့လို့ ဘယ်တော့မှ မလာပါဘူး၊ အဲမှာလေး ကြောက်စရာ အကောင်းဆုံးက သူကလမ်းစ ထွင်ပေးတာဗျ၊ သူနဲ့ ပေါင်းလို့ အမိုက်ကြီး မိုက်ရတာနော်။ အဲဒီ ဥပေက္ခာဝေဒနာကျတော့ မကြောက်မိပါဘူး၊ မကြောက်တတ်တာ၊ ကြောက်စရာ မကြောက်တာဟာ အဝိဇ္ဇာဘဲသာ မှတ်ပေတော့ကွာ။

■ ဝေဒနာသုံးမျိုး၏ အရှုပ်ဆိုးအကျည်းတန်တဲ့ သဘောမသိပါဘူး၊ အဲဒီ မသိတာ အဝိဇ္ဇာပါပဲနော်။ တရားနည်းနည်းပေါ်လာပြီ၊ တရား ပေါ်လာပြီ၊သူတို့၏ အကြောင်း ကောင်းကောင်းမသိတာ အဝိဇ္ဇာပါ၊ ကိုင်း ဒါဖြင့် အဝိဇ္ဇာဖြစ်နေပြီ၊ အဝိဇ္ဇာပေါ်နေပြီ၊ သူတို့၏အကြောင်း ကောင်းကောင်း မသိတာဟာ သူတို့၏ အကြောင်း ဒုက္ခပေးတတ်တဲ့ အကြောင်းတရားတွေ (ဝါ) သူသတ်ယောကျ်ားတွေတဲ့ ဝေဒနာ သုံးမျိုးက။

■ အဲ သူတို့၏ အကြောင်းကောင်းကောင်း မသိတာက အဝိဇ္ဇာပါ၊ ဒါဖြင့် အဝိဇ္ဇာသည် ဒုက္ခ အကြောင်းကောင်းကောင်း မသိဘူး၊ ဝေဒနာ သုံးမျိုး၏ အကြောင်းကောင်းကောင်း မသိဘူးဆိုတဲ့ အဝိဇ္ဇာလာ ပြီ။ အဲဒီ ကောင်းကောင်း မသိတဲ့တရား ကျုပ်တို့က ခန္ဓာကိုယ်ထဲမှာ ရောက်ပြီးနေ တော့ကိုး၊ ဘယ်နည်းနဲ့မှ ဒီဝေဒနာသုံးမျိုးကို ကျုပ်တို့ မပစ်နိုင်တော့ဘူး။ မပစ်နိုင်တာ ခင်ဗျားတို့ ပါးစပ်ထဲမှာ ပါတယ်၊ အကြင်လင် မယား အိမ်ထောင်ကျတယ်၊ ဆိုးလည်း မပစ်ပါဘူး၊ ဟော ဒုက္ခလည်း မပစ်ပါဘူး၊ ကောင်းရင်ကော မပစ်ပါ ဘူး၊ အဆိုးအကောင်း ဝေဖန်လို့ မရရင်ကော မပစ်ပါဘူးတဲ့။

■ အဲမှာ ဝေဒနာသုံးမျိုးကို အကုန်ကြိုက်ထားတာပါလား၊ ဆိုးလည်း မပစ်ပါ ဘူးဆိုတော့ ဘာဝေဒနာ ကြိုက်တုံး ဒုက္ခဝေဒနာပါပဲ၊ ဆိုးလည်း မပစ်ပါဘူးဆိုတာ က ဆိုးလည်း ဒုက္ခဝေဒနာ မပစ်ပါဘူးက ကြိုက်တာပါ၊ ဆိုးလည်း မပစ်ပါဘူးဆို တော့ ဒုက္ခဝေဒနာကြိုက်ပါတယ်၊

ကောင်းလည်း မပစ်ပါဘူး၊ သုခဝေဒနာကြုံကြိုက်တယ်။ ဆိုးလည်း မပစ်ပါဘူးတဲ့ ဒီခင်ပွန်းနဲ့ ဒီခင်ပွန်းမ ပြောဆိုနေကြတယ်၊ ဆိုးလည်း မပစ်ပါဘူး ဒုက္ခ ဝေဒနာကြုံကြိုက်နေတယ်။ ကောင်းလည်းမပစ်ပါဘူး၊ သုခဝေဒနာ ကြုံကြိုက်ပါတယ်၊ အဆိုးအကောင်းရောနေ လည်းမပစ်ပါဘူးတဲ့၊ အံမယ်၊ ဝေဒနာသုံးမျိုး ခင်ဗျားတို့ မကြုံကြိုက်တာ ဘယ်ဟာမှ မပါပါဘူး၊ အံမာလေး လွန်လှချည်လားဗျာ။ ဆိုးလည်း မပစ်ပါဘူး၊ ဒီလိုလည်း ပြောမိပါတယ်၊ ဟာ မှသားများ ဖြစ်နေကြပုံမယ်။

■ ခင်ဗျားတို့ ဖြစ်စဉ်ကဖြင့် ဆိုးလည်း မပစ်ဘူးဆိုတာက ဘယ်အချိန်မှာ ပြောတဲ့စကားတုံး ၊ အိမ်ထောင်ဦးပြောတဲ့စကားပဲ။ ငါးစာမျိုစတုန်းက ပြောတာ၊ မျိုခါစပြောတော့ ဆိုးလည်း မပစ်ပါဘူး၊ ကောင်းလည်း မပစ်ပါဘူး ဟုတ်လား၊ အဆိုးအကောင်း ရောနေလည်း မပစ်ပါဘူး၊ မပစ်ပါဘူးဆိုတော့ သုခဝေဒနာနဲ့နေလည်း မပစ်ပါဘူး၊ ဒုက္ခဝေဒနာရောက်လည်း မပစ်ပါဘူး၊ ဥပေက္ခာဝေဒနာနဲ့ နေရလည်း မပစ်ပါ ဘူး၊ အဲ အဲတော့ ဘုရားဆီမှာ ခင်ဗျားတို့ ဆုတောင်းတာလည်း မနည်းပါဘူး၊ လူကြီးစုံရာရှေ့ ပြောတဲ့စကားက မဟုတ်ဘူးလား။

■ ဘုရားရှေ့ပြောတဲ့စကားဟာ တော်တော်ကြာ ဘုရားကိုတော့ ကလန်ကဆန် လုပ်မယ်ဆို လုပ်နိုင် သေးတယ်၊လူကြီးစုံရာရှေ့မှာကျ တော့ မလုပ်နိုင်ဘူး၊ ဆိုးလည်း မပစ်ဘူး၊ ကောင်းလည်း မပစ်ပါဘူး၊ အဆိုး အကောင်း ရောနေရင်ကော မပစ်ပါဘူး၊ ဘယ်ဝေဒနာကိုကြုံကြိုက်တာ လည်း၊ ဝေဒနာသုံးခုလုံးကို တစ်ခါ တည်း နှစ်သက်နေတယ်။ ဝေဒနာ ပစ္စယာ တဏှာ၊ ဆိုးလည်း မပစ်ပါဘူး၊ ဆိုးတာက ဒုက္ခဝေဒနာ၊ မပစ်ပါဘူး က တဏှာ။ ဆိုးတာက ဒုက္ခဝေဒနာပါ၊ မပစ်တာက တဏှာပါ၊ ဒုက္ခ ဝေဒနာပစ္စယာ တဏှာ မပစ်ဘူးတဲ့၊ ဒီလို များ ပြောမိသလား၊ ဆိုးလည်း မပစ်ပါဘူးတဲ့၊ ဒုက္ခဝေဒနာပစ္စယာ တဏှာပါပဲနော်။ ဝေဒနာပစ္စယာ တဏှာက အိမ်ထောင်ဦးက စတယ် ဒီဘဝမှာပဲ၊ ဝေဒနာ ပစ္စယာ တဏှာ

ဆိုးလည်း မပစ်ပါဘူး ဆိုတာ ဒုက္ခဝေဒနာပစ္စယာ တဏှာပါပဲ။ ကောင်း လည်း မပစ်ပါဘူးဆိုတော့ သုခဝေဒနာပါ၊ သုခဝေဒနာပစ္စယာ တဏှာ၊ အဆိုး အကောင်း ရောနေရင် မပစ်ပါဘူးတဲ့။ အလယ်အလတ်ပေါ့ဗျာ ဥပေက္ခာ အဲဒါကော ပစ်မှာလား အို ဥပေက္ခာ ဝေဒနာ ပစ္စယာ တဏှာပါ။

■ ကိုင်း ဒါဖြင့် ခင်ဗျားတို့ ဝေဒနာသုံးမျိုးကဖြင့် တဏှာ သုံးမျိုး လာပြီ။ မပစ်တာမှ တကယ် တမ်းပြောတာပါ။ မျက်နှာထဲမှာ ခင်ဗျားတို့ ဟာ ခတ်ပြုံးပြုံး ပြောလေ့ရှိ ပါတယ်၊ အင်း သေ သေချာချာကိုပဲ ခင်ဗျားတို့ ခတ်ပြုံးပြုံး ခတ်ရွှင်ရွှင် ပြောတယ် ဆိုလို့ရှိရင်ဖြင့် တဏှာပစ္စယာ ဥပါဒါန် ပါ။ ဥပါဒါန်ဆိုတာ လာပါတယ်၊ သုခဝေဒနာကြောင့်လည်း ဥပါဒါန်လာ တာပဲ၊ ဒုက္ခဝေဒနာကြောင့်ကော ဥပါဒါန်လာပါတယ်၊ ဥပေက္ခာဝေဒနာ ကြောင့်ကော ဥပါဒါန်လာပါတယ်၊ ကိုင်း ဒါဖြင့် မပစ်ဘူးဆိုတဲ့ သဘော ဟာ ခင်ဗျားတို့သည် တကယ်တမ်းပြောတာနော်၊ ကျုပ် ပျက်ကယ်၊ ပျက်ကယ်များ မထင်လိုက်ပါနဲ့ဆို တာ မယုံယုံအောင်ကို မနည်းပြောရ သေး တယ်၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါန်။

■ ကိုင်း ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝေါဆိုတာ ရှုပ်မှာသိပ်စိုးရိမ် တယ်၊ ဘဝဆိုတာ ခင်ဗျားတို့က နောင် ဘဝယူသွားလိမ့်မယ်၊ မဟုတ်ဘူး တဲ့ ကမ္မဘဝ။ ကမ္မ ဘဝဆိုတာ တစ်ခါတည်းစွဲလမ်းတဲ့ ဥပါဒါန်လာပြီဆိုမှ ဖြင့် ကာယကံလည်း ကျုပ် အပါယ်ရောက်အောင် ကာယကံနဲ့ထမ်းပို့ ရွေ့ပါ့မယ်။ ဟော ကာယကံလာပြီ ဝစီကံနဲ့လည်း လိမ်၍ဖြစ်စေ ရိုးရိုး ဖြစ်စေ ဝစီကံ ပြောပြောဆိုဆိုနဲ့ပဲ ကျုပ်ကျွေးပါ့မယ် မွေးပါ့မယ်။ ဝစီကံနဲ့ ကော လာပါတယ်၊ မနောကံကကော ကျုပ်ဒီက အကြံအစည်ရှိ တယ်ဗျာ၊ ကျွေးဖို့ မွေးဖို့ အဆင်သင့်ပါပဲ၊ အကြံ အစည် ဝမ်းထဲမှာ မဆိတ် ပါဘူး၊ မနောကံကောပါရဲ့လား ဒါဖြင့် အဲဒါ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ကျုပ် အကုန်လုပ် ကိုင်ကျွေးပါ့မယ်ဆိုတာ ပါပါတယ်။

■ အဲဒါကြောင့် ဥပါဒါန ပစ္စယာ ဘဝေါပါ၊ ဘဝေါ ကာယကံဘဝေါ၊

ဝစီကံ ဘဝေါ၊ မနောကံဘဝေါပါ၊ ခု ခင်ဗျားတို့ ကာယကံနဲ့ ကိုယ်နဲ့သွားပြီး ရှာကြံကျွေးကြ ပြောဆိုပြီး ပါးစပ်နဲ့ အသက်မွေးပြီး ကျွေးကြ။ မနောကံ ကလည်း ကြံလုံးစည်လုံးနဲ့ ဟုတ်လား လုပ်ကိုင်ပြီး ကျွေးကြကော ရှိပါတယ်နော်။ အဲဒါ ခင်ဗျားတို့ ဘာဖြစ် တယ်ထင်တုံး ဥပါဒါန ပစ္စယာ ဘဝေါပါ၊ အဲ ပဋိစ္စသမုပ္ပါဒ် ဘယ်လောက်ဆက်သွားတယ်ဆိုတာ ပေါ်လာ ပါတယ်။ ကိုင်း ဒီမျှလောက်ဆိုရင် ခင်ဗျားတို့သည် သံသရာကြီး လည် တော့မယ်၊ ပေါ်လာပြီ၊ ဝေဒနာ ပစ္စယာ တဏှာပါ၊ ဆိုးပါစေ၊ ကောင်းပါစေ၊ မပစ်တာမှ အဟုတ်တမ်းလား၊ တကယ်တမ်းလားလို့ မေးလိုက်တယ်။ တကယ်တမ်းဆိုတော့ ဥပါဒါန် တဏှာ ပစ္စယာ ဥပါဒါန်ပါ၊ အေး သာမညလား မဟုတ်ပါဘူး၊ မပစ်ပါဘူးဆိုတဲ့ စကားသည် လျှာဖျားတင် ပြောတာမဟုတ်ဘူး၊ လှိုက်လှိုက်လှဲလှဲပါပဲ။

■ အေး လှိုက်လှိုက်လှဲလှဲဆိုတာက ဥပါဒါန်ပါ၊၊ မပစ်ပါဘူး ဆိုတာ က တဏှာ၊ လှိုက်လှိုက်လှဲလှဲက ဥပါဒါန်။ လှိုက်လှိုက်လှဲလှဲ မဟုတ်တယ် ဟုတ်တယ် ရှာကြံကျွေးတာကြည့် ကာယကံနဲ့ကော ကျွေးပါတယ်၊ ဝစီကံနဲ့ကော ကျွေးပါတယ်၊ မနောကံ နဲ့ကော ကျွေးပါတယ်နော်။ အဲဒါက ဥပါဒါနပစ္စယာ ဘဝေါပါ၊ ဒီပဋိစ္စသမုပ္ပါဒ်ကဖြင့် သေချာ ဆက်မိပြီ၊ အဲ တော့ ဘယ့် နယ့်နည်းနဲ့ ဖြတ်ကြမလဲ။ ဒီအတိုင်းဖြင့် ခက်ရချည်ရဲ့ အလုပ်စဉ် ကတော့ဖြင့် ဘုန်းကြီးပြောတာနဲ့ ခင်ဗျားတို့ ဖြစ်စဉ်နဲ့ဟာ တစ်ထပ်တည်း ပါ၊ သူ့ဟာတော့ ဆုံးအောင်သွားဦးမှ ကောင်းမှာ ခင်ဗျားတို့က လည်း ဒီအသွားကို တစ်ခါတည်း ခင်ဗျားတို့က ကိုယ်တိုင် လုပ်ထားတော့လည်း မရှောင်သာမလွှဲသာတော့လည်း သွားလိုက်ကြဦးပေါ့ဗျာ၊ မရှောင်သာ မလွှဲသာကိစ္စတွေက တရားနာတောင် မလာနိုင်တဲ့ကိစ္စတွေက ရှိသေး တယ်။ အဲဒီလို ပဋိစ္စသမုပ္ပါဒ်နဲ့ မရှောင်သာ မလွှဲသာတွေကော ရှိပါတယ်တဲ့။

■ ဘဝပစ္စယာ ဇာတိပါ၊ အံမယ် မလှည့်နဲ့တော့ တော်လောက်ပြီ၊

ဇာတိ ရောက်ပြီ၊ ဘဝပစ္စယာ ဇာတိပါ၊ ကာယကံနဲ့လည်း လုပ်မိပြီ၊ ဝစီကံနဲ့လည်း ပြောဆိုမိပြီ၊ မနောကံနဲ့လည်း စားဖို့သောက်ဖို့ ကျေနပ်အောင် လုပ်မိပြီ၊ လုပ်မိတဲ့အခါကျ တော့ ဒီကံတွေဟာ ကမ္မဝိပါကသကို ဘုရားက ကမ္မဝိပါကသလို့ ဟောပြီ။ ကမ္မ =ကံသည်၊ ဝိပါကသ= အကျိုးအား (ဝါ) ပဋိသန္ဓေအား၊ ဥပနိဿယပစ္စယေန = ဥပနိဿယစ္စယ သတ္တိဖြင့်၊ ပစ္စယော = ကျေးဇူးပြုသည်၊ ဟောတိ =ဖြစ်၏ ။ ကုသလ် ကမ္မဝိပါကသ၊ အကုသလ် ကမ္မဝိပါ ကသချည့်ပဲ၊ ခင်များတို့က ကံသုံးပါးစုံရဲ့လား အံမာ ဘုရားရှိခိုးသလိုပဲ ခင်များတို့က ဘုရားရှိခိုးတာ တစ်ခါ တည်း ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ရှိခိုးပါ၏ ။ ဟိုမှာကော ခင်များတို့ သားရေး၊ သမီးရေး၊ စီးပွားရေးလုပ် တော့ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ လုပ်ပါ၏၊ တယ်လဲရှိသေကြပါလား။ ဘုရားရှိခိုးတာ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ဆိုတော့ ကြား ကောင်းတယ်၊ ကာယကံနဲ့ကော သွားလိုက်တာပဲ၊ ဝစီကံနဲ့ကော သွားလိုက်တာပဲ၊ မနောကံနဲ့ ကော လှမ်းစိတ်ကူးသွားလိုက်သေးတယ်၊ အဲဒီကံတွေ လုပ်မိပါတယ်၊ အဲတော့ ခင်များတို့ ဘုရား ရှိခိုးတော့ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ရှိခိုးပါ၏ ။

■ ရှိခိုးရသော အကြောင်းကြောင့် ရှိခိုးတဲ့ ဝစီကံအကြောင်း၊ မနောကံ အကြောင်း၊ ကာယကံ အကြောင်းတို့ကြောင့် အပါယ်လေးပါးမှ လွတ်မြောက်ရပါလို၏ ။ ဟုတ်တာပေါ့ဗျ လွတ်နိုင်တာပဲ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ဘုရားရှိခိုး အပါယ်လေးပါးမှ လွတ်နိုင်တာပေါ့။ သားရေး၊ သမီးရေး၊ စီးပွားရေးကို ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ လုပ်တော့ လုပ်တယ်၊ ဆုမတောင်းနဲ့ အပါယ်လေးပါးရောက်ရပါလို၏ လုပ်လည်း လုပ်ချင်တယ်၊ ဒီဘက်က ရောက်ရပါလို၏ မထည့်ပဲနဲ့ လုပ်မှာလား။ ဒီအသံမျိုးကျတော့ ခင်များတို့က အသံတောင် မထွက်တော့ဘူး၊ ဘုရားရှေ့ကျတော့ ကျယ်လိုက်တဲ့ အာနော်။ ဟိုဟာကျတော့ တော်တော်ဟန်လုပ်လို့ ကောင်းနေတာကိုးဗျ၊ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့်

ရှိသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ ဘုရားလို့ဆိုတော့ အင်း ကံသုံးပါးနဲ့ ရှိခိုးနေတာပေါ့၊ မည့်ဘူး လူကြားကောင်းတာကိုး။

■ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ရှိခိုးပါ၏ အဲဒီ ရှိခိုးပြီးတဲ့ အခြားမဲ့၌ ခင်ဗျားတို့ အပါယ်လွတ်ရပါလို၏ ကပ်သုံးပါး ကျော်နင်းရပါလို၏ ပြည့်တယ် ဘာပြုလို့တုံး အသေအချာ ရှိခိုးပကောဗျ၊ အသေအချာ ရှိခိုးတော့ အပါယ်လေးပါ၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး လွတ်ရပါလို၏။ လွတ်မယ်ထင်လို့လည်း ရှိခိုးကြ ပကောဗျာ၊ လွတ်လည်း လွတ်ပါတယ်လို့ လည်း ဘုရားက ဟောပါတယ်၊ နိဗ္ဗာန် သာ ခင်ဗျားတို့ မရောက်နိုင်တာပါ၊ "ဗုဒ္ဓါ နသသတိ"ဖြစ်နေလို့ ဟုတ်ပါလား နိဗ္ဗာန်သာ မရောက်နိုင်တာပါ။ အဲဒါကျတော့ ခင်ဗျားတို့ အပါယ်လေးပါး လွတ်ရပါလို၏၊ ရန်သူမျိုးငါးပါး ကင်းရပါလို၏၊ ဟုတ်လား မပြည့်သေးဘူးလား။ အေး အဲဒါ ပြည့်သလိုပဲ ကဲ ကာယကံနဲ့သွားပြီး စီးပွားရှာ တယ်၊ ဝစီကံနဲ့ ပြောဆိုကြတယ်၊ မနောကံနဲ့ကော ကြံစည်စိတ်ကူးလေးကော ရှိပါတယ်။

■ ဒီကာယကံ၊ ဝစီကံ၊ မနောကံနဲ့ လုပ်တဲ့အလုပ်ကျတော့ ဆုမတောင်းဘဲနဲ့ ပြည့်မှာပါ၊ ကဲ ဒါဖြင့် ဘယ်လိုပြည့်မယ်ထင်တုံးဗျာ၊ သားရေး၊ သမီးရေး၊ စီးပွားရေး၊ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ လုပ်ကြပြီ၊ အပါယ်လေးပါ၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး ၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးနဲ့ ပြည့်ရပါလို၏ ။ ဟိုကျတော့လည်း ဒီအတိုင်းပဲသွားရမှာ၊ လိုချင်တာတော့ တောင်းယူတယ်၊ ဒီကိုယ်တိုင်လုပ်ထားတာတော့ ပြည့်ရမှာပါ၊ အဲတော့ ကိုယ်တိုင်လုပ်တာက သေချာပါတယ်။ ဟိုဆုတောင်းက သေချာချင်မှ သေချာမှာ တယ်စိတ်ချရတာ မဟုတ်ဘူး၊ ဟောဒါကတော့ လက်တွေ့ကိုယ်တိုင်လုပ်ထားတော့ အပါယ်လေးပါ၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး ၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး၊ အနာမျိုး (၉၆)ပါးတို့နဲ့ ပြည့်စုံရပါလို၏ ။ ခင်ဗျားတို့ တစ်နေ့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့

ပတ်သက်ပြီးတော့ မရေမတွက်နိုင်ပါဘူး။ ခု ကျုပ် ပြောတာက တစ်ခါပဲရှိ သေးတယ်၊ ခင်ဗျားတို့ ပြည့်စုံနေတာက မရေမတွက်နိုင်ပါ ဘူး။ အဲဒါ ဘယ်က လက်သည်ရှာကြမတုန်းဆိုတာ ဝေဒနာလာတာပေါ့။

ကိုင်း ဒါဖြင့် ဒီသစ်ပင်ကြီး ဘယ်လောက်စည်ချင်၊ ကားချင်ကြ သတုံး၊ ဝေဒနာ ရေသောက်မြစ် ဖြတ် လိုက်လို့ရှိရင်ဖြင့် မငြိမ်းပေဘူးလား။ ငြိမ်းမယ်၊ ငြိမ်း မယ်၊ ဝေဒနာ ရေသောက်မြစ်သာဖြတ်ပါ၊ ငြိမ်းပါတယ်၊ ဝေဒနာဟာ ကာယကံ၊ ဝစီကံ၊ မနောကံကနေပြီး ဟိုဆုတောင်းပြည့်တွေ အကုန်လာပါတယ်၊ အဲဒါ ကြောင့် ခင်ဗျားတို့ လာလတ္တံ့ဘေးဟာ ပြေးသာမတွေ့လိုက်ပါနဲ့၊ အစက ဖြတ် လိုက်ပါ ရပါသေးတယ်၊ ဘယ်က နေ ဖြတ်ကြမတုံး ဝေဒနာနပဿနာကနေဖြတ် ဗျာ။ ဝေဒနာနုပဿနာ ကနေဖြတ်လိုက်လို့ရှိရင် ဝေဒနာနိရောဓါ ဖြစ်မှာပေါ့ဗျာ၊ တဏှာနိရောဓါ ဖြစ်မှာပေါ့၊ အေး ဒါကြောင့် အားကိုရာလေးတော့ဖြင့် တွေ့တော့ တွေ့ပြီ၊ အားကိုးရာရှာတုန်း ခင်ဗျားတို့ တွေ့ရုံလေး တွေ့ပြီး အားကိုးလောက် တဲ့ အလုပ်ကို မလုပ်ပြန်လည်း အလကား ပဲ။

■ အဲဒီတော့ ခင်ဗျားတို့ ဆုတောင်းပြည့်ထားတာ တွေ နည်းတာ မဟုတ်ဘူး၊ အဲဒါတွေ အကုန်အဟောသိကံဖြစ်အောင် လုပ်ရမှာ။ အဲဒါတွေ အဟောသိကံဖြစ်တော့မယ်ဆိုရင်ဖြင့်ဗျာ အကျေနပ် ကြီးကျေနပ်ပြီး လုပ်ဖို့ ကောင်းတယ်၊ ဒါကြောင့် သစ္စာသိအောင် လုပ်ပါ ဆိုတာ သစ္စာနဲ့ဖြတ်မှ ပြတ်မှာ နော်၊ ဒီ့ပြင်နည်းနဲ့ ဖြတ်ဖို့ဆိုတာ မရပါဘူး။ ဒီ့ပြင်နည်းနဲ့ ဘယ်နည်းနဲ့မှ ဖြတ်လို့မရ ပါဘူး၊ ဒါဖြင့် စဉ်းစားကြစို့။

ဗဟုံဝေသရဏံယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ
အာရာမရုက္ခစေတျာနိ၊ မနုဿာဘယတဇ္ဇိတာ
နေတံခေါသရဏံခေမံ၊ နေတံ သရဏမုတ္တမံ
နေတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာပမုစ္စတိ
ယောစဗုဒ္ဓဉ္စ၊ ဓမ္မဉ္စ၊ သံဃဉ္စ၊ သရဏံဂတော

စတ္တာရိအရိယသစ္စာနိ၊ သမ္မပ္ပညာယပဿတိ၊

သမ္မပ္ပညာယ =ကောင်းသော ဉာဏ်ဖြင့် မှန်ကန်သောပညာဖြင့်၊ ပဿတိ = ရှုရမယ်၊ ဒါမှ ခင်ဗျားတို့ ခုနက ဇာတ်သိမ်းသွားမယ်။

■ စတ္တာရိအရိယသစ္စာနိ၊ သမ္မပ္ပညာယပဿတိ သစ္စာလေးပါး သိမှသာလျှင် နေရာကြမယ်၊ အဲဒါ ဓမ္မပဒပါဠိတော်၊ စတ္တာရိအရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ၊ ဧတံ ခေါ သရဏံ ခေမံ၊ ဒါမှ နိဗ္ဗာန်ရမှာပေ့ါ။ ဧတံ = ဤတရားသည်၊ ခေမံ =နိဗ္ဗာန်ဆိုတဲ့အရပ်သို့ရောက်ကြောင်းတည်း။ ဧတံ သရဏံ မုတ္တမံ =ဤတရား အား သစ္စာလေးပါးပေါ်လာတဲ့အလုပ်ဟာ အမြတ်ဆုံးပဲ။ ဧတံ သရဏမာဂမ္မ = ဤသစ္စာလေးပါးအလုပ်ကို လုပ်မှ သာလျှင်၊ သဗ္ဗ ဒုက္ခာ ပမုစ္စတိ = အလုံးစုံ ဒုက္ခတွေလွတ်မယ်၊ မင်းတို့ ကာယကံ၊ ဝစီကံနဲ့လုပ်တာ ဒါအကုန်အဟောသိကံဖြစ်မယ်ကွ (၁)လုပ်နေကြလည်း အဟောသိကံပဲကွ၊ နောက်ကပါတာတွေကော အဟောသိကံပါ။ အဲဒီတော့ စတ္တာရိအရိယ သစ္စာနိ - သမ္မပ္ပညာယ ပဿတိ၊ ဧတံခေါ သရဏံ ခေမံ၊ ဒါတွေကို ချဉ်းကပ်မှ၊ ကိုယ်သစ္စာလေးပါး တရားကို သာလျှင် ချဉ်းကပ်မှသာလျှင် နေရာကျမယ်။ ဧတံ သရဏ မုတ္တမံ - ဒီဟာတွေ ကိုးကွယ်ဆည်းကပ်လို့ရှိလျှင် လည်း အမြတ်ဆုံးပဲ။

■ ဧတံ သရဏမာဂမ္မ၊ ဧတံ = သရဏဂုံ ၃-ပါးကို၊ အာဂမ္မ = အကြောင်း ပြု၍၊ သဗ္ဗဒုက္ခာပမုစ္စတိ = အလုံးစုံဒုက္ခမှ လွတ်မကွတဲ့။ ကဲ အဂ္ဂိဒတ္တ ဟောတဲ့ ဂါထာပါပဲဗျာ၊ "စတ္တာရိအရိယသစ္စာနိ သမ္မပ္ပညာယ ပဿတိ" အရိယာ သစ္စာဟူသော မှန်ကန်သော အသိပေးစမ်းပါကွာ ဟုတ်လား။ ဧတံခေါ သရဏံ ခေမံ သေချာ နိဗ္ဗာန်ရောက်တယ်လို့ ငါဘုရားတာဝန်ယူတယ်တဲ့။

■ တရားတွေထဲမှာလည်း ဧတံ သရဏ မုတ္တမံ သရဏဂုံ ၃ပါးဟာ အမြတ်ဆုံးပဲကွာ၊ ကြည့်စမ်းပါလားဗျာ၊ ဟို ဓမ္မပဒမှာ - မဂ္ဂါနံ အဋ္ဌင်္ဂိကောသေဋ္ဌော မဂ္ဂါနံ = ခရီးလမ်းကြောင်း ဟူသမျှတို့တွင်၊

အဋ္ဌဂိကော = အင်္ဂါ ရှစ်ပါးရှိသော မဂ္ဂင်သည်၊ သေဋ္ဌော = အမြတ်ဆုံး ကွတဲ့။ အဲဒီအမြတ်ဆုံးတရားလို့ ဟောထားတယ်၊ စတ္တာရိအရိယသစ္စာနိ သမ္မပ္ပညာယပဿတိ ဆိုတဲ့ဟာလည်း ဒီသစ္စာပြောပြမယ်၊ ဒါဖြင့် ကျုပ်တို့ ဝေဒနာနုပဿနာကို သစ္စာဖြစ်အောင်လုပ်တတ်ရင်လုပ်။ မလုပ်နိုင် လို့ရှိရင်လည်း ခုနက ဆုတောင်းပြည့်တွေ အကုန်လာလိမ့်မယ်၊ အဲဒါ ကြောင့် ဝေဒနာကို အဓိကထားဟောနေတယ်၊ သို့သော်လည်း ခင်ဗျားတို့ ဒါ တစ်လုံးတည်း ကြိုးစားရင် အကုန်ပြီးမယ်။

■ ဒီနေ့က ဝေဒနာပဲ ဂရုစိုက်ပြီး ကြိုးစားရအောင်လို့ အရေးတကြီး ပြောပြ တယ်နော်၊ ကိုင်း ကမ္မဋ္ဌာန်းရှာ ခန္ဓာကြည့်ကြလို့ မှတ်ကြစို့။ မအားတာက ဒုက္ခ ဝေဒနာပါ၊ မအားတာ မအားတဲ့နေရာ ရှုလိုက်ရုံပေါ့ဗျာ၊ မအားတာ ဒုက္ခဝေဒနာ မိတ်ဆွေသင်္ဂဟာတွေနဲ့ အပျော်လွန်သွားတာနဲ့၊ ယနေ့တော့ဖြင့် ဝိပဿနာမရှု လိုက်ရတော့ ဘူးဆိုတော့ ပျော်တာ ဘာဝေဒနာ သုခဝေဒနာပါ၊ အဲဒါ ရှုလိုက်လို့ရှိရင်လည်း ပျော်လည်း ပျော်ရတာပဲ၊ ဝိပဿနာဉာဏ်လည်း ဆိုက်ပါတယ်။

■ ကျုပ်တော့ ဒီနေ့ နေမကောင်းဘူး၊ နေမကောင်းရင် ကာယိက ဒုက္ခပေါ့ အဲဒါ ရှုပါလား။ နေမကောင်း တော့ စိတ်က ဘယ့်နယ်ဖြစ်တယ် မသိဘူး၊ အဲဒါ စေတသိက ဒုက္ခ၊ ဒုက္ခဝေဒနာရှုပါ၊ ဒုက္ခဝေဒနာရှုချင်ရင် မပေါ်သေးဘူးလား၊ ဘယ်က နေ မကောင်းတုံး စမ်းကြည့်ပါလား၊ ကိုယ်ပါ နေမကောင်းဘူး ပူနေတာ မြင်သား ပဲ၊ အဲဒါ ဒုက္ခဝေဒနာရှုပေး။

■ စိတ်ထဲက စိတ်ကိုပျက်နေတာပဲ၊ ပျက်သွားတဲ့ စိတ်က ဒုက္ခဝေဒနာပါ၊ အဲဒါဖြစ်ပျက်ရှုပေးရမှာပါ၊ အာ စိတ်တွေ မထိန်းနိုင်အောင် ဖြစ်နေတယ်၊ ဒီနေ့ ဝိပဿနာအလုပ် လုပ်ရမလား၊ မလုပ်ရဘူးလား ကျုပ်ဖြင့် စိတ်ထဲကို ဝေဖန်လို့ မရဘူး။ အဲဒါ ဥပေက္ခာဝေဒနာ ဝိစိကိစ္ဆာ ဆိုတာ ဥပေက္ခာဝေဒနာ၊ ကျုပ် ဒီနေ့ ဝိပဿနာလုပ်ရတော့မလား၊ မလုပ်ရပဲနေရတော့မလား။ စိတ်ထဲ ခန္ဓာကိုယ်က လည်း နေရာမကျတာနဲ့

ဒွိဟာဖြစ်နေတယ်၊ အဲဒါ ဒွိဟာလေးကြည့်စမ်းပါ။ ဒွိဟာက ဥပေက္ခာဝေဒနာပါ။ အံမာလေး ရှုစရာတွေများဟာ ပါးစပ်ထဲ မရှုချင်ဘူး ပြောတယ်၊ ခက်လိုက်တဲ့ ဒကာ ဒကာမတွေ မသိတာက လွန်နေပြီ၊ ကျုပ် ဒီနေ့ ဝိပဿနာရှုရတာ ဒီနေ့ အလုပ်ထိုင်ရတော်မလား၊ မထိုင်ရတော်မလား၊ ဘာဝေဒနာပါလိမ့် ဥပေက္ခာဝေဒနာ ပါပဲနော်။ အဲဒါ ဖြစ်ပျက်ရှုရပါမယ်၊ ကျုပ်တော့ဗျာ ယနေ့တော့ဖြင့် စိတ်ကို ငြိမ်ငြိမ်ထားလို့မရဘူး၊ ဘယ့်နယ် ဖြစ်လဲမသိဘူး၊ ဥဒ္ဒစ္စ။ စိတ်ကို ငြိမ်ငြိမ်ထားလို့မရတာ ဥဒ္ဒစ္စပါ၊ ဥပေက္ခာဝေဒနာပါပဲ၊ ရှုပါလားဗျ ဥပေက္ခာ ဝေဒနာကြီး ပေါ်နေတဲ့ဟာ ဒီနေ့ပြောတာ ဂရုစိုက်ပါ၊ ဝေဒနာရှာတာ ဝေဒနာကို တွေ့အောင်ပြောနေတာ။ ခင်ဗျားတို့ အသုံးအနှုန်းထဲမှာ ဝေဒနာတွေ ပါနေရဲ့သားနဲ့၊ မရှုတတ်လို့ ဝေဒနာရှာပေးနေတာပါ၊ ဘုရားဟော တော့ သုခဝေဒနာ၊ ဒုက္ခဝေဒနာတွေ ပါနေရဲ့သားနဲ့၊ မရှုတတ်လို့ ဝေဒနာရှာပေးနေတာပါ။

■ ဘုရားဟောတော့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ဟော တာပဲ။ သို့သော် ခင်ဗျားတို့ စိတ်ထဲမှာ ဒီသုံးခုပဲဖြစ်တာပဲ၊ သို့ရာတွင် ခင်ဗျားတို့ မသိ တဲ့ အဓိပ္ပါယ်တွေက ကျန်ကျန်နေ႒ယ်။ အဲဒါကြောင့် ဒါလည်းဝေဒနာ၊ ဒါလည်း ဝေဒနာ၊ ဒါလည်းဝေဒနာဆိုပြီး လက်ညှိုးညွှန်ပေးနေရတယ်၊ ယနေ့တော့ ဖြင့် ကိုယ်နေမကောင်းတာနဲ့ ကိုယ်က နေမကောင်းတာနဲ့ ဝိပဿနာ မရှုနိုင်ဘူး။ ဒုက္ခ ဝေဒနာပေါ်တာပါ၊ ကိုယ်နေမကောင်းတာ ဒုက္ခဝေဒနာပါ၊ အဲဒါ ကိုယ့်သန္တာန်မှာ နေမကောင်းတာလည်း အသိသားဗျာ။

အဲဒါဗျာ နေမကောင်းတာသည်၊ ဖြစ်ပြီးပျက်တယ်ဆိုတဲ့ ဉာဏ်လေးမှ နည်းနည်းမလိုက်နိုင်ဘူးလား၊ နဂိုက မတွေ့ဘူးလို့ရှိရင်လည်း မလိုက်ပါနဲ့ အခု ကိုယ်တိုင်ပြောနေတာ။ ကျုပ်ဖြင့် နေမကောင်းဖြစ်နေလို့ နေမကောင်းဖြစ်နေတယ်ဆိုတာ ဒုက္ခဝေဒနာပါ၊ နေမကောင်းဖြစ်နေတာက ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာလို့ ပြောပါတယ်၊ အဲဒုက္ခဝေဒနာ

လို့ ပြောကတည်းကိုက ခင်ဗျားတို့ အဲဒီ သူပြောတဲ့ အချိန်မှာ မရှိတော့ဘူး၊ ဒုက္ခ ဝေဒနာလို့ ပြန်တွေးတဲ့ ဒုက္ခဝေဒနာလေး မရှိတော့ပါ ဘူး။ အဲ ဒုက္ခဝေဒနာလေးမရှိတော့ ဒုက္ခသစ္စာလေးဖြစ် သွားတယ်၊ ဒုက္ခဝေဒနာ က ဒုက္ခသစ္စာ၊ အဲဒီသစ္စာသိတာပေါ့၊ အေး ဒါဖြင့် စတ္တာရိအရိယသစ္စာနိ ကိုက်ပြီ၊ စတ္တာရိအရိယသစ္စာနိ ကိုက်ပြီ၊ နေမကောင်းတာလေး ပြန်တွေးလိုက်လို့ရှိရင် နေမကောင်းတာလေး မရှိပါ ဘူးတဲ့။ ကာယိက ဒုက္ခလေးချုပ်ပျောက်သွားတယ်၊ ချုပ် ပျောက်သွားတော့ ဒုက္ခသစ္စာပါပဲ။

■ အဲ ဒုက္ခသစ္စာ ဖြစ်သွားပြီလို့ အဲဒီလို သိတာလေးက မဂ္ဂသစ္စာ ပါလား၊ ဆိုးလည်းမပစ်ပါဘူးဆိုတဲ့ တဏှာ မလာတော့ပါဘူးနော်၊ ဟော ဆိုးလည်း မပစ်ပါဘူး ဆိုတဲ့ တဏှာသေသွားပြီ၊ ဘာကြောင့် ဆိုးလည်း မပစ်ပါဘူးဆိုတဲ့ တဏှာ၊ ဘာ ကြောင့် မလာပါလိမ့်မတုံးဆိုတော့၊ ဆိုး ဆိုတာက ဒုက္ခဝေဒနာဟုတ်လား။ အခု တော့ ဒုက္ခသစ္စာအဖြစ်နဲ့ တွေ့တာ ပါ၊ အဲ ရှေးတုံးကတော့ ဆိုးလည်း မပစ်ပါဘူးဆိုတာ ဒုက္ခဝေဒနာကြည့် ပြောတဲ့စကား ခုတော့ ဒုက္ခဝေဒနာလေးက ဒုက္ခသစ္စာဖြစ် သွားပြီ၊ **ယံကိဉ္စိသမုဒယဓမ္မံ၊ သဗ္ဗံတံနိရောဓ ဓမ္မံ** ဆိုတဲ့အတိုင်း ဒုက္ခသစ္စာ ဖြစ်သွားတယ်၊ အဲဒီလို ဒုက္ခသစ္စာဖြစ်သွားတဲ့အခါ ဆိုးမပစ်ပါဘူးဆိုတဲ့ တဏှာ မလာတော့ပါဘူး။ ဒုက္ခသစ္စာမြင်တဲ့ ပညာလာတယ်၊ မဂ္ဂသစ္စာ လာပါတယ်။ အဲ မဂ္ဂသစ္စာလာတော့ကို မပစ်ပါဘူးဆိုတဲ့ တဏှာ သေတယ်၊ အဲဒါ တဏှာ သေတယ်ဆိုလို့ရှိရင်ဖြင့်တဲ့၊ တဏှာဟာ ရာဂက္ခယောပဲ၊ ရာဂဆိုတာလည်း ကုန်သွားတာပဲ၊ သူ အသေအချာ ကုန်တာပဲ၊ အဲ ရာဂက္ခယော၊ ရာဂက္ခယောနိဗ္ဗာန်ပေါ့ကွာ။

■ ရှင်သာရိပုတ္တရာကဟောလိုက်တယ်၊ ရာဂက္ခယောနိဗ္ဗာန် ပေါ့ကွာဆိုတော့ ဆိုးမပစ်တဲ့ တဏှာလေး သေကတည်းကိုက ရာဂ ကုန်ပါ ပြီ၊ ရာဂကုန်ရင် နိဗ္ဗာန်ဆိုတာ ဘုရားကလည်းဟော ရှင်သာရိပုတ္တရာက လည်းဟော။ စုံမနေဘူးလား၊ အဲတော့ ခင်ဗျားတို့ ဒုက္ခဝေဒနာလေးကို

ဖြစ်ပျက်တဲ့ ဒုက္ခသစ္စာရှုရင် စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယပဿတိ ဖြစ်တယ်၊ သစ္စာလေးပါးကို တစ်ခါတည်း ပဿတိ ဖြစ်လာတယ်၊ မြင်ရတယ်၊ စတ္တာရိအရိယသစ္စာနိသမ္မပ္ပညာယပဿတိဆိုတာ သမ္မပ္ပညာယ = ရှုကြည့်တဲ့ဉာဏ်ဖြင့် ပဿတိ =လေးမဂ်စလုံးကို တစ်ခါ တည်းပေါ်လာ၏။ ဖြစ်ပျက်က ဒုက္ခသစ္စာပါ၊ ဖြစ်ပျက်မြင်တာက မဂ္ဂသစ္စာပါ၊ သေ တာက သမုဒယသစ္စာပါ၊ အေး ပေါ်လာတာက နိရောဓသစ္စာပါ၊ အဲဒါ တစ်ပြိုင်တည်းပဲ၊ အဲ့ဒါကြောင့် စတ္တာရိ အရိယသစ္စာနိ သမ္မပ္ပညာယပဿတိဆိုတဲ့ အဓိပ္ပါယ် ပေါ်လာပြီ၊ အေး သစ္စာလေးပါး တစ်ပြိုင်နက်ပေါ်လာ တယ်၊ အဲ့ဒါကြောင့် ဆိုးမပစ်ဘူးလို့ ပြောပြားသော်လည်း မပူပါနဲ့၊ ခု ဆိုးမပစ်ဘူး ဆိုးတဲ့ဝေဒနာကို ဖြစ်ပျက်ရှု ရမှာပါ၊ ဖြစ်ပျက်ဆိုတဲ့ ဒုက္ခသစ္စာမြင်အောင် ကြည့်ပစေ၊ ဒုက္ခသစ္စာမြင်အောင် ကြည့်ပေးလို့ရှိရင် ဝမ်းထဲ မဂ္ဂသစ္စာ ပေါ်ရင် မပစ်ပါဘူးဆိုတဲ့ တဏှာက မလာနိုင်ပါဘူး။ မလာနိုင်ရင် တဏှာ သေပြီ။

■ တဏှာသေရင် နိဗ္ဗာန်ရောက်ပြီ၊ အဝိဇ္ဇာနဲ့ တဏှာသေတော့ အဝိဇ္ဇာနဲ့ တဏှာရှိမှ ဇာတိဆိုတဲ့ ပဋိသန္ဓေလာမှာကိုး၊ အဲ့ဒါတွေ အကုန် လွတ်ပါတယ်၊ အဲဒါ ကြောင့် ဒကာ ဒကာမတို့ ဒီအလုပ်ကို သေသေ ချာချာ လုပ်လို့ရှိရင် သံသရာစခန်း သတ်ပြီး နိဗ္ဗာန်ရောက်မယ်ဆိုတာ အသေအချာမှတ်ပါ။ ကဲ ဝေဒနာ သုံးမျိုးတရား ဒီတွင်နားစို့။

သာဓု - - - သာဓု - - - သာဓု။

● ● ● ● ●

# ဓမ္မာနုပဿနာသတိပဋ္ဌာန်

■ ဒကာ ဒကာမတွေ သစ္စာသိအောင် လုပ်ပါဆိုတဲ့စကားဟာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အရေးအကြီးဆုံးပြောဆိုတဲ့စကားလို့မှတ်ထားကြပါ။ ဒါနပြုကြပါဆိုတဲ့စကားဟာ အရေးအကြီးဆုံးပြောတဲ့စကားမဟုတ်ဘူး။ သီလဆောက်တည်ပါဆိုတဲ့ စကားဟာလည်း ဒီလောက်အရေးမကြီးလှဘူး။ သစ္စာသိအောင်လုပ်ပါဆိုတဲ့စကားသာ အရေးအကြီးဆုံးစကားလို့ ဘုရားကိုယ် တော်မြတ်ကြီးပြောတဲ့အထဲမှာဖြင့် ဒီဟာကို လေးစားစွာနဲ့မှတ်ရတော့မယ်။ သစ္စာဟာတဲ့ ဒို့ပြင်တရားက သစ္စာလို့မလာဘူး၊ ဒါနသစ္စာ လို့မလာဘူး၊ သီလသစ္စာလို့မလာဘူး၊ သမထသစ္စာလို့လာရဲ့လား၊ ဝိပဿနာကျတော့ သစ္စာလို့လာတယ်လို့မှတ်ပါ။ ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အားကိုးအစစ်ကိုရှာကြပါဆိုတဲ့ဟာလည်း ဆရာကောင်းသမားကောင်းမို့ သာသနာတွင်းတရားနဲ့ လမ်းညွှန်ပေးနေတယ်ဆိုတာမှတ်ပါ။ ဆရာသမားလည်းကောင်းမှနော်၊ သာသနာတွင်း နားနဲ့လည်းထောင်မှ၊ ဆရာသမားကလည်း သာသနာတွင်းတရားဟောပါဦးမှ။

## ☸ သာသနာ့ပတရားတွေနော်

■ ဟ ပေးကြဟ၊ ကမ်းကြဟ၊ လှူကြဟဆိုတာ သာသနာ့ပတရားတွေနော်။ သီလဆောက်တည်ကြဟဆိုတာ အဲ့ သာသနာ့ပ တရားတွေတိရစ္ဆာန်တွေတောင်စောင့်နေတာ၊ ရှိနေတာ သာသနာ့ပမှာ မရှိဘူးလား။

အဲဒါ ဒီလောက်အရေးမကြီးလှဘူးလို့ဆိုတာ သေသေချာချာမှတ်တော့ သစ္စာသိအောင်လုပ်ပါလို့ဆိုတာ အရေးအကြီးဆုံးစကားပါပဲ။ ဒါဖြင့် သစ္စာသိအောင် ဘုန်းကြီးများက လည်းပြောပါမယ်။ ဒကာ ဒကာမတွေက လည်း သစ္စာထောင်တတ်တဲ့နားနဲ့ထောင်ပေးပါဆိုတာကိုလည်း အထူးပဲ ဘုန်းကြီးများက ရှေ့ထားပြီးတောင်းပန်တယ်နော်။ အရေးကြီးတာ ကြီးသလို ပြောနေတယ်မှတ်ပါ။ တရားချီးနေတယ်လို့ ဒီလိုမယူလိုက်ပါနဲ့၊ သစ္စာ မသိရင် သောတာပန်လည်းမဖြစ်ဘူး၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ၊ ဘုရား ပစ္စေက ဗုဒ္ဓါ၊ ဘယ်သူမှထွက်ရပ်လမ်း ပုဂ္ဂိုလ်ဟူသရွေ့ ဖြစ်ကိုမဖြစ်ဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ။ ဒါဖြင့် ဘယ်သူမှ ဘာမှ မဖြစ်လို့ရှိရင်ဖြင့် နိဗ္ဗာန်ဘယ်သူမှမရဘူးလို့ ကန့်ကွက်လိုက်တော့ သစ္စာထဲမှာမှ နိဗ္ဗာန်ပါတာကို၊ သစ္စာထဲမှာမှ နိဗ္ဗာန်ပါတာကိုသိနေတော့ ပြော် ဒါဖြင့်တို့ဟာ ဒုက္ခခပ်သိမ်းငြိမ်းတာ နိဗ္ဗာန်၊ ကိလေသာသိမ်းတာ နိဗ္ဗာန်ဆိုတာဟာ သစ္စာထဲမှာပဲပါတယ်။ ဒို့ပြင်နေရာမှာမပါဘူး၊ အဲဒီတော့ တို့သစ္စာ မသိသရွေ့ကာလပတ်လုံး နိဗ္ဗာန် မရောက်ဘူးဆိုတဲ့ စကား တစ်လုံးကို သေသေချာချာမှတ်လိုက်စမ်းပါ။

## ❁ သစ္စာမသိတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်မရှိ

■ သစ္စာမသိရင် သူ့သန္တာန်မှာ နိဗ္ဗာန်မရှိဘူးသာမှတ်လိုက်ပါ။ အားထုတ်နေတဲ့ ပုဂ္ဂိုလ်သန္တာန် သူတို့လုပ်ချင်တာလုပ်နေတဲ့ သဘော တွေလုပ်နေပြီး သစ္စာမသိလို့ရှိရင်ဖြင့် သူ့သန္တာန်မှာဖြင့် နိဗ္ဗာန်မရှိဘူး။ သစ္စာသိရင် နိဗ္ဗာန်ရှိတယ်။ သစ္စာမသိရင် နိဗ္ဗာန်မ ရှိဘူးဆိုတာ သေသေချာချာမှတ်ပါ။ အဲဒီတော့ ဘယ့်နယ်ကြောင့် ဒီဆရာဘုန်းကြီးက ဒီလောက်တောင် အရေးတကြီး ဒကာ ဒကာမတွေ သစ္စာမသိရင် နိဗ္ဗာန် မသိဘူး၊ သူတို့တောင်းသာနေတာ ရမှာလည်းမဟုတ်ပါဘူး၊ သူတို့သန္တာန် မှာ သစ္စာမသိလို့ သူတို့ဝမ်းထဲ မှာလည်း နိဗ္ဗာန်ရှိဖို့ ဝတ္ထုရားမရှိဘူး၊

ကျေနပ်ပလား။ သစ္စာဟာတဲ့ ဒကာ ဒကာမတို့ "နိဗ္ဗာနန္တိခန္ဓပဋိဗဒ္ဓမေဝ" နိဗ္ဗာနန္တိ= နိဗ္ဗာန်ဟူသည်ကား၊ ခန္ဓပဋိဗဒ္ဓမေဝ= ခန္ဓာနဲ့စပ်လျက် ရှိသည် သာလျှင်တည်း၊ ခန္ဓာနဲ့စပ်နေတယ်တဲ့။ ဒကာ ဒကာမတို့ နိဗ္ဗာန်ဟာ ခန္ဓာနဲ့ စပ်နေတယ်ဆိုတာ ခန္ဓာက ဒုက္ခသစ္စာ၊ ခန္ဓာနဲ့စပ်နေ တာက နိရောဓသစ္စာ ဆိုတော့ ခန္ဓာမသိလို့ရှိရင်ဖြင့် ခန္ဓာဒုက္ခသစ္စာ မသိလို့ရှိ ရင်ဖြင့် သူဟာခန္ဓာနဲ့စပ်နေတဲ့နိဗ္ဗာန်ကို ရောက်နိုင်စရာ၊ တွေ့နိုင်စရာကော မရှိပါဘူးတဲ့။

■ ဒါကြောင့် အားလုံးအရေးတကြီးပြောနေတဲ့ တရားလို့ ခင်ဗျားတို့က လေးလေးစားစားမှတ်ပါ။ သာမညပြောဆိုလို့ရတဲ့ တရား မဟုတ်လို့ အစုသေသေချာချာ တရားကိုနားစိုက်အောင်လို့ပဲ ရှင်းရှင်း လင်းလင်း ပြောနေပါတယ်ဆိုတာ မှတ်လိုက်စမ်းပါ။ သစ္စာ မသိတဲ့ပုဂ္ဂိုလ် သူတို့မှာနိဗ္ဗာန်မရှိဘူး။ "နိဗ္ဗာနန္တိခန္ဓပဋိဗဒ္ဓမေဝ" နိဗ္ဗာနန္တိ= နိဗ္ဗာန် ဟူသည်ကား၊ ခန္ဓပဋိဗဒ္ဓမေဝ= ခန္ဓာနဲ့စပ်လျက်ရှိသည်သာလျှင်တည်း၊ ဒီလို ပါဠိတော်တွေကရှိပြီးနေတာကြောင့် "အဉ္ဉေခန္ဓာ အညံ နိဗ္ဗာနန္တိ၊ နဟောဝ ဝတ္တဗ္ဗေ" နိဗ္ဗာန်နဲ့ ခန္ဓာဟာ တခြားစီလို့ မယူနဲ့ကွာဆိုတာ ကထာ ဝတ္ထုပါဠိတော်လာတာလို့မှတ်လိုက်ပါ။ ကထာဝတ္ထုပါဠိတော်ဆိုတာ ကြားဖူး ကြပါလိမ့်မယ်၊ အဘိဓမ္မာခုနစ်ကျမ်းထဲမှာ ကထာဝတ္ထု မပါဘူး လား။ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဆိုပြီးတော့ အဘိဓမ္မာခုနစ်ကျမ်းရှိတဲ့အထဲ ကထာဝတ္ထုမှာ လာတယ်။

■ ဒါဖြင့် သစ္စာမသိရင် နိဗ္ဗာန်မရှိဘူး၊ သူတို့သန္တာန်မှာ နိဗ္ဗာန် မရှိဘူးဆိုတာ ဒကာ ဒကာမတွေ သေသေချာချာမှတ်ပါ။ ဒါဖြင့် သစ္စာသိမှ နိဗ္ဗာန်ရှိတယ်ဆိုတာ လေးလေးစားစားကလေးမှတ်လိုက်မှ၊ ဘြော် ဒါဖြင့် နိဗ္ဗာန်ဘယ်သူနဲ့စပ်နေသတုံးဆိုတော့ ခန္ဓာနဲ့ စပ်နေပါတယ်လို့ ဖြေကြ တယ်။ ခန္ဓာနဲ့စပ်နေတယ်လို့ဆိုတော့ ခန္ဓာတွေ့အောင်ရှာပြီးတော့မှ

နိဗ္ဗာန်တွေ့မယ်။ ခန္ဓာကဒုက္ခသစ္စာကိုး၊ အဲဒီ ဒုက္ခသစ္စာတွေပြီးတော့မှ နိဗ္ဗာန်နိရောဓသစ္စာသွားတွေ့မယ်။ ဒုက္ခသစ္စာနဲ့မတွေ့ဘဲနဲ့ နိရောဓသစ္စာ နိဗ္ဗာန်တွေ့လိမ့်မယ်လို့ ဘယ်တော့မှမအောက်မေ့နဲ့၊ ဘာကြောင့်တုံး သူတို့ကတစ်စပ်တည်းနေတာကိုး၊ တစ်စပ်တည်းနေတော့ ဥပမာ မိုးကုတ်ကသည်းနဲ့ ကျပ်ပြင်တစ်စပ်တည်းနေတယ်ဆိုတော့ ကသည်းမှ မတွေ့သေးတဲ့ပုဂ္ဂိုလ်ဟာ ကျပ်ပြင်တွေ့ချင်လို့တော့ ဒီကမိုးကုတ်သား ကတော့ အတော်ခဲယဉ်းတယ်။ ဘာဖြစ်လို့ တစ်စပ်တည်းနေတာ၊ ကသည်းတွေ့ပြီးမှကျပ်ပြင်ကို တွေ့ရမယ်ဆိုတော့ ထို့အတူပဲတဲ့၊ ခန္ဓာ အရင်တွေ့ပြီးမှ ခန္ဓာချုပ်ငြိမ်းတဲ့နိဗ္ဗာန်ကို ဒုတိယတွေ့မယ်။

■ ဩော် ဒါဖြင့် နိဗ္ဗာန်ရှာလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ခန္ဓာအရင်တွေ့အောင်ဖမ်းပါ၊ ခန္ဓာအရင်ဇတွေ့အောင်ဖမ်းရမယ်ဆိုတဲ့ စကားဖြင့်လေးလေးစားစားပဲ မှတ်ရတော့မှာပဲမဟုတ်ဘူးလား။ ကျုပ်တို့ ကလည်း အိုဘေး၊ နာဘေး၊ သေဘေးကြောက်တဲ့ပုဂ္ဂိုလ် တွေ အပါယ်ဘေးတွေကြောက်တဲ့ပုဂ္ဂိုလ်တွေ၊ ဆင်းရဲဟူသရွေ့လည်း ဒီအထဲ မကြောက်တဲ့ပုဂ္ဂိုလ်မပါကြဘူး။ ဒါဖြင့် ဆင်းရဲဇာတ် သိမ်းချင်လို့ ရှိရင်လည်း ခန္ဓာတွေ့မှနိဗ္ဗာန်တွေ့မယ်၊ နိဗ္ဗာန်တွေ့မှလည်း ဆင်းရဲဇာတ်က သိမ်းမယ်၊ နို့မဟုတ်လို့ရှိရင် ဆင်းရဲဇာတ် သိမ်းနိုင်ကြပါ့မလား။ မသိမ်းနိုင် ဘူးဆိုတော့ ဩော် ဒါဖြင့် ရှေးဦးမှာ ဒုက္ခသစ္စာတွေ့အောင်ရှာရမှာပဲ။

## ❁ ဒုက္ခသစ္စာတွေ့အောင်ရှာရမယ်

■ ဒုက္ခသစ္စာတွေ့အောင်ရှာရမယ်၊ ဒုက္ခသစ္စာက ခန္ဓာ၊ အဲဒီ ဒုက္ခသစ္စာနဲ့ တစ်စပ်တည်းနေတာက နိရောဓသစ္စာပါပဲ၊ ဒါဖြင့် ဒုက္ခသစ္စာ တည်းဟူသော ကသည်းမြို့မတွေ့ဘဲနဲ့ နိရောဓသစ္စာတည်းဟူသော ကျပ်ပြင်မြို့တွေ့ချင်လို့ မိုးကုတ်သားမှာမဖြစ်နိုင်ဘူး။ သဘောကျပလား၊ ကဲ မိုးကုတ်က သွားတယ်ဆိုရင်ဖြင့် ဒါ အစဉ်အတိုင်းတွေ့ရမှာပဲ၊ ကိုင်း

ဒါဖြင့် ဒကာ ဒကာမတို့ သေသေချာချာပဲ သစ္စာသိအောင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောရှာတယ်။ မင်းတို့ကွာတဲ့ ဆရာကောင်း သမားကောင်းရှာပြီး သစ္စာတွေ့အောင်ဖြင့်ရှာဖြစ်အောင်ရှာပါတဲ့။ မင်းတို့ဒုက္ခတွေဟာ သစ္စာတွေ့ပြီးလို့ရှိရင်လည်း အင်မတန်ချမ်းသာ သွားပါလိမ့်မယ်တဲ့။ သစ္စာမတွေ့သေးဘူး ဆိုလို့ရှိရင်လည်း မင်းတို့ အတွက်ဟာဖြင့် ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘယ်နည်းနဲ့မှ မတတ်နိုင်ပါဘူးတဲ့ သဘောကျပလား။ ဘုရားကိုကိုးကွယ်ကြ၊ ဆည်းကပ် ကြတယ်ဆိုငြားသော်လည်း ငါဘုရားကိုးကွယ်ဆည်းကပ်ရင် မင်းတို့ သုဂတိ တော့ရောက်ပါတယ်ကွာတဲ့၊ နိဗ္ဗာန်တော့ဖြင့် ငါမပို့နိုင်ဘူးတဲ့၊ သစ္စာသိမှပဲ မင်းတို့နိဗ္ဗာန်ရောက်မယ်တဲ့၊ ရှင်းကြပလား။

■ ဘုရား ကိုးကွယ်ဆည်းကပ်ရင် သုဂတိပဲရောက်မယ်လို့ ဒကာ ဒကာမတွေကမှတ်ပါ၊ အဲဒါတွေဟာ ပဏ္ဏာသပါဠိတော် အလဂဒ္ဒူပမာ သုတ်မှာ ကိုယ်တော်တိုင်ဟောတယ်။ ငါ့ကိုးကွယ်ဆည်းကပ်ရင် သုဂတိ ပဲကွ၊ ရှင်းပလား။ သစ္စာသိရင်နိဗ္ဗာန်ကွဆိုတော့ ရှင်းမနေဘူးလား။ သစ္စာ သိရင်နိဗ္ဗာန်ကွလို့ဆိုသဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ပြော် ဘုရားကိုလည်းကိုးကွယ်ရမှာပဲ၊ သို့သော် ဘုရားကိုးကွယ်မှုထက် သစ္စာ သိမှုကအရေးကြီးတယ်။ ပေါ်ကြပလား။ ဝက္ကလိ နင်ပစ်တာဟာ ဘုရား ကိုးကွယ်လွန်းလို့ကို နင်ပစ်တာ၊ သစ္စာမသိမှာ စိုးလို့၊ သဘောကျပလား။

■ ကိုင်း ဒါဖြင့်ပြောကြပါစို့တဲ့၊ မင်းတို့သစ္စာမသိမှာများ ငါ စိုးရိမ်လိုက်တဲ့ဖြစ်ခြင်း၊ မပြောပါနဲ့တော့ကွာ၊ ငါ သဗ္ဗညုတဉာဏ်တော် ကြီးနဲ့ ချိန်ကြည့်တယ်ကွတဲ့၊ သဗ္ဗညုတဉာဏ်ချိန်ခွင်ကြီးနဲ့ ချိန်ကြည့်တယ်တဲ့၊ (၁၃) မိုင်ပတ်လည် ရေကန်ကြီး အောက်အနက် ကလည်း (၁၃) မိုင်ဆိုတော့ နည်းတဲ့ရေကန်မဟုတ်ဘူး။ အဲဒါ နှုတ်ခမ်းနဲ့ ညီနေအောင် ရေတွေထည့်ပါတဲ့၊ ရေတွေထည့်ပါ၊ ရေတွေထည့်ပြီး ကျုပ်တို့ မြက်ဖျားကလေးနဲ့သွားတို့လိုက်၊ ပြင်ဘက်သွားခါလိုက်၊

အဲဒီရေသွားတို့လိုက်၊ ပြင်ဘက်သွားခါလိုက်၊ ခုနစ်ခါ ခါလိုက်ပါတဲ့၊ ခုနစ်ခါ ခါတဲ့ရေနဲ့ အတွင်းရှိတဲ့ရေနဲ့၊ အတွင်းရှိတဲ့ရေကများပါတယ်။ နှိုင်းချိန်လို့တောင် ပြောစရာမရှိပါဘူးနော်။ အဲ သစ္စာသိပြီးရင် ခုနစ်ခါတဲ့ သမန်းမြက်ဖျားမှာပါတဲ့ရေလောက်ပဲ မင်းတို့မှာဒုက္ခကျန်တော့တယ်တဲ့။ သစ္စာမသိသေးရင် ခုနက ရေကန်ထဲမှာရှိတဲ့ ရေတွေလောက် ဒုက္ခတွေဟာ မင်းတို့ဟာချည်းပဲမှတ်။ ကဲ ဘယ်လောက် အရေးတကြီး ဟောသလဲ၊ နောက်က ဒကာ ဒကာမတွေ ပေါ်ကြပလား၊ ဘာအရေးတကြီး ဟောပါလိမ့်ဆိုရင် သစ္စာလေးပါးအရေးတကြီးဟောပါတယ်။

■ ငါသစ္စာမသိလို့လဲ သူများပါးစပ်ထဲမှာ ခန္ဓာပျက်ပြီး လမ်းဆုံးခဲ့ရတယ်ကွာတဲ့။ အပါယ်လေးပါးလမ်းဆုံးခဲ့တဲ့အပြင် သူများ ပါးစပ်ထဲမှာ ငါးဖြစ်လို့၊ ဖားဖြစ်လို့၊ သူများပါးစပ်ထဲမှာသေခဲ့ရတဲ့ဘဝတွေလည်း ငါကိုယ်တိုင် သဗ္ဗညုတဉာဏ်နဲ့ ဂဏန်းတွက်ကြည့် တယ်၊ မရဘူးဟေ့တဲ့၊ အသေများလွန်းလို့ ဒကာ ဒကာမတွေ ဘယ်လောက် ဒုက္ခကြီးတယ်ဆိုတာ ပေါ်ပါပြီ။ ဒါဖြင့် သစ္စာသိလိုက် တော့လည်း သောတာပန်တည်တယ်ဆို၊ ခုနက ပြင်ဘက်ခါတဲ့ ရေခုနစ်မှုန်လောက်သာ ဒကာ ဒကာမတို့ရှိတော့တယ်တဲ့၊ အတွင်း ရေမှုန်တွေလောက်ရှိတဲ့ဒုက္ခတွေ ကုန်သွားပါပြီကွာတဲ့။ ဒါ ငါသဗ္ဗညုတဉာဏ်နဲ့ ချိန်တာပါတဲ့၊ သူများပြောသံကြားနဲ့ ငါပြောတယ် လို့လည်း မင်းတို့က အယူမရှိပါနဲ့တဲ့ ပိတ်လိုက်သေးတယ်။ ငါကိုယ်တိုင်သိပြီး ရှင်းလင်းတဲ့အလုပ်ပါကွာ ဆိုတော့ ယုံမှားသံသယရှိ သေးသလား။ ဒါဖြင့် ဒကာ ဒကာမတို့ သစ္စာသိဖို့အရေးကြီးပါတယ်လို့မှတ်လိုက်ပါ။ အဲဒါ ခင်ဗျားတို့ ဩော် တရားနဲ့-တရားနဲ့ဆိုပြီး သကာလ နေကြပြားသော်လည်း ကျုပ်တို့တရားအောင်တော့နေတာပဲဆိုတာ မပြီးသေးဘူး။ ကျုပ်တို့တရားသဖြင့် လုပ်နေတာပဲဆို ရှုံပြီးပါ့မလား၊ မပြီးသေးဘူးတဲ့ တရားသဖြင့် လုပ်နေတယ်ဆိုတာ သူဘာပြောသတုံး၊ ဒကာ ဒကာမတွေက ဘုန်းကြီးမေးလို့ရှိရင် ကျုပ်တို့

သီလပျက်မှာစိုးလို့ ကျုပ်သီလလုံခြုံအောင် လုပ်နေတယ်လို့ပြောတာ စဉ်းစားကြည့်ပါ၊ ဒီအသံပဲထွက်ပါတယ်။

■ ကျုပ်တရားသဖြင့် ရောင်းဝယ်ဖောက်ကားစားနေပါတယ် ဆိုတာ ဘာပြောတယ်ထင်သတုံး၊ သီလလုံခြုံအောင်ထိန်းသိမ်းတာ ပါဘုရား၊ သီလစကားပြောနေတာ ရှင်းကြပလား။ သစ္စာပါပလား၊ ဒကာ ဒကာမတွေ ဒါပဲ၊ တချို့ဒကာ ဒကာမတွေက ဂုဏ်ယူ ပြီးနေကြတယ်။ ကျုပ်တို့ကောင်းသောရောင်းခြင်း၊ ကောင်းသောဝယ်ခြင်းပဲ၊ မဟုတ်တာ လည်း မပြောပါဘူးတဲ့၊ သီလပဲပြောတာပဲ။ မဟုတ်တာမပြောဘူးဆိုတော့ မုသားမပြောဘူးပြောတာ သီလပဲမကျဘူးလား။ အဲဒီတော့ မဟုတ် တာလည်း မပြောပါဘူးတဲ့၊ ကျုပ်တို့ဟာအပြစ်လွတ်အောင် နေတာပါ ပဲဆိုတာ သင့်နေတဲ့အပြစ်ကိုမသိဘူး။ သီလပြစ်တော့လွတ်ပါရဲ့၊ သစ္စာမသိတဲ့ အဝိဇ္ဇာ ပြစ်ကသင့်နေတယ်။ သီလပြစ်တော့သိပါတယ်၊ သစ္စာမသိတဲ့အဝိဇ္ဇာဖြစ်တော့ မသိပါဘူး။ ဒါဖြင့် အဝိဇ္ဇာပြစ်သင့်တာ မသိ လို့ရှိရင် အဝိဇ္ဇာပစ္စယာသင်္ခါရာက နေပါ့မလား။ သင်္ခါရပစ္စယာ ဝိညာဏံ ဆိုတဲ့ နောက်ပဋိသန္ဓေတွေကကော မနေပါဘူးနော်။ အဲဒီ ပဋိသန္ဓေတွေ ဒုက္ခသစ္စာပါလို့မှတ်ပါ။ အဲဒီ ဒုက္ခတွေနဲ့တော့ သူလွတ်ပါ့မလား။

■ အဲဒါကြောင့် ခင်ဗျားတို့က အားလုံးယဉ်ကျေးနေတဲ့ ဒကာ ဒကာမတွေအပေါ်မှာ ထူးခြားစွာဟောပြန်တယ်လို့မှတ်ပေတော့၊ နို့မို့ ကိုယ့်ဟာကလေးနဲ့ ကိုယ်တင်းတိမ်နေတော့ သူသီလနဲ့တင်းတိမ်နေ တာပဲ၊ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်သူလုပ်ပလား၊ အဝိဇ္ဇာက ဝိဇ္ဇာ ဖြစ်မှ သစ္စာသိမှာကိုး။ အဲဒီတော့ လိုနေတာကိုမသိတော့တော်ပြီ၊ ကျုပ်တို့ ဖြင့်သူများလိုတော့ အပါယ်သွားကြောင်းတွေ ကျုပ်တို့ မရှိပါဘူး၊ ဘာဖြစ်လို့တုံးကောင်းသောရောင်းခြင်း၊ ကောင်းသောဝယ်ခြင်းပဲ၊ သူတစ်ပါးလည်းစားသာအောင် မုသားလည်းမသုံးပါဘူး၊ ဒီလိုနဲ့ပဲ ကျုပ်တို့ဖြင့်သားတွေ သမီးတွေကျွေး၊ ဒါနဲ့ပဲလုပ္ပဒါန်းလာခဲ့တာပဲ။ အံမာ

သူဟာနဲ့သူတော့ဟုတ်နေတာပဲ၊ ဘာနဲ့ဟုတ်နေ တာတုံးဆိုရင် သီလနဲ့ဟုတ်နေတာပါ၊ ဒါဖြင့် သစ္စာကျတော့ သူမရှိတော့ သစ္စာမသိတာက အဝိဇ္ဇာပါပဲနော်။ ဒါဖြင့် သူမှာ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ - ဆိုတဲ့ဟာ သူ့မှာ အကြိမ်ပေါင်းတစ်နေ့မရေတွက်နိုင်တော့ ဒီအပြစ်ကလွတ်ပါ့မလား။ ဒါဖြင့် ဩော် ဒကာ ဒကာမတို့ မသိတဲ့လူ ပြောတော့ မသိသလိုနဲ့ဘဲ မသိတဲ့လူက အင်းသူတော်လိုက်တာလို့ ချီးမွမ်းရတော့မလိုလိုဘဲ သဘောကျပလား။ မသိတဲ့လူက သူက သီလ အသားယူပြီးပြောနေတာကိုး သီလအသားယူပြီးပြောနေတော့ ဒီက လည်း ဒီလောက်မှမရှိတဲ့ပုဂ္ဂိုလ်ဆိုတော့ တော်ပေသကွာ၊ အံမာ တော်သေးသကွာလို့တောင် ခင်ဗျားတို့က လက်ခုပ်တီးသေးတယ်။

■ တော်သလား။ ဘာလိုနေသတုံးဆိုရင် သစ္စာမသိပါဘူးတဲ့၊ သစ္စာမသိတာက အဝိဇ္ဇာပါ၊ ဒါဖြင့် အဝိဇ္ဇာကရှိတော့ အဝိဇ္ဇာက သူတင် လားလို့မေးတော့ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံပါ၊ ကဲ သွားလိုက်ပါတော့ ဇာတိ၊ ဇရာ၊ မရဏမရဘူးလား။ အဲဒါ ဆုံးသွား လိုက်တော့ ဒုက္ခက္ခန္ဓသ သမုဒယောဟောတိ ဒုက္ခဖြစ်ကြောင်းပဲ သူလုပ်နေတယ်တဲ့၊ ပေါ်ကြပလား၊ အဲဒါ ဒုက္ခဖြစ် ကြောင်းပါပဲ၊ တစ်နေ့ ဘယ်နှစ်ကြိမ်တုံးမေးတော့ သူမသိတဲ့အချိန်က မရေတွက်နိုင်ပါဘူးနော်။ လုံးဝမပါတော့ ခန္ဓာကဘယ်လိုပြော နေနေ သူဒုက္ခသစ္စာလို့သိသေး ရဲ့လား။ မသိတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရပေါင်းတစ်နေ့အကြိမ် ဘယ်လောက်ရှိမလဲဆိုရင် မရေတွက်နိုင်ပါဘူးတဲ့။ ဒါဖြင့် သွားရော အပါယ်သာတွန်းချလိုက်တော့ သဘောကျပလား။

■ သီလတန်ခိုးကြောင့် နတ်ပြည်ရောက်၊ အဝိဇ္ဇာတန်ခိုးကြောင့် အပါယ်သွားဆိုတော့ လွတ်ရေး ကျွတ်ရေးမမြင်ပါဘူး၊ သူ့သီလသူဖြစ်တဲ့ အဝိဇ္ဇာချိန်ကြည့်စမ်း၊ မျှရဲ့လား။ မမျှဘူးဆိုတာ ရိပ်မိကြပလား။ အေး ဒါကြောင့် အခါကောင်း အခွင့်ကောင်းကြုံတုန်းကို ခင်ဗျားကို ခုနင်က

(၁၃) မိုင်ပတ်လည်ရှိတဲ့ ရေကန်ကြီးထဲမှာရှိတဲ့ ရေကလေး သမန်းမြက်ဖျားနဲ့တို့ တစ်ခုတစ်မှုန် တစ်ခုတစ်မှုန်ဆိုရင် ဒီအထဲမှာ အမှုန်ပေါင်း ရေတွက်နိုင်ကြ ပါ့မလား။ အဲဒီ ဒုက္ခတွေဟာ ခင်ဗျားတို့က ဝိဇ္ဇာမဖြစ်သရွေ့ ကာလပတ်လုံးအကုန်ရှိတယ်။ သစ္စာမသိသေးသရွေ့ ကာလပတ်လုံး အကုန်ရှိပါတယ်။ ဒါဖြင့် ဒုက္ခပေါင်းမရေတွက်နိုင်ပါဘူး၊ ကိုင်း ဒကာ ဒကာမတို့ ပေါ်ကြပလား။ ဒါဖြင့် သစ္စာမသိတဲ့ပုဂ္ဂိုလ် ခုနကပြောတဲ့ စကားပြန်နိဂုံးချုပ်လိုက်၊ နိဗ္ဗာန်မရှိဘူး။ ပေါ် ကြပလား၊ နိဗ္ဗာန် မရှိတော့ ဘူးဆိုတော့ အားလုံး ဒကာ ဒကာမတွေ ကျေနပ်ကြပလား။

## ❁ သစ္စာသိအောင် ပြောကြပါစို့

■ အေး ဒါကြောင့် ကဲ ဒါဖြင့် ပြောကြပါစို့ သစ္စာသိအောင်နော်၊ သစ္စာသိအောင်ပြောကြပါစို့၊ ဒကာ ဒကာမတို့ သစ္စာမသိလို့ ရှိရင် ဒုက္ခအနန္တကြီးက ကျန်နေလို့ မဟောထိုက်ဘူးလား၊ မဟောလို့ရှိရင် ဖြစ်ကိုဖြစ်ပါ့မလား။ မဖြစ်တော့ဘူးဆိုတဲ့တရားပါပဲ၊ ဒကာ ဒကာမတို့ မဟောရင်လုံးဝကို မဖြစ်တဲ့တရားလို့ မှတ်လိုက်စမ်းပါ။ ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သစ္စာများ ဟောနိုင်တဲ့ ဆရာသမားတွေရှင်ကွာတဲ့၊ မင်းကအသက်တစ်ရာ ရှည်ပါလိမ့်မယ်၊ တစ်နေ့ကို မနက်လှံအချက်သုံးရာထိုးလိမ့်မယ်။ နေ့လယ် သုံးရာထိုး၊ ညနေ သုံးရာထိုး၊ အဲ ကိုးဆယ့်ကိုးနှစ်ကျော်မှ တစ်ရာပြည့်ကာနီးမှ သစ္စာပြောမယ်ဆိုရင်ဖြင့်တဲ့၊ ရက်ပေါင်းများ စွာ လှံထိုးတာတွေခံသာခံလိုက်ပါတဲ့။ ခုနင်က ရေမှုန်ဒုက္ခနဲ့စာတော့ ဒီလှံထိုးချက်က မဖြစ်လောက်ပါဘူးနော်။ ရှင်းပလား။ အဲဒါ ကြောင့် ဒကာ ဒကာမတို့ သစ္စာသိအောင် ပြောနိုင်တဲ့ပုဂ္ဂိုလ်နဲ့ ကြုံလို့ရှိရင်ဖြင့် လှံအချက် တစ်နေ့ကိုကိုးရာအထိုးခံ၊ အသက်တစ်ရာ ပြည့်ရင် နောက်ဆုံးသေကာနီးရက်မှာ သစ္စာသိအောင် ခံလိုက်ကွ ဆိုတော့ ဒါအရေးတကြီးပြောတဲ့စကား ဟုတ်မဟုတ်။ ဒကာ ဒကာမတွေ

အရေးကြီးတဲ့စကားမှဟုတ်ပါရဲ့လား၊ ဘယ်သူကပြောတာတုံးဆိုရင် ဘုရားကပြောတာပါပဲ၊ သစ္စသံယုတ်မှာဘုရားက ပြောတယ်ဆိုတော့ ဒကာ ဒကာမတွေ အလွန်ရိပ်မိဖို့ကောင်းသွားပြီ။

■ အဲဒါကြောင့် ခင်ဗျားတို့ ကျောက်အရောင်းအဝယ်နဲ့ ခင်ဗျားတို့ တွင်းနဲ့ ခင်ဗျားတို့ အကျိုးပေးနေတာကလေးတွေကို ဘုန်းကြီးများသည် ဝမ်းသာပါတယ်၊ တိုက်တွေတည်၊ ကားတွေဝယ်ကြ၊ အမျိုးမျိုးအဖုံဖုံ၊ ဝမ်းသာပြားသော်လည်း စိတ်မချရတဲ့ ဝမ်းသာလုံးတွေပါ။ ဩော် ယနေ့သူဌေးကြီး၊ နက်ဖြန်ခွေးကြီးကို၊ ဒီလိုဖြစ်သွားမှာစိုးရိမ်ရတယ်။ ယနေ့သူဌေးကြီး မနက်ဖြန်ခွေးဆို တော့ ကောင်းသေးရဲ့လား။ တောဒေယျပုဏ္ဏားကြီးဟာ ယနေ့သူဌေးကြီးပဲ၊ မြေထဲမှာ ကုဋေ လေးဆယ်မြှုပ်နိုင်တယ်၊ သုံးဖို့အပေါ် မှာနေ့တိုင်းသုံးဖို့ ကုဋေလေးဆယ် ပုံထားတယ်။ နက်ဖြန်ခွေးကြီးဖြစ်သွားတယ်။ သစ္စာမသိတော့ ဘယ်လောက်ကြောက်စရာကောင်း သတုံး၊ ရှင်းကြပလား၊ အဲဒါကြောင့် ခင်ဗျားတို့ ကျန်းမာချမ်းသာမှုနဲ့ နေတာကိုလည်းဘုန်းကြီးများက အင်မတန်ဝမ်းသာတယ်။ ဘာ့ကြောင့်ဝမ်းသာသတုံးဆိုလို့ရှိရင်ဖြင့်တဲ့ ဩော် ဒီဒကာ ဒကာမတွေ ပုဗ္ဗေစက တပုညတာ = ရှေးက ပြုလုပ်ခဲ့ဖူး တဲ့ကောင်းမှုအ ထူးရှိပါပေတယ်လို့ မဆိုထိုက်ဘူးလား။

■ ရှေးကပြုဖူးတဲ့ ကောင်းမှုထူး ရှိပါပေတယ်၊ ရှိပေမယ့် အဟောင်းစားဖြစ်သွားတယ်၊ အသစ်ဒုက္ခလွတ်ရေးကိုမရှာဘူး၊ မရှာတာ က သစ္စာမသိတော့မရှာဘူး၊ ဒီလိုဆိုတော့ တို့လိုသေးတယ် ဆိုတာ ပေါ်ပလား၊ ရှင်းပြီနော်။ ဒါဖြင့် ဟောပါတော့မယ်တဲ့၊ သစ္စာဟောဖို့ရာ အကြောင်းကို ခင်ဗျားတို့က သာမညပုဂ္ဂိုလ်ကလည်း မဟောနိုင်၊ ခင်ဗျားတို့ကလည်း သာမညနားနဲ့ကလည်း မထောင်နိုင်၊ ဘယ့်နယ် ကြောင့်တုံး၊ အရေးကြီးမှန်းမသိတော့ခက်တယ်၊ အခုတော့ သူ့ထက် အရေးကြီးတာမရှိဘူးဆိုတာ ပေါ်ပါပြီ၊ ကဲ ဒါဖြင့် သစ္စာပြောပါတော့မယ်

ဆိုတော့ ဒကာ ဒကာမတို့ သစ္စာဆိုတာ တခြားမမှတ်နေ နဲ့နော်၊ ဘာတုံးမေးလို့ရှိရင် ခင်ဗျားတို့ရဲ့ ခန္ဓာငါးပါး တစ်ပါးပါးဟာ သစ္စာပဲလို့ မှတ်လိုက်ပါ။

## ☸ ခန္ဓာငါးပါး တစ်ပါးပါးသည် ဒုက္ခသစ္စာ

■ ခန္ဓာငါးပါး တစ်ပါးပါးဟာ ဒါ ဒုက္ခသစ္စာနော်၊ ဩော် ဒါဖြင့် ခန္ဓာငါးပါး တစ်ပါးပါးကို တို့ပိုင်ပိုင်နိုင်နိုင်သိလို့ရှိရင်ဖြင့် သူ့ခန္ဓာ အကြောင်းကောင်းကောင်းသိလို့ရှိရင်ဖြင့်၊ ခန္ဓာရဲ့ ဖြစ်ပုံ ကောင်းကောင်း သိလို့ရှိရင်ဖြင့်၊ ခန္ဓာရဲ့အနေအထားကို ကောင်းကောင်းသိ လို့ရှိရင် သစ္စာသိတာပါပဲ၊ ရှင်းပလား၊ ခန္ဓာ၏ အနေအထားကောင်းကောင်းသိရင် သစ္စာသိတာပါပဲဆိုတာ သဘောကျပလား။ အခု တော့ ဒကာ ဒကာမတွေ သိတဲ့သစ္စာက ဘယ်လိုနေသတုံး၊ ယားတယ်ဆိုလို့ရှိရင်ဖြင့် ယားလိုက် တာတဲ့၊ ဒုက္ခသစ္စာရယ်လို့တော့ မသိဘူး။ သိပြန်တော့လည်း ယား လိုက်တာ၊ စိတ်များပျက်ပါပေါ့၊ ဒေါမနဿနဲ့လာနေတယ်၊ ဒေါမနဿက သိတာမျိုးဟုတ်ရဲ့လား။

■ ဒေါမနဿသိတာမျိုးမဟုတ်ဘူး၊ ဒေါမနဿကစိတ်ပျက်တယ်၊ ယားလို့စိတ်ပျက်တယ်၊ ယားလို့ညက်နဲ့သိတာ၊ ဒုက္ခသိတာရယ်လို့ သိတာမဟုတ်ပါဘူး၊ ဒါဖြင့် အင်မတန်ကွာခြားမနေဘူးလား။ အေး ဒါကြောင့် အိမ်မှာလည်း ဒကာ ဒကာမတွေ တွေးကြပါဆိုတဲ့ဟာ ရှင်အာနန္ဒာများ မှာလိုက်တာလေ၊ မင်းအမျိုး-မင်းအနွယ်၊ မင်းကြည်ညို၊ မင်းဝတ်ပြုနေတဲ့ပုဂ္ဂိုလ်ဖြစ်စေ၊ မင်း သနားတဲ့ပုဂ္ဂိုလ်ဖြစ်စေ၊ အလုံးစုံ ကွာတဲ့၊ မင်းသနားလို့ရှိရင်ဖြင့် ဒို့ပြင်အမွေ ဘာမှမပေးနဲ့၊ ဒီသစ္စာသိဖို့ အမွေကလေးတစ်လုံးသာ ပေးပါ၊ ဒါသူတို့ ဒုက္ခကျွတ်သွားလိမ့်မယ်။ ကဲ ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ရှင်အာနန္ဒာ မှာကတည်း ကကိုက သေချာပြီ၊ အဲဒါအဖိုးတန်တဲ့ဆရာကပြောနေလို့

အဖိုးတန်တယ်လို့ မအောက်မေ့ပါနဲ့၊ ဒါ ပါဠိတော်ချည်းပဲလို့မှတ်လိုက် သဘောကျပလား၊ ပါဠိမှာ ရိုးရိုးမဟုတ်ပါဘူး၊"တော်" ပါလာသေးတယ် နော်၊ ဒို့ပြင်ဟာတွေ ပါဠိလို့သုံးတယ်၊ ဒီဟာကျတော့ တော်ပါ လာတယ်၊ သဘောကျပလား၊ တော်ပါလာတာက ကိုယ်တော်တိုင်ဟောတာ ဒါက ပါဠိ၊ ပါဠိသားတွေပဲဆိုတာက သူကိုယ်တိုင်ဟော တာ မဟုတ်ပါဘူး၊ ရှင်းပလား၊ သာဝကတွေ ဟောတာဖြစ်နေတယ်။ အဲဒီတော့ ဒကာ ဒကာမတို့ ဒါ ပါဠိတော်ဆိုတော့ ရိပ်မိပြီ၊ ကိုင်း ဒါဖြင့် သစ္စာရှာကြစို့။

## ☸ စာကရေးတဲ့သစ္စာ မလိုချင်

■ သစ္စာရှာကြစို့ဆိုတော့ လွယ်ပါတယ်၊ ဒကာ ဒကာမတို့ သစ္စာရှာချင်တော့ လွယ်ပါတယ်၊ စာကရေးတဲ့သစ္စာကိုမလိုချင်၊ ခန္ဓာထဲ အခုပေါ်တဲ့သစ္စာကိုလိုချင်တယ်၊ ဒါလည်း မှတ်ကြပါဦး။ စာကရေးတဲ့ သစ္စာကို မလိုချင်ပါဘူးနော်၊ ခန္ဓာကအခုပြောတဲ့သစ္စာ ကိုလိုချင်ပါတယ်၊ ဒီရောက်ရမယ်ဆိုတာကော သဘောပါပလား၊ စာမှာပါသားပဲလို့ ဆိုလို့ရှိရင် ဒီ ဒကာ ဒကာမတွေ နိဗ္ဗာန်မရောက်ပါဘူး။

## ☸ စာသိနှင့်ပညာသိ

■ ဘာဖြစ်လို့တုံးဆိုလို့ရှိရင် စာသိက သညာ၊ ကိုယ့်ခန္ဓာထဲ ကိုယ်သိတာက ပညာ၊ သညာနဲ့ပညာကွာခြားတယ်၊ ရှင်းပလား။ သညာက ပဋိစ္စသမုပ္ပါဒ်မပြတ်ဘူး၊ ပညာကပဋိစ္စသမုပ္ပါဒ်ပြတ်တယ်။ ပေါ်ပလား။ သညာက ပဋိစ္စသမုပ္ပါဒ် မပြတ်ပါဘူး၊ ဒုက္ခကို မဖြတ်နိုင်ဘူး၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဒုက္ခပဲလို့မှတ်ပါ။ ပညာကတော့ ဖြတ်နိုင်တယ် ဆိုတော့ ကိုဝ စာသမားကို ခင်ဗျားတို့က အားကိုး မနေနဲ့ဦး။ ရှေ့ကတော့ အို သူကစာဖတ်တတ်တယ်၊ သူကတော်တယ်၊ စာဆိုသူက တော်တော် မွှေနှောက်ထားတာ၊ အင်း ခန္ဓာမွှေနှောက်တယ်လို့ပါရဲ့လား၊ စာမွှေနှောက်

ထားတာလို့ပြောနေတယ်။ အဲဒီကတည်းက ရှိတဲ့ဆီရှာတာလား၊ မှတ်တမ်းထဲရှာနေတာလား မှတ်တမ်းထဲရှာလို့ရှိရင်ဖြင့် စာရင်းစာအုပ်ထဲမှာ ငွေမရှိသလိုပဲ၊ အဲဒီထဲသွားမရှာနဲ့၊ ကိုယ်ထားတဲ့မီးခံသေတ္တာထဲမှာဖြစ်စေ၊ တခြား သောသားရေအိတ်ထဲမှာဖြစ်စေ ရှာရင်တော့ ငွေတွေ့မယ်။ မှတ်တမ်းထဲသွားရှာလို့မရှိရင်ဖြင့် ငွေစက္ကူနံပါတ်တောင် မပါဘူး၊ ကဲ ရှင်းကြပလား။ ဒါဖြင့် စာသမားလည်းအားကိုးလို့မရသေးဘူး၊ ခန္ဓာညက်ရောက်တဲ့ပုဂ္ဂိုလ်အရေးကြီးတယ်။ ခန္ဓာညက်ရောက်တဲ့ပုဂ္ဂိုလ် အရေးကြီးတယ်ဆိုတော့လည်း ပေါ်ပါပြီ၊ ကဲ ဒါဖြင့် ခန္ဓာထဲရှာကြစို့။

■ ခန္ဓာထဲရှာမယ်ဆိုတော့ လွယ်ပါတယ်တဲ့၊ အခုဆရာကောင်း၊ သမားကောင်း၊ လမ်းညွှန်ကောင်းနဲ့တွေ့နေတာ၊ ဒါ မခဲယဉ်းပါဘူး၊ ဒကာ ဒကာမတို့ အခု ဘုန်းကြီးပြောတဲ့အသံကို ကြားရဲ့လားလို့မေးလို့ရှိရင်ဖြင့် ကြားပါတယ်လို့ဖြေကြမယ်။ အဲဒါဟာ နားထဲမှာ ကြားစိတ်ကလေး ပေါ်တာပါပဲ။ နားထိုင်းဆိုရင်ပေါ်ပါ့မလား၊ ဝမ်းထဲကတည်းက နားပင်းလာတဲ့ပုဂ္ဂိုလ် မပေါ်ပါဘူး။ ဒါဖြင့် ဘုန်းကြီး အသံနဲ့၊ သူ့မှာ ကြားတတ်တဲ့ရုပ်နဲ့ တိုက်ဆိုင်တာနဲ့ နားထဲမှာ အမွေးနပေါက်ရာမှာ ကြားစိတ်ကလေး ပေါ်တယ်။ ဒကာ ဒကာမတို့ ဒီကြားစိတ်ကလေးပေါ်တာ သိသွားပလား။ အဲဒီ ကြားစိတ်ကလေးဟာ ဒကာ ဒကာမတို့ ဩော် ကြားစိတ်ကလေး ကြည့်တာပေါ့တဲ့၊ ကြားစိတ်ကလေးက ဒါ ကိုယ့်ခန္ဓာပဲလို့မှတ်လိုက် ဝိညာဏက္ခန္ဓာပါပဲ။ ကြားတိုင်း ကြားတိုင်း ကြားတဲ့စိတ်ကလေးဟာ နားထဲ ပေါ်တယ် ပေါ်တိုင်းပေါ်တိုင်းသူ့ကို ဘာဆိုကြမလဲဆိုရင် ဝိညာဏက္ခန္ဓာ ပါပဲနော်။ ဒီဝိညာဏက္ခန္ဓာက အခုကြားတဲ့ပုဂ္ဂိုလ် သန္တာန်ပေါ်တဲ့ခန္ဓာ တခြားသောပုဂ္ဂိုလ်သန္တာန်ပေါ်တာ မဟုတ်ပါဘူး။

■ ဒါဖြင့် ဒီခန္ဓာကလေးဟာ သူ့ခန္ဓာကလေးဟာ သူ့ခန္ဓာပဲ ဆိုကြစို့ဆိုတော့ ကြားတဲ့ပုဂ္ဂိုလ်ရဲ့ခန္ဓာပဲ၊ အဲဒီကြားတဲ့ပုဂ္ဂိုလ်ရဲ့ ခန္ဓာထဲမှာ ဒါ ဝိညာဏက္ခန္ဓာဆိုတာဟာ ဒကာ ဒကာမတို့ ခန္ဓာပဲဆိုတာ သိသွားကြပြီ၊

ခန္ဓာဟာ ဒုက္ခသစ္စာပါပဲ၊ ဩော် ဒါဖြင့် ငါ့သန္တာန် ဒုက္ခသစ္စာကလေးပေါ်ပြီလို့ ဒီကစသိလိုက်ပါ၊ ဘာသစ္စာပေါ်တာသတုံးဆိုရင် ဒုက္ခသစ္စာပေါ်လာပါတယ်လို့မှတ်ပါ။ ကဲ ခက်သလားဗျာ၊ နားမလည်တာ လည်အောင်ပြောတတ်တဲ့ဆရာသမားနဲ့ ကြုံပြန်တော့လည်း ဩော် ဒုက္ခသစ္စာဆိုတာ အခုကြားတဲ့စိတ်ကလေး ဆိုတာပါလား။ သဘောကျပလား။ ကြားတဲ့စိတ်ကလေးဆိုတာပဲ ဒကာ ဒကာမတို့နော် အဲဒီကြားတဲ့စိတ်ကလေးကြားပြီး၊ ကြားတဲ့ စိတ်ကလေးကြားပြီးတော့ ချုပ်သွားတာပဲ။ ကြားပြီဒကာ ဒကာမတွေက ဩော် ဒါကလေးဟာ ငါ့သားကလေးက ခေါ်လို့ကြားတာပဲ ဆိုပြီး ကြားစိတ်ကလေးဆိုပြီး သားကလေးအသံကြားတဲ့ကြားစိတ်ကလေးပေါ်ပြီး ဟိုကငိုတဲ့အသံကလေးကြားတော့ ကြားစိတ်ကလေးပေါ်တယ်နော်။ ကြားတော့ကလေးလေးဆီကို သွားချင်တဲ့စိတ်ကလေးကော မပေါ်ဘူးလား၊ အင်း ဘယ့်နယ်ကြောင့် သွားချင်ပါလိမ့်မတုံးဆိုတော့ ကိုယ်မွေးထားတဲ့ သားကလေးမို့ ကိုယ်ခင်တယ်မလာဘူးလား။

■ ကြားစိတ်ကလေးမရှိဘူး၊ ခင်စိတ်ကလေးနဲ့ ဒကာဒကာမတွေမှာဖြစ်နေတယ်။ ဒီခင်စိတ်ကလေးကလည်း ဘာသစ္စာတုံးလို့မေးပြန်တော့ ဒုက္ခသစ္စာပါတဲ့၊ သူလည်းခင်ဗျားတို့သန္တာန်ပေါ်တော့ ဝိညာဏက္ခန္ဓာပဲကိုး၊ ဒါဖြင့် သူဘာသစ္စာတုံးဆိုရင် ဒုက္ခသစ္စာ ပါပဲနော်။ ထားဦး ထားဦး ဒုက္ခသစ္စာပဲလို့ သိသိသွားပါ၊ ကဲတစ်ခါသွားပါဦး၊ ကြားပြီးတာနဲ့ အခြားမဲ့၌ အို ကြားကာမျှနေသလားတဲ့၊ စွဲစွဲလမ်းလမ်းပဲရှိသလားလို့မေးရင် စွဲစွဲလမ်းလမ်းရှိပါတယ်။ ဟာ ဒါဖြင့် ကြားစိတ်ကလေးတကျော့ချုပ်ပြီး ဥပါဒါန်စိတ်ဖြစ်တယ်။ ဘာသစ္စာတုံး ဒုက္ခသစ္စာပါပဲနော်။ ဒုက္ခသစ္စာပဲမှတ်ထားလိုက်တာပေါ့၊ ဟာ တို့သန္တာန်မှာ ကြားစိတ်ကလည်း ဒုက္ခသစ္စာ၊ ကြားလို့ခင်တဲ့စိတ်ကလေးကလည်း ဒုက္ခသစ္စာ၊ စွဲလမ်းတဲ့စိတ်ကလေးကော ဒုက္ခသစ္စာပါ၊ ဒုက္ခသစ္စာတွေ ဆက်ဖြစ်သွားတာပဲ။

သဘောကျပလား။ အင်း ဒါဖြင့် သွားဦးမှာပဲဆိုပြီး နှုတ်က ပြောလိုက်တယ်၊ ကလေးငိုနေတယ်၊ သွားဦးမှာပဲလို့ မထသေးပါဘူး။ သွားဦးမှပဲဆိုတာ ကလေးကောမပြောဘူးလား။ ပြောရင်စေတနာပါလို့ ပြောတာ စေတနာမပါရင်ကော မပြောပါဘူးတဲ့။

■ အဲဒါကလေးက ဥပါဒါနပစ္စယာ ကမ္မဘဝေါ ဝစီကံကလေး ဖြစ်လာတယ်၊ ဒါ ဝစီကံနော် ဘာသစ္စာတုံးဆိုရင် ဒုက္ခသစ္စာပါပဲ၊ အင်း ကြည့်စမ်း ကြားစကစပြီးတော့ ဒုက္ခသစ္စာတွေတန်းပါတယ်။ ဩော် ဒါဒုက္ခသစ္စာတွေချည့် တန်းနေပြီဆိုတာသေချာပလား။ ကဲ ဒါဖြင့် ကြားစိတ်ကလည်းဒုက္ခသစ္စာ၊ ကြားလို့ခင်တာကလေးကလည်း ဒုက္ခသစ္စာပါ၊ ကြားလို့စွဲလမ်းတာကလေးကကော ဒုက္ခ သစ္စာပါ၊ ဒါဖြင့် ကြားလို့သွားဦးမှပဲလို့ပြောတဲ့ ဝစီကံကလေးဟာကော ဒုက္ခသစ္စာပါ၊ ဒုက္ခသစ္စာပဲ။ ဟုတ်တယ်-မဟုတ်တယ် ဘုန်းကြီးက တစ်ခါ ရှင်းပြီး ပြပါဦးမယ်၊ ဒါ ဒုက္ခသစ္စာပဲဆိုတဲ့ဟာ သေသေချာချာရှင်းပြတဲ့အခါ ကျတော့ဖြင့် သောတဥ္စပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံဆိုတဲ့ ကြားစိတ်ကလေး မပေါ်ဘူးလား။ အင်း ကြားပြီးတာနဲ့ အခြားမဲ့၌ တိဿံ သင်္ဂတိဖဿော ဖဿပစ္စယာ ဝေဒနာတွေတော့ ကျော်လိုက်ပါတော့၊ ဝေဒနာပစ္စယာ တဏှာဆိုတဲ့ ခင်စိတ်ကလေးကော ပေါ်ပါတယ်၊ တဏှာ ပစ္စယာ ဥပါဒါန်ဆိုတာကော ပေါ်ပါတယ်၊ ဒုက္ခသစ္စာတွေချည်း လျှောက်ဖြစ်နေ တယ်။ ဥပါဒါနပစ္စယာ ကမ္မဘဝေါ မပေါ်ဘူးလား။ သွားဦးမှပဲဆိုပြီး ဝစီကံကလေးမလာဘူးလား၊ တော်တော်ကြာကျတော့ အင်း ထကိုသွားတာပဲဆိုတော့ ကာယကံကလေးကော လာပါတယ်၊ ရှင်းပလား၊ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်နဲ့လည်း ဒါ မကိုက်သေးဘူးလား။

■ ကဲ ပဋိစ္စသမုပ္ပါဒ်ကို အဆုံးရွှတ်လိုက်စမ်းပါတဲ့၊ အလယ်ဟာတွေ ကျုပ်တို့ပြောနေရင် ရှည်နေမှာစိုးလို့ အဆုံး ရွှတ်လိုက်တော့ ဒုက္ခက္ခန္ဓသ တွေ့ပါတယ်။ ဟော ဒုက္ခက္ခန္ဓသတဲ့၊ ဒုက္ခအစုကြီးကွဆိုတော့ ဒုက္ခသစ္စာ

လို့ မပြောဘူးလား။ နောက်ကဖြစ်ခဲ့တာ ဟူသရွေ့ ဒုက္ခသစ္စာကြီးပဲဆိုတာ ဘုရားကပဲ တာဝန်မခံဘူးလား။ ဒါ ဘုရားဟောလို့သိရတာလားတဲ့၊ ခင်ဗျားတို့ဖြစ်စဉ်ကို ဘုရားက လက်ညှိုးထိုးတာလားဆိုရင် ဖြစ်စဉ် လက်ညှိုးထိုးတာပါလို့မှတ်လိုက်ပါ။ အဲ ဘုရားကဟောတာမဟုတ်ဘူး၊ ခင်ဗျားတို့ဖြစ်စဉ်ကို လက်ညှိုးထိုးပြတာပါ၊ ဘုရားဟောလို့သိရပေတယ်။ ရှိတာကတော့ ဒုက္ခသစ္စာပါပဲ။ ဒီ ဒကာ ဒကာမတွေသန္တာန်မှာရှိတယ်။ ဘုရားက လက်ညှိုးထိုးဖော်ရတယ်၊ သဘောကျပလား၊ ရှိတဲ့ ဒုက္ခသစ္စာ က ခင်ဗျားတို့ဆီမှာ ဘုရားကဘာပြောဖော်ရသတုံးဆိုတော့ ဟောဒါ ဒုက္ခသစ္စာအတန်းကြီးကွာလို့ ကျုပ်တို့က သစ္စာမသိတဲ့ပုဂ္ဂိုလ်မို့ ဒုက္ခက္ခန္ဓသသမုဒယော ဟောတိဆိုပြီးပြောရာတယ်။ ဒုက္ခတွေဖြစ်နေပြီဟော့၊ တစ်ပုံကြီးပဲ မပြောဘူးလား။ ပြောတော့ အခု တရားနာရတာ ဒကာ ဒကာမတွေ ဩော် ဒုက္ခသစ္စာဆိုတာ ရှားသလား၊ ပေါသလား၊ ပေါပြီးမသိဘဲဖြစ်နေတယ်၊ ကျုပ်တို့ ဒီဂေါ်ကြိုးမပေါ်ခင် ဂေါ်ကြိုးတွေဟာ မပေါ်ဘူးလား၊ ရောင်းစားရမှန်းသိရဲ့လား။ ပေါပြီးမသိဘဲဖြစ်နေတယ်၊ အခုသိလာတော့ရှားတယ်၊ သဘောကျပလား။

■ ပေါပြီးမသိတုန်းကတော့ ဒါတွေဟာ ကျုပ်တို့အလကားပဲ၊ ကြောင်ကျောက်တွေ ဘာလုပ်ဖို့တုံး၊ အနီထဲလည်းကြောင်ထိုး လာရင် အလကားပဲ၊ အပြာထဲလည်းကြောင်ထိုးလာရင် အလကားပဲ၊ ပေါပင်ပေါ ပြားသော်လည်း အဖိုးတန်မှန်းမသိတော့၊ ဒီမှာ လည်း ခန္ဓာထဲသစ္စာတွေ တော့ ပေါပါရဲ့ သစ္စာသိတဲ့ဉာဏ်က နောက်ကမလိုက်တော့ အဖိုးတန် သေးရဲ့လား။ ဒါဖြင့် သူ့ဟာသူဖြစ်နေတဲ့ ဒုက္ခသစ္စာ၊ ခင်ဗျားတို့ ဉာဏ်ဝ ရောက်တဲ့ ဒုက္ခသစ္စာလို့ဆိုလို့မရပါဘူး။ ဒါဖြင့် ခင်ဗျားတို့က ဒုက္ခသစ္စာ သိခဲ့ရဲ့လားလို့မေးတော့ မသိခဲ့ပါဘူး။ သိပါရဲ့ဘုရား ခွေးကိုက်တဲ့အခါ နာတာသိတယ်၊ ထမင်းစားမကောင်းရင် မကောင်းတာသိတယ်၊ အဲဒါ ဒေါသသိကွ၊ ဉာဏ်သိမဟုတ်ဘူး၊ ရိပ်မိပလား။ အရေးကြီးတာက

ဉာဏ်သိအရေးကြီးပါတယ်၊ ဉာဏ်သိမှ ပဋိစ္စသမုပ္ပါဒ်ဖြတ်မှာကိုး၊ ဉာဏ်သိကမှ ဖြတ်မှာဖြစ်နေတော့ ဉာဏ်သိကဒုက္ခဖြတ်တယ်။ ကဲ ဒါဖြင့် ဉာဏ်သိနဲ့ ဒုက္ခဖြတ်ကြပါစို့ဆိုတော့ ဒကာ ဒကာမတွေ ကလေးလေးက ကိုယ့်သားသမီးကလေးက အော်လိုက်တယ်၊ ငိုသံကလေးနဲ့ အော်လိုက်တယ်၊ ကြားစိတ်ကလေးမပေါ်ဘူးလား။အင်း ကြားစိတ်ကလေး ပေါ်တာ ဒုက္ခသစ္စာပါ။ ဒါဖြင့် ပေါ်ရင် ဒုက္ခသစ္စာလို့ နောက်ကသိပေးပါ၊ ဒုက္ခသစ္စာနော်၊ ဒုက္ခသစ္စာ လို့ဆိုတော့ ဒု-ကစက်ဆုပ်စရာ၊ ခ-က အသုံးမကျတာ၊ သစ္စာကမှန်တာ၊ မှတ်မိပလား။ ဒု-ကစက်ဆုပ်စရာ၊ ခ-က အသုံးမကျတာ၊ သစ္စာကမှန်တာပါလို့မှတ်ပါ။

## ❁ ဒုက္ခသစ္စာဆိုတာ

■ ဒု-က စက်ဆုပ်တာပါ၊ ခ-က အသုံးမကျတာပါ၊ သစ္စာက မှန်တာပါပဲ။ ဒါဖြင့် စက်ဆုပ်စရာ၊ အသုံးမကျတာ အမှန်ပေါ်တာ ကြားစိတ်ကလေးဟာ စက်ဆုပ်စရာ၊ အသုံးမကျတာ၊ အမှန်ပါပဲလို့ မှတ်ပေါ့၊ အမှန်ပေါ်တာကို ဘယ့်နယ်ကြောင့် သူ့ကိုစက်ဆုပ်စရာ အသုံး မကျတာ အမှန်ပါပဲလို့ ကျုပ်တို့က နောက်ကသိရမှာတုံးလို့ မေးတဲ့ အခါကျလို့ရှိရင်ဖြင့်တဲ့ သူ့ဟာအာရုံဒွါရ တိုက်ဆိုင်တာနဲ့ ပေါ်လိုက် တာပါပဲ။ ပေါ်ပြီးတော့ကို သူဟာသူ့မှာလည်းဖြစ်ပြီးပျက်သွားတယ်၊ မွေးပြီးသေသွားတယ်၊ အသုဘကလေးပေါ်လာတယ်၊ ရှင်းပလား။ အသုဘကို ဘာသစ္စာဖွဲ့မလဲဆိုရင် ဒုက္ခသစ္စာဖွဲ့ပါမယ်၊ ကျုပ်တို့အိမ် အသုဘတွေပြီဗျာ ဒုက္ခပဲဆိုတာ လူတိုင်းပြော တယ်။ ကျုပ်တို့အိမ် အသုဘတွေပြီ၊ ဒုက္ခပဲလို့လူတိုင်းမပြောဘူးလား၊ ဒီလိုဟာတော့ပြော ပါတယ်၊ သာမကတွေ ထင်ရှားတာ တွေကျတော့ အလွန်ပြောပါတယ်၊ တကယ်အစပျောက်သေတဲ့ ကြားစိတ်ကလေးကို အသုဘ ဒုက္ခသစ္စာလို့ တစ်ခါမှမပြောဘူး။ ပြောကြရဲ့လား။ မပြောဘဲဖြစ်ပြီးနေတော့ အဲဒါ

မသိလို့ဘဲဆိုတာသေချာသွားပြီ ဒါဖြင့် မသိတာက အဝိဇ္ဇာ။ မသိတာက အဝိဇ္ဇာပါ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံဆိုပြီး ဒုက္ခက္ခန္ဓသသွားလိုက် အကုန်ဒုက္ခအစုကြီးဖြစ်ကြောင်းတွေသာ ခင်ဗျားတို့ ကြိုးစားနေတယ်တဲ့။ ဒုက္ခသစ္စာသိတဲ့ မဂ္ဂသစ္စာပေါ်ရဲ့လား။

■ ကိုင်း ဒါဖြင့် ဒီကရှေ့ဒကာ ဒကာမတွေ ကြားစိတ်ကလေး ပေါ်လာလို့ရှိရင် ပေါ်တဲ့စိတ်ကလေးသည် ဒုက္ခသစ္စာလို့၊ နောက် ကညာဏ်နဲ့သိပေးပါ။ ဘာဖြစ်လို့တုံးလို့မေးတော့ အသုဘကလေးကိုး၊ အသုဘဟာ ဒုက္ခသစ္စာပါပဲ၊ ဒုက္ခသစ္စာပဲဆိုတာ ဆင်းရဲတာ အမှန် ဘယ်သူသေတာတုံးကွဆိုတာ မိမိသေတာပါလို့မှတ်ပါ။ ဒကာ ဒကာမတို့ ခင်ဗျားတို့က သူများသေမှဒုက္ခရောက်တာ မိမိသေတဲ့ ဒုက္ခကို မိမိ မသိဘူး။ ဟိုကအသုဘက သူများသေတဲ့ဒုက္ခက ငွေကုန်ရုံပဲ၊ အခုဟာက ကိုယ်ခန္ဓာပျောက်တာ။ ကိုယ့်ခန္ဓာပျောက် တာဆိုတာ သေချာပလား။ ကိုယ့်ခန္ဓာ ဒုက္ခရောက်တယ်၊ ဘာခန္ဓာတဲ့ ဝိညာဏက္ခန္ဓာ၊ ဒီဝိညာဏက္ခန္ဓာကြီး ဘာဖြစ်သွားသတုံးဆိုရင် ဒုက္ခရောက်သွားပါတယ်။ ဒုက္ခရောက်တယ်ဆိုတာ မသေချာဘူးလား၊ ဒါဖြင့် သူ့ကို ဒုက္ခသစ္စာဖွဲ့ ရပါမယ်။ ဒါဖြင့် ခင်ဗျားတို့ဟာ ကိုယ့်အသေဒုက္ခတော့ ကိုယ်မသိဘူး၊ သူများသေတော့ ဩော် အိမ်သားတစ်ယောက်ယောက်ဖောက်ပြန်ပြီး သေလိုက်လို့ရှိရင် ဒုက္ခပဲ၊ ကျုပ်တို့အကုသိုလ်ဝင်ပြီထင်တယ်။ ဒီလို ပြောချင်ပြောတာ ကိုယ်သေတဲ့ဒုက္ခကျတော့ ရှုမိရဲ့လား။ မရှုမိတော့ ခင်ဗျားတို့ သည် အသုဘကိုသာသိ၍ ဒုက္ခသစ္စာမသိဘူး၊ သဘော ကျပလား။

■ အခုဟောတဲ့တရားက အသုဘကလည်းသိ၊ ဒုက္ခသစ္စာကော သိပါတယ်။ နှစ်ချက်သိ ရှင်းပလား။ ဒါဖြင့်တဲ့ ဒီလိုသိနေတော့ ဩော် ကိုယ့်သန္တာန်မှာ ကြားစိတ်ကလေးသည် ဒုက္ခသစ္စာပဲလို့ နောက်က သိလိုက်တယ်။ သိလိုက်တော့ကို ဒကာ ဒကာမတို့သိတာနဲ့တစ်ပြိုင်နက်

တည်း ခုနင်ကကြားလို့ခင်တာကလေးဟာလည်း လိုက်သေးရဲ့လား။ ခင်လို့စွဲလမ်းတာကလေးကော မလိုက်ပါဘူး။ စွဲလမ်းလို့သွားမယ်၊ လာမယ်ပြောတဲ့ ဝစီကံကမ္မဘဝကော မလိုက်ပါဘူးလို့မှတ်ပါ။ ဒါဖြင့် ကမ္မဘဝမှ မလိုက်ဘဲနဲ့ စုတေမနေသေ လွန်တာနဲ့ အခြားမဲ့၌ ကမ္မဘဝ ပစ္စယာ ဇာတိလိုက်လို့ကော မရပါ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ လိုက်လို့ကော မရပါ၊ ဟာ ဒါဖြင့် ဒုက္ခက္ခန္ဓသ နိရောဓေါဟောတိပါ။ မင်္ဂကဝင်ပြီး ကြားတာကို ဒုက္ခသစ္စာသိတဲ့သဘောကနေပြီး လာလတ္တံ့ ဒုက္ခတွေ အကုန်ချုပ်အောင် မလုပ်တော့ဘူးလား။ အဲဒီတော့ ပါဠိတော် ရွတ်ပါ၊ ဘုန်းကြီးကဟောနေတယ်လို့ မယူကြပါနဲ့နော်။ ဘာတဲ့တုံး ဒုက္ခက္ခန္ဓသ နိရောဓေါဟောတိပါ၊ ဒါ ဘယ့်နယ်ကြောင့် ဒီဒုက္ခက္ခန္ဓသ နိရောဓေါဟောတိ ဖြစ်ပါလိမ့်မတုံး၊ ခုနတုန်းကတော့ ဒုက္ခက္ခန္ဓသ သမုဒယောဟောတိနဲ့ အခုတော့ ဒုက္ခက္ခန္ဓသ နိရောဓေါဟောတိ ချုပ်သွားပြီလို့ မပြောဘူးလား။

## ☸ သစ္စာသိလို့

■ ဘယ့်နယ်ကြောင့်ပါလိမ့်မတုံးဆိုတာ သစ္စာသိလိုက်လို့၊ ရှင်းကြပလား။ သစ္စာသိလိုက်တော့ ပါဠိရွတ်ကြည့်လိုက်ပါ၊ ဒကာ ဒကာမတို့ ဒုက္ခက္ခန္ဓသ နိရောဓေါဟောတိပါပဲ။ ဒုက္ခက္ခန္ဓသ- နောင်လာ လတ္တံ့ဒုက္ခအစုကြီးရဲ့နိရောဓော ဒီပုဂ္ဂိုလ်လို သန္တာန်၌ မရှိခြင်းသည် (ဝါ) ချုပ်ပျောက်ခြင်းသည် ဟောတိ-ဖြစ်၏ ဆိုတော့ နောက်ဘဝတွေရော၊ ယခုဘဝတွေရော၊ နောက် လာလတ္တံ့ဒုက္ခတွေရော ရှိသေးသလား။ ဒါ ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့မှ ကြားစိတ်ကို ဒုက္ခသစ္စာလို့ တပည့်တော်တို့က နောက်ကအသိလိုက်လိုက်လို့ဘုရား။

## ☸ ဓမ္မာနုပဿနာသတိပဋ္ဌာန်

■ ကြားစိတ်ကို နောက်ကမင်လိုက်လိုက်လို့ပါ၊ ဒုက္ခသစ္စာလို့ အသိကလေးလိုက်ရတယ်။ ရှင်းပလား ၊ ဒါ ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ခေါ်ပါတယ်။ သတိပဋ္ဌာန်ထဲသွင်းရင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ ဆိုငြားသော်လည်းဖြစ်ပျက်ပါပဲ၊ ရှင်းပလား။ အင်း ကြားစိတ်ကလေးဟာ ဖြစ်ပြီးပျက်သွားတယ်လို့သိလိုက်တာ ဖြစ်ဒုက္ခ ပျက်ဒုက္ခပဲ၊ သဘောကျပလား။ ဖြစ်တာလဲဒုက္ခပါပဲ၊ ပျက်တာလဲ ဒုက္ခပါပဲလို့မှတ်ပါ။

## ☸ ဖြစ်ဒုက္ခ ပျက်ဒုက္ခ

■ ဘာကြောင့်တုံးလို့ ဆရာဘုန်းကြီးက ဒီဟာဒီဖြစ်ဒုက္ခ၊ ပျက်ဒုက္ခလို့ ကြားစိတ်ကလေးကို ဖြစ်တာလည်းဒုက္ခပဲ၊ ပျက်သွားတာလည်း ဒုက္ခပဲလို့ ဟောရသတုံးဆိုတော့ အဲ့ ဓမ္မစကြာရတဲ့ပုဂ္ဂိုလ် ကျတော့ သံမိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာဆိုတော့ မင်းတို့သန္တာန်ထဲ ခန္ဓာတွေဘယ်ခန္ဓာပေါ်ပေါ် ဒုက္ခသစ္စာလို့ ဟောတယ်။ ပေါ်လည်း ဒုက္ခသစ္စာပဲ ပျက်လည်း ဒုက္ခသစ္စာပါပဲ။ အဲဒါကလေးကို ဒကာ ဒကာမတို့က ဒီကြားစိတ်ကလေး ကိုပေါ်တာနဲ့ တစ်ပြိုင်နက်တည်း ပြော် ဒုက္ခသစ္စာပဲလို့ သူ့ဆီကို ဉာဏ်လှည့်ပြီး ရှုလိုက်စမ်းပါ။ ရှုလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဒုက္ခက္ခန္ဓသ နိရောဓောဟောတိပါ။ နောက်က ဒကာ ဒကာမတွေ ခင်ဗျားတို့စာသာရွတ်နေတယ် ကိုယ့်ဒုက္ခ ကိုယ်မသိမ်းတတ်ဘူးနော်။

## ☸ ကြားတဲ့စိတ်က ဒုက္ခသစ္စာ

■ ဟာ ကြားတဲ့စိတ်ကလေးကို ဒုက္ခသစ္စာလို့ သိလိုက်ပါတယ်တဲ့၊ ဒါဖြင့် ကြားတဲ့စိတ်က ဒုက္ခသစ္စာ သိလိုက်တာက ဝိဇ္ဇာဉဒပါဒီ ဝိဇ္ဇာ ဖြစ်သွားပြီကွတဲ့၊ အာလောကော ဉဒပါဒိ ဉာဏ်ဉဒပါဒိဖြစ် သွားပြီကွတဲ့၊

သဘောကျပလား။ ဝိဇ္ဇာဉာဏ်တွေ မရသေးဘူးလား။ ဝိဇ္ဇာဉာဏ်တွေ မရသေးဘူးလား။ ဝိဇ္ဇာဉာဏ်လည်းရပါရော ရတဲ့အကျိုး ဘာခံစားရသတုန်းလို့ မေးတဲ့အခါကျတော့ လာလတ္တံ့ ခင်ဗျားတို့ ပြထားတဲ့ကံတွေက ကမ္မဘဝပစ္စယာ ဇာတိ ကမ္မဘဝပစ္စယာ ဇာတိနဲ့ ဇာတိ၊ မရဏ၊ သောက၊ ပရိဒေဝနဲ့ တစ်ပုံကြီးနောက် ကလာမှာတွေမရှိဘူးလား။ အဲဒါတွေက ဒီကဖြစ်ပျက်က ကြားစိတ်ကလေးတွေက ဒုက္ခသစ္စာသိလိုက်တာကလေးက မဂ္ဂသစ္စာ၊ ဝိဇ္ဇာမဂ္ဂသစ္စာကလေးဖြစ်သွားပါတယ်။ ဖြတ်လိုက်တော့ကို ခင်ဗျားတို့ ဘယ်သူမှ ကျုပ်သေရင် ဘယ်သွားမှာတုန်းလို့ မေးမနေနဲ့နော်၊ ဒုက္ခက္ခန္ဓသနိရောဓောဟောတိလို့ ဘုရားက ဟောလိုက်တယ်။ ဘယ့်နယ်ကြောင့် ချုပ်သွားတာတုံးလို့ ကြားစိတ်ကလေးကို တပည့် တော်တို့က ဒုက္ခသစ္စာလို့သိလိုက်လို့ဘုရား။ သိလိုက်တာကလေးက ဝိဇ္ဇာမဂ်ဖြစ်ပါတယ်။

## ❁ သစ္စာသိတော့ ဒုက္ခတွေချုပ်သွားတယ်

■ အဲဒီတော့ ဝိဇ္ဇာမဂ်ကလေးလာတော့ ဟိုဘက်ကဒုက္ခတွေချုပ်သွားပါတယ်။ ဒုက္ခတွေအကုန်မချုပ်သွားဘူးလား၊ ဒါဖြင့် သစ္စာသိတော့ကို ဒုက္ခချုပ်တယ်ဆိုတော့ ဒကာ ဒကာမတို့ သစ္စာသိလိုက်တော့မသိတဲ့ပုဂ္ဂိုလ်မှာ ဟိုဘက်လာမည့်ဒုက္ခပေါင်း တစ်နေ့ - တစ်နေ့ ရေတွက်နိုင်ကြရဲ့လား။ ဒါဖြင့် (၁၃) မိုင်ပတ်လည်ကန်ထဲမှာရှိတဲ့ ရေမှုန်တွေလို ဒုက္ခတွေဟာ နောက်ကလုပ်ထားတဲ့ ဒုက္ခတွေ၊ အခုလုပ်ထားတဲ့ ဒုက္ခတွေဟာ သစ္စာသိလိုက်တော့ ဒီဒုက္ခမရှိတော့ပါဘူးတဲ့။ ဩော် ဒါဖြင့် ဒကာဒကာမတို့ သစ္စာသိတဲ့ တန်ခိုးဟာတယ်ကြီးမားပါကလား။ ခင်ဗျားတို့က ဤကားဒုက္ခသစ္စာ၊ ဤကားသမုဒယသစ္စာ ခင်ဗျားတို့ကရနေတာကို၊ ကိုယ့်သန္တာန် ပေါ်တာတော့သိမှ မသိဘဲကို၊ ဒါကြောင့် လေးလေးစားစားနဲ့ အပင်ပန်းခံပြီးပြောနေတယ်ဆိုတာ ရိပ်မိဖို့ကောင်းပါပြီ။ ကဲ ဒါဖြင့်

ကြားစိတ်ကလေးက ဒုက္ခသစ္စာပါ၊ သိလုံးကလေးက မဂ္ဂသစ္စာပါလို့ မှတ်ပါ။ ဒီမဂ္ဂသစ္စာက ဘာများလုပ်လိုက်သတုံးလို့ မမေးဘူးလား၊ မေးလိုက်တော့ သူမလာလို့ရှိရင် တဏှာဥပါဒါန်၊ ကံလာမယ်။ ကံလာ လို့ရှိရင် ဟိုဘက်ဇာတိ၊ ဇရာ၊ မရဏလာမယ်။

■ ဒါဖြင့် တဏှာ၊ ဥပါဒါန်က ကိလေသာဝဋ်၊ ကံက ကမ္မဝဋ်ပါ၊ ဟိုဘက်ဇာတိ၊ ဇရာ၊ မရဏတွေက ဝိပါကဝဋ်ပါ၊ ဝဋ်သုံးပါး ကျွတ်သွား တယ်။ ဝဋ်သုံးပါးကျွတ်သွားတယ်ဆိုတော့ ခင်ဗျားတို့က ဘုရားရှေ့ သွားပြီး ဝဋ်ကြီးမြန်မြန်ကျွတ်ပါရစေဘုရားဆိုတော့ မင်္ဂကလည်းမပါဘူး၊ ဒီတော့ဘုရားက မတတ်နိုင်ဘူး။ မင်္ဂမပါတော့ တတ်နိုင်ပါ့မလား၊ ဖြစ်တာက ကျုပ်တို့သန္တာန်မှာ ဘုရားကိုဖြတ် ပေးပါနိုင်းလို့ရပါ့မလား။ မရဘူးဆိုတာ သစ္စာသိတဲ့ ကိုယ့်ဝိဇ္ဇာမဂ္ဂင်နဲ့ ကိုယ့်ဟာကိုယ်ဖြတ်ရမယ်။ ရှင်းပလား။ ဘုရားသွားပြီးပူဆာရင် နားငြီးရုံပဲ၊ သဘောကျပလား၊ ကိုယ့်ဟာကိုယ်ဖြတ်မှသာလျှင် ရပါတယ်။ ပေါ် ကြပလား၊ ဒါဖြင့် ဒကာ ဒကာမတို့ ကြားစိတ်ကလေးက ဒုက္ခသစ္စာပါ၊ သိတာကလေးက မဂ္ဂသစ္စာပါ၊ ဝိဇ္ဇာမှဟုတ်ရဲ့လား၊ ဝိဇ္ဇာဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ အဝိဇ္ဇာနိရောဓာသင်္ခါရနိရောဓော လည်းဖြစ်ပါတယ်။ ဟိုဘက်က လာလတ္တံ့ဝိညာဏနိရောဓောကော ဖြစ်ပါတယ်။ ဒုက္ခက္ခန္ဓသ နိရောဓော ကောဖြစ်ပါတယ်။ ဒါဖြင့် သက်သေခံလုံလောက်ပါတယ်နော်။

■ ဒါဖြင့် ခင်ဗျားတို့ ကယ်မည့်ကူမည့်သူ ဘယ်သူပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ သစ္စာသိတဲ့ဉာဏ်ပါပဲလို့မှတ်ပါ။ ဩော် ဒါဖြင့် သစ္စာသိတော့ ဒကာ ဒကာမတို့ နောက်လာလတ္တံ့ဒုက္ခတွေ ချုပ်သွား ပါတယ်၊ ရှေးကမိုက်မဲထားလို့ ပေးစရာဒုက္ခတွေကော ပြတ်ပါတယ်၊ ချုပ်တယ်၊ ရှေ့နောက်ဖြတ်လို့မှတ်ပါ။ အတိတ်ကံတွေလဲ ဖြတ်ပါတယ်၊ အနာဂတ်လာလတ္တံ့တွေကော ဖြတ်ပါတယ်။ သဘောကျပလား။ အဲဒီ တော့ကို အတိတ်ကံတွေက အကျိုးပေးချင်ပြန်တယ်၊ တပည့်တော်တို့

ဘုရား၊ ယခုဘဝကံတွေသာ တပည့်တော်တို့ ကံတကျာတွေသာ ဖြတ်တယ်၊ အတိတ်ဘဝက တကျာတွေ ကံတွေတော့ဖြင့် တပည့်တော်တို့က မဖြတ်နိုင်ဘူး၊ ထင်ချင် လည်းထင်နေကြမယ်။ အတိတ်ဘဝက မူးခဲ့မိုက်ခဲ့တာတွေ မရှိပေဘူးလား။ အပရာ ပရိယ ဝေဒနီယကံဆိုတာ လူတိုင်းရှိတယ်။ ဟော့ ရှိချင်ရှိပစေကွ၊ ဘုန်းကြီးကလည်းဟောတယ်၊ ဘုရားကလည်းဟောတယ်၊ ဘယ်လိုဟောသတုံးဆိုတော့ ကဲ ကြားစိတ်ကလေးကိုသိလိုက်တော့ သူနောက်ကအသိကလေး မလိုက် လိုက်ဘူးလား။ လိုက်တဲ့အခါကျတော့ မဂ္ဂသစ္စာကလေးက မပေါ် ဘူးလား။

■ သူ့နောက်က ထုံးစံအတိုင်း မသိလို့ လိုက်မည့်တကျာ ဥပါဒါန်လာသေးရဲ့လား၊ ကံကောမလာပါ၊ ကံမလာတော့ ခန္ဓာလာသေး ရဲ့လား။ ခန္ဓာမလာရင် ခန္ဓာပျောက်တဲ့အတွက် ခန္ဓာမပေါ်တဲ့အတွက် အတိတ်ကံတွေကလည်း ဒကာ ဒကာမတို့ ခန္ဓာရှိမှလိုက်အကျိုးပေးတယ်။ သဘောကျပလား။ ပစ္စုပ္ပန်ကံကလည်းမပေါ်လို့ ခန္ဓာမလုပ်တော့ဘူး၊ ကံမပေါ်လို့ခန္ဓာလုပ်သေးရဲ့လား။ ပစ္စုပ္ပန်ခန္ဓာကလည်း မပေါ်လို့ ခန္ဓာမလုပ်တော့ပါဘူး။ နို့ခန္ဓာရှိမှလည်းနောက် အတိတ်ကံတွေကလည်း လိုက် အကျိုးပေးမှာကိုး၊ ဒါဖြင့် ရှေ့ကပြေးမည့်လူရှိမှ နောက်ကလိုက်မယ်၊ ပြေးမယ့်လူဇာတ်သိမ်းလိုက်လို့ရှိရင် နောက်ကလိုက်တာတွေဟာလည်း လိုက်နိုင်သေးရဲ့လား။ ဒါဖြင့် ပြေးမယ့်ခန္ဓာပေါ်မှ နောက်ကလိုက်မယ်။

■ ဒါဖြင့် အတိတ်ကံတွေကော မဖြတ်ဘူးလား။ ပစ္စုပ္ပန်ကံတွေကော ဖြတ်ပါတယ်။ ဒါဖြင့် ဒကာ ဒကာမတို့ ဖြစ်ပျက်ဒုက္ခသစ္စာ ကိုသိတဲ့ မဂ်ဉာဏ်ဟာ အတိတ်ကံတွေကိုလည်း တားမြစ်နိုင်တယ်၊ ပစ္စုပ္ပန်ကံတွေကိုလည်း အကျိုးမပေးအောင် ကန့်ကွက်ပါတယ်။ သဘောကျပလား။ ဒီကံတွေက အကျိုးပေးရင် ဒုက္ခသစ္စာတွေလာကြမယ်။ ဒါဖြင့် အတိတ်ကကံတွေက အကျိုးပေးမည့်ဒုက္ခသစ္စာ ကိုလည်း ယခုသစ္စာသိဝဲ့ဉာဏ်က ဖြတ်လိုက်တယ်။ သဘောကျပလား၊ နောက် လာလတ္တံ့ကံတွေလည်း

သစ္စာသိလို့မပေါ်လာတော့ဘူး။ မပေါ်လာတော့ ဩော် အတိတ်ကံတွေလည်း ကြောက်စရာမလိုတော့ပါကလား။ ယခုဘဝကံတွေကော ကြောက်စရာမလိုတော့ပါဘူးတဲ့။ လာကိုလာသေးရဲ့လား၊ မဂ်ကဖြတ်လိုက်ပါတယ်။ သဘောကျပလား။ ဒါဖြင့် ဒီမဂ်ဟာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီသစ္စာသိတဲ့မဂ်လာမှကွာ၊ ခုနက (၁၃)မိုင်ပတ်လည်အနက် (၁၃)မိုင်ရှိတဲ့၊ ရေမှုန်ထက်များတဲ့ ဒုက္ခတွေဟာ အတိတ်ဒုက္ခတွေဟာလည်း အကုန်ခန်းရမယ်၊ ပစ္စုပ္ပန်လည်း ကျုပ်တို့ဒီကန်ထဲမှာ ရေမှုန်တွေပြန်ထည့်သေးရဲ့လား။ ဒါဖြင့် ဒီရေကန်ဟာ အတိတ်ကဟာလည်းခန်း၊ နောက်ကလည်း ရေသစ်မလောင်းတော့ဘူးဆိုလို့ရှိရင်ဖြင့် ကန်ဟာဟောင်းလောင်းကြီးဖြစ်ရုံပဲရှိတယ်။ ဒုက္ခတွေအကုန်ကုန်သွားတယ်။ ရိပ်မိပလား။

■ ဒါဖြင့် ဒုက္ခကုန်ချင်ရင် သစ္စာသိအောင်လုပ်ပါတဲ့၊ ပေါ်ကြပလား။ သစ္စာသိအောင် လုပ်မှုမှတစ်ပါး တခြားသောနည်းမှာဖြင့် ဘုန်းကြီး ပိဋကတ်သုံးပုံအလုံးစုံအကုန် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတာ၊ အကုန်မွှေနှောက်ရှာတာ၊ ဒါပဲရှိတယ်၊ သစ္စာသိမှပဲ သစ္စာမသိလို့ရှိရင် ဒို့ပြင်ဟာ ယောင်ဝါးဝါးချည့်မှတ်ပါ၊ သဘောပါကြပလား၊ ယောင်ဝါးဝါးတွေပဲဆိုတော့ သစ္စာသိမှ ဝိဇ္ဇာဖြစ်တာကိုး၊ သစ္စာမသိတဲ့ပုဂ္ဂိုလ် အဝိဇ္ဇာ၊ သစ္စာသိတော့ဝိဇ္ဇာပါပဲ၊ ကဲ ဒါဖြင့် မဂ်ဝိဇ္ဇာ မဖြစ်သေးဘူးလား၊ အဲ မဂ်ခေါ်လည်း၊ ဝိဇ္ဇာလဲခေါ်ဆိုတော့ ဒကာ ဒကာမတွေက ဒီကြားစိတ်ကလေးပေါ်လည်းသိနေ၊ ဩော် ဒုက္ခသစ္စာသိလို့ ရှုလိုက်၊ ဒါ ဒုက္ခသစ္စာပဲလို့ ပွားလိုက် သဘောကျပလား။ နံစိတ်ကလေးပေါ်လည်း ဒုက္ခသစ္စာပါပဲ၊ စားစိတ်ကလေးပေါ်လဲ ဒုက္ခသစ္စာပါပဲ၊ ယားစိတ် ယံစိတ်ကလေးပေါ်လည်း ဒုက္ခသစ္စာပါပဲ၊ ဒုက္ခသစ္စာပွားပွားနေလိုက်စမ်းပါ။ ပွားလိုက်တော့ အတိတ်ကံတွေကော မဂ်ကဖြတ်ပါတယ်။ ပစ္စုပ္ပန်ကံတွေလာခွင့် ပေးသေးသလား။ မပေးတော့ အင် ဟင် အတိတ်က ဝဋ်ကြွေးတွေ

လည်း ပြေပေါ့ပါဟ၊ ဝဋ်သစ်တွေလည်းမလာဘူးဟ။ ဒါဖြင့် ဒီပုဂ္ဂိုလ်ဟာ ဝဋ်ကျွတ်သွားတဲ့ပုဂ္ဂိုလ်ဆိုရမယ်။ ဝဋ်ကျွတ်သွားတဲ့ပုဂ္ဂိုလ် ဆိုထိုက် - မဆိုထိုက်ဆိုတာ ပေါ်ပါပြီ။

■ တပည့်တော်ဖြင့် ဝဋ်ဘဝတိုတိုနဲ့ နိဗ္ဗာန်ရောက်ရပါလို၏ဘုရား ဆိုတာ ဝဋ်ကျွတ်ပါရစေဘုရားလို့ ပြောတာပါ၊ ဝဋ်တိုတိုနဲ့ နိဗ္ဗာန်ရောက် ရပါလို၏လို့ ဘုရားရှေ့မှာလုပ်နေတာ ဘာပါလိမ့်ဆိုရင် ဝဋ်ကျွတ်ပါရစေ ပြောတာပါပဲ၊ ကျွတ်ရဲ့လား၊ ဘာကြောင့်တုံး ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကိုမှ ကိုယ်မဖြတ်ဘဲနဲ့ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ဒဏ်ကြောင့် ကိုယ့်ဝဋ်ဖြစ်နေတာကို ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ့်ဉာဏ်နဲ့ မပြတ်ဘဲနဲ့ ဘုရားကိုဖြတ်ပေးပါနိုင်း လို့တော့ဖြင့် မရဘူးကွ၊ သဘောကျပလား။ ဒါကြောင့် ဘုရားက ငါဘုရားကြည်ညိုလို့ရှိရင် သုဂတိရောက်ရုံပဲ၊ နိဗ္ဗာန်ရောက်ချင်လို့ရှိရင် ဖြင့် သစ္စာသိအောင်လုပ်တဲ့၊ မပေါ်ကြသေးဘူးလား။ ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်သန္တာန်မှာ ပေါ်လာသရွေ့ ဒုက္ခသစ္စာပါပဲ။

■ ကဲ ဒါဖြင့် အခုတော့ စိတ်တွေချည့်ပဲရှု၊ လာသရွေ့စိတ်ကို ဖမ်းရှုနေတယ်၊ ရှုစိတ်က လေးလာလည်း ရှုပဲ၊ ရှိုက်စိတ်ကလေးလာလည်း ရှုရပါမယ်၊ စားချင်တဲ့ စိတ်ကလေးလာလည်း၊ အိပ်ချင်တဲ့စိတ်ကလေးလာ လည်း ရှုရပါမယ်။ အင်း အကုန်ဒုက္ခသစ္စာချည့်ရှုပေးလိုက်စမ်းပါ၊ ရှုတိုင်း ရှုတိုင်း အရှုခံရ တာက ဒုက္ခသစ္စာ၊ ရှုဉာဏ်က မဂ္ဂသစ္စာဖြစ်ပါတယ်။ အရှုခံရတာက ဒုက္ခသစ္စာပါ၊ ရှုဉာဏ်က မဂ္ဂသစ္စာပါပဲ၊ ဒါဖြင့် ဒီမဂ္ဂသစ္စာ တစ်လုံးသည် ဦး-ပဲ့ထမ်းသလိုပဲ အတိတ်ကံတွေကို ဖြတ်တောက်ပေး တာလည်း သူပဲ၊ အနာဂတ်ကံတွေကို မလာအောင်ကန့်ကွက်တာလည်း သူပါပဲလို့မှတ်ပါ။ သူပဲလို့ဆိုသဖြင့် ကျုပ်တို့မှာ ဩော် ဒီဘဝတော့ဖြင့် တို့ကောင်းကောင်းမွန်မွန် စားကာသောက်ကာနဲ့ နေကြတာပဲ၊ အတိတ်ကံတွေကများ မတော်လို့နိပ်စက်လိုက်ရင်ဖြင့် အင်း ဒီအိမ် ပေါ်ကဆင်းချင်ဆင်းရမယ် စိုးရိမ်နေရတယ်။ နောက်လဲဘာဖြစ်ဦးမယ်

မသိသေးပါဘူးလေဆိုတဲ့ ကြောက်လုံးကော မလာဘူးလား။

## ❁ ဝိဇ္ဇာမဖြစ်သရွေ့လိုသေးတယ်

■ အဲဒါ ဝိဇ္ဇာမဖြစ်သရွေ့ ကာလပတ်လုံးလိုသေးတယ်မှတ်ပါ၊ ဒီကြောက်လုံးနှစ်ခုလာမှပဲ အိမ်ပေါ်ကပဲ ပြန်းခနဲများ ဥပစ္ဆေဒက ကံများက ဖြတ်ချလိုက်ရင် အခက်ကြီးပဲ၊ မလာဘူးလား။ အင်း ဒီဘဝကလည်း ကိုယ်ကမူးမိုက်ထားတာတွေဖြစ်နေတော့ ဒီကံတွေကလည်း ကြောက်စရာပဲ၊ ဒါ အမြဲတမ်းစိုးရိမ်နေရတယ်။ အတိတ်အတွက်လည်း လုပ်မိပြီးတော့ စိုးရိမ်ရပါတယ်၊ ပစ္စုပ္ပန်အတွက်လဲ စိုးရိမ်ရပါတယ်နော်။ အဲ မစိုးရိမ်ချင်လို့ရှိရင် ဘာလုပ်ကြမယ်ဆိုရင် သစ္စာသိအောင် လုပ်ပစ်လိုက်ပါ။ ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာ ဒုက္ခသစ္စာပါ၊ သိလုံးကလေးက မဂ္ဂသစ္စာပါ၊ အတိတ်ကံပြတ်တာလည်း ဘယ်သူ့ကြောင့် မဂ်ကြောင့်ပါ၊ ပစ္စုပ္ပန်ကံတွေ မလာတာလဲ မဂ်ကြောင့်ပါဆိုတာ ကျေနပ်ပလား၊ ဒါဖြင့် မဂ်ဟာ ဒကာ ဒကာမတို့ရဲ့ အားကိုးရာအစစ်အမှန်ဖြစ်တော့တယ်ဆိုတာ ဆုံးဖြတ်ချက် ချပါ၊ ရှင်းပလား။

ကဲ . . . ယနေ့ဒီတွင်တော်ကြဦးစို့ . . .။

သာဓု - - - သာဓု - - - သာဓု။

● ● ● ● ●

# စိတ္တာနုပဿနာသတိပဋ္ဌာန် (၁)

■ ဒီနေ့ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ စိတ်ကို ဝိပဿနာရှုနည်းကို မှတည်ပြောမယ်၊ ကြိုက်နှစ်သက်တဲ့ သတိပဋ္ဌာန်ကိုလုပ်ပါ။ ကိုယ့်စရိုက်နဲ့ တော်တာချည့်ပဲ။ ဝိပဿနာသည် စရိုက်မရွေးရဘူး၊ ရှုနိုင်းတာရှုကိစ္စပြီးတာပဲ၊ သို့သော် ကိုယ်ရှုလို့ ကောင်းတာက ဝေဒနာရှုလို့ ကောင်းတဲ့ပုဂ္ဂိုလ်က မရွေနဲ့ ဝေဒနာနဲ့ပဲ နိဗ္ဗာန်သွားပါ။ စိတ်အရှုကောင်းတဲ့ ပုဂ္ဂိုလ်ကလည်း စိတ်နဲ့ပဲ နိဗ္ဗာန်သွားကြပါ။ ဘုရားကတော့ဖြင့် သတိပဋ္ဌာန် လေးပါးရယ်လို့ ဟောခဲ့တာပဲ။

■ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ရဟန်း တစ်ပါးက လျှောက်တယ်။

၁။ ● ဓမ္မကထိက၊ ဓမ္မကထိကဆိုတာ ဘာတုံးဘုရား။

၂။ ● တရားအတိုင်း ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲဘုရား။

၃။ ● ယခုဘဝ နိဗ္ဗာန်ရမယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာလည်း ဘယ်လိုပုဂ္ဂိုလ်လဲဘုရား၊ သုံးချက် မေးလိုက်တယ်။ ဘယ်လိုပုဂ္ဂိုလ် အချိုးအစားသည် ဓမ္မကထိကခေါ်ပါ သတုံး၊ တစ်နံပါတ်။ နှစ်နံပါတ်က တရားအတိုင်း ဓမ္မာနုဓမ္မပဋိပန္န - ပုဂ္ဂိုလ်ဆိုတာ (ဝါ) တရားအတိုင်း ကျင့်တဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲဘုရား။ ယခုဘဝ

နိဗ္ဗာန်ရမယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာလည်း ဘယ်လို ပုဂ္ဂိုလ်လဲဘုရားဆိုတော့ သုံးချက် မထင်မရှား ရဟန်းက မေးတယ်။

■ အဲဒီကဲ့သို့မေးတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖြေရတယ်၊ **ဓမ္မကထိကော ဓမ္မကထိကောတိ ဘန္တေဝုစ္စတိ ကိတ္တာဝတာနုခေါဘန္တေ ဓမ္မကထိကော ဟောတီတိ၊**

■ **ဓမ္မကထိကော** -တရားပြောတဲ့ပုဂ္ဂိုလ်၊ တရားဟောတဲ့ပုဂ္ဂိုလ် ဟူ၍ **ဝုစ္စတိ** ဟောတော် မူပါ၏ ။ **ဓမ္မကထိကော** - ဓမ္မကထိကသည် **ကိတ္တာဝတာနုခေါ** ဘယ်ကဲ့ သို့ သဘောရှိသည် **ဟောတိ** -ဖြစ်ပါသနည်း။ ဒါက ရဟန်းကလျှောက်တယ်။ ဘုရားက ဖြေလိုက်တယ်၊

**ဝိညာဏဿ စေဘိက္ခုနိဗ္ဗိဒါယ ဝိရာဂါယ၊ နိရောဓာယ၊ ဓမ္မံဒေ သေတိ၊ ဓမ္မကထိကော ဘိက္ခုတိ အလံဝစနာယ၊**

■ **ဝိညာဏဿ** -စိတ်ကို၊ **နိဗ္ဗိဒါယ** -ငြီးငွေ့ခြင်းငှာ၊ **ဝိရာဂါယ**- တဏှာကင်း ခြင်းငှာ၊ **နိရောဓာယ** -တဏှာချုပ်ခြင်းအကျိုးငှာ၊ **ဓမ္မံ** - တရားကို၊ **ဒေသေတိ**-ဟော ၏ ။ **သော**-ထိုပုဂ္ဂိုလ်ကို **ဓမ္မကထိကော** - ဓမ္မကထိကဟူ၍ ။ **ဝုစ္စတိ**-ငါဘုရားဆို၏။ ဓမ္မကထိက၏ အဓိပ္ပါယ်က စိတ်ကိုတဲ့ငြီးငွေ့အောင်ဟောရမယ်၊ ၎င်းစိတ်ကို ဘယ်တော့မှ မလိုချင်အောင် ၎င်းစိတ်ချုပ်အောင်၊ ချုပ်တဲ့နိဗ္ဗာန်ရောက်အောင်ပေါ့ဗျာ၊ ဟောနိုင်လို့ရှိရင်ဖြင့် အဲဒါဟောတဲ့ ပုဂ္ဂိုလ်ကို ဓမ္မကထိကလို့ဆိုတယ်၊ ဘုရားက ဖြေလိုက်တယ်နော်။ ဒီစိတ်မရှိမှဘဲ ဖြစ်ပျက် ဇာတ်သိမ်းမှာပဲ၊ ဒီစိတ်ချုပ်ငြိမ်းမှ အေးမှာပဲလို့ ဆရာတွေဟော ငြီးငွေ့တဲ့ဉာဏ်တွေရ။ အဲဒီကဲ့သို့ ဟောနိုင်လို့ရှိရင် ဖြင့် ဓမ္မကထိကပုဂ္ဂိုလ်လို့ ငါဘုရားက ဆိုရတယ်ကွ၊ ဒီလိုမှ ဓမ္မကထိက ပုဂ္ဂိုလ်လို့ ဆိုရတယ်တဲ့။

■ ဒုတိယ သိဖို့အရေးက **ဓမ္မာနုဓမ္မပဋိပ္ပန္နော** -တရားအတိုင်း ကျင့်တဲ့ပုဂ္ဂိုလ်၊ တရား အတိုင်းကျင့်တဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲလို့ မေးတဲ့ အခါကျတော့ ၊ **ဝိညာဏဿ စေဘိက္ခုနိဗ္ဗိဒါယ ဝိရာဂါယ၊**

**နိရောဓာယ၊ ပဋိပ္ပန္နော ဟောတိ၊ ဓမ္မာနု ဓမ္မပဋိပ္ပန္နော ဘိက္ခုတိ အလံဝစနာယ၊**

■ ဝိညာဏဿ -စိတ်ကို၊ နိဗ္ဗိဒါယ - ငြီးငွေ့ခြင်းငှာ၊ ဝိရာဂါယ - ၎င်းအပေါ်၌ လိုချင်မှု ကင်းခြင်းငှာ၊ နိရောဓာယ -၎င်းချုပ်ခြင်းအကျိုးငှာ၊ ပဋိပ္ပန္နော -ကျင့် သည်၊ **ဟောတိ**-ဖြစ်၏ **သော**- ထိုပုဂ္ဂိုလ်ကို **ဓမ္မာနု ဓမ္မပဋိပ္ပန္နော** -တရားအတိုင်း ကျင့်တဲ့ ပုဂ္ဂိုလ်ဟူ၍၊ **ဝုစ္စတိ** -ဆိုအပ် ၏ ။ တရားအတိုင်းကျင့်တဲ့ပုဂ္ဂိုလ်က ဒကာ ဒကာမတွေ အလှည့်ရောက်လာ တယ်။ စိတ်တစ်ခု ကို ရှုလို့ရှိရင် ငြီးငွေ့ရမယ်၊ လိုချင်မှုကင်းရမယ်၊ ၎င်းစိတ် ချုပ်မှု နိဗ္ဗာန်ဆိုတာလည်းသိရမယ်။

■ ဤကဲ့သို့ ကျင့်တဲ့ပုဂ္ဂိုလ်မှ တရားကျင့်တဲ့ပုဂ္ဂိုလ်(ဝါ) ဓမ္မာနု ဓမ္မပဋိပ္ပန္နပုဂ္ဂိုလ်လို့ ဘုရားက ဆိုတယ်၊ ကိုင်း ဒါဖြင့် စိတ္တာနုပဿနာကို ယနေ့ဟောကြစို့၊ စိတ်ကို ဘုရားက ငြီးငွေ့ခြင်းငှာ၊ တပ်မက်နှစ်သက်ခြင်း ကင်းခြင်းငှာ၊ ၎င်းစိတ်ချုပ်အောင် ကျင့်တဲ့ပုဂ္ဂိုလ်မှသာလျှင် ဓမ္မာနု ဓမ္မပဋိပ္ပန္နပုဂ္ဂိုလ် တရားအတိုင်းကျင့်တဲ့ပုဂ္ဂိုလ်လို့ ငါ ဘုရားက ဆိုတယ် ဆိုတော့ စိတ္တာနုပဿနာသတိပဋ္ဌာန်ကိုပဲ ဒီနေ့ အသေအချာ ဟောရလိမ့်မယ်။

■ သတိပဋ္ဌာန်ပါဠိတော်မှာ "**သရာဂံ ဝါ စိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ**" "**ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ**" ဒီလိုလာထား တယ်၊ လောဘစိတ်ကိုဖြစ်တာကိုလည်း သိရ မယ်ဟော့၊ လောဘစိတ်ကို ဖြစ်တာကိုလည်း သိရမယ်ဟော့ ဒီလိုဟော ထားတော့ ဝိပဿနာ ရှုတာ သည် နေရာမရွေးပါနဲ့လို့ ဘုန်းကြီးကမှာတယ်။နေရာ မရွေးပါနဲ့၊ ပစ္စည်းကလေးတစ်ခု လိုချင်တယ်၊ လောဘစိတ်ဖြစ်တယ်၊ အဲဒီလောဘ စိတ်ကလေးဖြစ်တာကိုလည်း ခင်ဗျားတို့က အင်း လောဘစိတ်ကလေး၊ ဒီစိတ် ကလေး ဖြစ်နေပါပေါ့လားလို့ ခင်ဗျားတို့ ဉာဏ်ကလေးနဲ့ နောက်က သိအောင် လုပ်ပေးပါ၊ သိအောင်လုပ်ပေးရမယ်တဲ့။ **သရာဂံ ဝါ စိတ္တံ** -

လောဘနဲ့တကွ ဖြစ် သော စိတ်ကို သရာဂစိတ္တန္တိ -လောဘစိတ်ဖြစ်၏ဟု၊ ပဇာနာတိ - သိအောင်လုပ်ပါ။

■ အဲဒီတော့ လောဘစိတ်ဖြစ်လာရင် နောက်က ဉာဏ် သိအောင် လုပ်ရမယ် တဲ့၊ ဒကာ ဒကာမတို့ မိမိသန္တာန် စားချင်တဲ့ လောဘစိတ်၊ လိုချင်တဲ့ လောဘစိတ် ကလေးပေါ်လာတယ်။

■ ဒီစိတ်လေး ပေါ်လာပြီဟေ့၊ ပေါ်လာပြီဟလို့ နောက်က ဉာဏ် ကလေးနဲ့ အသိလိုက်ပေးပါ၊ အသိလိုက်ပေးတဲ့အချိန်မှာ ၄င်းစိတ်ကလေး မရှိဘူး၊ မရှိတော့ ၄င်းစိတ်ကလေးသည် မသိလိုက်ရဘူးလား၊ သိလိုက် ရတယ်။ ဩော် မိမိသန္တာန် ဒီစိတ်ကလေးဖြစ်သွားသကိုးလို့ သိလိုက် ရပါတယ်။ အဲဒီသိတဲ့အချိန်ကျတော့ လောဘ စိတ်ကလေးရှိသေး သလား၊ မရှိတော့ အပျက်ကလေးသာ သိတယ်၊ ကြည့်တဲ့ အချိန်ကျတော့ ၄င်းလောဘ စိတ်ကလေး မရှိတော့ မရှိတာလည်းသိ၊ ဘယ်သူ မရှိတာ တုန်းလို့ တွေးလိုက်တဲ့အခါကျတော့မှ ခုနက ပေါ်တဲ့ လောဘစိတ်ကလေး မရှိတော့ဘူးလို့ သိပါတယ်။ အဲဒါကြောင့် လောဘစိတ်ကလေးဖြစ်တာ ကိုလည်း သိလိုက်ပါ၊ ပျက်သွားလို့ မရှိတာလည်း သိသွားပါတယ်။

■ အဲဒီလို လောဘစိတ်ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်သိအောင် လုပ်ပါ၊ စာက သာမညဆို တယ်၊ စာက သာမညပဲဆိုတယ်၊ "သရာဂံဝါစိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ" "ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ"လောဘစိတ်ဖြစ်တယ်ဆို ရင် သိအောင်လုပ်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သတိပဋ္ဌာန်ပါဠိတော်မှာ ဟောတော်မူတယ်၊ အဲဒီ တော့ ခင်ဗျားတို့ကလည်း ဒီစိတ်ကလေးပေါ်လာတယ်၊ ဒီစိတ်ကလေး ပျက်သွားတယ်လို့ ခင်ဗျားတို့ ဉာဏ်ကလေးနဲ့ နောက်ကလိုက်တဲ့အချိန် မှာ ဒီစိတ်ကလေးဟာ ပေါ် ပြီးတာလည်း မဟုတ် တော့ဘူး၊ ပေါ်သွားပြီ၊ ရှိလည်းမရှိ သောကြောင့် ပျက်သွားပြီ၊ အဲဒီကဲ့သို့ ပေါ် ပြီး ပျက်နင့်ပြီးမှ ခင်ဗျားတို့၏ ဉာဏ်က ပေါ် လာတယ်။

■ ညဏ်က ပေါ်လာတော့ ဒီညဏ်ကလေးသည် အဖြစ်ရော၊ အပျက်ရော သိတဲ့ ညဏ်ကလေးပါ။ အဖြစ်ရော၊ အပျက်ရော သိတဲ့ညဏ်ကလေးက နောက်ကလိုက် လာတယ်၊ အဲဒီလို လိုက်လာတဲ့အခါကျတော့ အင်းဒါ ရာဂစိတ်ကလေး၏ ဖြစ်မှု၊ ပျက် မှုကို သိတဲ့ပုဂ္ဂိုလ်ပဲ၊ လောဘစိတ်ဖြစ်မှု၊ ပျက်မှုကို သိတဲ့ပုဂ္ဂိုလ်ပဲ၊ သိတဲ့ပုဂ္ဂိုလ်ပဲလို့ ဆိုနိုင်ပါတယ်။ ၎င်းလောဘ စိတ်ကလေးသည် စိတ်ဟူသ၍၊ ရုပ်ဟူသ၍ဟာဖြစ် တာနဲ့ ပျက်တာပဲရှိတာပဲ၊ တခြား ဘာမှ မရှိပါဘူး၊ အဖြစ် အပျက်ပဲရှိတယ်၊ အဲဒီတော့ အဖြစ်အပျက်ရှိတာကို ကျုပ်တို့က နောက်ညဏ် ကနေလိုက်တော့ ဖြစ်ပြီး ပျက်သွားတဲ့ တရားပဲလို့ ကျုပ်တို့က သိလိုက်ပါတယ်။ ဒါဖြင့် တရားသဘော အတိုင်းကို ခင်ဗျားတို့က သိတာပေါ့၊ တရားသဘောကလည်း ဖြစ်ပြီးပျက်တဲ့ သဘော ပဲ၊ ခင်ဗျားတို့ အသိ သဘောကလေးကကော ဖြစ်ပြီးပျက်တဲ့သဘော ပါပဲနော်။

■ ဖြစ်ပြီးပျက်တယ်လို့ အသိသဘောပေါ်တယ်၊ တရားသဘောက ဖြစ်ပြီးပျက်တဲ့ သဘော၊ ခင်ဗျားတို့ အသိသဘောကကော ဖြစ်ပြီးပျက်တယ်လို့ သိတဲ့သဘော၊ ဒီကျအောင် လိုက်ပါ၊ ဒီအတိုင်းမလိုက်ပါနဲ့ ဟိုဟာနဲ့ ထပ်နေမှာပေါ့၊ ဟုတ်ပြီလား။ တရားသဘောက ဖြစ်ပြီးပျက်တဲ့သဘောပဲရှိတယ်။ တခြားဘာမှ မရှိပါဘူး။ အဲဒီ တော့ ဒီတရားသဘောကို ခင်ဗျားတို့က ညဏ်နဲ့ကြည့်လိုက်၊ လောဘစိတ် ကလေးကို ညဏ်နဲ့ ကြည့်တဲ့အခါကျတော့ ရှိ သေးရဲ့လား။ မရှိတာ သိတဲ့သဘော လေးက ဖြစ်ပြီးပျက်သွားပေါ့ကိုးလို့ ဖြစ်ပျက် သဘောလေး သိပါတယ်။

■ အဲဒီလိုသိအောင်လုပ်တဲ့ ပုဂ္ဂိုလ်မှ တရားသဘောအတိုင်း သိတဲ့ပုဂ္ဂိုလ် (ဝါ) တရားကို အမှန်အကန်ကျင့်တဲ့ပုဂ္ဂိုလ်ဆိုပြီး ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်လို့ ဘုရားက ဟောလိုက်တယ်၊ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ် ဆိုတာ တရားက ဖြစ်ပြီးပျက် နေရဲ့သားနဲ့ သူက အဖြစ်ကလေးသာ မြင်တယ်၊ အပျက်ကို မမြင်ဘူးဆိုလို့ရှိရင် အဲ့ဒါ တရားအတိုင်းသိတဲ့ပုဂ္ဂိုလ်

မဟုတ်သေးပါဘူး။ ဓမ္မာနု ဓမ္မပဋိပန္နပုဂ္ဂိုလ် ထဲ သို့ မဝင်သေးပါဘူး၊ ဒုတိယအဆက်နော်။ ဒုတိယအဆက် ၊ ဓမ္မကထိကရွေးပြီး၊ ဓမ္မာနု ဓမ္မပဋိပ္ပန္နပုဂ္ဂိုလ်ကို ရွေးနေတယ်။ ၄င်းလောဘစိတ်ကလေးသည် ဖြစ်ပြီး ပျက်တယ်လို့ ပင်ကိုသဘောက လောဘစိတ်ကလေးဟာ ဖြစ်ပျက်ပဲ ရှိတယ်၊ ခင်ဗျားတို့ သိတာကော ဖြစ်ပြီးပျက်တဲ့ သဘောကလေးကို သိပါတယ်နော်။ အေး ဖြစ်ပြီးပျက်တယ်ဆိုတဲ့ သိတဲ့သဘောကလေး ပေါ်လာပါတယ်၊ အဲဒါသိတဲ့ သဘောကလေးက ခင်ဗျားတို့ ဉာဏ် သဘောကလေးပဲ။

■ ဒါဖြင့် ဖြစ်ပျက်ကိုသိတဲ့ဉာဏ်သဘောကလေးက နောက်က လိုက်လာတယ်၊ ဖြစ်ပျက်က ရှေ့ကသွားနင့်တယ်၊ အဲဒီတော့ နောက်က လိုက်လာတယ်၊ အဲဒီကဲ့သို့ နောက်က လိုက်တော့ ဘာသိသလဲမေးတော့ ခုနက လောဘစိတ် ကလေးဖြစ်ပျက်တာ သိလိုက်ပါ တယ်ဘုရားလို့ ခင်ဗျားတို့ လျှောက်နိုင်ပါတယ်။ အဲဒီကဲ့သို့ လျှောက်နိုင်တာသည် လောဘစိတ် ကလေး၏ ဖြစ်မှု၊ ပျက်မှုကို ခင်ဗျား တို့ ကိုယ်တိုင်ကျင့်လို့ ကိုယ်ပိုင်တွေ့ပါပဲ။ မနက်ကတည်းက လောဘဖြစ်နေတဲ့ ဟာ ဉာဏ်က မအုပ်မိတဲ့ ပုဂ္ဂိုလ်တွေ တစ်ပုံကြီးပေါ့ဗျာ၊ အဲ့ဒါတွေကျတော့ တရား အတိုင်းသိတဲ့ ပုဂ္ဂိုလ်တွေဆိုလို့ မရပါဘူး။ အဲဒါတော့ ဒီပုဂ္ဂိုလ်က တရားလက်လွှတ် နေတဲ့ ပုဂ္ဂိုလ်၊ တရားလက်လွှတ်နေတဲ့ ပုဂ္ဂိုလ်၊ တရားအတိုင်း မကျင့်တဲ့ ပုဂ္ဂိုလ် ဒီအတိုင်း သက်ဝင်သွားပြီဆိုတာ ဉာဏ်ရောက်ကြပြီလား။

■ အေး ဒါကြောင့် တရားအတိုင်း ကျင့်မှသာလျှင် တရားက ခင်ဗျားတို့ နိဗ္ဗာန် ဆောင်ပို့ မှာပေါ့၊ တရားအတိုင်း မကျင့်လို့ရှိရင် နိဗ္ဗာန်ပို့နိုင်တဲ့စွမ်းရည်သတ္တိမရှိပါဘူး၊ ဒါကြောင့် လောဘစိတ်ကလေး ဖြစ်လာတယ်၊ နောက်က အသိကလေးလိုက်ပေး၊ လောဘစိတ်ကလေး ခင်ဗျားတို့ အသိကလေးလိုက်ပေးတဲ့အချိန် လောဘစိတ်ကလေး

ပျက်သွားပါတယ်။ ဖြစ်ပြီး ပျက်သွားပြီ၊ ဩော် ခန္ဓာကိုယ်ထဲမှာ ဟဒယ ဝတ္ထုပေါ်မှာပဲ ဖြစ်တယ်၊ ဟဒယဝတ္ထုပေါ်မှာပဲ ပျက်သွားပြီးသွားပါ ပေ့ါလာလို့ နောက်က ဉာဏ်ကသိပေးလိုက်တာပေါ့၊ မကြံဘဲနဲ့ သိပါ့ မလား၊ အေး မကြံဘဲနဲ့ မသိဘူး၊ ကြံလို့သိတယ်၊ ကြံတာ ဝိတက်၊ သိတာ ပညာ၊ အဲ့ဒါကြောင့် သမ္မာသင်္ကပ္ပ ဆိုတဲ့ဝိတက်နဲ့ သမ္မာဒိဋ္ဌိဆိုတဲ့ပညာ သေသေချာချာ ဒုတိယသိလာတဲ့အခါ သူတို့ နှစ်ခုခေါင်းဆောင်ပြီး၊ ခေါင်းဆောင် တရားနှစ်ခု ခန္ဓာကိုယ်ထဲရောက်လာပြီ။

■ မဂ္ဂင်နှစ်ခုခေါင်းဆောင်ရောက်လာပြီ၊ ပညာမဂ္ဂင်ခေါင်းဆောင် လာတဲ့အခါ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင် နောက်လိုက်အကုန်ပါတယ်၊ အကုန်ပါလာပြီ။ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း "သရာဂံဝါစိတ္တံ သရာဂ စိတ္တန္တိ ပဇာနာ တိ"မင်းတို့ သန္တာန် လောဘစိတ် ဖြစ်တယ်ဆိုရင် လောဘစိတ်ကို သိအောင်လုပ်ဟေ့၊ ဖြစ်ပြီးပျက်တယ်လို့ သိပါ တယ်၊ အဲဒီလို သိပြီးနေလို့ရှိရင်ဖြင့် အင်း တစ်နံပါတ်ပိုင်ပြီ။

■ တရားအတိုင်းကျင့်ပြီ၊ တရားက ဖြစ်ပျက်၊ ခင်ဗျားတို့သိတာက လည်း ဖြစ် ပျက်သိဆို တော့ တရားဖြစ်စဉ်နဲ့ နောက်ကသိစဉ်နဲ့ တစ်ထပ်တည်း သွားပါတယ်၊ ဖြစ်ပျက်ကိုပဲသိ ဒီလိုသွား၊ အသိက ဖြစ်ပျက်ကိုပဲ သိပါတယ်၊ အဲဒီတော့ တရားအတိုင်း သိတာပေါ့၊ အဲဒါမှ ဓမ္မာန ဓမ္မပဋိပန္န တရားအားလျော်စွာသိတာတဲ့။ သူ့အသိက သာမည အသိမဟုတ်ဘူး၊ မတရားအသိ မဟုတ်ဘူးတဲ့၊ တရားအသိ၊ တရားက ဖြစ် ပျက်လို့ ပြောတော့ သူကလည်း ဖြစ်ပျက်လို့သိတယ်၊ အဲ့ဒါကြောင့် ဓမ္မာန ဓမ္မပဋိပ္ပန္န အသိဆိုတော့ ဒီအသိကျတော့မှ ခင်ဗျားတို့ မဂ်သိဖြစ်လာ တယ်။

■ မဂ်သိ၊ မဂ်သိ အလွန်အဖိုးတန်တဲ့ အသိ၊ သာမညအသိလို့ မအောက်မေ့ လိုက်ပါနဲ့ ထူးထူးခြားခြားသိတဲ့အသိပါ၊ ခင်ဗျားတို့ ပစ္စက္ခမျက်မှောက်မှာ သိတဲ့အသိ ပါ၊ သူများ အပြော သိမဟုတ်ပါဘူး၊

ကိုယ်အကြံနဲ့ ကိုယ့်ဉာဏ်နဲ့သိတာပါ၊ ကိုယ်အကြံ ဆိုတာ သမ္မာသင်္ကပ္ပ၊ ကိုယ့်ဉာဏ်ဆိုတာ သမ္မာဒိဋ္ဌိ။ အဲ ကိုယ့်အကြံ ကိုယ့်ဉာဏ်နဲ့သိ တာကြောင့် ကိုယ်တိုင်သိ လာဖြစ်တယ်၊ အဲဒီလို ကိုယ်တိုင်သိ ဖြစ်လာတော့မှ ဩော် ဖြစ်တဲ့တရားကလည်း ဖြစ်ပြီး ပျက်တာ၊ သိတဲ့ဉာဏ်ကလည်း ဖြစ်ပျက် ကိုပဲသိတော့ ဩော် တရားအတိုင်း ကျင့်ကြံလို့ သိတာကိုးလို့ ဓမ္မာန - ဓမ္မပဋိပန္န-ပုဂ္ဂိုလ်ထဲ ဝင်သွားတာပေါ့ဗျ။ ဓမ္မာန ဓမ္မ ပဋိ ပန္နပုဂ္ဂိုလ်ထဲ ဝင်သွားပြီ ၊ အဲဒီတော့ " ဣမာယ ဓမ္မာန ဓမ္မပဋိပတ္တိယာ"ဆိုတာ သိပ် ကိုက်တယ်။

■ ဣမာယ ဓမ္မာန ဓမ္မပဋိပတ္တိယာ၊ ဤတရားနဲ့လျော်သော၊ သိတဲ့အကျင့်ဖြင့် ကိုင်း ဒါဖြင့် ဒါက သရာဂစိတ်ဆိုတဲ့ လောဘ စိတ်ကလေးသိတာ ဘုရားက ဒါတင် မဟောဘူး၊ "**ဝီတရာဂ စိတ္တံ၊ ဝီတရာဂ စိတ္တန္တိ ပဇာနာတိ**" လောဘစိတ်မဖြစ်တာကိုလည်း မဖြစ်တာ လို့သိရမယ်။ အဲဒီတော့ လောဘစိတ်မဖြစ်တာကိုလည်း မဖြစ်တာကို သိရမယ်ဆိုသဖြင့် လောဘစိတ် ကလေးမလာတော့ဘူး ကိုယ့်သန္တာန်မှာ လောဘစိတ်ဖြင့် ချုပ်ပျက်သွားပြီ၊ သွားချင်တဲ့ စိတ်ကလေး၊ ထိုင်ချင်တဲ့ စိတ်ကလေး၊ လှဲချင်တဲ့စိတ်ကလေး တော့ ပေါ်ပါတယ်၊ အဲဒီကျလာတဲ့ အခါကျတော့ ရှိုးရှိုးသွား၊ ရှိုးရှိုးထိုင် ဟုတ်လား၊ အဲဒီကဲ့သို့ စိတ်တစ်မျိုး ပေါ်လာတော့တယ်၊ အင်း ဒီဟာကတော့ ဖြစ်ပြီးပျက်တာပဲ၊ သွားတဲ့ စိတ်ကလေးဟာလည်း သွားချင်တဲ့စိတ် ကလေးဟာလည်း ဖြစ်ပြီးပျက် တာပဲ၊ ဖြစ် ပြီးပျက်တာပဲလို့သိတော့ ဒီလိုအသိကျ ပြန်တော့ လောဘမပါ တဲ့စိတ်သိတာပါလို့ မှတ်ပါ။

■ အဲဒါကျတော့ လောဘကင်းတဲ့စိတ်ကို သိပြန်ပြီ၊ ဒီလိုမှ မရာချင် လို့ရှိရင် လည်း ကိုယ့်သန္တာန်မှာ ရှုတဲ့စိတ်၊ ရှုိက်တဲ့စိတ်ကို ရှုတာပေါ့။ ရှုတဲ့စိတ်၊ ရှုိက်တဲ့စိတ်ကလေးကလည်း ဖြစ်ပြီး ပျက်နေပါတယ်၊ အဲဒါလေးဟာ လောဘ မပါပါဘူး၊ မပါတော့ အဲဒီစိတ်ကလေးဟာ၊

အဲဒီစိတ်ကလေးပြန်ကြည့်လိုက်တဲ့အခါကျတော့ ဒါလေးက လည်း လောဘစိတ်ကလေး မပါတာ ဖြစ်ပျက်နေတာကိုးလို့ သိပါတယ်၊ အဲဒီလို ခင်ဗျားတို့ ရှုပေးနိုင်ပြန်လို့ရှိရင်လည်း လောဘကင်းတဲ့စိတ်ကလေး ဖြစ်ပြီလို့ သိပါတယ်၊ အေး ရှုစိတ်ကလေး ရှိုက်နေတာကိုးဗျ။ ရှုစိတ် ကလေး ရှိုက်နေတော့၊ ရှုတဲ့ စိတ်ကလေး ရှိုက်တဲ့စိတ်ကလေး သူတို့ သည် ဖြစ်ပြီးပျက် နေတာပဲ၊ အဲ့ဒါကော သိရပါတယ်၊ အကြံကောင်း ဉာဏ် ကောင်းနဲ့ သွားကြည့်လိုက်တာပေါ့၊ အဲ့ဒီကြည့်တဲ့စိတ်ကလေးဟာ လောဘကင်း တဲ့စိတ်ပါပဲ၊ အေး မတတ်သာလို့ရှု ရှိုက်နေရတာကိုး၊ မတတ်သာလို့ ရှိုက်နေရတော့ လောဘကင်းတဲ့စိတ်ကလေးသည် လောဘကင်းတဲ့ စိတ်ကလေးဖြစ်ပြီး ချုပ်ပြီလို့ကော သိပါတယ်။ အေး အဲဒီကဲ့သို့ ခင်ဗျားတို့ သိပြန်တော့လည်း ဒီအသိက လောဘစိတ်ကင်းတဲ့ အသိ၊ လောဘ ကင်းတဲ့စိတ်ကလည်း ဘယ်သဘော ရှိပြန်သတုန်း ဆိုတော့ ဖြစ်ပျက်ပဲ ရှိတာပဲ။

■ ရှုတဲ့ ရှိုက်တဲ့စိတ်ကလေးကလည်း ဖြစ်ပျက်ပဲရှိတော့ ၊ ဖြစ် ပျက်သိပြန်တော့လည်း၊ သိတဲ့ဉာဏ်ကလည်း ဖြစ်ပျက်သိပြန်တော့ လည်း ရှုတဲ့ ရှိုက်တဲ့စိတ်ကလေးကလည်း ဖြစ်ပျက်ပဲရှိတယ်လို့ နောက် ဉာဏ်က သိရပါတယ်။ သိတဲ့အခါ ကျတော့ အင်း ရာဂကင်းတဲ့စိတ် လည်း ကျုပ်တို့သိပြန်ပြီ၊ ဖြစ်ပျက်သိပြန်ပြီ၊ ဖြစ်ပျက်သိပြန်တော့လည်း ခုနက လောဘ မပါတဲ့စိတ် ဖြစ်ပျက်သိတာပါလို့မှတ်ပါ။ အဲ့ဒါကတော့ ရာဂ ကင်းတဲ့စိတ်ကိုလည်း ဖြစ်ပျက်ရယ် လို့ သိအောင်လုပ်လို့ ဆိုလို့ ခင်ဗျား တို့က သိအောင်လုပ်ကြပြန်တယ်၊ ဖြစ်ပျက်ရယ်လို့ သိအောင်လုပ်လို့ ဆိုလို့ ခင်ဗျားတို့သည် တရားအတိုင်း ကျင့်တဲ့ပုဂ္ဂိုလ်ထဲ ပါပါတယ်၊ ဒါက လောဘ ကင်းတဲ့စိတ်နော်။

■ ဒါတင်မကသေးပါဘူး ခင်ဗျားတို့ ဉာဏ်သွင်းလိုက်ပါဦး၊ ကျေးဇူး များစရာ အများကြီးရှိ ပါသေးတယ်၊ ကိုယ့်ဟာကိုယ် ဘုရားရှိခိုးနေတယ်၊

ဘုရားရှိခိုးနေတဲ့ စိတ်ကလေးဟာလည်း လောဘ မပါပါဘူး။ မပါတော့ "ဩကာသ" ဆိုတဲ့စိတ် ကလေးဟာလည်း "ဩကာသ" ဆိုပြီး ချုပ်သွားတာပဲလို့ နောက်ကအသိလိုက်ပါ၊ "ဩကာသ" ဆိုတဲ့ စိတ်ကလေးဟာ "ဩကာသ" ဆိုပြီးတော့ နောက်ထပ် ဒုတိယ "ဩကာသ" မဆိုနိုင်ပါဘူး။ မဆိုနိုင်တော့ ပထမ "ဩကာသ" လို့ဆိုပြီး ရှိခိုးတဲ့စိတ် ကလေးကော မရှိတော့ပါဘူး၊ အဲ့ဒါနောက်က ဉာဏ်နဲ့သိပေးပ့ါလား။

■ သိပေးလိုက်တဲ့အခါကျတော့ ပထမ "ဩကာသ" ဆိုတဲ့ စိတ်ကလေး ဖြစ်ပျက်သွားတာကို နောက်ဉာဏ်ကသိလိုက်တော့ ဖြစ်ပျက်သိတဲ့ အသိကိုပဲ ပြန် ရောက်ပါတယ်။ အေး ဖြစ်ပျက်သိတဲ့ အသိကိုပဲ ပြန်ရောက်တယ်၊ အဲဒီစိတ်ကကော စဉ်းစားစမ်း ရာဂ မပါပါဘူး၊ ဘုရားရှိခိုးတဲ့စိတ်ကို ဖြစ်ပျက်သဘောထားပြီး ရှုလိုက်တာပဲ၊ အဲဒီတော့ လောဘပါသေး သလား၊ ဩော် ဒီလောဘမပါတဲ့စိတ်ကလေးလည်း၊ ကုသိုလ်စိတ်ကလေးလည်း ဖြစ်ပြီးချုပ် တာကိုးလို့ သိပေးလိုက်စမ်းပါ။

■ ထို့အတူ ဘုရားရှိခိုးတဲ့စိတ်၊ ဆွမ်းလောင်းတဲ့စိတ်ကလေးကော မပါပါဘူး၊ ဒါဖြင့် လောဘကင်းတဲ့စိတ်ပါ၊ အဲဒါလေး ဒီအတိုင်းပစ်ထားရမှာ မဟုတ်ပါဘူး၊ နောက်ဉာဏ်နဲ့ ကြည့်ပေးရမယ်၊ နောက်ဉာဏ်နဲ့ကြည့် ပေးတဲ့အခါ ဒါက လောဘ ကင်းတဲ့စိတ်ကြည့်တာပဲ၊ လောဘကင်းတဲ့ စိတ်၊ ဒါကြောင့် ခင်ဗျားတို့က ဆွမ်းလောင်းပြီးပြီးတာပဲ ဒီလို အောက်မေ့ ပြီးနေတော့ လောင်းရုံလေးလောင်းတာ ခင်ဗျား တို့က ဖြစ်ပျက်က နောက် က မလိုက်ပါဘူးနော်။ အဲဒီတော့ ဒီက ရှေ့လိုက်ကြစမ်းပါဦး ဟဒယဝတ္ထု ပေါ် လောင်းချင်တဲ့စိတ်ကလေးကလည်း လောင်းပြီးတော့ ပျက်ပါတယ်။

■ ဖြစ်ပြီးပျက်တဲ့တရားလေးပါလားလို့ ဉာဏ်နဲ့ နောက်ကလိုက် ပေးပါ၊ နောက် တစ်ခါ လောင်းပြန်ရင်ကော လောင်းတဲ့စိတ်ကလေး မပျက်ဘူးလား၊ အဲ့ဒါ ဖြစ်ပျက်ရှု ရမှာပါ။ ဖြစ်ပြီးပျက်သွားပါပေ့ါလားလို့ နောက်က ဉာဏ်နဲ့လိုက်ပါ၊ အဲ့ဒါ လောဘ မပါပါဘူး၊ အဲ့ဒါ လောဘကင်း

တဲ့စိတ်ဖြစ်ပျက်ကိုမြင် ပြန်တယ်။

■ ဒါဖြင့် လောဘစိတ်ဖြစ်လည်း ဖြစ်ပျက်မြင်အောင်လုပ်၊ လောဘစိတ်မှတစ်ပါးသော ကုသိုလ်စိတ်တွေဖြစ်ပြန်ရင်ကော ဖြစ်ပျက်မြင်အောင်လုပ်ရမှာပါ။ ခင်ဗျားတို့က ကုသိုလ် လုပ်တယ်ဆိုရင်ဖြင့် အင်း ကုသိုလ်ကလေးဖြစ်လို့ ဝမ်းသာနေတာက များတယ်၊ ကုသိုလ်ကလေး ပျက်သွားတယ်လို့ ဉာဏ်ကမလိုက်ဘူး၊ ဉာဏ်ကမလိုက်တော့ ခင်ဗျားတို့ ဝိပဿနာ ဉာဏ်ဆိုလို့ မရပါဘူး၊ ကုသိုလ်စိတ်ကလေးဖြစ်လို့၊ ကုသိုလ်ကလေးလုပ်ရလို့ ကျုပ်ဖြင့် ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာ၊ ခင်ဗျားတို့ ကုသိုလ်စိတ်ကလေးရှိသေးရဲ့လား။ အလကားရမ်းပြီး ဝမ်းသာနေတာပဲ၊ ဟိုကုသိုလ် လုပ်တဲ့စိတ်ကလေးက ကုသိုလ်လုပ်တဲ့ အချိန် ကလေးကိုက ဖြစ်ပြီးပျက်သွားပြီ၊ အဲဒါလေး လျှောက်ပြီး ဝမ်းသာနေတာ မကောင်းဘူးလို့ဆိုပြီး ရမ်းမလိုက်ပါနဲ့။

■ မကောင်းဘူးလို့ဆိုသည်ဖြစ်စေ၊ မဆိုသည်ဖြစ်စေ၊ ဒါဝမ်းသာ တယ်၊ သို့သော် ဝမ်းသာတာထက် ကျေးဇူးများတာကရှိနေတယ်၊ ကုသိုလ်စိတ်ကလေးဟာ ဖြစ်ပြီး ချုပ်တာပဲလို့ နောက်ကမဂ်ဉာဏ် လိုက်ပေးတာက သာကောင်းတယ်၊ နောက်က ဝမ်း သာနေတာက တော့ ကုသိုလ်ထပ်ပွားတာပဲ ရှိတာပဲ၊ ကုသိုလ်ထပ်ပွားတာပဲ ရှိတယ်၊ ခုနက ကံတွေပြတ်နိုင် တဲ့သဘော မဂ်ဉာဏ် မလာပါဘူးနော်။

■ ကုသိုလ်တွေဆက်ပြီး အကျိုးပေးတွေဆက်သွားမှာပဲ ၊ အဲဒါ ကြောင့် ယခု ပြောလာတဲ့ စကားဟာ ခင်ဗျားတို့ ဝမ်းသာနေတာထက် ဖြစ်ပျက်ကို ရှုပြီးတော့ နောက်က ဉာဏ်လိုက်တာ က ကောင်း၏။ ဝမ်းသာ တာက ကုသိုလ်ပွားနေတာပဲဆိုတော့ ခင်ဗျားတို့ပြောရိုးထုံးစံအတိုင်း အရင် ကုသိုလ်စိတ်ဖြစ်ပြီး နောက်ဝမ်းသာတဲ့ စိတ်ပေါ် ပြန်တာပဲ၊ ဝမ်းသာ နေရုံနဲ့လည်း ခင်ဗျားတို့ မဂ်ဉာဏ်မရသေးဘူး၊ ဝမ်းသာတဲ့ စိတ်ကိုဗျ၊ အမြဲဝမ်းမြောက်နေမှာပဲ စာဂါနုဿတိ ဖြစ်နေမှာပဲ၊ စာဂါနုဿတိ ဆိုတာ

ဝမ်းသာတာ၊ ကုသိုလ်တော့ ကုသိုလ်ပဲ၊ သို့သော် သမထကြီး နော်။

■ သမထပါတဲ့ဟာ အဲ့ဒါ ခင်ဗျားတို့ကလည်း ဉာဏ်ကတုံးပြီး နေတော့ ကိုယ့်ကုသိုလ် ကလေး ကိုယ်ပြန်အောက်မေ့နေလို့ရှိရင်ပဲ ခင်ဗျားတို့ကလည်း အင်မတန်မှ အင်း ထူးပြီဟေ့၊ ဒါလေးတော့ မမေ့ဘူး၊ ဒါလေးပဲ အားကိုးရမှာပဲဆိုပြီး ဒါလေးပဲ ထပ် ပြန်တလဲလဲ အောက်မေ့နေ တယ်။ သို့သော် ကောင်းတော့ကောင်းပါတယ်၊ အကောင်းကြီးမဟုတ်ဘူး၊ ကုသိုလ်စိတ်ကလေးဟာ ဖြစ်ပြီးပျက်တယ်လို့ နောက်က ဉာဏ် လိုက်လိုက်ပါ၊ အောက်မေ့နေတာက သမထ၊ ဖြစ်ပျက်ကိုရှုနေတာက ဝိပဿနာ မဂ်ဉာဏ် ကွာပါတယ်နော်။ အေး ဒါကြောင့် ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ဟော တာကလည်း "ဝီတရာဂ စိတ္တံ၊ ဝီတရာဂ စိတ္တန္တိ ပဇာနာတိ" ဖြစ်ပျက်သိအောင်လုပ် လို့ ဟောထားတယ်၊ အဲဒီတော့ သမထ နေရာကျတော့ "စာဂါနုဿတိ"လို့ ဟောတယ်၊ ဝိပဿနာနေရာကျတော့ ဖြစ်ပျက်ကိုသိအောင်လုပ်ဟေ့ ဒီလိုဟောပြန်တယ်။

■ အဲဒီတော့ အကောင်းဆုံးနေရာကျတော့ဖြင့် ဖြစ်ပျက်သိအောင် လုပ်ပါ၊ အလတ်စား ပုဂ္ဂိုလ်အတွက် ဆိုလို့ရှိရင်ဖြင့် ထပ်ပြန်တလဲလဲ အောက်မေ့ဟေ့၊ စာဂါနုဿတိလုပ်ဟ။ အဲဒီတော့ စာဂါနုဿတိနဲ့ ဝိပဿနာကော ကွဲပြီလား၊ ထပ်ပြန်တ လဲလဲအောက်မေ့နေတာက စာဂါနုဿတိပါ၊ ဒီဖြစ်ပျက်ကလေးဟာ ဖြစ်ပြီးပျက်တယ် လို့ ရှုတာကကော ဝိပဿနာပါ။ အကောင်းဆုံးက ဝိပဿနာပေါ့ဗျာ၊ သူက မဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါ်လာတာ ကိုး၊ အဲ့ဒါကြောင့် ခင်ဗျားတို့ သတိပဋ္ဌာန်အတိုင်း အားထုတ် မယ်ဆိုလို့ရှိရင်ဖြင့် "စာဂါနုဿတိ" နဲ့တင် မနေနဲ့၊ ဝီတရာဂ စိတ္တံ၊ ဝီတရာဂ စိတ္တန္တိ ပဇာနာတိ ဆိုတာ ဒါ လောဘကင်းတဲ့ စိတ်၊ ဒီကုသိုလ်စိတ်ကလေး ဖြစ်ပျက်ရှုရမှာ ပါနော်။

■ ဖြစ်ပြီးပျက်တဲ့တရားပါလားလို့ အသိကလေးလိုက်ပေး၊ ဖြစ်ပြီး ပျက်တဲ့တရားပါလားလို့ အသိကလေးလိုက်ပေးလို့ရှိရင်ဖြင့် ဒုက္ခသစ္စာ

မြင်လိုက်တာပဲ၊ မင်ညက် ဝင်လာတာပေါ့၊ ဒီလိုက သာကောင်းတယ်၊ ရှေးက ခင်ဗျားတို့ ကုသိုလ်ကလေး ကိုယ် ဝမ်းသာတာ မပျောက်စေနဲ့တော့ ဆိုတာ ကိုင်း သို့သော် အလွန်ကြီးမကောင်းသေး ဘူး၊ လမ်းဆုံး မကောင်းဘူး လမ်းဆုံး မကောင်းဘူးဆိုတာ သမထဖြစ်နေလို့ပဲ။

■ ကိလေသာငြိမ်ရုံပဲရတယ်၊ အမြစ်မပြတ်ဘူး၊ ဝိပဿနာ ရှုလိုက်တဲ့အခါကျ တော့ ကိလေသာအမြစ်ပြတ်တယ်၊ အဲ့ဒီလို ကွာခြင်းကြီးမကကွာနေလို့ ပြင်လိုက်ပါ ဦးဆိုတာ သတိပေးရတယ်၊ "ဓမ္မာနုဓမ္မပဋိပန္န" ပုဂ္ဂိုလ်ဆိုတာ တရားအဖြစ်အပျက်တိုင်း သိတဲ့ပုဂ္ဂိုလ်ပါ၊ တရားက အဖြစ်အပျက်ကို အဖြစ်အပျက်တိုင်းသိတဲ့ပုဂ္ဂိုလ်မှ သာလျှင် ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်ပါ။ အေး ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်ဖြစ်အောင်လုပ်ပါ။ ဒါဖြင့် လောဘစိတ်ဖြစ်လည်း ခင်ဗျားတို့ ကြောက်မနေနဲ့၊ ငါ့ဖြင့် လောဘချည်း တစ်နေ့လုံးဖြစ်နေတာပဲ ငါ့ဖြင့်သေခြင်း ဆိုးသေဖို့ သေချာနေပြီလို့ အင်မတန် ကိုယ့်ကိုယ် ကို ကြောက်ပစ်လိုက်လိမ့်မယ်၊ မကြောက်ပါနဲ့၊ လောဘစိတ်ဖြစ်တိုင်း ဖြစ်တိုင်း သိ အောင်လုပ်ပေး။ ဖြစ်တိုင်း ဖြစ်တိုင်း သိအောင်လုပ်ပေး ဆိုတော့ ဖြစ်ပျက်သိတာပါ၊ ဖြစ်ပျက်က ဒုက္ခသစ္စာ ပါပဲနော်။

■ အိုး ဒီလိုသာ သိအောင်လုပ်နေမယ်ဆိုရင် ဒုက္ခသစ္စာသိအောင် လုပ်နေတဲ့ အတွက် ဖြစ်ချင်တိုင်းဖြစ်စမ်းပျာ၊ ကိစ္စမရှိဘူး၊ လောဘသိတာ မဟုတ်ဘူး၊ ဒုက္ခသစ္စာ သိတာပါ။ ဒုက္ခသစ္စာသိနေတဲ့ပုဂ္ဂိုလ်တွေမို့ ကိစ္စမရှိဘူးတဲ့၊ သူသိတဲ့အချိန်မှာ လောဘ မရှိဘူး၊ အဖြစ်အပျက်ရှိပါတယ်တဲ့။ ဖြစ်ပျက်က ဒုက္ခသစ္စာသဘောပဲ၊ အဲ့ဒီ တော့ ဒုက္ခသစ္စာ သဘော၊ အဲဒီဒုက္ခသစ္စာသိတဲ့ အသိမျိုးဖြစ်နေတော့ ကိစ္စမရှိဘူး၊ ဒါကြောင့် မသိမှာသာစိုးရိမ်တယ်။

■ မသိရင်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သိအောင် လုပ်စမ်းပါကွာ ဆိုပြီး ပါဠိတော်က "ဝီတရာဂ စိတ္တံ၊ ဝီတရာဂ စိတ္တန္တိ

ပဇာနာတိ "သိအောင်လုပ်စမ်းပါ ဦးကွာ၊ မသိရင်ခက်တယ်၊ သိတော့ ဒုက္ခသစ္စာသိတာ၊ အဲ့ဒါကြောင့် ယောင်ချာချာ လုပ်ပြီး မနေကြပါနဲ့၊ လောဘစိတ်ဖြစ်တယ်ဆိုရင် ဖြစ်ပျက်သိအောင်လုပ်၊ ကုသိုလ်စိတ်ကလေးဖြစ်လာရင်ကော ဖြစ်ပျက်သိအောင်လုပ်ရမှာပါ၊ အဲဒါ တယ်သတိထား နိုင်ခဲ့တယ်၊ အင်မတန်ထားနိုင်ခဲ့တယ်၊ အဲဒါ ခင်ဗျားတို့ ဆရာဆီမှာ အဖြေမြိုင်သလောက် ဟို သတိထားဖို့ရာ မလွယ်ဘူး၊ အေး နေရတဲ့ နေရာက အင်မတန်မှ အပါယ်သွားမယ့်နေရာက ဖြစ်နေတဲ့ အတွက် သတိမရဘူး၊ အဲဒီတော့ ခင်ဗျားတို့ အိမ်ရောက်လာလို့ရှိရင် သတိမရဘူးဆိုရင် ဒီနေရာ မနေကောင်းတဲ့နေရာ နေမိလို့သာ ဆုံးဖြတ်ချက်ချ။ မနေကောင်းတဲ့ နေရာနေမိတဲ့အတွက် တရားတွေကွယ်တာပဲ၊ ဖြစ်ပျက်ရှုတဲ့ဉာဏ်လေးဟာ အိမ်ကျလာတဲ့အခါ ကွယ်ပါတယ်။ မနေကောင်းတဲ့ နေရာနေမိ လို့ပါ၊ နေကောင်းတဲ့ နေရာနေမိအောင် လုပ်မဟ ဆိုပြီး အချိန်များများယူလိုက်ရင်လည်း ပြီး သွားတာပဲ၊ ကိုင်း ရာဂစိတ်ဖြစ်တာကိုလည်း သိအောင်လုပ်၊ ရာဂကင်းတဲ့စိတ် ကုသိုလ်စိတ်ဖြစ် တာကိုကော သိအောင်လုပ်ရမှာပါ။

■ ဒါသဘောကျရင် ရှေ့တစ်ဆင့်တက်ကြစို့၊ ဒါ တရားအတိုင်း သိတဲ့ပုဂ္ဂိုလ်။ ဒေါသစိတ် ဖြစ်လာပြီ၊ စိတ်ထဲမှာ စိတ်ဆိုးတဲ့ဒေါသစိတ် ကလေးဖြစ်လာပြီ။ အဲ့ဒါ ဖြစ်ပျက်ရှုရမှာပါ၊ အေး ဖြစ်ပြီးပျက်တဲ့ တရားလေးပါလားလို့ မြန်မြန်လုပ်လိုက်၊ သိအောင်လုပ်တဲ့အခါကျတော့ ဒေါသစိတ်က ဒုက္ခသစ္စာ ဖြစ်သွားပြီး၊ သိတဲ့ဉာဏ် ကလေးက မဂ္ဂသစ္စာ ဖြစ်သွားပြီ၊ ဒါကြောင့် သိအောင်လုပ်တဲ့ပုဂ္ဂိုလ်အတွက်မှာ သိပ်ပြီးကျေးဇူး များတာပဲ၊ ဒေါသဖြစ်တယ် ဟုတ်လား၊ ဒါတင် မကသေးဘူး၊ ဒေါသစိတ် ကလည်း ခင်ဗျားတို့ သန္တာန်မှာ ဣဿာ၊ မစ္ဆေရ ပြုရှုတဲ့ စိတ်တွေကော လာပါတယ်၊ အဲဒါလည်း ပြုရှုတဲ့စိတ်ကလေး ဟာလည်း ဖြစ်ပြီးပျက် တာပဲလို့ လိုက်ပြီးသိ။

■ ဩုဂုရှုတဲ့စိတ်ဖြစ်ပြီးရင် ဖြစ်ပျက်၊ ဖြစ်ပြီးပျက်တဲ့တရားပဲလို့ နောက်ကဉာဏ်နဲ့ သိ၊ ခင်ဗျားတို့ ဩုဂုရှုတဲ့စိတ်တွေက ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတယ်၊ ဒကာမတွေ မှာ သာများတယ်လို့ ဖြစ်ပြီးပျက်တယ်လို့ အမြန်လိုက်ရှုလိုက်စမ်းပါ၊ အဲ့ဒါ ဒေါသရှုတာပါပဲ၊ ဣဿာ စိတ်ကလေးဖြစ်လာတယ်ဆိုရင် ဖြစ်ပျက်ရှုရမှာပါ၊ အဲဒီကဲ့ သို့ ဖြစ်ပျက်ရှုလိုက်တဲ့အခါကျ ဒီဣဿာ ကလေးက ခင်ဗျားတို့ အပါယ် မချတော့ဘူး၊ ဖြစ်ပျက်ဒုက္ခသစ္စာကို မြင်ပြီ ပကောဗျ။

■ ဒါကြောင့် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ ဆိုတော့ ဣဿာ အဖြစ်နဲ့ မရှိပါဘူး၊ မသိတဲ့ပုဂ္ဂိုလ်အနေနဲ့ကတော့ ဣဿာအဖြစ်နဲ့ပဲ နေတော့တာပဲ။ သိတဲ့ပုဂ္ဂိုလ်ကတော့ အင်း ဖြစ်ပြီး ပျက်သွားသောကြောင့် ဒုက္ခသစ္စာသိလိုက်တာပဲလို့ ဉာဏ်က လာပါ တယ်၊ အဲဒီလိုကွာသွားတယ်၊ ကဲ တစ်ခါသွားပါဦးမယ်၊ အဲ့ဒါ ဒေါသစိတ်လို့ မှတ်စမ်းပါ၊ မစ္ဆေရ ဟိုလူလာတယ်ဆိုရင် ဒီကပစ္စည်းတွေ ပျောက်ကုန် ပြီ မစ္ဆေရကိုးဗျ၊ သူလာမေးလည်း မကြည်ဖြူတဲ့ဘက်က ဆိုင်တာပဲ၊ အဲ့ဒါ မစ္ဆေရပါ။

■ အဲဒီ မစ္ဆေရစိတ်ပေါ်လာရင်လည်း ဖြစ်ပြီးပျက်တယ်လို့ နောက်လိုက်ပေးစမ်းပါဦး၊ အဲဒီကဲ့သို့နောက်က ဉာဏ်နဲ့မလိုက်လို့ ရှိရင်ဖြင့် မစ္ဆေရသည် ခင်ဗျားတို့နောက် ဘဝမွဲရမယ်၊ တေရမယ်၊ အစာ အာဟာရရှားပါးရမယ်၊ အဝတ်အထည် မပြည့်မစုံပဲနေရမယ်၊ မစ္ဆေရ တန်ခိုးပေါ့ဗျာ၊ အဲ့ဒါကြောင့် မစ္ဆေရပေါ်လာရင် ဖြစ်ပျက်ရှုရမှာပါ၊ မစ္ဆေရစိတ်ကလေး ဖြစ်ပြီးပျက်တာပဲလို့ ခင်ဗျားတို့က အသိလိုက်ပေး။

■ အဲဒီကဲ့သို့ လိုက်ပေးလို့ရှိရင် ဒါ ဒေါသစိတ်နဲ့ ပတ်သက်တာတွေ သိလုံးလုပ်သွားတဲ့အ တွက် ဘုရားက "သဒေါသံ ဝါစိတ္တံ သဒေါသ စိတ္တန္တိ ပဇာနာတိ" ဒေါသစိတ်ကလေးဖြစ်ပြီး ပျက်တယ် လို့ မင်းတို့သည် အသိကလေးလိုက်လိုက် လိုက်လိုက်ပေးပါကွာ၊ ရှုတတ်ပါပြီ၊ အေး

ဒါကြောင့် ဒေါသတို့၊ ဣဿာတို့ မစ္ဆေရတို့ ဟုတ်လား၊ ဒေါသစိတ်ကလေး ဖြစ်ပြန်တယ်ဆိုတာလည်း ဒေါသစိတ်ကလေး၊ တစ်ခုတည်းမှတ်မနေနဲ့ ဣဿာရော မစ္ဆေရရောဟုတ်လား။ ကုက္ကုစ္စတွေကောပါလာတယ်။

■ ကုက္ကုစ္စတွေကောပါလာပါတယ်၊ ကုက္ကုစ္စဆိုတာ ကျုပ်မှားခဲ့ပြီ ဆရာကောင်းသမားကောင်းနဲ့ မတွေ့ဘဲနဲ့ မတွေ့ခဲ့ဘဲနဲ့နေခဲ့ရတာ ကျုပ်မှားခဲ့ပြီဆိုတာလည်း၊ အဲဒါနလုံးမသာမယာခြင်းဖြစ်တာလည်း ကုက္ကုစ္စဖြစ်တာပဲ၊ အဲဒီ ကုက္ကုစ္စဖြစ်လာရင်လည်း ဖြစ်ပျက်ရှုရမှာပါ၊ ဖြစ်ပျက်ပြီးသွားပြီး ဒုက္ခသစ္စာပဲလို့ သိအောင်လုပ်စမ်းပါ၊ ကျုပ်တို့ နောက်တုံးက နေခဲ့ရတာ၊ ထိုင်ခဲ့ရတာ အမှားကြီးမှားကုန်ပြီဆိုရင် ဒါကုက္ကုစ္စပါ။

■ အဲဒါ အမှားကြီးမှားကုန်ပြီဆိုတဲ့စိတ်ဟာ ကုက္ကုစ္စစိတ်ပါ၊ အဲဒါကို လည်း တာရှည်ဖြစ်မနေပါနဲ့၊ ဖြစ်ပြီးပျက်တယ်လို့ မြန်မြန်ရှုပစ်လိုက် စမ်းပါ၊ အဲဒီလိုရှုပစ်လိုက်လို့ရှိရင် ဒုက္ခသစ္စာအဖြစ်နဲ့ သူကပေါ်လာပါ တယ်၊ ဒုက္ခသစ္စာအဖြစ်နဲ့ပေါ်လာတော့ ဉာဏ်ကမဂ္ဂသစ္စာဖြစ်လိမ့်မယ်၊ အဲဒီလိုဆိုလို့ရှိရင် ဓမ္မာန ဓမ္မပဋိပန္န၊ ကုက္ကုစ္စဖြစ်လည်း ကုက္ကုစ္စရှုတာပဲ၊ ဣဿာဖြစ်ရင်ကော ဣဿာဖြစ်ပျက်ရှုထည့်လိုက်ပါ၊ မစ္ဆေရဖြစ်ရင် ကော မစ္ဆေရကို ဖြစ်ပျက်ရှုရမှာပါ၊ အဲ့ဒီလို ရှုတာသည် ဒေါသစိတ်ကို ရှုတာချည့်ပဲလို့ တစ်လုံးထဲမှတ်နေတယ်။ ဒေါသလဲဒေါသပဲ၊ ဣဿာရော ဒေါသပဲ၊ မှတ်လိုက်စမ်း ဒေါသစိတ်ကို ခင်ဗျားတို့က မစ္ဆေရကော ဒေါသပါ၊ ကုက္ကုစ္စကော ဒေါသပါ၊ ဒါတွေဟာ ခင်ဗျားတို့က စာပေကျမ်းဂန်လည်း မသင်ဖူးတာကတစ်မျိုး အဲ့ဒါတွေက ဒေါသစိတ်နဲ့ တွဲရက်ချည့်ပဲ၊ ဒေါသထဲသွင်းပြီး ရှုရတာချည့်ပဲ၊ တစ်ခါတစ်လေကျတော့ ဒေါသ ဖြစ်တုန်းက ဖြစ်လိုက်တာပဲ၊ သနားပါသေးတယ်၊ သနားတယ်ဆိုတော့ ကုသိုလ်စိတ်ပေါ့။

■ သနားတယ်ဆိုတဲ့ စိတ်ကလေး လာပါတယ်၊ အဲ့ဒီကုသိုလ်

စိတ်ကလေး ဖြစ်ပျက်ရှုရမှာပါ၊ ဖြစ်ပြီး ပျက်တာပဲလို့ဆိုတော့ အဲ့ဒါက ဒေါသကင်းတဲ့စိတ်၊ ကိုယ့် သားသမီးရိုက်တော့ ရိုက်လိုက်တာပဲ၊ ဒေါသနဲ့ အဲ့ဒါ ဖြစ်ပျက်ရှုပါ။ ရိုက်ပြီး ကိုယ်က သနားနေပါတယ်၊ အဲ့ဒါက ဒေါသကင်းတဲ့စိတ်၊ အဲ့ဒါ ကလေးရိုက်မယ့်ကြရင် ဒီနစ်ခု ရှုနိုင်ရင် ရိုက်သာရိုက်။ ဒီနစ်ခုရိုက် တုန်းကလည်း ရိုက်နိုင်တာပဲ၊ နောက်အုပ်မိအောင် ရှု၊ ရိုက်ပြီး သနားတဲ့စိတ်ကို ပြန်ပြီး ဖြစ်ပျက် ရှုရမှာပါ၊ ဒေါသကင်းတဲ့စိတ်ပေါ်လာရင်လည်း ဒေါသကင်းတဲ့စိတ်၊ သနားစိတ် ဖြစ်တယ်လို့ ဖြစ်ပြီးပျက်တယ်လို့ ခင်ဗျားတို့ ရှုပေးပါ။

■ ရှုပေးခဲ့လို့ရှိရင် ခင်ဗျားတို့မှာ ဘာအပြစ်မှမရှိဘူး၊ ဒုက္ခသစ္စာလို့ ထင်တဲ့ညဏ် တွေချည့်ပဲ လာနေတယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ၊ ကိုင်း ဒါဖြင့် ဒေါသကင်းတဲ့စိတ်ကော ရှုတတ်ပါပြီ၊ ဒေါသစိတ်ကော ရှုတတ်ပါပြီ၊ ဒေါသစိတ်၊ ဒေါသကင်းတဲ့စိတ်၊ ဒါ တွေ သိပြီ ဆိုကြပါစို့၊ အဲ့ဒီကဲ့သို့ ဖြစ်ပျက်သိတဲ့ပုဂ္ဂိုလ်ဟာ မဗ္ဗာန မဗ္ဗပဋိပန္န ပုဂ္ဂိုလ်ထဲ ပါသွားပြီ၊ အဲ့ဒီမှာ နိဂုံးချုပ်ချုပ်ပေးပါ၊ ဒေါသစိတ်ဖြစ်ပျက် ကို ဖြစ်ပျက်မှန်းသိတဲ့ ပုဂ္ဂိုလ် မဗ္ဗာန မဗ္ဗပဋိပန္န ပုဂ္ဂိုလ်ပါ၊ အေး ဣဿာဖြစ်တာကို ဣဿာဖြစ်ပျက် သိတဲ့ ပုဂ္ဂိုလ် မဗ္ဗာန မဗ္ဗပဋိပန္န ပုဂ္ဂိုလ်ပါလို့မှတ်ပါ။ တစ်ခါလာလိုက်ဦး ခင်ဗျားတို့ မောဟဖြစ်တယ်ဆိုတာကလည်း လာသေးတယ်၊ မောဟသည် ခင်ဗျားတို့ ဘယ်ဟာသိ ပြီတုံး မောဟဟာ ဒီအတိုင်း ရှုနေလို့မရဘူးတဲ့။

■ မောဟသည် ဒီအတိုင်း ရှုနေလို့မရဘူး၊ မောဟဖြစ်တယ်ဆိုတာ အင်မတန် သိနိုင်ခဲ တယ်၊ ဥပေက္ခာဖြစ်နေလို့ ဥပေက္ခာဖြစ်နေတဲ့အတွက် မောဟ အင်မတန် သိနိုင်ခဲ့တယ်၊ ဒါ သဘောနဲ့ သေသေချာချာ စူးစိုက်မှတ်ပါ၊ သဘောနဲ့ စူးစူးစိုက်စိုက်မှတ် ပါ၊ ဒါမှာသာလျှင် ရှင်းမယ်။ ကဲ ဒါဖြင့် သံသယဖြစ်တယ်၊ ဒါမောဟပဲမှတ်ပေတော့ သံသယဖြစ်ပြီ ဟိုကလာတာ ငါ့သားတွေလား၊ ငါ့သမီးတွေလားဆိုတာ သံသယပါ၊ အဲဒီ သံသယ

စိတ်ကလေးဟာလည်း မောဟပဲ၊ အဲ့ဒါလေး ဖြစ်ပျက်ရှုရမှာပါ။ သံသယ စိတ်ကလေးဟာလည်း ဖြစ်ပြီးပျက်တာပဲလို့ ရှုပေး၊ အဲ့ဒါ မောဟကို ရှုတာပဲ။ မောဟ ကို သတ်နေတာ၊ မောဟကို ဝိပဿနာရှုနေတာပဲ။

■ သံသယစိတ်ကလေးပေါ်လာတယ်၊ ဖြစ်ပျက်ရှုပါ။ အဲ့ဒါ မောဟ ရှုတာပဲ။ သံသယစိတ် ကလေးပေါ်လာလို့ရှိရင် မောဟစိတ်ဖြစ်ပျက်ရှုရာ ရောက်ပါတယ်၊ မှတ်ထား နို့မဟုတ်ရင် မောဟစိတ်ဖြစ်ပျက် မရှုတတ်ဘဲ နေမှာစိုးလို့ အသေအချာပြောနေတယ်၊ မောဟမရှုတတ်ဘဲ နေမှာ သိပ်စိုးရိမ်ရတယ်၊ သံသယစိတ်ကလေးက မောဟပါ၊ အဲ့ဒါလေးဟာ ဖြစ်ပြီး ပျက်တယ်လို့ ရှုရမှာပါတဲ့။ အဲဒီလို ရှုတဲ့အခါကျတော့ **"သမောဟ စိတ္တံ သမောဟ စိတ္တန္တိ ပဇာနာတိ"** ဒီပါဠိတော်အထဲ သွားဝင်တယ်။ သတိပဋ္ဌာန်ရပြီးသား ပုဂ္ဂိုလ်အတွက်မှာဖြင့် အလွန် ကျေးဇူး များနေပြီ၊ မရသေးတဲ့ပုဂ္ဂိုလ်က လည်း သေသေချာချာမှတ်ပါ။

■ ကိုင်း သံသယဖြစ်တယ်ဆိုလို့ရှိရင်ဖြင့် သံသယဆိုတာ မောဟ ပါ၊ အဲ့ဒါလေး ဖြစ်ပျက် ရှုရမှာပါ၊ ဖြစ်ပျက်ရှုရမယ်၊ ခင်ဗျားတို့က သံသယ ရှိတယ်ဆိုရင် မောဟလို့ မထင်ဘူး၊ အဲ့ဒါ သံသယရှိတယ်ဆိုတာ မောဟ ဦးစီးတာ၊ အဲ့ဒါကြောင့် သံသယစိတ်ကလေးပေါ်လာတိုင်း ပေါ်လာတိုင်း၊ ဖြစ်ပျက်ရှုရမှာပါ၊ အေး မောဟသည် ဒုက္ခသစ္စာ ဖြစ်သွားတယ်၊ ရှုတဲ့ ဉာဏ်သည် မဂ္ဂသစ္စာဖြစ်ပါတယ်၊ အေး သေတာသည် သမုဒယ သစ္စာ သေပါတယ်၊ သမုဒယသစ္စာသေ တယ်ဆိုရင် နိရောဓသစ္စာ မျက်မှောက် ပြုတာပဲ။ ရာဂ ကုန်ရောပေါ့ဗျ၊ ကိုင်း မောဟက ဒီတစ်လုံးတည်း မကသေး ဘူး၊ သံသယ တစ် လုံးတည်းမောဟလို့မဆိုနဲ့။

■ ခင်ဗျားတို့ စိတ်က ဟိုအတွက်တွေ၊ ဒီအတွက်တွေ ခင်ဗျားတို့ စိတ်ကလေးက ထားရာ မနေဘူး၊ အဲ့ဒါမောဟစိတ်လို့ မှတ်လိုက်စမ်းဗျာ၊ အဲ့ဒါလေး ဖြစ်ပျက်ရှုရမှာပါ၊ အေး ထားရာ မနေဘူး၊ ကိုယ်က ထားချင်တာ က ဝေဒနာပေါ်ထားချင်တယ်၊ သူက တောင်ထွက်ပြေး၊ မြောက် ထွက်ပြေး

ပြေးတယ်၊ ဒီစိတ်ဟာ မောဟစိတ်ပါပဲ၊ ပျံ့လွင့်တဲ့ စိတ်၊ မောဟစိတ် စာလိုတော့ ဥဒ္ဒစ္စစိတ်လို့လည်း ဆိုနိုင်တယ်၊ သို့သော် မောဟထဲ သွင်းလိုက်ပါ။ အဲဒီတော့ ပြေးတဲ့စိတ် ကလေး၊ ပြေးတဲ့စိတ်ကလေးတွေ ဖြစ်ပြီးပျက်တယ်လို့ ရှုကြည့်စမ်းပါ၊ ပြေးတယ်ဆိုတာ သူကသာ အပြင်ဘက်ကို အာရုံပြု တာပါ၊ ခင်ဗျားတို့ ဝမ်းထဲမှာ ရှိတာပါ၊ တခြားမပြေးနိုင်ပါဘူး သူက၊ သူကိုယ်တိုင် မပြေးနိုင်ပါဘူး၊ သူက ဟိုဟို ဒီဒီ အာရုံပြုတာပဲရှိပါတယ်၊ သူကိုယ်တိုင် ထွက်ပြေးနိုင်တဲ့ စွမ်းရည်သတ္တိမရှိပါ ဘူး၊ ဟဒယဝတ္ထု အပေါ်မှာပေါ်၊ ဟဒယဝတ္ထုအပေါ်မှာ ချုပ်၊ အေး ဒါကြောင့် ပြေးတဲ့စိတ်ကလေးကိုလည်း ဖြစ်ပျက်ရှုရမှာပါ မောဟလို့ မှတ်ပါ။

■ အေး ဒါကြောင့် မောဟဆိုတဲ့တရားလေး ဖြစ်တာကြောင့် အင်း မောဟကို လည်း မောဟဖြစ်တိုင်းလည်း ဖြစ်ပျက်သိအောင်လုပ်ပေးပါလို့ ဘုရားကဟောပြန် တယ်၊ "သမောဟ စိတ္တံ သမောဟ စိတ္တန္တိ ပဇာနာတိ" ကိုဗျ မောဟနဲ့တကွ ဖြစ်တဲ့စိတ် မင်းတို့မသိမှာစိုးရတယ်၊ ဒါကြောင့် သံသယဖြစ်လည်း မောဟ၊ တွေဝေရင်ကော မောဟပါ၊ မောဟ နှစ်မျိုးတွေ့ပြီ။ အဲ့ဒီနှစ်မျိုးစလုံး သံသယလည်း ခင်ဗျားတို့ ခဏခဏ လာတယ်၊ ပြေးတဲ့စိတ်ကော လာပါတယ်၊ အဲ့ဒါတွေ ဖြစ်ပျက်ရှုရမှာပါ ၊ ဖြစ်ပျက်သာ ရှုပေးပါ၊ ဖြစ်ပျက် အသေအချာရှုပေးပါ။

■ ကောင်းပြီ ဒါဖြင့် ဒါက မောဟဖြစ်တဲ့စိတ်၊ မောဟကင်းတဲ့စိတ်လည်း ရှိပစေ၊ မောဟ ကင်းတဲ့စိတ်ကလည်း ဆွမ်းလောင်းတဲ့ကုသိုလ်၊ ဘုရားရှိခိုးတဲ့ ကုသိုလ်တွေ ဒါ မောဟ မပါပါ ဘူး၊ မပါတဲ့ အခါကျတော့ ဒီစိတ်တွေကိုလည်း ဖြစ်ပျက်ရှုရမှာပါ ၊ အေး ဒါကြောင့် ပုတီးစိပ်နေတာကွ၊ ဘုရားအာရုံပြုနေတာတွေ၊ ဝိပဿနာရှုနေတဲ့ စိတ်တွေလည်း ပျက်နေတာပဲ၊ အဲ့ဒါကြောင့် မောဟကင်းတဲ့စိတ်တွေ ဖြစ်ပြီးပျက်နေတာပဲလို့ ရှုနိုင်သေးတာပဲ။ မေတ္တာပို့ တဲ့စိတ်တွေကော မောဟ မပါပါဘူး၊ အဲဒါကျလာလို့ရှိရင်ဖြင့် ဖြစ်ပျက်ရှုရမှာပါ ၊ အဲ့ဒါက ဝီတမောဟစိတ်

တွေပေါ့ဗျာ၊ ဆွမ်းလောင်းတဲ့စိတ်တွေ ၊ ဝိပဿနာရှုတဲ့စိတ်တွေ၊ မေတ္တာပို့တဲ့ စိတ်တွေ အဲ့ဒီစိတ်တွေ ဟာ မောဟကင်းတဲ့စိတ် တွေလို့မှတ်ပါ။

■ မောဟကင်းတဲ့စိတ်၊ ကုသိုလ်စိတ်ကိုလည်း ကုသိုလ်ပဲ နာမည်ပေးရင်လည်း ရတယ်၊ မောဟကင်းတဲ့စိတ်လို့ ပေးရင်ကော ရပါတယ်၊ ဒါကြောင့် ဒီနေရာ မောဟနဲ့ ပောနေတဲ့ အတွက်ကြောင့် မောဟကင်းတဲ့စိတ်။ မောဟကင်းတဲ့စိတ် ကိုလည်း မောဟကင်းတဲ့စိတ်ရယ် လို့ သိပေး၊ ဖြစ်ပျက်သိပေးပါ၊ အဲဒီကဲ့သို့ ရှုတတ်ကြပြီလား၊ ဒါဖြင့် နေရာတိုင်းမှာ လစ်လပ်ဖို့ မလိုပါဘူး၊ ရှုတဲ့ ရှိက်တဲ့စိတ်ကလေးတွေ မသိမိရင်မောဟ၊ သိပြီး ရှုလို့ရှိရင် မောဟကင်းတဲ့စိတ်၊ အေး ဒီအတိုင်း သွားကြစမ်းပါ၊ ကိုင်း တစ်ခါတလေများ ပျင်းရိပြီးနေတဲ့စိတ်တွေများ လာ ပါတယ်၊ ပျင်းလိုက်တာဆိုရင် အဲဒီပျင်းတဲ့စိတ်သည် ပျင်းရိပြီး လျော့ရဲတဲ့စိတ်တွေ လာပါတယ်။ အဲ့ဒါကို တစ်ခါတည်း ဝိပဿနာရှုပစ်ပါ၊ ထိနမိဒ္ဓစိတ်တွေပါ၊ ပျင်းရိတယ်ဆိုတဲ့ စိတ်ကို ထိနမိဒ္ဓ စိတ်တွေပါ၊ အဲ့ဒါ ခင်ဗျားတို့ ငိုက်လာတယ်၊ ပျင်းလာမယ်ဆိုရင်ဖြင့် ပျင်းတဲ့စိတ်ကလေးကို မြန်မြန်ရှု၊ ပျင်းလာမယ်ဆိုလို့ရှိရင် ဖြင့် ပျင်းတဲ့စိတ်ကလေးကို ဖြစ်ပြီး ပျက်တာပဲလို့ မြန်မြန်ရှု။

■ ငိုက်လာရင်ကော၊ အဲဒါထိနမိဒ္ဓစိတ်တွေ၊ ထိနမိဒ္ဓစိတ်လို့ ရှုပေးပါ၊ ပျင်းတဲ့ စိတ်ဟာ ပျင်းတဲ့နေရာမှာချုပ်တယ်၊ ငိုက်တဲ့စိတ်ဟာ ငိုက်တဲ့နေရာမှာချုပ်ပါတယ်၊ အဲဒီကဲ့သို့ ဉာဏ်က နောက်ကလိုက်လိုက်ပေးစမ်းပါ၊ ပျံ့လွင့်တဲ့စိတ်တွေ လာမယ်ဆို ရင် စိတ်တွေဟာ ဟိုပျံ့ဒီပျံ့ပြီး တွေဝေနေတဲ့အခါကော လာပါတယ်၊ အဲဒါကျတော့ ဥဒ္ဓစ္စစိတ်လို့မှတ်ပါ၊ ဥဒ္ဓစ္စစိတ်ပေါ်လာရင် ဥဒ္ဓစ္စစိတ်သည် ဖြစ်ပြီးပျက်တာပဲလို့ ခင်ဗျားတို့ ဉာဏ်က နောက်ကလိုက်ပေးပါ၊ ရှုရှုပေးပါ။ နောက်ကျလာတဲ့ အခါကျတော့ စိတ် ကလေးဟာ ဖြစ်ပျက်ပေါ်မှာချည့် တည်နေပါတယ်။

■ အဲဒီတော့ ဒီကျတော့ တည်ကြည်တဲ့စိတ်ဖြစ်ပြီပေါ့၊ တည်ကြည်

တဲ့စိတ်ကိုလည်း "**သမာဟိတစိတ္တံ၊ သမာဟိတစိတ္တန္တိ ပဇာနာတိ**" ကိုယ့်စိတ်ကလေးက ထားရာနေပြီ၊ တည်ကြည်တဲ့ စိတ်ကလေး ဖြစ်ပေါ်နေတယ်၊ တည်ကြည်တဲ့ စိတ်ကလေးပျက်တယ်။ တည်ကြည်တဲ့ စိတ်ကလေးထားရာနေတော့ တည်ကြည်တဲ့ သဘောပေါ့ဗျာ၊ အဲ့ဒါကလေးဟာ မခိုင်မြဲပါဘူး။ မမြဲတော့ တည်ကြည်တဲ့စိတ် ကလေးဟာ တည်ကြည်တဲ့စိတ်ဖြစ်ပြီး ပျက်တယ်လို့ နောက် ဉာဏ်နဲ့ လိုက်ရှု လိုက်ပါ၊ မရှုရင် မရဘူးတဲ့ ရှုပေးပါ၊ အရင်တည်ကြည်တဲ့ ရှုတဲ့ဉာဏ်ကလေးကို နောက်ဉာဏ်က ရပါတယ်၊ အဲ့ဒီလိုလည်း ရှုနိုင်သေးတယ်တဲ့၊ မတည်ကြည်တဲ့စိတ် ပေါ်လာပြန်လို့ရှိရင်လည်း မတည် ကြည်ဘူးဆိုတာ ရှုပေးပါ၊ စိတ်ကလေးက ရှုမယ်ကြံရင်း မမြင်ရင်း၊ အဲ့ဒါ မတည်ကြည်တဲ့စိတ်ကလေးပဲ။

■ အဲ့ဒီ မတည်ကြည်တဲ့စိတ်ကလေးလည်း ဖြစ်ပြီးပျက်တာပဲလို့ ရှုပေးပါ၊ ဒီနေ့ တော့ ကမ္မဋ္ဌာန်းကို ထိုင်လို့မရဘူး၊ ထိုင်လို့မရတဲ့စိတ်ရှု၊ ထိုင်လို့မရတာ ဒီစိတ် ပြေးနေလိမ့်မယ်၊ ပြေးတဲ့စိတ် ဖြစ်ပျက်ရှုရမှာပါ၊ အဲ့ဒီကဲ့သို့ ရှုတော့ အဲ့ဒါ ကမ္မဋ္ဌာန်း ဖြစ်သွားပြီ၊ ခင်ဗျားတို့က ဒီနေ့တော့ ထိုင်လို့ကိုမရဘူး၊ ဘာမှမမြင်ဘူး၊ စိတ်မတည်လို့ဘုရား၊ မတည်တဲ့စိတ်ရှုပါ၊ အဲ့ဒီမတည်တဲ့စိတ်ကို ဖြစ်ပျက်ရှုရမှာပါ၊ အဲဒီတော့ ဒါကမ္မဋ္ဌာန်းဖြစ်နေပြီ၊ ဒါ ခင်ဗျားတို့က ဆင်ခြေကလဲချင်သေးတယ်၊ ဒီနေ့တော့ ထိုင်လို့ကိုမရဘူး၊ စိတ်တွေက တောင်ပြေးမြောက် ပြေးနဲ့၊ ပြေးတဲ့စိတ် ပြေးတဲ့စိတ် ဖြစ်ပျက်ရှုရမှာပါ။

■ ဒါ ကမ္မဋ္ဌာန်းမဖြစ်သေးဘူးလား၊ ဘုရားကလည်း ပြေးတဲ့စိတ်ကို ပြေးတဲ့စိတ်လို့ ရှုကြွာဆိုတော့ ကမ္မဋ္ဌာန်း ဖြစ်ပါတယ်နော်။ အဲ့ဒါ နေရာတိုင်းခင်ဗျားတို့ ကမ္မဋ္ဌာန်းရှု လို့ မဖြစ်ဘူး၊ ဒီနေ့ ဘယ့်နယ်ဖြစ်တယ် မသိဘူးလို့ မလာခဲ့နဲ့ ဆင်ခြေနဲ့ မလာခဲ့နဲ့၊ ရှုလို့ မဖြစ်တဲ့စိတ်ကလေး ဟာ ရှုလို့မဖြစ်တဲ့စိတ်ကလေးပေါ်လို့ပေါ့၊ အဲ့ဒီစိတ်ကလေး ဖြစ်ပျက်လိုက်

ပါလား၊ အဲဒီစိတ် ဖြစ်ပျက်ကို ရှုလိုက်မယ်ဆိုရင် ခင်ဗျားတို့အဖိုးမတန်ပေဘူးလား၊ အေး အဲဒီလို တရားအဖြစ် အပျက်တိုင်းရှုပေး အဲ့ဒါ "ဓမ္မာနုဓမ္မပဋိပန္န "ပုဂ္ဂိုလ် တဲ့။ ငြီးငွေ့သည့်တိုင်အောင် ရှုပါ၊ မလိုချင်သည့်တိုင်အောင် ရှုရမှာပါ၊ ငြီးငွေ့သည့် တိုင်အောင် ရှုရမှာပါလို့မှတ်ပါ၊ အဲ့ဒီလို ရှုပါ အဲဒီလိုရှုနိုင် တဲ့ပုဂ္ဂိုလ်ကျတော့

၁။ ● တစ်နံ့ပါတ်က ဖြစ်ပျက်မြင်အောင်ရှု ...

၂။ ● နှစ်နံ့ပါတ်က ငြီးငွေ့သည့်တိုင်အောင်ရှု ...

၃။ ● သုံးနံ့ပါတ်က မလိုချင်သည့်တိုင်အောင် ရှု ...

၄။ ● လေးနံ့ပါတ်ကျတော့ ငြိမ်းအေးသည့်တိုင်အောင် ရှု ...

■ တစ်နံ့ပါတ်က ဖြစ်ပျက်မြင်အောင်ရှု ၊ နှစ်နံ့ပါတ်က ငြီးငွေ့အောင်ရှုရမှာပါ၊ သုံးနံ့ပါတ်က မလိုချင်အောင်ရှုရမှာပါ၊ လေးနံ့ပါတ်က ငြိမ်းအေးသည့်တိုင်အောင်ရှုရမှာပါ။အဲ့ဒီလို ရှုလို့ရှိရင်ဖြင့် အဲ့ဒီငြိမ်းအေးရောက်တဲ့ပုဂ္ဂိုလ်ဟာ ဒီဘဝနိဗ္ဗာန်ရမယ့် ပုဂ္ဂိုလ်လို့ ဆုံးဖြတ်ချက်ချကြတဲ့၊ ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်က ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်၊ ငြိမ်းအေးသည့်တိုင်အောင် ရအောင်ရှုနိုင်တဲ့ ပုဂ္ဂိုလ်က ယခုဘဝနိဗ္ဗာန်ရမယ့် ပုဂ္ဂိုလ်တဲ့။ ငြိမ်းအေးသည့်တိုင်အောင် ရှုနိုင်တဲ့ပုဂ္ဂိုလ် ယခုဘဝ နိဗ္ဗာန်ရမယ့် ပုဂ္ဂိုလ်ပါ၊ အဲ့ဒါ ကိုယ့် ဟာကိုယ်လုပ်မှ ကိုယ်ရမယ်၊ သူများပေးလို့မရဘူး၊ သူများပြောလို့မရဘူး၊ ကိုယ့် ဟာကိုယ်လုပ်မှ ကိုယ်ရမယ်၊ အဲ့ဒါ စိတ္တာနုပဿနာ ရှုနည်းပဲနော်။

ကဲ - စိတ် ဖြစ် ပျက် ရှု တဲ့ တ ရား ဒီ တွင် နား ဦး စို့၊

● ● ● ● ●

# စိတ္တာနုပဿနာသတိပဋ္ဌာန် (၂)

■ ခန္ဓာကိုယ်ထဲမှာ သတိပဋ္ဌာန်လေးပါးနဲ့ ဝေဖန်လို့ရှိရင် ကိုယ်ကြီးရှုရင် ကာယာနုပဿနာ၊ ဝေဒနာရှုရင် ဝေဒနာနုပဿနာ၊ စိတ်ရှုရင် စိတ္တာနုပဿနာ၊ သစ္စာရှုရင် ဓမ္မာနုပဿနာလို့ မှတ်ကြပါ၊ ဒီလေးခု တစ်ခုခုရှုရင် နိဗ္ဗာန်ရောက်တာချည့်ပဲလို့မှတ်ပါ။ သတိပဋ္ဌာန်လေးပါး ရှိတဲ့အနက် တစ်ပါးပါးကို အဆုံးရှုနိုင်လို့ရှိရင် နိဗ္ဗာန်ရောက် တာချည့်ပဲ။

■ ကောင်းပြီ ဒါဖြင့် ယနေ့စပေးရမှာ စိတ္တာနုပဿနာဆိုတာ မှတ်ထားကြစမ်းပါ၊ ကိုယ့်စိတ် ကိုယ်ရှုတာပဲ၊ ဪ ကမ္မဋ္ဌာန်းဟာ တခြား ရှာရမှာလား အောက်မေ့တယ်၊ ကိုယ့်စိတ်ကိုယ် ရှုရမှာကိုး။ ကမ္မဋ္ဌာန်း ဆိုတာ တခြားမရှာနဲ့ ကိုယ့်စိတ်ကိုယ်ရှု၊ ကိုယ့် သန္တာန်ပေါ်တဲ့စိတ်ကို ရှုပါ။ ဒါဖြင့် တို့မှာ သိပ်ပြီးပါရမီထူးတာပဲ၊ ကိုယ့်စိတ်က ခဏ ခဏပေါ်နေတာ ကိုယ်က မရှုမိလို့သာ။ ကိုယ့်စိတ် ခဏ ခဏပေါ်နေတာ ကိုယ်က မရှုမိလို့သာ နိဗ္ဗာန်ရောက်ကြောင်း တရားကိုယ့်ဆီကို မရောက်လာတာကိုး၊ ကိုယ့် စိတ်က ရှုမိလို့ရှိရင် ကိုယ့်အကြောင်း ကိုယ်သိတဲ့အတွက် နိဗ္ဗာန်ကို ကိုယ်ရှုတဲ့ဉာဏ်က ပို့မှာပဲ။ ကောင်းပြီ ဒါဖြင့် ကိုယ့်စိတ်ဟာ အနည်းကလေးပါ၊ ထပ်ပြန်တလဲလဲ ဖြစ်နေလို့ များတယ်ထင်တာပါ နာမည်နဲ့ ဆိုင်းဘုတ်ဆွဲပြီး ရေတွက်လို့ရှိရင် ခင်ဗျားတို့ ရှုနိုင်တာက ဆယ့်သုံးပဲရှိတယ်။ ဒါဖြင့် ဒီဆယ့်သုံးလောက်တော့ ဘုရား တပည့်တော်

တို့ ပေါ်ရာကို လိုက်မယ်ဆိုလို့ရှိရင်ဖြင့် တပည့်တော် အပျက်မြင်ဖို့ပါ ပဲ၊ ကိုယ့်စိတ် ကိုယ် မြင်ဖို့ပါပဲ။

■ ကောင်းပြီ ဒါဖြင့် အလုပ်တရားကိုတော့ ဘယ်အလုပ်များ လုပ်ပေးရပါလိမ့် မလဲဆိုတဲ့ သံသယကို ယနေ့ကစပြီး ဖျောက်ပါတဲ့၊ ကိုယ့်စိတ်ကိုယ်ရှုရင် နိဗ္ဗာန်ရောက်ပါတယ်၊ ဒါဖြင့် ကိုယ့်စိတ်ပြပါ တော့မယ်တဲ့၊ ကိုယ့်စိတ်ကိုယ်ရှုတာ မြင်ကြရပါတော့မယ်၊ ပုထုဇဉ်စိတ် ဆိုတာ မျောက်စိတ်နဲ့ အတူတူပဲ၊ ခဏခဏပြောင်းလွဲမှု ရှိတယ်လို့ မှတ်လိုက်ပါ။ ခဏခဏပြောင်းလွဲမှု ရှိတယ်လို့ မှတ်လိုက်လို့ရှိရင် ဩော် ပြောင်းလွဲတာသိ၊ ပြောင်းလွဲတဲ့ တရား၏ ပျက်တာကိုလည်း သိတယ်။

■ ဒါဟာ အလုပ်စဉ်ပါပဲဆိုတော့ မျက်လုံးဖွင့်လိုက်တယ်၊ ဖွင့်လိုက် သည်နှင့် တစ်ပြိုင် နက်တည်း ရှေ့မှာရှိတာ မြင်တာပဲ၊ ဒါဖြင့် ဒီအထဲမှာ မြင်စိတ်ကလေး ဖျတ်ခနဲပေါ်တယ်၊ မျက်လုံးကို မျက်လွှာဖွင့်လိုက်သည် နှင့် တစ်ပြိုင်နက်တည်း ရှေ့မှာရှိတာ မြင်ပါတယ်၊ မြင်တော့ ကို အကန်းဖွင့် တော့ ဘယ်လိုဖွင့်ဖွင့် မမြင်ဘူး၊ ဒကာ ဒကာမတွေကလဲ မျက်စိကန်း မဟုတ်တော့ကို မြင်တယ်ဆိုတာ ပေါ်လာတော့ ဩော် အကန်းတော့ မြင်စိတ် မပေါ်ဘူး၊ တို့တော့ မြင် စိတ်ပေါ်လို့ မြင်တာကိုးလို့ မှတ်လိုက်ပါ။

■ ဒါဖြင့် မြင်တယ်ဆိုရင် မြင်စိတ်ကလေး ပေါ် ပြီ၊ ကိုယ့်ဟာကိုယ် သိ နောက်က သိပေးပါ၊ ရှေ့က မြင်စိတ်ပေါ်လို့ရှိရင် နောက်ကမြင်စိတ် ပေါ်ပြီလို့ ဒါက သိတာ ဝိပဿနာပဲ၊ မြင်စိတ်ကလေးပေးတာကို ဩော် မြင်စိတ်ပေါ်ပြီလို့ နောက်က သိသိ ပေးစမ်းပါ၊ ဝမ်းတွင်းမှာ လဲ သိတဲ့တရား ကလည်း သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ ဒီငါးခုပေါင်းပြီးတော့ မြင်စိတ်ကလေးပေါ်တိုင်း သူက သိလို့ရှိရင် ဒီငါးခုက သိတယ်၊ မြင်စိတ် ကလေးပေါ်တာကို သိအောင် ဒီငါးခုက လိုက်နေတယ်။ ဒါဖြင့် နားထဲမှာ နဂိုက ကြားစိတ် ရှိသလားတဲ့၊ အသံထွက်မှ ကြားစိတ်ပေါ်ပါတယ်နော်။ ဩော် ဒါဖြင့် သူလည်း

အသစ်ကလေးပဲ၊ မျက်လုံးလိုပဲ အသစ်ကလေးပဲလို့ မှတ်လိုက်စမ်းပါ၊ ဒါဖြင့် ဒါကလေးလာလဲ ကြားစိတ်ပေးလို့ ရှိရင် နောက်က ဩော် ကြားစိတ်ပေါ် ပြီလို့ ဝမ်းထဲကသိပေး။ ကောင်းပြီ တစ်ခါ အနံ့ကလေးတွေ ဘာကလေးတွေ လေကယူလာတော့ နှာခေါင်းထဲမှာ ပုပ်တယ်၊ ညှီတယ်၊ မွှေးတယ် အစရှိ သည်နဲ့ ဩော် မွှေးလိုက်တာလို့ နှာခေါင်းထဲမှာ မွှေးတဲ့စိတ်ကလေးပေါ်လာတယ်။

■ ဝမ်းထဲက သိပေး၊ ဩော် မွှေးတဲ့စိတ်ကလေးပေါ် ပြီလို့သိပေး။ ဒါဖြင့် ပေါ်တာက တခြား၊ သိတာကတခြား ရှင်းပြီနော်။ တစ်နည်းအားဖြင့် ပေးတာကရှေ့က၊ သိတာက နောက်က၊ ဒီအတိုင်းလိုက်ပေးပါတဲ့။ ကောင်းပြီ တစ်ခါ လျှာပေါ်မှာ ကိုယ့်တံတွေး ကလေး မျိုမျို၊ ချိုချဉ်၊ ဖန်ငန် စားချင်တာစား၊ လျှာလယ်လောက် ရောက်လာတဲ့အခါကျတော့ သိတဲ့စိတ်ကလေး၊ စားစိတ်ကလေးဟာ ပေါ်လာတယ်။ အဲဒီ စားစိတ်ကလေးပေါ်တာကိုလဲ ဩော် စားစိတ်ကလေး ပေါ် ပြီလို့ ဝမ်းထဲက သိပေးပါ။

■ ကိုယ်ပေါ်ကျလာတော့ ယားတယ်ယံတယ်၊ နာတယ်၊ ကိုက်တယ်၊ ခဲတယ်ဆိုတာ ကိုယ် ပေါ်မှာ ပေါ်ပါလိမ့်မယ်တဲ့။ ဒါဟာ ပေါ်တိုင်း ပေါ်တိုင်း ဝမ်းထဲကသိပေး၊ ကိုယ့်စိတ်ကလေး ပေါ်တယ်၊ ဒုက္ခစိတ်ကလေး ပေါ်တယ်လို့ သိသိပေးပါ။ ၄င်းကိုယ်ပေါ်မှာပဲ တစ်ကိုယ်လုံးမှာပဲ သူ ပေါ်ချင်ရာပေါ်လိမ့်မယ်၊ ချမ်းသာတဲ့စိတ်ကလေး၊ လေကလေးတိုက်၊ လက်မောင်းကလေး တိုက်ရင် လက်မောင်းကလေးတွင် ချမ်းသာတဲ့ စိတ်ကလေးပေါ်တယ်။ အဲဒါကလဲ ပေါ်တိုင်း ပေါ်တိုင်း ဝမ်းထဲက သိပေးပါ၊ ပေါ်တာ က ကိုယ်ပေါ်မှာ သိတာက ဝမ်းထဲကသိတာပဲ။

■ ကောင်းပြီ ဒါဖြင့် ဝမ်းထဲမှာ အူတွေ၊ အသည်းတွေ၊ နှလုံးသွေးတွေ၊ အမျိုးမျိုးအဖုံဖုံ ရှိတဲ့ဆီမှာ ပေါ်တဲ့တရားတွေ မဟုတ်သောကြောင့် အပြင်ဘက်ဧည့်သည် ခြောက်ယောက်လို့မှတ်ထားပါ။ ဒါကို မှတ်စရာ

ဒီတစ်ခုပေါ်နေရင် ကျန်တဲ့ငါးခု မပေါ်ပါဘူး။ ဒီတစ်ခုပေါ်နေရင်လဲ ကျန်တဲ့ ငါးခု မပေါ်ပါဘူး၊ ပေါ်ချင်တာပေါ် တစ်ခုသာ ပေါ်တယ်၊ ဘယ်တော့မှ ပြိုင်မပေါ်ဘူး။

■ တစ်ခုတည်းပေါ်တာကို နောက်က အသိကလေးတော့ဖြင့် လိုက်နေပါ၊ ဒါဖြင့် မြင်စိတ်ပေါ်သိ ကြားစိတ်ပေါ်လည်း သိရပါမယ်၊ နံစိတ် ပေါ်ရင်ကော သိရပါမယ်၊ စားစိတ် ပေါ်ရင် သိရပါမယ်၊ ယားစိတ်၊ ယံစိတ်၊ နာစိတ်ပေါ်ရင် သိရပါမယ်၊ ကောင်းတဲ့ ချမ်းသာတဲ့ စိတ်ကလေး ပေါ်လဲ သိပေးပါ။ ဒီခြောက်ပါး အပြင်ဧည့်သည်ခြောက်ယောက်ပါ၊ အပြင်ဘက်မှာ ပေါ်လို့ အပြင်ဧည့်သည်ခေါ်တာ။ စာလိုတော့ အဇ္ဈတ္တိကာယတန လို့ခေါ်တယ်။ သို့သော် ဒကာ ဒကာမတွေ နားမလည်ဘူး၊ ကိုယ်အပြင်မှာပေါ် တဲ့အတွက် အပြင်ဧည့်သည် ခြောက်ယောက် လို့ မှတ်ထားပါ၊ ဒါပေါ်တိုင်း ပေါ်တိုင်း အသိက ဝမ်းထဲကနေ သိပေးရမယ်။ သိပေးတော့ကို ကြော် ဒါတွေဟာ အပြင်ဧည့်သည် ခြောက်ယောက် အခုပြတာ အစဉ် အတိုင်းပါတဲ့၊ ပေါ်ချင် တော့ သူကအရင်လည်း စပေါ်မယ်၊ သူကရင်လည်း ကြားပေါက်ပေါ်ချင်ပေါ်မယ်၊ သို့သော် သူက ပေါ်ချင် တာပေါ်ပစေ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက သိပေးရင်ပြီးတာပဲ။ သူကတော့ အစဉ် အတိုင်း ပေါ်လိမ့်မယ်လို့ မဟုတ်ဘူး၊ ပေါ်ချင်ရာ ကြားဖြတ်အလုပ်တွေ လည်း လုပ်မှာပဲ၊ ပေါ်ချင်ရာ ပေါ်၊ သိပေးရပါမယ်။

■ ဒါဖြင့် ကိုယ့်စိတ်ကိုယ်သိတယ်၊ ကိုယ့်စိတ်ကိုယ်သိပေးရပါမယ်၊ ဒါဖြင့် ဒါဟာ စိတ္တာနုပဿနာ၊ စိတ္တက စိတ်၊ အနုပဿနာက ရှုတာ၊ စိတ်ကိုရှုတာ ၊ မ-နဲ့ အိ-နဲ့ ပေါင်း မအိ ပါပဲ၊ ကောင်းပြီ ဒါဖြင့် နောက်က ဒကာ ဒကာမတွေ ဒီဟာကို ပေါ့ပေါ့တန်တန်နဲ့ မနာယူပါနဲ့ လေးလေး စားစားနဲ့ နာယူပါ၊ ကိုယ့်စိတ်ကိုယ်သိရင် ခင်ဗျားတို့ နိဗ္ဗာန်ရောက်ကုန်ပြီ။ ကိုယ့်စိတ် ကိုယ်မသိလို့ မရောက်ကြတာ ကိုယ့်စိတ်ကိုယ် မသိကြ လို့ပေါ့ဗျ၊ တော်တော်ကြာမေ့ပြန်ပြီ အင်း ကိုယ့်စိတ်ကိုယ် မသိဘူး

တော်တော်ကြာ စိတ်ကူးကတခြား သွားတာကတစ်ဖုံ ဟာ ဘာဖြစ်လို့တုံး ကိုယ့်စိတ်ကိုယ် မသိလို့။

■ ရည်ရွယ်ချက်က တစ်ခြား၊ ဟုတ်လား လုပ်တာက တစ်ဖုံ၊ ကိုယ့်စိတ်ကိုယ် မသိတာပဲ၊ ဒါကြောင့် ဓားနဲ့ ပြောင်းရိုးစင်းတဲ့ပုဂ္ဂိုလ်၊ မြက်စင်းတဲ့ပုဂ္ဂိုလ်၊ တောင်သူလယ်သမားကြီးတွေ ရှိပါတယ်၊ ခုတ်တာကတော့ ဖြင့် ပြောင်းရိုးခုတ်တာပဲ၊ တစ်ခါတလေ လက်ခုတ်မိတယ်၊ ကိုယ့်စိတ်ကိုယ်မသိလိုက်ဘူး။ ကိုယ့်စိတ်ကိုယ်မသိလိုက်တော့ ဒီနေရာ ခုတ်မယ်ဆိုပြီး ဟိုနေရာရောက်တယ်၊ ကိုယ့်စိတ်ကိုယ်မသိလို့ ဒဏ်သင့်တာပဲ။

■ ဘုရားက ကိုယ့်စိတ်ကိုယ်သိလို့ရှိရင်ကွာတဲ့၊ မင်းတို့ နိဗ္ဗာန်ရောက်ပါတယ်တဲ့ အခု အပြင်ဘက် ခြောက်စိတ်ပါ၊ ဒါက ဘုန်းကြီးက ဒီမှာ အဝတ်ဖြူပေါ်မှာ အနီတင်ပြ တာ ခင်ဗျားတို့ ခန္ဓာထဲမှာ သူနေရာသူနဲ့ ပေါ်ပါတယ်၊ ပေါ်တိုင်း ပေါ်တိုင်း သိပေးပါလို့ သတိပေးလိုက်တယ်နော်။ ကောင်းပြီ၊ မကုန်သေးဘူး တစ်ခါတလေကျတော့ ဝမ်းထဲမှာ လောဘကလေးက သူ့အကြောင်းတိုက်ဆိုင်ရင် ပေါ်လာတယ်၊ ဒေါသကလေးဟာလဲ သူ့အကြောင်းတိုက်ဆိုင်ရင် ပေါ်လာတယ်၊ မောဟဆိုတဲ့ သံသယစိတ် ပျံ့လွင့် တဲ့စိတ်ကလေးလဲ ပေါ်လာတယ်။

■ သူကတော့ ဝမ်းထဲမှာ ပေါ်တယ်၊ အတွင်းစည့်သည်လို့ မှတ်လိုက်၊ သူ့ကို ဘယ်လို မှတ်ကြမယ်၊ ဝမ်းထဲမှာ ပေါ်တဲ့ အတွင်းဧည့်သည်ပါ၊ ဧည့်သည်တော့ ဧည့်သည်ပဲ၊ သို့ရာတွင် အတွင်းဧည့်သည်အဖြစ်ပေါ်လို့ အတွင်းဧည့်သည်လို့မှတ်ပါ၊ ကောင်းပြီ ဒါက လောဘ၊ မောဟ လွတ်အောင် ခေါ်လိုက်တော့လည်း ဒါတွင်ပဲလားလို့ဆိုတော့ တစ်ခါတလေကျတော့လည်း ပေးချင်၊ ကမ်းချင်၊ လှူချင်၊ တန်းချင်တဲ့ အလောဘဆိုတာ ပေါ်တယ်၊ အတွင်းဧည့်သည်ကတော့ဖြင့် ဒီငါးယောက်လို့မှတ်ပါ။

■ အတွင်းဧည့်သည်က ငါးယောက်ပါပဲ၊ အပြင်ဧည့်သည်က ခြောက်ယောက်ပါပဲ၊ ခြောက်နဲ့ ငါးနဲ့ပေါင်းရင် ဆယ့်တစ်ရှိသွားပြီ၊

အိမ်သည်နှစ်ယောက်တဲ့၊ အိမ်သည်နှစ်ယောက် ဆိုတာက နောက်ကပြ ထားတယ်၊ အိမ်သည်နှစ်ယောက်ဆို တာ ခင်ဗျားတို့ကို မသေအောင် စောင့်နေတဲ့ ရှုစိတ်နဲ့ ရှိက်စိတ်။ ရှုစိတ်နဲ့ ရှိက်စိတ်ကို တော့ အိမ်သည်လို့ နာမည်ပေး လိုက်တယ်။ သူတို့က တစ်ပါးသော စိတ်တွေထက် ခန္ဓာကိုယ် ထဲမှာ အကြိမ်ပိုပြီး ဖြစ်တယ်၊ အကြိမ်များများ ဖြစ်လေ့ရှိတယ်၊ အိပ်နေလဲ သူတို့နှစ်ခုက လှည့်ဖြစ်နေတာပဲ၊ ဒါဖြင့် သူတို့နှစ်ခုဟာ အိမ်သည်စိတ် နှစ်ခုပါပဲ၊ အမြဲတမ်း ခန္ဓာကိုယ်ထဲမှာ သူများထက်မြဲတဲ့ အတွက် ပေါ့။ ဒါဖြင့် အပြင်ဧည့်သည် ခြောက်ယောက်ပါ၊ အတွင်းဧည့်သည် ငါးယောက် ပါ၊ အိမ်သည် နှစ်ယောက်ပါ၊ အားလုံးပေါင်းလိုက်တော့ ဆယ့်သုံးယောက် လို့ မှတ်ပါ။

■ ပုထုဇဉ်မှာ ဒီဆယ့်သုံးခု ပေါ်တိုင်း ပေါ်တိုင်း သိနေ၊ ပုထုဇဉ်မှာ ဒီဆယ့်သုံးခုပဲ ရှိတယ်၊ ပေါ်တိုင်း ပေါ်တိုင်း သိလို့ရှိရင်ဖြင့် တဲ့၊ ကိုယ့်စိတ်က ခုနင်က အမောဟဆို လို့ မဂ္ဂင်နဲ့သိတာပဲ၊ အမောဟကို နတ်ထားခဲ့တယ်။ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသဆိုတော့ အမောဟ မပါဘူး၊ မပါတာက သူက အမောဟ ပညာ ဖြစ်နေလို့၊ သူက သိတဲ့ဘက်က နေရတယ်၊ သူတို့က အသိခံဘက်က နေရတယ်။ ဒါဖြင့် အသိခံက ဆယ့်သုံးခုပါပဲ၊ အသိဉာဏ်က ငါးခုပါ၊ အဲ အသိဉာဏ်က ရေတွက်လိုက် ရင် ငါးခုနော်၊ သို့သော် အသိဉာဏ်တစ်ခုတည်းပဲ ထားပါတော့။ ဒါဖြင့် တပည့်တော်တို့ ဝိပဿနာ အရှင်ဘုရားက အရှုခိုင်းတယ်၊ ဒကာ ဒကာမ တွေလည်း တပည့်တော်တို့ ဝိပဿနာ ဘာရှုရမှာတုံးလို့ နောက်ကို မမေးနဲ့တော့တဲ့၊ ခင်ဗျားတို့ သန္တာန်မှာ ဆယ့်သုံးခုအနက် ခန္ဓာ ကိုယ်ထဲမှာ တစ်ခုခု ဟာဖြင့် သက်စောင့်မှတ်ပါ၊ တစ်ခုပဲ စောင့်နေတယ်။

■ အဲဒီဖြစ်တဲ့ တရားကလေးကို သိသိပေးလို့ရှိရင်ဖြင့် ခင်ဗျား တို့သည် စိတ္တာနုပဿနာ ဖြစ်ပါတယ်၊ ဒီစိတ် သိတာက အနုပဿနာ၊ ယားစိတ်၊ ယံစိတ်ပေါ်တယ် သိ တာ အနုပဿနာပါ၊ အကောင်းစိတ်

ပေါ်လည်း သိတာအနုပဿနာပါ၊ ဒါဖြင့် စိတ္တာနုပဿနာ။ ဩော် စိတ္တ ရှုစရာ၊ နုပဿနာက ရှုတာ၊ ပေါ်တဲ့စိတ်က စိတ္တ၊ ရှုတာက အနုပဿနာပါ၊ အဲဒီတော့ နေရာကျပြီတဲ့၊ တို့ဟာ စိတ္တနဲ့ အနုပဿနာကွဲသွားပြီ၊ သတိပဋ္ဌာန်မှာ စိတ္တာနုပဿနာလို့ ဘုရား ဟောတော်မူတယ်။ စိတ္တာနုပဿနာကို တို့က ခွဲသိရမယ်၊ စိတ္တက ပေါ်တဲ့စိတ်၊ အနုပဿနာက တို့က သိတဲ့စိတ်။ စိတ္တက ပေါ်တဲ့ စိတ်ပါ၊ အနုပဿနာက သိတဲ့စိတ်ပါ၊ သိတဲ့စိတ်ဆိုတော့ ဒါဖြင့် စိတ္တနဲ့ အနုပဿနာ ဖြစ်အောင်လုပ်ကြပါ။ ဆယ့်သုံးခု တင်ပြထားပြီးသော်လဲ ပေါ်နိုင်တာ ဆယ့်သုံးခုပေမယ့် ပေါ်နေတာက တော့ တစ်ခုပဲရှိပါတယ်၊ အဲဒီပေါ်တဲ့တစ်ခုကို အနုပဿနာ ဖြစ်ရင် ပြီးတာပဲ၊ ပေါ်တဲ့စိတ်တစ်ခုကို အနုပဿနာဖြစ်အောင် လုပ်လို့ ရှိရင် စိတ္တာနုပဿနာ ဆိုတာ ဒါပါပဲ။ နို့ ဒီစိတ်တွေ အို ပုထုဇဉ်ဖြစ်တဲ့ တပည့်တော်တို့မှာ ပေါ်ကောင်းတဲ့စိတ် အကြောင်းတိုက်ဆိုင်လို့ ပေါ်တဲ့ စိတ် ဆိုပါတယ်၊ အကြောင်းတိုက်ဆိုင်လို့ ပေါ်တဲ့စိတ်က ဆယ့်သုံးခုပါ။

■ ဆယ့်သုံးခုဟာ ပေါ်တဲ့အခါကျလို့ရှိရင်ဖြင့် တစ်ခုပဲ ပေါ်ပါတယ်။ ဒါဖြင့် ဇကော မမွှောဟုတ်လား။ ဇကောက ပေါ်တာ၊ မမွှောက ရှုတာ၊ အဲ တစ်ခုပေါ်တာကို တစ်ခု မမွှက ရှုလိုက်ရင် ပြီးတာပဲ၊ ဒါ ဇကောမမွှောပါပဲ။ ဒါဖြင့် နေရာကျပြီတဲ့၊ ကိုယ့်သန္တာန်ပေါ်တဲ့ စိတ်ပေါင်း ဆယ့် သုံးခုပါ။ အဲ ဆယ့်သုံးခုကို ပေါ်တိုင်း ပေါ်တိုင်း နောက်က သိသိ သိသိပေးနေလို့ရှိရင် ဖြင့်တဲ့ သက္ကာယဒိဋ္ဌိလဲ ကွာပါတယ်၊ သက္ကာယဒိဋ္ဌိလဲ ကွာတယ်၊ သမ္မာဒိဋ္ဌိလဲဖြစ်ပြီ။

■ ဩော် ကိုယ့်စိတ် ကိုယ်သိတဲ့နည်းဟာဖြင့် မိစ္ဆာဒိဋ္ဌိ ကွာပြီး သမ္မာဒိဋ္ဌိဖြစ်ပါ တယ်။ ဒါဖြင့် တပည့်တော်တို့ ဘယ်နေရာရှုရမှာတုန်း၊ နေရာရယ်လို့မမှတ်နဲ့၊ ခင်ဗျားတို့ စိတ်ပေါ်တဲ့ နေရာ သိပေးရင် ပြီးတာပဲ၊ ဘယ်နေရာရယ်လို့ မဆိုဘူး။ မီးဖိုချောင်မှာလည်း နလုံးသွင်းနေနေ၊ လမ်း သွားရင်းလည်း နလုံးသွင်းနေနေ ဘာဖြစ်လို့တုန်းဆိုတော့ စိတ်ပေါ်တဲ့

နေရာကို သိရမှာကိုး။ နေရာလိုသေးသလား။

■ ကောင်းပြီ ဒါဖြင့် စိတ္တာနုပဿနာ ကိုက်ကြပြီမဟုတ်လား၊ ပေါ်တာကစိတ်၊ သိ တာက အနုပဿနာ။ အဲဒါ ခင်ဗျားတို့ လုပ်တတ်ကြလို့ရှိရင် ခင်ဗျားတို့ကို ရဲဝံ့စွာ ဘုန်းကြီးက တာဝန်ခံတယ်၊ အပါယ်လုံးဝမသွားဘူး။ ခင်ဗျားတို့မှာ ဒီစိတ်ပေါ်လည်း အနုပဿနာနဲ့ သိတယ်၊ ဒီစိတ်ပေါ်လည်း ကိုယ့်စိတ်ကို ကိုယ်သိနေတဲ့ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်သည် အသိ၊ နောက် ဝိပဿနာ အသိက အမြဲလိုက်ပြီး အုပ်ချုပ်ပြီးသိနေတဲ့အတွက် မဂ်အကြိမ်က ခင်ဗျားတို့ ဝမ်းထဲမှာ များတယ်။

■ မဂ်အကြိမ်များနေတော့ကို ဒါလောဘ၊ လောဘဖြစ်လို့သိတယ်၊ ဒေါသဖြစ်ကော သိပါတယ်၊ မောဟဖြစ်ကော သိပါတယ်။ သူတို့ဖြစ်လည်း ဖြစ်တယ်၊ နောက်ကလည်း အသိလိုက်ပေးတယ်ဆိုသဖြင့် သူတို့သည်တဲ့၊ ဒကာ ဒကာမတွေက မှတ်စရာက သူတို့ရှေ့ဆက်ပြီး အဖော်အသင်း ရှာပြီးမှ ကျုပ်တို့ကို အပါယ်ပို့မှာကိုး၊ သူတစ်ယောက်တည်း မပို့နိုင်ဘူး။ မပို့နိုင်တာ ရှင်းပြမယ်တဲ့၊ အဲဒီအခါကျတော့ နားရည်လည်း ဝပါပြီ၊ တချို့လည်း မဝသေးတော့ လောဘဆိုရင် ဒီက သိလိုက်ပြီ။ သိလိုက်တော့ လောဘဟာ တဏှာမဟုတ်လား။ သူဟာ ဥပါဒါန် ဆက်နိုင်သေးရဲ့လား၊ မဆက်နိုင်ဘူး၊ ဒီအသိက လိုက်ထားလို့ ဥပါဒါန်မှ မဆက်နိုင်လို့ရှိရင် ကမ္မဘဝ ကော မဆက်နိုင်ပါ၊ ဇာတိကော မဆက်နိုင်ပါဘူးတဲ့၊ ဩော် ဒါ သိတဲ့နောက် သံသရာဆက်မယ့် တရားတွေ ဖြတ်ချလိုက်တယ်၊ နောက်သံသရာဆက်မယ့်တရား၊ ဒါတွေ ဖျက်ပစ်လိုက်တယ်၊ ဒီအသိ ဘယ်လောက်ကျေးဇူးများသတုံး၊ နောက်သံသရာဆက်မယ့်ဟာတွေ ဖျက်ပစ်လိုက်တယ်၊ ဖြတ်ပစ်လိုက်တယ်။ ခင်ဗျားတို့က ဒီအသိ မလိုက်ရင် သူက တဏှာ ဥပါဒါန် ကံ ဇာတိ ဇရာ မရဏ မဆက်ပေဘူးလား။

■ ဥပမာမယ် ဒေါသကလေးဖြစ်တာကို ခင်ဗျားတို့က အသိမလိုက်

ဘူး ဆိုပါတော့၊ အသိမလိုက်လို့ရှိရင် ဒေါသက သူ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာကျအောင် သူပို့ချလိုက်တယ်၊ ကဲ အဖြတ်မပါလို့ပဲ။ ဥပမာ ဒါဟာ မောဟမဟုတ်လား၊ မောဟကို မသိလိုက်ဘူး၊ ခင်ဗျားတို့က မသိ[illegible]က်တော့ သူကလဲ မောဟစိတ် ကလေး ဝိစိကိစ္ဆာဖြစ်တယ်၊ မသိလိုက်ဘူး၊ မသိလိုက်တာက အဝိဇ္ဇာလာမယ်။ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ်နဲ့ သူ ဆက်တော့မယ်၊ အသိ သိလိုက်တော့ ပြတ်ပါတယ်၊ ဩော် ဒါဖြင့် ခင်ဗျား အပါယ်လေးပါး တံခါး ဇာတိ ဇရာ မရဏ နောက်ဘဝ သူဖြတ်ပေးတဲ့တရား။ အသိက ဖြတ်ပေးတယ်။ ဩော် ဘုန်းရှိ ကံရှိလို့ အခုတွေ့ကြပြီ၊ တွေ့တဲ့အတိုင်းလဲ အခု တပည့်တော်မယ် ဘုရားလို့ သိအောင်လုပ် တော့မယ် ဘုရားဆိုတာ တပည့်တော် သံသရာကို တပည့်တော်ဖြတ်ပါတော့မယ် ပြောတာ။

■ တပည့်တော် ဒုက္ခကို တပည့်တော်သိမ်းပါတော့ပြောတာပဲ။ ကောင်းပြီ ဒါဖြင့် ဒီအသိ ကလေးတစ်လုံးဟာ အတော်ကျေးဇူးများတယ်၊ သံသရာဖြတ်တဲ့အသိပါ လား၊ သံသရာဖြတ်တဲ့အသိဆိုတော့ ဩော် ဒါဟာ ဒါနနဲ့ဘာမှမဆိုင်ဘူး၊ သီလနဲ့ ကော မဆိုင်ပါဘူးတဲ့ ဥစ္စာက ဒါနလုပ်နေတာလားမေးတော့ မဟုတ်ပါဘူးတဲ့၊ ဖြစ် တာကိုသိနေတာပဲ။ သီလနဲ့ကော မဆိုင်ပါဘူး၊ သမထနဲ့ကော မဆိုင်ဘူးတဲ့။ ဒါ ဝိပဿနာ သက်သက်ပဲ။ ဒါဖြင့် ဝိပဿနာ သက်သက်ဆိုတော့ ဒီအသိလေးက သံသရာကိုပြတ်တယ်။ သူက မင်္ဂကိုးဗျ၊ သူက မင်္ဂဆိုတော့ သံသရာ ဖြတ်ပါတယ်၊ သိပ်အဖိုးတန်ပါ တယ်၊ ကျုပ်တို့တော့ အိုဘေး နာဘေး သေဘေး အပါယ်ဘေးတွေသူက ဖြတ်ပစ် တယ်၊ ဒါဖြင့် ကျုပ်တို့ သံသရာ ရှည်တာ သူမပါခဲ့လို့ သူ့အားမကိုးမိလို့ သူ့ကိုလည်း ကျုပ်တို့က လုပ်ရ ကောင်းမှန်းမသိလို့။ ဒါကြောင့် သံသရာရှည်နေတော့ အခု ဆရာ ဘုန်းကြီးနဲ့လည်း တွေ့ ပြန်၊ ဒကာ ဒကာမတွေကိုလည်း ဘုန်းကြီးက စေတနာ ထားပြန်၊ ဒကာ ဒကာမတွေကလည်း အလိုရှိပြန်ဆို တော့ဖြင့် ဩော် ဒီဘဝဟာ တို့ဇာတ်သိမ်းနိုင် တဲ့ဘဝ လို့ ဆုံးဖြတ်ချက်ချပါ။

■ ဒုက္ခဇာတ်သိမ်းနိုင်တဲ့ ဘဝဆိုတာ အစုသက်သေခံ လုံလောက်ပြီ။ ကောင်းပြီ ဒီလိုသိ လိုက်တော့ဘုရား သံသရာ ဖြတ်တာလည်း တပည့်တော်တို့သိပါပြီ၊ ဒီတရားတွေက မသိဘဲထားတဲ့ ပုဂ္ဂိုလ်တွေအတွက်မှာ ဥပမာ ထမင်းအိုးတစ်ခုတည်ထားကြတယ်၊ တည်ပြီးမီထိုးထားလိုက် တယ်။ ကိုယ်က မသိဘူး၊ ကိစ္စများလွန်းလို့ ဘာမှမသိ ရင်ဒီထမင်းအိုးဟာ သူ့အစဉ်အတိုင်းတော့ သူသွားတာပဲ၊ နည်းနည်းဆူတယ်၊ နည်း နည်းလေးအလတ်စားရှိတယ်၊ နောက် နည်းနည်းလေးရေနွေးငုံချလိုက်မယ်ဆိုရင် နပ်ဖို့ အခြေအနေလည်းရှိတယ်။ ဒီထက်မေ့နေ လို့ ရှိရင် ဆန်ပြုတ်ဖြစ်သွားဖို့ အခြေအနေလည်းရှိတယ်၊ နောက်ထမင်းရည်ချည့်ဖြစ်သွားဖို့ အခြေအနေလဲရှိတယ်။

■ မေ့တဲ့ပုဂ္ဂိုလ့်အပေါင်းကတော့ ထမင်းက သူ့လမ်းစဉ်အဆုံးအတိုင်းသွားမယ်၊ ဒီထက် မေ့လို့ရှိရင် အချဉ်ပေါက်သည့်တိုင်အောင် နစ်ရက်သုံးရက်မေ့ရင်ပေါ့၊ အဲဒါ ထမင်းချက်တဲ့လူ မေ့မှုကြောင့် ဒီထမင်းသည် အမျိုးမျိုးဖောက်ပြန်ပြီး သူ့လမ်းအတိုင်း သူသွားတယ်၊ အဲဒါ မေ့မှုအပြစ်ဟာ ကိုယ်လုပ်ထားတဲ့ထမင်းတောင်မှ အဆုံးကျအောင် ပျက်စီးခြင်းသို့ ရောက်တယ်။ ခင်ဗျားတို့လည်း ဒါတွေကိုဖြစ်တယ်၊ သိတယ်ဆိုတော့ မေ့မှုကင်းသွားတယ်။

■ ဖြစ်တယ်သိ မေ့မှု ကင်းသွားပါတယ်၊ မေ့မှု ကင်းသွားတဲ့အတွက် ခင်ဗျားတို့ သူတို့က ဆက်သွားမယ့် တရားတွေ ဒီတရားကနေပြီး မြင်တာကစပြီး လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်မယ်၊ ပဋိသန္ဓေနေမယ်၊ အိုမယ် နာမယ်၊ အပါယ်သွားမယ် ဆိုတာ သူတို့အစဉ် အတိုင်းသွားမယ်။ ခင်ဗျားတို့က နောက်က အသိထိန်း ထိန်းပေး လိုက်တဲ့ အတွက် ခုနင်က ထမင်းကို ရပ်ချိန်မှာ ရပ်ပစ်လိုက်ရတယ်။

■ ရပ်ချိန်မှာ ရပ်ပစ်လိုက်တော့ ထမင်းကောင်းသုံးရတယ်၊ မေ့နေလို့ရှိရင် ထမင်းကောင်း မသုံးရတော့ အကုန်ပျက်စီးမယ်။ ဩော် ထမင်းအကြောင်းနားလည်ကြလို့ရှိရင် ကိုယ်စိတ်အကြောင်းလည်း နားလည်

နိုင်ပါတယ်။ ကိုယ်စိတ်အကြောင်းလည်း နားလည်ကြတယ် ဆိုတော့ ဒါဖြင့် ဒီအသိတစ်လုံးဟာတယ်နေရာကျပါလား။ ဒါတွင် မကသေးဘူး တဲ့၊ သူသည် အပါယ်သံသရာကြီးနဲ့တကွ အိုး၊ နာ၊ သေ၊ မွဲ၊ ကွဲဆိုတဲ့ သံသရာကြီးကိုလည်း အသိတစ်လုံး ကနေပြီးကယ်တင်လိုက်ပါတယ်၊ ဒီမြင်စိတ် ကလေးပေါ်တယ်၊ မြင်စိတ်ကလေးလို့ ဒီကသိနေတယ်။

■ ကြားစိတ်ကလေးပေါ်ရင်လည်း ကြားစိတ်ကလေး သိနေရပါမယ်၊ သိပြီးနေတဲ့ အတွက် ခင်ဗျားတို့မှာ ငါမြင်တာလား မြင်စိတ်က မြင်တာလား မြင်စိတ်က မြင်တာပါ၊ ငါကြား တာလား၊ ကြားစိတ်က ကြား တာလားဆိုရင် ကြားစိတ်ကကြားတာပါနော်။ သက္ကာယဒိဋ္ဌိ ပြုတ်တဲ့ အသိဖြစ်ပါတယ်၊ သက္ကာယဒိဋ္ဌိ ရှိမှလည်း အပါယ်သွားမှာကိုး၊ ခုတော့ လည်း သက္ကာယဒိဋ္ဌိ ပြုတ်တဲ့အသိ ဖြစ်နေပါတယ်၊ ဒါ့ကြောင့် သူသည် သံသရာ လဲ ဖြတ်တယ်၊ သက္ကာယဒိဋ္ဌိ ကိုလဲဖြုတ်တယ်၊ သမ္မာဒိဋ္ဌိကိုလည်း ဖြစ်စေတယ်။

■ မြင်တယ်သိတယ်ဆိုတော့ သမ္မာဒိဋ္ဌိပေါ့၊ အရင်တုန်းကတော့ ဒါကလေးဟာ ငါထင်ပြီး ဖြစ်နေကြတယ်၊ အခုတော့ ငါမထင်ဘူး၊ မြင်စိတ်၏အလုပ်၊ ကြားစိတ်၏ အလုပ် မဟုတ်ဘူးလား၊ ဒါ နံစိတ်၏ အလုပ်၊ ဒါစားစိတ်၏အလုပ်၊ ဒါဖြင့် ဒီစိတ်ကလေး တွေ ပေါ်တိုင်း ပေါ်တိုင်း ဒါ စားစိတ်ပေါ် ပြီလို့၊ ယားစိတ် ယံစိတ် ပေါ်ရင်ကော သိရပါ မယ်၊ လောဘ ပေါ်ရင် သိရပါမယ်၊ ဒေါသပေါ်ရင် သိရပါမယ်၊ မောဟပေါ်ရင် သိရပါ မယ်၊ ကုသိုလ်စိတ် လုပ်ချင်ကော သိရပါမယ်။ အဲ နဂိုက ကြားဖူးတာက သာမည ဆရာသမားတွေနဲ့ တွေ့တော့ ဟောဒီ ကုသိုလ်စိတ်ကလေး၊ မင်း ထပ်ပြန် တလဲလဲသိပေး၊ ဒါ စာဂါနုဿတိခေါ်တယ်၊ မဟုတ်ဘူးလို့ ဘုန်းကြီးက မငြင်းဘူး ဟုတ်တယ်၊ သို့သော် သမထသင်ထားတာကိုး၊ အဲ အနုဿတိ ဆိုပဲဗျာ၊ အနုဿတိ ဆယ်ပါးထဲက ဒါက သမထမှတ်ပါ၊ အနုဿတိပါ ရင် သမထမှတ်ပါ။ ဒါဖြင့် သူက စာဂါနုဿတိ သင်တာ သမထပါ၊ သမထ သင်ထား တာဟာ ပြဟ္မာဖြစ်ကြောင်းသင်ထားတာ၊ အံမာလေး ကျုပ်တို့

က ကမ္ဘာပျက်တိုင်း ဖြဟ္မာပြည် ရောက်ဖူးလုပြီ၊ နောက်ထပ်သွားဖို့ မလိုပါဘူး၊ အခုဟာ ဖြဟ္မာလူထွက်တွေ ဒီရောက်နေတာပဲ၊ ဒါ သူက ဖြဟ္မာပြည်ကို သွားနေပြန်လို့ရှိရင် ခင်ဗျားတို့တော့ အောက်တန်းပို့တဲ့ ဆရာနဲ့တွေ့တာပဲ၊ အဲဒါကြောင့် ဆရာ သိပ်အရေးကြီးတယ်၊ အခုတော့ ဖြင့် ဥပမာ ကုသိုလ်စိတ်ဖြစ်တယ်။

■ သိပေးတော့ ကုသိုလ်စိတ်ကလေးဟာ ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်းပျက်တယ်လို့ သိတာဟာ ဒီအသိဟာ သေးတဲ့အသိ မဟုတ်ဘူး။ ဘာဖြစ်လို့တုံးဆိုတော့ နစ်စိတ် ပြိုင်မပေါ်နိုင် ဘူး။ အဲဒီတော့ သူပျက်ပြီးမှ သိတာက ပေါ်ရမှာ၊ ဒါဖြင့် သူ့အဖြစ်အပျက် ကို သိတယ်၊ ဒါဖြင့် အဖြစ်သိရင် အပျက်သိတယ်၊ တိုးလိုက်တော့ အဖြစ်သိရင် အပျက်သိပါတယ်။ ဒါဖြင့် ဖြစ်ပျက်ကိုသိတော့ကို ဒီစိတ်နဲ့ အသက်ရှင် နေတာ ကလေးက ဖြစ်တယ် ပျက်လဲပျက်တယ်ဆိုတော့ ဖြစ်ပျက်ကို သိတယ်။

■ ဖြစ်ပျက်ဆိုတော့ ကိုယ်ခဏလေးဖြစ်ပြီး ကိုယ်ခဏလေး သေတာကို သိတယ်၊ ကိုယ့်အသေကို ကိုယ်သိတာပဲ။ ကိုယ့်အနိစ္စကို ကိုယ်သိပါတယ်၊ ကိုယ်ဒုက္ခကို ကိုယ်သိပါတယ်၊ ကိုယ့်ဒုက္ခသစ္စာကို ကိုယ်သိပါတယ်၊ ဒါကြောင့် အဖိုးတန်တာ၊ သစ္စာသိပါတယ်၊ ဒါဖြင့် သစ္စာသိလို့ရှိရင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သစ္စာ ဟောမှ နိဗ္ဗာန် ရောက်မယ်ကွတဲ့၊ ကျန်တဲ့တရား နိဗ္ဗာန်ရောက်တရား မဟုတ်ဘူးတဲ့။

■ ဒါကလေးဟာဖြစ်ပျက် သွားတော့ ဒုက္ခသစ္စာပါ၊ သိတာက မဂ္ဂသစ္စာပါ၊ မဂ္ဂသစ္စာက နောက်လာမယ့် ကိလေသာတွေကို လာခွင့်မပေး ပါဘူး၊ ဒါဖြင့် သမုဒယချုပ်စေတယ်၊ နောက်ဘဝတွေ လာသေးရဲ့လား၊ မလာတာက နိရောဓသစ္စာပဲပေါ့။

ကဲ - စိတ် ဖြစ် ပျက် ရှု တဲ့ တ ရား ဒီ တွင် နား ဦး စို့။

နောက်ထွက်မည့် စာအုပ် အသစ်

## သစ္စာအလင်း စာစဉ် (၉၉)

# နာရင် ငြိမ်းအေး

# ကျင့်ရင် ချမ်းသာ

# စမ္မသစ္စာ


သစ္စာအလင်းဓမ္မ ရသစာပေထုတ်ဝေဖြန့်ချိရေး

ပထမထပ်၊ (ဘီ)အဆောင်၊ ညောင်ပင်လေးဈေးပလာဇာ၊

လမ်းမတော်မြို့နယ်၊ ရန်ကုန်။

09 5130826 / 09 420054623 / 09 30310611

အသေမဦးခင် သက်တမ်းဇယား၊ ဇရာအရေး သံဝေဂအတွေး၊

သံသရာခရီးသည် (လက်ကမ်းစာရွက်)၊

သစ္စာအလင်း နိဗ္ဗာန်လမ်းညွှန် (သုံးခေါက်ချိုး)၊

ခင်ပွန်းကြီး ဆယ်ပါး ကန်တော့နည်းအိတ်ဆောင်၊

အို နာ သေ သံဝေဂ တရား နေ့စဉ်ပွား၊

သင်္ခါရ၊ သစ္စာသိတဲ့ အလှူ၊ ဉာတပရိညာ ပဋိစ္စသမုပ္ပါဒ်အနှစ်ချုပ်၊

လက်တွေ့ဝိပဿနာအားထုတ် နည်း၊ နိဗ္ဗာန်၏အရသာ၊ ဝိသုဒ္ဓိ (၇)ပါး၊

တရားနာနည်း၊ တရားနာမမှားကြစေနဲ့ ၊ အမြတ်ဆုံးဒါန အစရှိတဲ့

အိတ်ဆောင်တရားစာအုပ်ငယ် များနဲ့အလားတူ

တရားစာအုပ်များကို လက်ဆင့်ကမ်း မွေဒါန ပေးဝေ

လှူဒါန်းလိုသူများအတွက် အထူးနှုန်းဖြင့်

စီစဉ် ဆောင်ရွက်ပေးနေ ပါတယ်။

## ဖုန်း လေး တစ် ချက် သာ ဆက် လိုက် ပါ

### သစ္စာအလင်းမွေ ရသစာပေထုတ်ဝေဖြန့်ချိရေး

ပထမထပ်၊ (ဘီ)အဆောင်၊ ညောင်ပင်လေးဈေးပလာဇာ၊

လမ်းမတော်မြို့နယ်၊ ရန်ကုန်။

09 5130826 / 09 420054623 / 09 30310611

## သတိပဋ္ဌာန်

### တရားအားထုတ်ခြင်းအကျိုး

တစ်ထောင့်ငါးရာကိုလေသာတို့မှ စင်ကြယ်စေခြင်း

စိုးရိမ်မှု၊ ပူပန်မှု၊ ငိုကြွေးမှုတို့ကို ကျော်လွှန်နိုင်ခြင်း

ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းမှ ငြိမ်းအေးစေခြင်း၊ ချုပ်ငြိမ်းစေခြင်း

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရှိစေခြင်း

မအို၊ မနာ၊ မသေ အမြဲနေတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း

မဟာသတိပဋ္ဌာန်တရား လေးပါးသာလျှင်

**"ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ"**

တစ်ကြောင်းတည်းသော လမ်းကောင်းဖြစ်ပါပေသည်

SPLK 2 2000

1621095

သစ္စာအလင်းဓမ္မရသစာပေ ထုတ်ဝေဖြန့်ချိ

ဖုန်း (၀၉ ၅၁၃၀၈၂၆၊ ၀၉ ၄၂၀၀၅၄၆၂